www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

# ကျယ်ပြန့်သောကောင်းကင်

(အချစ်လုံးချင်းဝတ္ထုသစ်)




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ဒုတိယအကြိမ်၊ ၂၀၁၅၊ မေ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မိုးစက်ပွင့် ၈၉၅.၈၃

ကျယ်ပြန့်သောကောင်းကင် / မိုးစက်ပွင့်။ - ရန်ကုန်

ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။

၃၀၂ - စာ ၊ ၁၂.၇ x ၁၈ စင်တီ ။

(၁) ကျယ်ပြန့်သောကောင်းကင်


# မိုးစက်ပွင့်

# ကျယ်ပြန့်သော ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

"ခက်. . . ဟုတ်လား"

"ဟုတ်တယ်"

"ခက်ဆိုမှတော့ ဘယ်လိုမှကို မလွယ်တာ"

မခက်လို့ လွယ်တာတွေပြောတော့ လက်ခံခဲ့သလားဆိုတော့၊ ဆင်ခြေပေါင်းများစွာနဲ့ အပြစ်မရှိအပြစ်ရှာ နှာခေါင်းနည်းနည်းပွတာ၊ ဒီလောက်နုနေတာ ဘာလုပ်ဖို့လဲ၊ ထိရင်ပဲ့ကျမယ်ပုံကို ဘယ်လိုထိဖို့ကိုင်ဖို့ ခက်တာတွေ။ မျက်လုံးအိမ်ကျဉ်းလို့ သဘောမကျတာ၊ မြန်မာဖြစ်ပြီး မြန်မာရုပ်မပေါ်လို့ ဆင်ခြေပေါင်းစုံလင်စွာနဲ့ ငြင်းခဲ့တာ ဘယ်နှယောက်တောင် ရှိခဲ့ပြီလဲ။

သူ ဒီလိုငြင်းတိုင်း ဒေါ်သနဲ့ ဝန်းဗိုင်းကျဲပစ်လိုက်ချင်ပေမယ့် သူ့စိတ်က ကိုယ်တွေထက် ပိုမြန်ပြီး လက်တစ်ခုဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလေ။ တွဲတာတွေများပြီး တစ်ယောက်ကိုပိုင်ပိုင်နိုင်နိုင်ရွေးလိုက် ဆိုတော့ 'ဟင့်အင်း'။ တွဲသမျှကလည်း ဆရာဝန်မ၊ ဒီဇိုင်နာ၊ တက္ကသိုလ်က ကျူတာပါမချန် နာမည်ကြီးမော်ဒယ်လ်ကအစ ပါ သည်လေ။ ဘယ်မိန်းကလေးက တော်တယ် အတည်ပြုလိုက်ပါ လားလို့ ပြောကြည့်. . .

"တွဲတာ လက်ထပ်ဖို့အထိမှ မဟုတ်ဘဲ၊ သူတို့ လာနွယ် လို့ ပြန်ငြိတာ အပြစ်ရှိတာ ကျွန်တော်မဟုတ်ဘူး။ ကျွန်တော့်ကို ထိုင်စောင့်ပြီး မြှောင်းဖောက်ပေးတဲ့ သူတို့အပြစ်" တဲ့။

ပြောအားရှိအောင်လည်း ရုပ်ကချောတာကိုး။ ဖအေချော မအေက လှ၊ ပေါင်းဖက်ပြီး မွေးကြတော့ လင်ဇန်းဖင် ဆုပ်မမိသလို ပဲလေ။ ရုပ်ချောတာထက် ခြေထောက်ချောပြေးနေတာက အိမ် ကပ်တယ်ကိုမရှိတာ။

"သားရယ်. . . အိမ်မှာများ ကပ်ပါဦးလား" ပြောတော့ 'ခြေထောက်ဆိုတာ သွားဖို့၊ ပါးစပ်ဆိုတာ စားဖို့'လို့ပြောတဲ့ကလေး ပါ။ ချစ်လွန်းတော့ ဒီထက်လည်း ပိုမပြောရက်။ အကြောင်းကြောင်း တွေကြောင့် အိမ်ထောင်ပြုပေးမှဖြစ်တော့မည်လို့ သူ့အတွက် သင့် တော်မည့်ဇနီးလောင်း ရှာရတာလည်း ထီးဖြူ ဖိနပ်ပါးဆိုသလို ကားဘီးတွေ တာယာပါးကုန်ပြီထင်ပါ့။





အခုလည်း ကြည့်. . .

မမြင်ရသေးဘဲ အကြောင်းပြချက်ပေးဖို့ အစပျိုးလာသဖြင့် ခပ်မဲ့မဲ့ဖြစ်သွားတဲ့မျက်နှာကိုပဲ မလွှတ်တမ်းကြည့်မိကာ. . .

"သူ့နာမည်အပြည့်အစုံက နှင်းဆီခက်တဲ့"

"ပိုဆိုးတာပေါ့"

"ဘာကိုပိုဆိုးတာလဲ၊ မမြင်ရခင် ဘယ်အစိတ်အပိုင်းကို လက်ညှိုးထိုး ထောက်ချက်ပြမလဲ ကြိုစဉ်းစားထား"

"စဉ်းစားဖို့မလိုအောင် နာမည်မှာ အပြစ်ရှိနေတာ"

"ဘာ! "

"ဘယ်လို"

"နှင်းဆီဆိုတာ ဆူးနဲ့ခက်ထားမှတော့ ထောင်ပြီပေါ့"

"ဘာထောင်တာလဲ၊ ပြောပုံက"

"ဆူးနဲ့တူတဲ့ မာနတွေလေ"

"မမြင်ရသေးဘဲနဲ့"

"မမြင်ရသေးဘဲပြောမလား။ ကြီးမေ အပြင်ကပြန်လာပြီး လက်ကိုင်အိတ်ကိုချထားကတည်းက ရှာလာခဲ့ပြန်ပြီတစ်ယောက် ထင်လို့၊ အိတ်ကိုဖွင့်ရှာကြည့်ပြီးပြီ"

"ဟင်! "



www.burmeseclassic.com

www.burmeseclassic.com



လျှင်တဲ့နေရာမှာလည်း အဲဒီလို။ မောင်ဖြစ်သူ၏မျက်နှာကို ငုံ့ကြည့်လိုက်တော့လည်း သူမလို အလိုမကျမှုတွေနှင့်။ မပြောသေးတာသာရှိတာ၊ ကျေနပ်လို့ ငြိမ်နေတာမဟုတ်ဘူးဆိုတာ တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းက သက်သေခံနေသည်။

ခင်းလေးကတော့ ဘယ်သူ့မျက်နှာ ဘယ်လိုနေသလဲ လုံးဝကြည့်ဖော်မရ။ ပီကေကို တဖောက်ဖောက်မြည်အောင် စားရင်း ဘောလုံးဂျာနယ်ကိုဖတ်နေတာ သူတစ်ယောက်တည်း ထိုင်နေတဲ့အဝိုင်း တစ်ချက်ကလေးမှ ပြန်ငုံ့မကြည့်တော့ပေ။ စကားကို တိခနဲဖြတ်ချပြီး ရှေ့ဆက်ရန်မရှိအောင် လုပ်လိုက်ပေမယ့် ပြောမပြီးသေးတော့ ကိုယ်ကပဲ ပြန်စရတော့မည်။

"နှင်းဆီခက်ဆိုတာ မာနကြီးတဲ့မိန်းမလို့ သားက ဘာကိုကြည့်ပြီး သတ်မှတ်တာလဲ"

နှစ်ခါထပ်မပြောရအောင် အသံကိုလိုသည်ထက် ပိုမြှင့်ပြောလိုက်တော့ ဂျာနယ်ကိုပိတ်ပြီး စားပွဲပေါ်သို့ပစ်ချကာ. . .

"လူတစ်ယောက်ရဲ့စိတ်ကို ပေါင်းကြည့်မှသိတာ မဟုတ်ဘူး ကြီးမေ။ မျက်လုံးဆိုတာ စိတ်ရဲ့အနေအထားကို လိမ်ညာမပေးတဲ့ အမှန်အကန်ဆုံးသက်သေပဲ"

"သူ့မျက်လုံးကို မင်း အဓိကထားပြီး ကြည့်တာလား"





"မြင်လိုက်ကတည်းက သေချာတာကို ပြောပြတာပါ"

"ဒါနဲ့ပဲ ငြင်းတယ်ပေါ့"

ဦးမျိုးထက်အသံက မမာပေမယ့် မပျော့တာ သေချာပါသည်။ လူကြီးတွေရဲ့စကားကို မနာခံတတ်တာ သိတယ်။ နာခံမှဖြစ်တော့မည့်အခြေအနေမှာ ကြောင်တစ်ကောင်လို ကုပ်ဆွဲပြီး ချောင်ပိတ်ဖို့ပဲ ကျန်တော့သည်။ ဒါတောင် ခုန်ထွက်ပြီး ငှက်ပျောရွက်ပေါ် တက်အိပ်မှာစိုးနေလို့ ရင်ပူရတာကတစ်မျိုး။ မေးတာကို ပြန်မဖြေဘူးဆိုကတည်းက သဘောမဝင် ဘဝင်မခွေ့ဆိုတာ သိပေမယ့် ပြောကိုပြောရမှာဆိုတော. . .

"မာနကြီးတော့ရော ဘာဖြစ်လဲ၊ မင်းနဲ့အသွင်တူသွားတာပေါ့။ အဆင်မပြေဘူးလား"

"ဘယ်လိုမှကို မဖြစ်နိုင်တာ"

နည်းနည်းပါးပါး လေ့လာအကဲခတ်ပါရစေဦး၊ စဉ်းစားပါရစေဦးတောင် မျှော်လင့်ချက်မပေးဘဲ ပြောချလိုက်တာ ယတိပြတ်။

"အသွင်တူရင် အိမ်သူဖြစ်တယ်ဆိုတာ. . . သူများတွေအတွက် မှန်နေရင်တောင် ကျွန်တော့်အတွက် မှားတယ်။ တစ်ယောက်ကတင်းရင် တစ်ယောက်က လျှော့တတ်မှ၊ တစ်ယောက်က မာနကြီးရင် တစ်ယောက်က သည်းခံနိုင်မှ၊ သံလိုက်လို အဖို



www.burmeseclassic.com

www.burmeseclassic.com



အမဆိုတာတွေ ခဏ ဒယ်ထား၊ အမျိုး ျ ရင် တွန်းကန်ကြသလို မာနချင်းပြိုင်နေကြရင် ထုတဲ့ဥသျှစ်ရော ခံတဲ့ဥသျှစ်ရော ကွဲမှာပေါ့။ ဒါတွေပြောပြနေတာက ဆင်ခြေသက်သက်နော်။ စိတ်မပါရင် လက်ခုပ်တောင် မတီးချင်တဲ့အကျင့်က တစ်ခြား"

"မင်းပြောချင်တာ ကုန်ပြီလား"

"လေးလေးတို့ ဆက်ပြောကြည့်လေ၊ သဘောမကျရင် ငိုင်တွေစဉ်းစားနေဖို့ မလိုဘူး။ ချေပကိုးသွင်းဖို့စကားလုံးတွေ အဆင်သင့်ပဲ"

"ဟောကောင်! မင်းကို တို့ပြောနေတာ ဘောလုံးပွဲအနိုင်အရှုံးအကြောင်းမဟုတ်ဘူး။ ဘောလုံးစကားတွေ ထည့်မပြောနဲ့။ အခုဆွေးနွေးနေတာ မင်းရဲ့အိမ်ထောင်ရေး"

"ဟုတ်တယ်လေ၊ အိမ်ထောင်ရေးမို့လို့လည်း အတိုက်အခံပြောနေရတာပေါ့။ ဘောလုံးပွဲသာဆို မကြည့်ချင် ထပြန်လာလို့ရတယ်။ အိမ်ထောင်ရေးက လက်မှတ်စုတ်ဖြဲပြီး ထပြန်လာလို့ရတဲ့အရာမှ မဟုတ်တာ"

"မင်း. . ."

"နေ. . . နေကြပါဦး၊ ငါပြောမယ်"

ဒေါ်မိုးမိုးထက် လက်တကာကာနှင့် တားလိုက်၍ နှစ်





ယောက်စလုံး ပါးစပ်ပိတ်သွားကြပေမယ့် ကျေနပ်စွာအပြုံးနှင့် မျက်နှာလွှဲသွားကြခြင်းတော့ မဟုတ်ပေ။ တစ်ယောက်က ကပ်ဖိုးကပ်ဖဲ့နိုင်တဲ့နေရာမှာ နှစ်ယောက်မရှိအောင် ဒိုးခနဲဒေါက်ခနဲပြန်ပြော၊ တစ်ယောက်က လိုသလိုမဖြစ်တော့ စိတ်တို၊ နှစ်ယောက်ကြားမှာ သူမလက်တွေကာပဲ အလုပ်ရှုပ်သွား၏။

အိမ်ထောင်ပြုဖို့ပြောတိုင်း တီကောင်ကို ဆားလူးခံရလို တွန့်လိမ်နေတတ်တဲ့ တူဖြစ်သူရဲ့စိတ်ကလည်း ဘူးဆိုလျှင် ဖရုံမသီးတတ်လေတော့၊ နားဝင်အောင် ဘယ်လိုပြောရမှန်းပင်မသိ။

"သား"

အပျော့ဆုံးလေသံနှင့် ခေါ်လိုက်တော့ မျက်လွှာပင့်ကြည့်ဖော်တော့ ရသေးသည်။

"နှင်းဆီခက်နဲ့ လူချင်းတွေ့ကြည့်ပါဦးလား သားရယ်"

"ဒီတစ်ယောက်က နောက်ဆုံးလား"

"မဟုတ်ဘူး. . . ဒီတစ်ယောက်မကြိုက်ရင် နောက်နှစ်ယောက်မက ဓာတ်ပုံတွေ မင်းရှေ့ကိုရောက်လာဦးမှာ အသေအချာပဲ"

"ကျွတ်! "

"မောင်မျိုး. . . ငါပြောမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေ"

"ဟင်"

ဒီဘက်ကိုလည်း နိုင်ရာဖိဟောက်၊ ဟိုဘက်ကိုလည်း ပြန်ငဲ့ကြည့်တော့. . .

"ကြီးမေတို့ ကျွန်တော့်ကို ပိုးမွေးသလိုမွေးခဲ့တာ အရွယ်ရောက်တာနဲ့ မိန်းမပေးစားဖို့သက်သက်လား"

"ဒါက ဒီလိုရှိတယ် သားရဲ့"

ပြောပြဖို့ခက်တဲ့စကားတွေကို နားလည်အောင်ပြောဖို့ပဲ အသက်ကိုဝအောင် အရင်ရှူလိုက်သည်။ မပြောဘဲ ထားလျှင်လည်း အခြေအနေအရပ်ရပ်ဟာ သူနဲ့မဆိုင်သလို ကမ္ဘာကြီးပြိုကျတောင် ဂရုမစိုက်ဘူးဆိုတဲ့လူကို မြင်တတ်အောင် ဒါ ဒီလိုရှိပါတယ်လို့ပြောမှ။ ဖအေက သူ့ကိုယ်သူ ရှင်ဘုရင်လို မယားတွေ တစ်ယောက်ပြီးတစ်ယောက်ယူ. . . တောင်နန်းစံ၊ မြောက်နန်းစံတွေ ထားခဲ့သလောက် သူ့ကျမှ တစ်ယောက်ယူဖို့ကိုပင် မနည်းပြောနေရသည်။

သူ့အဖေရှုပ်ခဲ့တာတွေက သေရာအထိတောင် သယ်သွားတော့၊ ကျန်တဲ့လူတွေပါ ဆက်ရှင်းမရတာ သူ့ဖြတ်မှ ပြတ်မည့်အရှုပ်ကြီးတွေ။ လာလိုက်ကြတာ တစ်ယောက်ပြီးတစ်ယောက်၊ ကိုယ်တွေကလည်း ပိုင်ဆိုင်ထားတဲ့စည်းစိမ်မနည်းမနောတွေကို ကိုယ့်





သွေးသားအရင်းအချာကလွဲပြီး သွားကြားထိုးတံတစ်ချောင်းတောင် ဘယ်သူ့အတွက်မှ စေတနာမရှိနိုင်။

တစ်ဖက်က သွေးစပ်ပါတယ်ဆိုလာပြီး အမွေလာနှိုက်တာကို လက်ခံစရာလား။ ဘယ်သွေးမှမစပ်တာကို သိသိနဲ့ ပြီးပြီးရော ပေးလိုက်ရင် ကိုယ်တွေပဲ ပျော့ညံ့သူအဖြစ်နဲ့ တစ်ဖက်က အခွင့်အရေးကို လက်မောင်းတစ်ဆုံးနှိုက်တာ ခံရဦးမည်။

"ကောင်းကင်စံအိမ်ရဲ့အမွေ ဆက်ခံထိုက်သူမျိုးဆက်က သားတစ်ယောက်တည်းပဲရှိတယ် သား"

"ဪ. . . ဒါနဲ့ပဲ ကျွန်တော်က မိန်းမယူ မျိုးပွားပေးရမယ်ပေါ့။ ဒီလိုလား"

"အမိကပြောချင်တာက အဲဒီလိုမဟုတ်ဘူး သား။ သားစိတ်မဝင်စားပေမယ့် ဝင်စားနိုင်အောင်ကြိုးစားပြီး ခဏနားထောင်ပေးပါ"

ပြောဆိုသည့်သဘောကို ခေါင်းဆတ်ပြလေတော့. . .

"ကောင်းကင်စံအိမ်ရဲ့မျိုးဆက်က ဦးဖြိုးထက်၊ ဒေါ်သပြေညိုတို့ရဲ့ တစ်ဦးတည်းသောသား မာဃလို့ပဲ ကြီးမေတို့က သတ်မှတ်တယ်"

"အဲဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



"အခုဂျူးကျူးမာက သူ့သား စိုးရာဇာအောင်ဟာ ဖြိုးထက်နဲ့ သာပြေညီလက်မထပ်ခင်ကတည်းက သူနဲ့ဖြိုးထက် ငြိခဲ့လို့ ရတဲ့သားဆိုပြီး အမွေလာတောင်းနေတယ်"

"ဟုတ်မဟုတ်ကို ကြီးမေနဲ့လေးလေး သိနေတာပဲမဟုတ်လား။ ဟုတ်တယ်ဆို ပေးလိုက်ပေါ့"

"မဟုတ်လို့ မပေးနိုင်တာလေကွာ"

ဦးမျိုးထက်က စိတ်မရှည်သလို ဝင်ပြောလိုက်၏။ စကားက လိုရင်းကိုမရောက်နိုင်။ လိုရင်းကို တိခနဲပိုင်းခနဲ ပြောချလိုက်ချင်ပေမယ့် ပြောမရလို့ သွယ်ဝိုက်နေရတာကို နည်းနည်းပါးပါး နားလည်ပေးဖော်မရဘဲ၊ သူကပဲပြောနေတာ တိခနဲပိုင်းခနဲ။ စိတ်မရှည်ခြင်းတွေ ကိုယ့်ဆီမှာလည်း ရှိပေမယ့် ဒေါသအလျှောက်ပြောမိရင်ပဲ ထွက်သွားပြန်ရောလေ 'မာဃ'ဆိုတဲ့သင်။ သွားပြီဆို လေးငါးရက် အိမ်ပြန်မလာလို့ ကိုယ်တွေပဲ စိတ်မောရ ရင်ပူရ စိုးရိမ်စိတ်တွေနဲ့ ဖင်မထိုင်နိုင်ဖြစ်ရတာလေ။

ချစ်တော့လည်း မမနဲ့သူ နင်းသမျှ ခြေလှမ်းတိုင်းက မြေဇာကွက်တွေပဲ ဖြစ်ခဲ့ရသည်။

"အဲဒီအမွေကိစ္စတွေက ကျွန်တော် မိန်းမယူမှ ရှင်းသွားမှာလား လေးလေး"





"မင်းအဖေရှုပ်ခဲ့သမျှ ဒီလိုဖြစ်လာဖို့ အကြောင်းတွေချည်းပဲ ဖြစ်နေတာ။ တို့မောင်နှမရဲ့ပိုင်ဆိုင်မှုတွေအတွက် ဘာမှပြဿနာမရှိပေမယ့် မင်းအဖေထူထောင်ခဲ့တဲ့ ဟိုလုပ်ငန်း ဒီလုပ်ငန်းတွေက နည်းသလား။ မင်းအတွက်ဆိုတဲ့အသိနဲ့ အဲဒီလုပ်ငန်းတွေကို ငါ ဦးဆောင်နေခဲ့တာ မဆိုင်တဲ့လူကို ဖွဲ့မပေးလိုက်နိုင်ဘူးလေ။ ဒါတွေကို မင်းနာမည်နဲ့လွှဲပေးဖို့က မင်းအိမ်ထောင်ကျမှ ဖြစ်နေတဲ့အပြင် အခု စိုးရာဇာအောင်က မင်းနဲ့ပြိုင်ခွပ်ဖို့ စည်းပိုင်းထဲ လှမ်းဝင်နေပြီ။ မင်းနာမည်နဲ့မဖြစ်သေးသရွေ့ ဒီပြဿနာက ဖြေရှင်းနေရဦးမှာပဲလေ"

"တရားဝင် သူ့အမေကို ဖေဖေလက်ထပ်ကာ နောက်မှလေ။ အရင်က တိတ်တိတ်ပုန်းငြိခဲ့ရင်တောင် တရားမဝင်ခဲ့တဲ့ကိစ္စ။ ဘာဆိုင်လဲ"

"အဲဒါက မင်းအပြောလေ၊ ပေးခဲ့တာနဲ့ မရောင့်ရဲနိုင်လို့ ကြိတ်ကြံနေတဲ့သူက ဘယ်လို ကောက်ကျစ် စဉ်းလဲပါ့မယ်ဆိုတဲ့ အချက်အလက်တွေကို Booking လာလုပ်ထားသလား။ ပြော"

"ကျွန်တော် အမွေမမက်ဘူးဆိုရင် ဖြစ်မလား"

"တို့ကလည်း မက်လွန်းစေချင်လို့မှမဟုတ်တဲ့၊ ဟုတ်တဲ့နဲ့ ခွဲပေးလိုက်ရင် ထက်မြက်ပါတယ်ဆိုတဲ့ တို့ရဲ့သိချင်တွေ မြော်၊



www.burmeseclassic.com

www.burmeseclassic.com



ထဲရောက်ကုန်ပြီ။ မင်းရော မဟုတ်ဘဲနဲ့ ရလိုက်တဲ့သူတွေ ကွယ်ရာမှာ တို့လိမ်တိုင်းယုံတာ အသုံးမကျလို့၊ ဒါမှမဟုတ် ကြောက်လို့ထင်ပြီး ကျိတ်ရယ်နေမှာ မင်းခံနိုင်သလား''

''ဘယ်သူက ခံမှာလဲ''

ဒါကျတော့ သူမခံနိုင်။ လေးလေးပြောတာ အချက်နှင့်အကွက်နှင့်ဆိုတော့ မာဃဆိုတဲ့အတိုင်း ကောင်းကင်ထက်မှာ မင်းမူပြီး ကိုယ်ထိုင်တဲ့ပလ္လင်ကို သူများကန်ချတာ ဘယ်ခံချင်မှာလဲ။ မာနတွေရှိပေမယ့် ခေါင်းရှုပ်ကလည်း မခံချင်။

''ပြီးတော့ သရဖီမြတ်ဘုန်း''

ကြီးမေပါးစပ်က သရဖီမြတ်ဘုန်းဆိုတာ ပါလာပြန်တော့ မာဃ မျက်မှောင်ကြုတ်သည်ထက် ကြုတ်သွားသည်။ ဒီမိန်းမက ဖေဖေ့ရဲ့ဒုတိယမြောက်ဇနီးပေါ့။ မာဃ မေမေမရှိတော့တဲ့နောက်ပိုင်း ဖေဖေ နောက်ထပ် မယားနှစ်ယောက် ထပ်ယူခဲ့တာ သူပါကိုယ်ပါတွေနဲ့ပေမယ့်၊ သူ့ဖို့ ကိုယ့်ဖို့တွေ ခွဲခြားထားတဲ့ပိုင်ဆိုင်မှုလုပ်ငန်းတွေ အကန့်အသတ်ကြားမှာ လောဘကြီးပြီး၊ သူတို့ထက်ဆယ်ဆလောက်ပိုရမယ့် မာဃပိုင်ဆိုင်မှုတွေကိုပဲ လိုက်မျက်စောင်းထိုးနေကြတဲ့သူတွေ။ အစကတည်းက ဖေဖေချမ်းသာမှန်းသိလို့တစ်ယောက်ငုတ်တုပ်ရှိနေလျက် ကြောင်တောင်နိုက်တဲ့မိန်းမတွေ။





ဖေဖေ့ကိုချစ်လို့ဆိုတာထက် ပိုင်ဆိုင်မှုတွေကို မက်မောကြတာ မဟုတ်လား။ ဖေဖေက သေခါနီး နှစ်ယောက်စလုံးကိုလူတန်းစေ့နေနိုင်အောင် ခွဲခြားစိတ်ဖြာပေးခဲ့ပြီးပြီ။ ဒါကိုပဲ မာဃအတွက်ထားခဲ့တဲ့ပိုင်ဆိုင်မှုတွေရဲ့ အစွန်းထွက်လောက်ပဲဆိုပြီး မကျေနပ်နိုင်ကြတာ။ ဟိုတုန်းက ဖေဖေနဲ့ စိုးရာဇာအောင် ကြားမှာလည်းပထွေးနဲ့မယားပါသားအဖြစ်သာ သတ်မှတ်ခဲ့ကြပြီး ခုမှ သေသူစကားမတတ်လုပ်ပြီး အရှက်မရှိပြောနေကြတာဖြစ်သည်။

''ဒေါ်သရဖီကရော ဘာပြောလို့လဲ''

''မင်းနဲ့သူ့သမီးနှစ်ယောက်ထဲက တစ်ယောက်ကို လက်ထပ်ပေးဖို့ မင်းအဖေက ကတိပေးထားတယ်တဲ့''

''အဲဒါ တမင် သေသူစကားမတတ်လုပ်တာ။ ဟုတ်ခဲ့ရင်တောင် ကတိပေးခဲ့တဲ့လူမရှိတော့တာကို အကြောင်းလာရှိက်လို့ရမလား''

''သူတို့က အလျှော့မပေးဘဲ ဒီအိမ်ကို ဆင်းလိုက်တက်လိုက်လုပ်နေတာ မင်းအမြင်ပဲလေ သားရဲ့။ အကြီးက လာလိုက်၊ အငယ်က လာလိုက်နဲ့''

''အကြီးနဲ့အငယ်ဆိုတာ ဒေါ်ဂျူးဂျူးမာနဲ့ ဒေါ်သရဖီမြတ်ဘုန်းလား''



www.burmeseclassic.com

www.burmeseclassic.com



"စံရတီမြတ်ဘုန်းနဲ့ မှုံရတီမြတ်တုန်းကိုပြောနေတာ သား"

"ကျွတ်! "

မာဃ အွန်လိုင်းပေါ်မှာ ရည်းစားတွေထားသည်။ အပြင်မှာလည်း နှစ်ယောက်ပြိုင်ထားဖူးတာရှိ၏။ အချိန်တန် လက်ပြထားခဲ့တာတွေ ဒီလောက်စိတ်ရှုပ်စရာ မကောင်းပါဘူး။ ပျော်မလားလို့တွဲတာပါ၊ ပျင်းလာရင် ခေါက်ပစ်လိုက်တာပါပဲ။ အခု ရည်းစားထားခြင်းအလုပ်ကို လုံးဝရပ်စဲလိုက်ပါပြီဆိုကာမှ။

"ကြီးမေတို့က သားကို သူတို့နဲ့သဘောမတူနိုင်ဘူး သား။ အခြားသူစိမ်းထဲကပဲ တစ်ယောက်ယောက်နဲ့"

"ကောင်းပြီလေ၊ ကျွန်တော် နှင်းဆီခက်နဲ့သွားတွေ့ပါ့မယ်"

ဦးမျိုးထက်နှင့်ဒေါ်မိုးမိုးထက် အကြည့်ချင်းဆုံပြီး ပြုံးယောင်ယောင်ဖြစ်သွားကြသည်။

"အဆင်ပြေအောင် ကြိုးစားပါ သားရယ်"

"ပုံသေတော့ တွက်မထားနဲ့ ကြီးမေ၊ ကျွန်တော် အိမ်ထောင်ရေးကို ဘယ်တော့မှ ခေါင်းနဲ့တည်ဆောက်မှာ မဟုတ်ဘူး။ ရင်ဘတ်နဲ့ပဲ တည်ဆောက်ချင်တယ်"

"နှင်းဆီခက်နဲ့တွေ့ရင် သား ကြီးမေတွေ့ခိုင်းတာ နောက်





ကျလိုက်တာလို့ မပြောမိစေနဲ့"

နီတွေးတွေးနှုတ်ခမ်းက မဲ့ခနဲဖြစ်သွား၏။ ဘုံကြိုးပြတ်ကျလာတဲ့နတ်သမီးဖြစ်ပါစေ၊ မျက်လုံးကကြည့်ရုံပဲ ကြည့်တတ်တာ၊ လက်ခံတာ မခံတာက နှလုံးသားက ဆုံးဖြတ်တာ မဟုတ်ဘူးလား။

"ဒါပဲလား"

"နေဦး"

ထမလို့လုပ်ပြီးမှ ဦးမျိုးထက် တားလိုက်သဖြင့် မာဃ မထသေးဘဲရှိကာ. . .

"ဘာပြောစရာကျန်သေးလို့လဲ"

"မင်းစိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်လည်း လက်ခံလောက်တဲ့ မိန်းကလေးဆိုရင် ရှိတယ်ဆိုတာပြောမလို့။ ကြာတော့ မကြာစေနဲ့ပေါ့"

"ကျွန်တော် သွားလို့ရပြီလား"

"ရပြီ"

သုတ်ခနဲထသွားလိုက်တာနှင့် ဘောင်းဘီက ချိန်းကွင်းတို့သည် လှုကိုယ်စား ခေါင်းခါလက်ခါပြလိုက်တဲ့အတိုင်း လှုပ်ခါလို့နေတော့သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

မာယ၏ အိမ်ထောင်ရေးအရေးတော်ပုံကြောင့် သူငယ်ချင်းတွေမှာလည်း ခါတိုင်းလို လူစုမိတာနှင့် ဟေးလားဝါးလား မလုပ်နိုင်ကြသေးပေ။ ပေးစားတာ ယူလိုက်တော့လို့ပြောရင် လက်သီးစာကျွေးမလားပဲ။ တကယ်မဟုတ်ပေမယ့် ဆုပ်ပြပြီး မနာမကျင် အထိုးခံရမှာ ကျိန်းသေ။

"အခု မင်းဘယ်လိုလုပ်မလဲ မာယ"

ကျော်ထွန်းဖော်က စမေးလေလျှင်. . .

"သွားတွေ့လိုက်ရုံပဲ ရှိတော့တယ်လေ"

"တွေ့ရုံနဲ့ပြီးသွားမှာမှ မဟုတ်တာကွ"

"တွေ့ရုံနဲ့မပြီးမှန်း ငါသိသားပဲ"





"ဒါဆို မင်း လက်ခံဖို့ဆွေးနွေးမှာလား။ မဖြစ်နိုင်တာတွေ ပြောပြပြီး ငြင်းခဲ့မှာလား။ တို့က အဲဒါသိချင်တာ"

အပြုံးမပျက် မျက်လုံးကို မှေးစင်းကြည့်လိုက်ပုံက အငြင်းလွှာပါလို့ အဆိုပြုလိုက်တာပင်။ ဓာတ်ပုံကိုကြည့်ရုံနှင့် တော်ရုံလူ ပစ်ကျသွားနိုင်တဲ့ရုပ်မျိုးကို ရင်ခုန်သံတွေနဲ့ ရင်းနှီးပြီးသား မာယက အနှောင်အဖွဲ့တွေ ကင်းလွတ်လိုခြင်းနှင့် မောင်းထုတ်ပစ်လိုက်နိုင်သည်။ ချစ်တမ်းကစားရတာ သူစိတ်ပျက်နေပြီလေ။ ရင်ခုန်တာ အချစ်မှမဟုတ်ဘဲ။

မသေမချင်းခုန်နေတတ်တဲ့ ရင်ခုန်သံတွေက အချစ်တစ်ခုအတွက်သာ ခုန်တာပါလို့ ပါမစ်ယူထားတာလည်းမဟုတ်။ သာမန်ထက် ပိုတာလေးမြင်ရင် ဘာမဆို ရင်ခုန်တတ်ကြတာ သူတစ်ယောက်တည်းမှမဖြစ်နိုင်ဘဲလေ။ ဒါကိုပဲ အချစ်လို့သတ်မှတ်ချက်ထားရင် မှားမှာပေါ့။

"မာယအကြောင်းသိရဲ့သားနဲ့ ဘာလို့အပိုတွေ မေးနေရတာလဲ ကျော်ထွန်းရာ။ ဒီကောင်လား. . . လူကြီးတွေစီမံတာကို လက်ခံပြီး သားလိမ္မာလုပ်မှာ"

"မင်းက ငါ့ကိုမိုက်ရိုင်းတဲ့ကောင်လို့ ပြောချင်တာလား မင်းဦး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ"

သူ့စိတ်ကိုသိလို့ အမှန်ကိုပြောပြတော့ အဲဒီလိုခွကျကျ ပြန်မေးတာလည်း ကြုံဖူးပေါင်းများပြီ။

"မင်းမလိမ္မာတာလည်း သေချာတယ်မဟုတ်ဘူးလား"

"လူကြီးတွေရှာပေးမှ မိန်းမရတဲ့ကောင်ဆိုရင် ငါ ဘာဖြစ်သွားပြီလဲ။ မိုက်ရိုင်းခဲ့ရင်တောင် အခုတွေ့ဖို့ ခေါင်းညိတ်ခဲ့တာက မင်းစကားနဲ့ ဆန့်ကျင်ဘက်ဆိုတာ ငြင်းဦးမလား"

"မငြင်းပါဘူး၊ နှင်းဆီခက်နဲ့တွေ့ရင်တော့ မင်းဇာတိကို ထုတ်ပြမှာမဟုတ်ဘူးလား"

"ပြရမယ်လေ၊ ငါက သူများပြောတိုင်း ခေါင်းညိတ်တတ်တဲ့ ပုတ်သင်ညိုမဟုတ်ကြောင်း မပြသင့်ဘူးလား"

"ဟာကွာ. . . မင်းတို့နှစ်ယောက် ပြောနေတဲ့စကားတွေထဲမှာ လားတွေများလှချည်လားကွ။ ဘာလဲ၊ မင်းတို့ လားစီးချင်လို့လား"

"ဟော့ကောင်"

"မင်း မညစ်ပတ်နဲ့"

မာဃနဲ့မင်းဦး နှစ်ယောက်ပြိုင်တူ လက်သီးနှင့်ရွယ်ကြတော့ ဗေဒါ ဖက်ပုသွားသည်။ ကျော်ထွန်းကပဲ. . .





"မင်းပြောတဲ့စကားထဲမှာရော လားမပါလို့လား၊ အဲ ငါ့စကားထဲတောင် မလွတ်ဘူး။ အဲဒီတော့ စီးချင်ရင် မင်းပြောတာ မင်းပဲအရင်စီးလိုက်"

"ငါပြောတာက အမှတ်တမဲ့ ရိုးရိုးလေးပဲ၊ မင်းတို့တာသာ ချော်သွားတာ ငါလည်းမတတ်နိုင်ဘူး"

"ကဲ ထားပါ၊ ဆက်ပါဦး၊ နှင်းဆီမလွယ်ရဲ့အကြောင်း"

မင်းဦးက မာဃအကြောင်းကိုပဲစိတ်ဝင်စားနေသဖြင့် မေးသမျှ လိုရင်းကိုမရောက်နိုင်။ မာဃမျက်နှာ ဒီဘက်ပြန်လှည့်လာတော့ ပါးစပ်ထဲပီကေကို မထိမဲ့မြင်ဝါးနေပုံကပဲ ယောကျ်ားချင်းငေးယူရလောက်အောင် ဝင်းမွတ်၍ ကြည့်ကောင်းနေသူ။ ဘာပဲဝတ်ဝတ် မလိုက်ဖက်ဘူးဆိုတာမရှိရအောင် အသားအရေနဲ့ ဘော်ဒီက ဆွဲဆောင်ပြီးသားပေမယ့် စိတ်ကတော့ ရုပ်နဲ့လိုက်ပြီး မခန့်မှန်းလေနဲ့။

လက်ချောင်းလေးတွေ ဖြူနုနေပေမယ့် အားထည့်လိုက်တာနဲ့ သူ့လက်သီးစာမိတဲ့သူ တစ်ချက်တည်းနဲ့ လဲရင်လဲ၊ မလဲရင် ဖူးရောင်သွားကြတာ မရှုမလှပါ။

"မလွယ်တာကို ငါက ဘာဆက်ရမှာလဲ"

"မင်း သူနဲ့အဆင်မပြေရင် နောက်ထပ်လာဖို့တွေ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်နော် မာယ"

"လာတော့လည်း အားနာပါးနာကြည့်ပေးလိုက်ရုံပေါ့"

"ဘာကိုကြည့်မှာလဲ"

"ငါ့ရှေ့ရောက်လာမယ့် ဓာတ်ပုံတွေလေ"

"ကြည့်ရုံနဲ့ပြီးသွားမှာမှ မဟုတ်ဘဲကွာ"

"ပြရင်ကြည့်မယ်၊ တွေ့ရင်ငြင်းမယ်လေ။ အဲဒီအထဲက တကယ်ကြိုက်တာလေးတွေ့တော့လည်း ယူလိုက်တာပေါ့"

"မင်းကို ငါအားကျတယ် မာယရာ"

ဗေဒါက စပ်ဖြီးဖြီးရုပ်နှင့် ပြောလေသည်။ ကျော်ထွန်းက မျက်စောင်းကြီးထိုး၍. . .

"မင်းကိုတော့ ယုံပါတယ်၊ နှာခေါင်းကိုက အဝကျယ် အရင်းပျောက်နဲ့"

"အဲဒါ အခုခေတ်ရဲ့ ဈေးကွက်ဝင်နှာခေါင်းလေ၊ ဘယ် စပွန်ဆာမှမလိုဘဲ မိရာကို နှာခေါင်းထဲ ဆွဲသွင်းနိုင်တာ အလွယ်တကူပဲ"

"မင်းတို့ကွာ၊ ငါ့နှာခေါင်းကိုပဲ ရန်ရှာပြန်ပြီ"

ဗေဒါ သူ့နှာခေါင်းကို လက်ဝါးနှင့်အုပ်ထားလေတော့ မင်းဦးက ဆွဲဖယ်ကာ လက်ညှိုးထိုး၍ ရယ်လေသည်။





"တို့ငယ်ငယ်ကကြည့်ဖူးတဲ့ ဂူနံ့ကားထဲက ပါကျဲလေ။ ဟား. . . ဟား"

"မင်းတို့နော်"

ဗေဒါ မျက်နှာကြီးနီပြီး မင်းဦးလက်ကို ပုတ်ထုပ်လေ၏။ မာယက သူငယ်ချင်းတွေနှင့်တွေ့လျှင် စိတ်ရှုပ်စရာရှိလျှင်တောင် အမှိုက်ပုံးထဲပစ်ထည့်ခဲ့သူ။ အရာရာပြည့်စုံတဲ့ဘဝမှာ စိတ်ရှုပ်လည်း ခဏပေါ့။ ဒီလိုလွတ်လွတ်လပ်လပ်နေချင်လို့ အိမ်ထောင်ပြုဖို့ကို စဉ်းစားလို့မရတာဘဲဖြစ်သည်။

'ကိုရေ'ပဲခေါ်ခေါ်၊ 'မောင်ရေ'ပဲချော့ချော့၊ သူ့စိတ်တွေ မပျော်ဝင်နိုင်ခင် လက်ထပ်မိလို့ကတော့၊ အဲဒီချွဲသံနွဲ့သံတွေကြောင့်ပဲ နားရင်းအုပ်မိမလား၊ လက်ဝါးကွေးမိမလား။

"မာယ"

"ပြော"

ခေါ်ရင်လှည့်မကြည့်တာကိုက မသိသူဆိုလျှင် ဒေါသဖြစ်ချင်စရာ။ သူ့အကျင့်က ပါးစပ်ကထူးလျှင် မျက်လုံးကမကြည့်။ လှည့်ကြည့်လျှင် ပါးစပ်ကမထူးတာ၊ နှစ်မျိုးလုံးသုံးမိလျှင် သေဒဏ်အချခံရတော့မယ့်အတိုင်းပါပဲ။

"နှင်းဆီခက်က တော်တော်ချောလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆီရေချိုး တရော်ကိုး မီးလှုံရင်း မွေးထားပုံရတယ်"

"အဲဒါနဲ့ မင်းက ဘာလို့မကြိုက်တာလဲ"

"မကြိုက်တာ မကြိုက်လို့ပေါ့"

"ဩော်. . . မှတ်တောင်ထားရဦးမယ်၊ အဲဒီစကား"

"မှတ်ထား. . . မှတ်ထား"

မင်းဦးက ငေါ့လိုက်ပေမယ့် မာဃက အရယ်မပျက်ပေ။ အချစ်ကြောင့် ခံစားဖူးသလိုတော့ရှိခဲ့သားပဲ။ မအူမလည်အရွယ်က လေ။ ကိုယ့်ထက်အသက်ကြီးတဲ့မိန်းမတစ်ယောက်ကို ချစ်ခဲ့မိသလို လိုရှိခဲ့လို့ ခံစားခဲ့ဖူးတာ ရှိခဲ့ပေမယ့် အသည်းကွဲတယ်ဆိုတဲ့စကား ကိုပဲ မာဃ လက်မခံနိုင်။ အစက ကိုယ် ယုန်သူငယ်ဖြစ်ပေမယ့် နောက်တော့ မုဆိုးဖြစ်လာပြီး အချစ်ကိုအယုံအကြည်မရှိတော့ပေ။

ခံစားခဲ့ဖူးတုန်းက. . .

ငိုင်တွေငေးမောနေရလောက်အောင်လား ဆိုတော့လည်း မဟုတ်။ မျက်နှာမြင်တုန်းသာ ဒေါသတွေထွက်၊ ဆစ်ခနဲ နာပြီး ကွယ်ရာမှာတော့ ဘာမှမဟုတ်သလို နေနိုင်ခဲ့တယ်လေ။

"ပြောသာပြောတယ်. . . မြနန်းဒေဝီက တော်တော်လှ တာနော်"

"သူက တက္ကသိုလ်က ကျူတာပီပီ ဆရာသိပ်လုပ်ချင်တာ





ကွ။ အဲဒီတော့ ဒီကောင်နဲ့မဖြစ်တော့ဘူးပေါ့"

"ဒေါက်တာမဓနိုင်လည်း ဖူးဖူးရွရွလှလှလေးလေ။ အဲဒါ ကိုထည့်ပြောဦး"

"အဲဒီလိုပြောကြကြေးဆို မော်ဒယ်လ် ပင်မြင့်တော်ဝင် ကရော အပြစ်ပြောစရာဘာရှိလို့လဲ"

"သူက စကားများတယ်တဲ့"

"တော်ကြစမ်းပါကွာ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်ပြောကြတာကိုပဲ မာဃက စိတ်မရှည်။ သူက ရည်းစားဆိုတဲ့ ဣတ္ထိယဝင်မိန်းမတွေ ကို ရှေ့သို့သာမျှော်ခဲ့ပြီး နောက်လှည့်ကြည့်ရိုးထုံးစံမရှိခဲ့ပေ။ ကလေး တွေ စာအုပ်ထဲမှာ အရုပ်ဝှက်တမ်းကစားသလိုပေါ့။ ဘွားခနဲပြီး နောက်ပြန်လှန်ကြည့်ရင် 'ဘုတ်'ခေါ်တာမျိုးလေ။

"အဲဒီရည်းစားထားတဲ့အလုပ်ကို ငါစိတ်ကုန်နေတာ ကြာ ပြီ"

"ဒါဆို မင်း မိန်းမမယူဘူးလား"

"မယူဘူးကွာ"

"မိန်းမမယူရင် ယောကျ်ားယူမှာလား"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ၊ ဒီလားကိစ္စ"

ပေဒါ အစပြန်ဖော်ပေးတော့ မျက်လုံးတွေ ထောင့်ကပ်လာကြပြန်သည်။ မကျေနပ်ပုံတွေကို ဖက်ကလေး ပုရှောင်ရှားလိုက်ကာ. . .

"မင်းဒီလိုလုပ်ပါလား မာယ"

"ဘယ်လိုလဲ"

မေးတာက မာယမဟုတ်ပေ။ မာယက မေးဆတ်ပြလေသဖြင့် ပေဒါက. . .

"မင်းကိုယ်စား နှင်းဆီခက်ကို ငါသွားတွေ့လိုက်မယ်လေ၊ ဗီဒီယိုတွေ ဝတ္ထုတွေထဲကလို ငါ့ကိုမြင်ပြီးကြိုက်သွားတော့လည်း ငါ့ကုသိုလ်ပေါ့"

"မလုပ်ပါနဲ့ ပေဒါရာ၊ ဟိုက မင်းကိုမြင်ပြီး shock ဖြစ်သွားလို့ ဒုက္ခတွေများနေပါဦးမယ်ကွာ"

ရယ်သံတွေထွက်လာပြီး ပေဒါ့ကိုပဲ ဝိုင်းနှိပ်ကွပ်နေကြသည်။ ပေဒါက မနာတတ်သူမို့ စိတ်ဆိုးရကောင်းမှန်းလည်းမသိ။ မာယနှင့်ယှဉ်လိုက်ရင် အပြတ်အသတ်ကွာတဲ့ရုပ်ရည်ပိုင်ရှင်ဖြစ်ပေမယ့် တမင်နှိုင်ကွက်နင်းပြီး နှိမ်ချလိုတာတစ်ယောက်မှမပါ။ ခင်မင်မှုမှာ ဘာကန့်သတ်ချက်မှ မရှိလေတော့. . .





ချစ်လို့စ၊ ခင်လို့နောက်ကြတာကိုပဲ အချင်းချင်းနားလည်မှုများစွာနှင့် ပေါင်းလာခဲ့ကြတာ ယနေ့အထိ သွေးစည်းနေကြဆဲပါ။

"မထူးပါဘူး မာယရာ"

မင်းဦးက အစမရှိအဆုံးမရှိပြောလိုက်တော့. . .

"မင်းကို ဘယ်သူကခေါ်လို့လဲ၊ မထူးနဲ့ပေါ့"

"ငါပြောတာ မဆုံးသေးဘူးလေ"

"အဲဒါဆို ဆက်ပြော၊ စကားကိုမဖြတ်သင့်တဲ့နေရာမှာ မဖြတ်နဲ့။ နားလည်လား"

"အေးပါ၊ ငါဆက်ပြောမှာက မင်းနာမည်မာယနဲ့ လိုက်ပြီး ဖိုးသိကြားလို နတ်သမီးလေးတွေ တစ်ဖက်ငါးရာထားပြီး စံစားလိုက်တော့လို့။ အဲဒါ"

ကြားက ဘယ်လိုပဲဝင်ဖောက်ဖောက်၊ စကားက ဒီနေရာပဲ ပြန်ရောက်လာသည်။ မာယကိုက အိမ်ထောင်ပြုဖို့နဲ့ ဓာတ်မတည့်တာ အချင်းချင်းမသိကြတဲ့အတိုင်း။

"နောက်ဆုံးတော့ ဒီဘူတာပဲ ပြန်ဆိုက်လာတာပဲ"

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

ကားနှစ်စီး ခေါင်းချင်းဆိုင်ရပ်လိုက်ကြပြီး ဆင်းလာကြတဲ့ လူနှစ်ယောက်ကလည်း ကိုယ်စီ ကားရှေ့ထွက်၍ မျက်နှာချင်းဆိုင်ရပ်လိုက်ကြသည်။

တစ်ယောက်က မာယ. . .

တစ်ယောက်က နှင်းဆီခက်. . .

နှစ်ယောက်စလုံး၏မျက်နှာတွေက နှစ်လိုဖွယ်ပြုံးမနေကြပေမယ့် တည်တင်းခြင်းသို့လည်းမရောက်။ ပကာတိတည်ငြိမ်မှုများနှင့်။ နောက်မှ လွှန့်ခနဲပြုံးပြီး စကားစလိုက်သူက နှင်းဆီခက်။

"ယူက ဓာတ်ပုံထဲမှာထက် ပိုချောတာပဲ"

"မင်းလည်း အတူတူပါ"

"ဒါဆို နောက်ထပ် တူစရာတွေရှိဦးမယ်ထင်တယ်"





"သေချာတာပေါ့"

မာယအဖြေကြောင့် နှင်းဆီခက်၏အပြုံးက ပို၍အသက်ဝင်သွားသည်။ အင်္ကျီအနက် ဘောင်းဘီအနက်နှင့်မှာ ဖန်စီတွေ ခရုခွံတယ်လ်တွေ ပြိုးပြက်လို့၊ လှုပ်ခါတယမ်းယမ်းတွေနှင့် အမြင်ရှုပ်စရာပေမယ့် နှင်းဆီခက် တော်တော်လှသည်ဆိုတာကိုတော့ မာယဝန်ခံပါသည်။ သူမ၏အလှက အရိုင်းဆန်၍ စူးရဲသောအလှ။

ခန္ဓာကိုယ်တောင့်တင်းပြီး အချိုးအဆစ်ကျသည့်အပြင် ပွိုင့်ဒေါက်ဖိနပ်ကိုစီးထားတော့ မြင့်သည့်အရပ်က မာယအရပ်ကိုပင် မီလုနီးပါးဖြစ်နေ၏။ မျက်တောင်တွေက ကိုရီးယားအကူအညီကြောင့် ပိုကော့နေသည်ထင်ပဲ့။ ခပ်ပါးပါးနှုတ်ခမ်းနှင့် ဖြောင့်စင်းသောနှာတံတို့ကို ပေါင်းကြည့်လိုက်တော့ မြန်မာပြည်က လေဒီဂါဂါပေါ့။

"တကယ်ဆို တို့နဲ့ယူ Reataurant တစ်ခုခုမှာ တွေ့သင့်တာပါ။ အဲဒီလောက်ထိ တို့အချိန်မရလို့ ဒီနေရာမှာ လမ်းသွားမတ်တပ်ပုံစံမျိုးနဲ့ ချိန်းတွေ့ရတာအတွက် ယူနားလည်ပေးပါ"

"အဲဒီလောက်ထိ အလေးထားစရာမလိုပါဘူး။ ငါ့အတွက်က ဘယ်နေရာဖြစ်ဖြစ် အဆင်ပြေတယ်။ အရေးကြီးတာက မင်းနဲ့ငါ တွေ့ဖြစ်ကြဖို့ပဲ"

"အခုတွေ့ကြပြီဆိုတော့ ယူအရင်ပြောမလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက မိန်းကလေးဆိုတော့ ယောကျ်ားလေးဖြစ်တဲ့ငါက ဦးစားပေးရမှာပေါ့။ မင်းဆန္ဒကိုပွင့်ပွင့်လင်းလင်းပြောပါ။ အားမနာနဲ့"

"ယူလည်း အားမနာတတ်ဘူးမို့လား"

မာဃ ခေါင်းညိတ်လိုက်၏။ အားနာလို့ ခါးပါမခံနိုင်တာ မာဃရဲ့စရိုက်ထဲက အတ္တတစ်ခုပေါ့။

"လူကြီးတွေစီစဉ်ချင်တဲ့ကိစ္စကို ယူ့ အတိုက်အခံငြင်းခဲ့ဖို့လား"

"မင်းနဲ့တွေ့ပြီးဆွေးနွေးဖို့အထိ ငါခေါင်းညိတ်ခဲ့ပါတယ်"

"လက်ထပ်ဖို့အတွက်ရော"

"မင်းအရင်ပြောပါ"

ယောကျ်ားလေးဖြစ်တဲ့ကိုယ်က အရင်ငြင်းဖို့ကျတော့ အားနာထိုက်သည်ထင်လို့ တစ်ချက်ငဲ့ပြီး အားနာလိုက်တာ ဘာပျော်ဝင်မှုမှမပါ။ နှင်းဆီခက်ရဲ့အဖြေပေါ်မူတည်ပြီး ကိုယ်က သင့်တော်ရာစကားလုံးတွေ ရွေးထုတ်ရဦးမှာလေ။ ကိုယ့်ဘက်က စငြင်းလိုက်ရင် တစ်ဖက်သားအတွက် မခံချင်စရာတွေ ဖြစ်ကုန်မှာစိုးလို့ဆိုလျှင် ပိုမှန်မည်။

"တို့ ယူနဲ့လက်ထပ်ဖို့ကိစ္စကို ငြင်းပါရစေ"





နှင်းဆီခက်ကလည်း ပြတ်သည်။ သူနဲ့ကိုယ့်ကြားမှာ ဘာကြောင့်တွေညာကြောင့်တွေ ထောက်ထားနေဖို့မှမရှိတာ။ မာဃကလည်း ငြင်းရခြင်းအကြောင်းက ဘာလဲလို့ စဉ်းစားနေမည့်သူမဟုတ်လေတော့. . .

"ဒီစကားကြားရတာ ဝမ်းအသာဆုံးပဲ"

"ယူ့လိုလူမျိုးကို ဘာလို့ငြင်းတာလဲလို့ မမေးတော့ဘူးလား"

"ငါကလည်း မင်းနဲ့တို့နည်းတူ ငြင်းမယ့်ကောင်ဆိုတော့ မလိုအပ်ဘူးလေ"

"မလိုအပ်ပေမယ့် တို့ပြောပြနိုင်ပါတယ်၊ တို့က တို့ရဲ့လွတ်လပ်မှုကို ဘာနဲ့မှမလဲနိုင်တာ"

"ဒါဆို မင်းနဲ့ငါ့ရဲ့ဇာတ်လမ်းက ဆက်ရန်မရှိနဲ့ ဒီနေရာမှာတင် တစ်ခန်းရပ်ပြီပေါ့"

အကြိတ်အနယ်ပြောရမယ်လို့ ထင်ခဲ့တာ၊ စိတ်တူကိုယ်တူခံစားချက်တွေ တူနေကြတော့ အမုန်းမဖက်ဘဲ အပြုံးနှင့်သာ နားလည်မှုယူခဲ့ကြ၏။

ဒါပေမဲ့. . .

မာဃ စိတ်ဒုန်းဒုန်းမချနိုင်သေးပေ။ ဒီတစ်ယောက်နဲ့လွဲ



www.burmeseclassic.com

www.burmeseclassic.com



ရင် နောက်ထပ်ဘယ်နှယောက်နဲ့ ဘယ်လိုတွေရှင်းရဦးမလဲ။

"မာယ"

ပါးစပ်က မထူးဘဲ ကြည့်လိုက်စဉ်. . .

"တို့ကို သွားခွင့်ပြုပါဦး"

"OK..."

နှစ်ယောက် ကျောချင်းခိုင်းပြီး ကိုယ့်ကားပေါ်သို့ ကိုယ်တက်ရန် ကားတံခါးကိုဖွင့်လိုက်ကြပြီး၊ နှင်းဆီခက်၏ကားလေးက အရင်ထွက်သွားပြီးနောက်. . .

"ဒုန်း!"

"ဝုန်း. . ."

"ဟာ"

ကျောနပ်စွာပြုံးရင်း ကျေးဇူးတင်စွာ နှင်းဆီခက်ရဲ့ကားလေးကို လှည့်ကြည့်နေတုန်းမှာပဲ၊ ထိခိုက်သံတွေကြောင့် ရှေ့ကို ကမန်းကတန်းပြန်လှည့်ကြည့်လိုက်စဉ်၊ ကိုယ့်ကားရပ်ထားတာကို စက်ဘီးနှင့်ဝင်တိုက်လိုက်ဟန်တူသော မိန်းကလေးက စက်ဘီးက တခြား၊ လူက တခြားဖြစ်နေသည်။ သူ ကားပေါ်ကနေ ကမန်းကတန်းဆင်းပြီး သွားလိုက်တော့. . .

"ကျွန်မကို ကူညီပါရှင်၊ ကျွန်မကို ကူညီပါနော်"





ကောင်မလေး နာတာကျင်တာတွေကို ဂရုမစိုက်အားဘဲ လဲကျနေရာမှ မရမကကုန်းထပြီး သူ့နောက်ကျောသို့ပြေးကပ်သည်။ တူရှုအရပ်ဆီမှ ခြေထောက်နှင့်သာ ပြေးလာနေသည်က သူတို့အရွယ်သာသာ လူနှစ်ယောက်။

ဒါ. . .

ကောင်မလေးနောက်ကို ပြေးလိုက်လာတာဖြစ်မှာပေါ့။ ကြောက်အားလန့်အားနှင့် စက်ဘီးကိုနင်းလာရင်း နောက်ကြောင်းပြန်လှည့်အကြည့်မှာ ရပ်ထားတဲ့သူ့ကားကိုဝင်တိုက်မိတာ ဖြစ်လိမ့်မည်ဟု ကိုယ့်ဘာသာပဲ နားလည်လိုက်၏။ ခါးထောက်ပြီး မားမားရပ်နေတဲ့သူ့ကိုပါ မြင်တော့ လိုက်လာတဲ့ငနဲနှစ်ကောင် ရှေ့ဆက်မတိုးရဲတော့ဘဲ တောက်ခေါက်ကာ လှည့်ပြန်သွားလေလျှင်. . .

"ဒီမှာ"

"ဟင်"

မာယ ကောင်မလေးဘက်သို့ လှည့်၍ခေါ်လိုက်တော့၊ ကောင်မလေးပုံစံက မုဆိုးလက်က လွတ်လာတဲ့ယုန်သူငယ်လေးလိုပါ။

"ငါ့ကားက ရပ်ထားတာနော်၊ မင်းကဝင်တိုက်တာ။ ကို့မှာ ဘာတာဝန်မှမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ပါတယ်ရှင်"

ပြောပြီး ကောင်မလေးက ခြေထောက်ထောက်နဲ့နှင့်သွားပြီး စက်ဘီးကိုဆွဲထူပြီးလေလျှင်၊ ကားကိုကြည့်ပြီး မျက်လုံးလေးဝိုင်း၊ ပါးစပ်ကို လက်ဝါးလေးနှင့်အုပ်၊ အလုပ်နှစ်ခုကို တစ်ပြိုင်တည်းဖြစ်ပြီး မျက်ရည်တွေ ဝေ့တက်လာသည်။

မာဃလည်း ကိုယ့်ကားကိုကြည့်ပြီး ကျွတ်ခနဲလုပ်၍ စိတ်ပျက်သွား၏။

"သွားပြီ"

"ဟို"

ဟိုဆိုပြီး ဘာမှစကားမဆက်နိုင်ခင်၊ မာဃမျက်ဝန်းတွေ စူးရဲသွားကာ. . .

"တော်တော်အမြင်ရဆိုးလောက်အောင် တိုက်ပစ်လိုက်တာပဲ။ မီးသီးကွဲသွားပြီ၊ မင်းဘယ်လိုလုပ်မလဲပြော"

"ကျွန်မ လျော်. . . လျော်"

"ဘာ! "

"အေး. . . မလျော်ရင် မင်းကို ရဲလက်အပ်ရမယ်"

"ရှင်"

ကောင်မလေးက တဆတ်ဆတ်တုန်နေသည့်လက်တို့နှင့်





ဆုပ်ထားသော တစ်ထောင်တန်လေးကိုကြည့်ကာ မျက်ရည်တွေကျလာ၏။ လူတွေက ကြောက်တတ်ရင် ဖြုံခြောက်တတ်ကြသည်လေ။ မာဃက ခြောက်နေတာမဟုတ်ဘူးဆိုပေမယ့် ဒီသဘောပဲ သက်ရောက်မှာပါ။

"ဘယ်. . . ဘယ်လောက်လျော်ရမှာလဲဟင်"

"အရှိန်နဲ့ဝင်တိုက်ထားတော့ ပြင်ရမှာနည်းမလားကွ။ မီးသီးလည်း ကွဲ၊ ဘေးမှာလည်း မြင်လို့မကောင်းဖြစ်နေပြီ။ အနည်းလေး. . . ဆယ်သိန်းလောက်ကုန်မှာ။ နားလည်လား"

"ရှင်! "

မာဃပါးစပ်ဆန့်သလောက် ကောက်ထည့်ပြောလိုက်တာ နံ့တိနံ့ချာပုံပေါက်နေတဲ့ကောင်မလေးကို လန့်သွားရုံသက်သက်ပါ။ သူကရုပ်ထားတဲ့ကားကို ဝင်တိုက်တာလေ။ ဘာတွေရှုပ်ပြာပြီး ဆပ်ပြာသည် လင်ပျောက်သလိုဖြစ်လာတာကို အမြင်ကပ်တာလည်းပါတာပေါ့။ တကယ်ဆို မာဃအတွက်က ငွေရေးကြေးရေး အဓိကမကျပေ။

စောစောက နားလည်ပေးလိုက်သလိုရှိပေမယ့် သေသေချာချာတွေးကြည့်တော့၊ ပြေးတဲ့သူနဲ့လိုက်တဲ့သူတွေကြားမှာ ဘယ်သူက မဟုတ်တာလုပ်မှန်းမှမသိတာ။ ခုကာလက ရိုး[illegible]တဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပိုပြီးမယုံသင့်တာလည်း ရှိတယ်လေ။

"ဆယ်သိန်းတောင်. . . ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်မ. . . ကျွန်မ"

"မင်းကိုငဲ့ညှာသောအားဖြင့် ငါးသိန်းပဲလျှော့၊ ကျေနပ်တယ်"

"ငါးသိန်းမပြောနဲ့၊ လက်ထဲမှာ ငါးသောင်းပြည့်အောင်တောင် ကျွန်မ မကိုင်ဖူးပါဘူးရှင်"

"ဒါဆို မင်းဘယ်လိုလုပ်မလဲပြော၊ မလျှော်ရင် ငါ ရဲစခန်းတိုင်မှာနော်"

"အို. . . မတိုင်ပါနဲ့"

"လျှော်မယ်ပေါ့၊ ဟုတ်လား"

ဘာမှပြန်မဖြေဘဲ တရှုံ့ရှုံ့ငိုပါလေတော့တဲ့ကောင်မလေးကို မာဃစိုက်ကြည့်နေလိုက်၏။ နူရာဝဲစွဲ လဲရာသူနိုးထောင်းသလိုဖြစ်နေရင်တော့ ခေတ်ရိုးပဲ ကောင်မလေးရေ၊ သနားတတ်တဲ့အကျင့်ငါ့မှာမရှိလို့ဆိုရင် မင်းသဘောပေါက်မှာပါ။ မိန်းမတွေရဲ့လက်နက်က မျက်ရည်ဆိုတော့ မင်းလက်နက်ကို မောင်းချလည်း မာဃဆိုတဲ့ကောင်က လက်နက်မကြောက်တဲ့ကောင်။





"အဲဒီလောက်လျှော်မှရမယ်ဆိုရင် ကျွန်မကို တစ်ခါတည်းသာ သတ်သွားပါတော့ရှင်"

"ဘာ"

"ကျွန်မမှာ လျှော်စရာမရှိလို့ပါ"

"ဟား. . . ပြဿနာပဲ၊ အလျှော်မရတဲ့အပြင် မင်းက ငါ့ကို လူသတ်မှုနဲ့ပါ ထောင်ကျအောင်လုပ်နေတာလားကွ"

"အဲဒီလိုမှမပြောရင် ရှင်က ရဲတိုင်မယ်ဆို"

"ဟုတ်တယ်. . . တိုင်မှာ"

"အဲဒီတော့ ကျွန်မ ထောင်ကျရုံပဲရှိမှာပေါ့။ ရှင် ဘာမှရမှာမဟုတ်ဘူး"

"ကျ. . . ကျပေါ့၊ အဲဒါ မင်းဆုံးဖြတ်ရမှာလေ"

"သေသာသေချင်တော့တာပဲ"

ကောင်မလေး ဟီးခနဲငိုချပြီး ခေါင်းအငုံ့မှာ. . .

"ဟင်"

မာဃလည်း မဲ့ခနဲဖြစ်ပြီး သူမလေးကို ခြေဆုံးခေါင်းဆုံးအကြည့်မှာ၊ အသားရောင်ပျောက်ပြီး သွေးတွေ ခြေခုံပေါ်မှာ ရဲနေတာမြင်လိုက်ရတော့ မျက်လုံးပြူးသွားရသည်။

"မင်း. . . ခြေထောက်"



www.burmeseclassic.com

www.burmeseclassic.com



သူဘာမပြောညာမပြောနှင့် ကောင်မလေးရှေ့မှာထိုင်ပြီး ထဘီစကို ဆွဲမတင်လိုက်တော့. . .

"အို. . . ရှင်ဘာလုပ်တာလဲ"

သူမက စက်ဘီးကိုလွှတ်ချပြီး အတင်းထိုင်လေသည်။

"သွေးတွေ. . . ဒူးကွဲ၊ ပေါင်ပြဲ ဘယ်နေရာထိတာလဲ"

"ဒူးကွဲသွားတာ"

"ပြစမ်း"

"ဟင့်အင်း"

"ဘယ်လောက်ကွဲသွားလဲ ကြည့်မလို့လေ"

"မကြည့်ပါနဲ့"

"တောက်! အရေးထဲ ခေါင်းမာနေတယ်. . . ကဲ"

မာဃက ထဘီစလေးကို မတင်၊ သူမလေးက ဆွဲချ၊ မတင်ဆွဲချနှင့် လက်ချင်းရှုပ်နေကြတော့၊ မာဃစိတ်မရှည်စွာ သူမလေးလက်ကို တစ်ဖက်ကဖိချုပ်ပြီး ကျန်တစ်ဖက် မတင်လိုက်တော့ ထဘီစက ဒူးအထက်ရောက်သွားသည်။ ခြေသလုံးသားဖွေးဖွေးလေးအထက်မှာ ဒူးကွဲသွားတာ ပေါက်ရုံမဟုတ်ပေ။ ခြေသလုံးဖွေးဖွေးသာ ပြောရတယ်၊ ဖွေးတဲ့နေရာက နည်းနည်း၊ သွေးတွေနှင့် ရဲနေတာက မြင်မကောင်းပေ။





မာဃ အငိုမရပ်သေးတဲ့မျက်နှာကိုကြည့်လိုက်တော့၊ အံတင်းတင်းကျိတ်နေတာ နာလို့ဖြစ်မှာပေါ့။

"တော်တော်ကွဲသွားတာပဲ၊ ဆေးခန်းလိုက်ပို့မယ်. . . ထ"

"ဟင့်အင်း. . . မသွားဘူး"

"ဘာ"

"အိမ်ရောက်မှပဲ ဆေးထည့်တော့မယ်၊ ကျွန်မမှာ ဆေးခန်းပြဖို့ ပိုက်ဆံမရှိဘူးရှင့်"

"ကဲပါ၊ လောလောဆယ် ငါစိုက်ပေးထားမယ်. . . ထ"

"ကားကိစ္စ"

"အဲဒါ နောက်မှ မင်းနဲ့ဆွေးနွေးမယ်၊ ခုလောလောဆယ် ဘေးလူတွေ မြင်လို့မကောင်းဘူး။ ရဲစခန်းမပို့စေချင်ရင် ပြောတာနားထောင်"

ဘေးလူတွေမြင်ရင် ကိုယ့်ကားနဲ့တကယ်တိုက်မိတယ်ထင်ပြီး ပြဿနာရှာရင် ဒုက္ခ။ ကောင်မလေးက ဒါကိုတွေးမိပုံမရဘဲ သူ့စကားကိုသာ ကြောက်နေသည်။ မာဃ တွဲထူပေးပြီး ကားပေါ်ကို တင်လိုက်တော့. . .

"ကျွန်မစက်ဘီးကို ဘယ်လိုလုပ်မှာလဲ"

"မင်းစက်ဘီးစုတ်ကို ထားခဲ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဘယ်ပါဖြစ်မှာလဲ၊ ကျွန်မမှာ. . ."

"ဒီမှာ"

"ရှင်"

"ငါ့ကားရဲ့ပျက်စီးချို့ယွင်းမှုက မင်းစက်ဘီးထက် အဆပေါင်းများစွာသာတယ်. . . သိလား။ ယူချင်တဲ့လူ ယူပစေ၊ ထားခဲ့လိုက်တော့"

ပြောပြီး၊ ကားကို ဘက်ခ်ဆုတ်ကာ မောင်းထွက်လိုက်တော့၊ နာတာကျင်တာတွေထက် စက်ဘီးလေးကို နှမြောစွာ ပြန်လှည့်ကြည့်နေမိသည်။ သူတို့လူချမ်းသာတွေအတွက် ကားတစ်စီးလုံး မီးလောင်သွားရင်တောင် အပြုံးမပျက်စရာမဟုတ်ပေမယ့် သူမအတွက်ကတော့ ဒီစက်ဘီးလေးက လက်ရုံးတစ်ဖက်ပါပဲ။

မှားခဲ့တာက ကိုယ်ပဲဖြစ်နေတော့. . .

သူပြုသမျှ နလိုက်ရုံသာ ရှိတော့သည်။

"ဟိတ်"

"ဟင်"

"ခြေထောက်ကဒဏ်ရာ ဆေးခန်းမပြရင် ဖက်ကျိုးပြီး သေနေဦးမယ်"

□□□



## အခန်း ( ၄ )

"နင်ကတော့ ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ။ ပြောလိုက်ရင်လည်း စိတ်ကောက်ဦးမယ်"

"ဘာ"

"မဘာနဲ့. . . ပြစမ်း ခြေထောက်"

"မကြည့်နဲ့"

"ညချမ်း"

ညချမ်း ခြေထောက်ကိုနောက်ဆုတ်ပြီး တစ်ဖက်သို့ရှေ့ထိုင်လိုက်၏။ အညှာမခိုင်တဲ့မျက်ရည်က ချက်ချင်းဝေ့တက်လာကာ ဒူးခေါင်းကွဲတာထက် ရင်ထဲမှာ ဆစ်ခနဲနာကျင်သွားခြင်းကြောင့်ပါ။ မျက်ရည်ကို မိုးတိမ်မြင်မှာစိုး၍ နှုတ်ခမ်းကိုတင်းတင်းစေ့ကာ ထိန်းသိမ်းပစ်လိုက်သည်။ အခုလို ညချမ်း ဒုက္ခတွေ တစ်စုံတစ်ခု ခံ



www.burmeseclassic.com

လာရတာ သူ့ကြောင့်ပေမယ့် မနာတတ်ခဲ့သည်းက အမှန်တရားကိုလည်း ဝန်မခံချင်။

သိစေချင်တာရှိသလို မသိစေချင်တာတွေ ရှိတာလည်း မိုးတိမ်စိုးရိမ်ပြီး ရည်ရွယ်ချက်တွေကို ရိုက်ချိုးပစ်မှာစိုးလို့။ လွှဲထားတဲ့မျက်နှာကို လိုက်ငုံ့ကြည့်ပြီး မိုးတိမ်က. . .

"မျက်ရည်တွေ ဝေ့နေပါလား၊ ဘာလဲ. . . ဒဏ်ရာက အရမ်းနာနေလို့လား"

"ငါ့ကို နင် ရှုပ်ပြာရှုပ်ပြာနိုင်လွန်းလို့ ဒီလိုဖြစ်တာလို့ ပြောချင်တာမို့လား။ ပြောလိုက်စမ်းပါ မိုးတိမ်ရယ်"

"ပြောတောင်မပြောရသေးဘူး၊ ကြိုတွေးပြီး စိတ်ကောက်နေတာလား"

ညချမ်း မျက်ရည်တွေကို လက်ဖမိုးနှင့်ဖိသုတ်ပစ်လိုက်သည်။ စိတ်ကောက်ရင် အချော့ခံခွင့်ရခဲ့လို့လား။ အခု သူတို့ အဖေလို့ခေါ်နေရတဲ့ဦးမြထွန်းက မိဘမဲ့လို့ အဖေဘယ်သူမှန်းမသိ အမေဘယ်သူမှန်းမသိအရွယ်ကတည်းက မိုးတိမ်နဲ့ညချမ်းကို ကောက်ယူမွေးစားခဲ့တာတဲ့လေ။ မောင်နှမအရင်းမဟုတ်ကြဘူးဆိုတဲ့အကြောင်းကို ရွာထဲကလူတွေ တစ်ပေါက်တစ်စ ပြောလာလို့ ညချမ်းနဲ့မိုးတိမ်သိလိုက်ရတဲ့အချိန်မှာ ကလေးနှစ်ယောက်ကို လက်ဆွဲပြီး ပတ်ဝန်း





ကျင်အသစ်မှာ အခြေချမယ်ဆိုပြီး ရန်ကုန်ကိုတက်လာခဲ့တဲ့အဖေ။

ရန်ကုန်မှာ ရသမျှအလုပ်ကို မရှောင်တမ်းလုပ်ပြီး ညချမ်းနဲ့မိုးတိမ်ကို ဘွဲ့ရသည်အထိ ကျောင်းထားပေးခဲ့သည်။ နှစ်ယောက်စလုံး အဖေ့ကိုပင်ပန်းမှာစိုးလို့ အလုပ်ကိုယ်စီနှင့် အဝေးသင်တက်ခဲ့ကြတာ၊ ကျောင်းပြီးလို့ အဖေ့ကိုတစ်လှည့်ပြန်လုပ်ကျွေးရမည့်အချိန်မှာ အဖေက လူ့လောကကို စွန့်ခွာသွားခဲ့သည်လေ။

သူတို့နှစ်ယောက်တည်း ကျန်ခဲ့ရတဲ့ဒီအိမ်လေးမှာ သူတို့က အများအမြင်မှာ မောင်နှမဆိုတော့ သင့်တော်ခဲ့သည်ပေါ့လေ။ မဟုတ်တာကိုသိနေကြတဲ့ သူတို့နှစ်ယောက်မှာတော့ သံယောဇဉ်ကို အရင်းခံပြီး ဆောင်းညချမ်းဆိုတဲ့သူမက မိုးတိမ်ကို တစ်ဖက်သတ်ကျိတ်ချစ်နေရသူ။

မိုးတိမ်ဘက်ကတော့ သူ့စိတ်နဲ့သူ့ကိုယ် မသိနိုင်ဘူးပေါ့လေ။ ဒါပေမဲ့ ဂရုစိုက်တဲ့ဘက်က ရပ်နေသလိုရှိပြီး တစ်ခါတစ်ခါကျ နားလည်ရခက်အောင် ဂရုစိုက်ပြန်လေတော့၊ ချစ်ခြင်းမချစ်ခြင်းတွေကို အကဲခတ်လို့မရနိုင်သရွေ့ သဘောမတွေ့တာတွေက မျက်ရည်တွေသာ ဖြစ်ဖြစ်လာတတ်တာ အခက်သားလား။

"ညချမ်း"

"ဘာလဲ"

www.burmeseclassic.com



"ဒီအိမ်မှာ နင်နဲ့ငါနှစ်ယောက်ပဲရှိတာ စိတ်မကောက်ပါနဲ့ဟာ။ နင်စိတ်ကောက်ရင် ငါက ဘယ်သူနဲ့စကားသွားပြောရမှာလဲဟ"

"နင့်ဘာသာ ပြောချင်တဲ့လူနဲ့သွားပြော"

"ငါက နင်နဲ့ပဲ ပြောချင်တာလေ"

"မပြောနဲ့"

"ပြောမယ်"

"မပြောနဲ့"

"ပြောမယ်ဟာ. . . ညချမ်း"

ပြောရင်းပဲ မိုးတိမ်က ညချမ်းနဲ့မျက်နှာချင်းဆိုင်မှာ ဇွေ့ခနဲရှေ့ထိုင်သည်။ ပြီး ညချမ်းရဲ့ခြေထောက်ကိုပဲကြည့်နေလျက်

"ဒဏ်ရာဘယ်လောက်များသွားလဲ ငါကြည့်ပါရစေ။ ငါ့ကိုပြနော် ညချမ်း"

"ပြတော့ရော နင်က ဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

မိုးတိမ်မျက်နှာ ရယ်ကျဲကျဲဖြစ်သွားလျက်. . .

"ဗိမ္ဗိသာရမင်းကြီးက သူ့သားလေးလက်ညှိုးမှာ ခူနာပေါက်တော့ အာခံတွင်းမှာငုံထားပေးတာ ပြည်ပေါက်တာတောင် ထွေးပစ်ရင် နာမှာစိုးလို့ မျိုချတယ်တဲ့"





"အဲဒါ မှကြိုတက်နေတဲ့ကလေးတွေတောင် သိတယ်။ ရှိုးနေပြီ"

"ငါလည်းလေ"

ငါလည်းလေဆိုသောကြောင့် မိုးတိမ်မျက်နှာကို တွေတွေလေးကြည့်ပြီး ဘာဆက်ပြောမလဲဆိုတာကို ညချမ်းနားစွင့်လျက်သားဖြစ်သွားသည်။ မိုးတိမ်က ညချမ်းဒူးခေါင်းကို လက်ညှိုးထိုးပြလျက်မှ. . .

"နင့်ဒူးကဒဏ်ရာ နာတာကျင်တာ ကိုက်တာခဲတာရှိရင်ပြောလေ။ ငါ အာခံတွင်းထဲမှာ ငုံထားပေးမှာပေါ့"

"ဟွန့်"

မဖြစ်နိုင်တာကိုပြောရမလားလို့ မျက်စောင်းထိုးပြီးမှ၊ ဆိုတောရဲ့ 'နင်လိမ်လည်းငါချစ်တယ်' ဆိုတာမျိုး။ ဒီလိုပြောဖော်ရတာအတွက် ကျေနပ်ခြင်းက အပြုံးနှင့်တစ်ဖက်လှည့်ခြင်းသို့ဖြစ်၏။ အဲဒီစကားလုံးတွေအတွက် ဖြစ်တည်သွားတဲ့ ရင်ထဲက လှိုက်လှဲဝမ်းသာမှုကို. . .

စက်ရုပ်တစ်ရုပ်ရဲ့အစိတ်အပိုင်းတစ်ခုလို ရင်ကိုခွဲပြီး ထုတ်ပြ၊ ပြီးရင်ပြန်တပ်လို့များ ရလို့ကတော့ ညချမ်း ကိုယ့်ရင်ဘတ်ကို ကိုယ်ခွဲပြီးပြီ။ အဲဒီလိုကြင်နာတတ်တာလေးတွေ ရှိလာတော့ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရခြင်းအတွက် မျက်ရည်က ကိုယ်စားမပြုတော့ပေ။

တကယ်ဆို မိုးတိမ်က အဆိုတော်ရူးလေ။ အဆိုတော်ဖြစ်ချင်လို့ တစ်ပိုင်းသေလုမတတ်ဖြစ်နေတဲ့ မိုးတိမ်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ ညချမ်း ငွေစုနေခဲ့တာကြာပြီ။ ဦးနောက်တိုးဆိုတဲ့ လူကြီးက သူ့မှာ အဆက်အသွယ်ရှိသည်၊ မိုးတိမ်သီချင်းဆိုရဖို့ သူကူညီမယ်၊ ညချမ်းနဲ့ဆွေးနွေးစရာရှိလို့ လာခဲ့ပါဆိုလို့ ညချမ်း သွားခဲ့တာဖြစ်သည်။

ဦးနောက်တိုးအိမ်ကိုရောက်တော့. . . ညချမ်းကို မဟားဒယားလုပ်ဖို့ကြိုးစားလို့ ညချမ်း ရုန်းကန်ပြီးပြေးလာရင်း လမ်းမှာ ဤဇာတ်ပဲ့နယ်တွေ ဖြစ်ခဲ့တာပါ။

"ညချမ်း"

"ဟင်"

"ဘယ်လိုလဲ၊ ငါ ငုံ့ထားပေးရမလား"

"ပေါက်တတ်ကရတွေ မိုးတိမ်ရယ်၊ ငါ့ဒူးက နင့်ပါးစပ်နဲ့ ဆန့်မှာတဲ့လား"

"ဪ. . . ဒဏ်ရာကိုပဲ အာငွေ့ပေးမှာပေါ့ဟ။ ဒူးခေါင်းကြီးပါ ထည့်ငုံလို့ရမလား"

"ဘယ်ရမလဲ၊ နင့်ပါးစပ်က ငါးပုတင်းပါးစပ်ကိုး"





"ဟာ! ဒီလောက်ချောတာလေးကို ပြောရက်တာ၊ ကြည့်စမ်း"

"ပြောစရာဖြစ်လို့ ပြောတာလေ၊ ဟိုက သူ့သားကိုချစ်လွန်းလို့ ငုံ့ထားပေးတဲ့အဖေဟဲ့။ နင်က ငါ့အဖေလား. . . ပြော"

"ဟုတ်တယ်လို့ သဘောထားလိုက်"

ပါးစပ်က ပေါက်ကရပြောနေပေမယ့် အကြည့်က ညချမ်းရဲ့ဒဏ်ရာရှိသည့်နေရာကိုပဲ ရောက်နေသဖြင့် ညချမ်း ထဘီစလေးကို ဒဏ်ရာမြင်လောက်သည်အထိ အသာလေး မတင်ပြီး မိုးတိမ်ကိုပြလိုက်သည်။

မိုးတိမ်က ပတ်တီးစည်းထားတဲ့နေရာကို လက်ညှိုးနဲ့ တို့ကြည့်ပြီး. . .

"ဒဏ်ရာက အတော်များတယ်ထင်တယ်"

"ခြေထောက်မထောက်နိုင်တော့ဘူးဆိုကတည်းက နင်စဉ်းစားကြည့်ပေါ့"

"တောက်! အဲဒီတုန်းက ငါသာအနားမှာရှိနေရင် ဆွဲထိုးမိမှာ"

"ဘယ်သူ့ကိုလဲ"

"ကားနဲ့တိုက်တဲ့သူကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! သူက ဝင်တိုက်တာမဟုတ်ဘူး။ ငါက ဝင်တိုက်တာလေ"

"ဘာပဲဖြစ်ဖြစ်"

"ကဲ! တော်ပါတော့ မိုးတိမ်ရယ်၊ နင်ခုလိုဂရုစိုက်ဖော်ရတာနဲ့ပဲ ငါ့ဒဏ်ရာတစ်ဝက် သက်သာပါတယ်"

ဒေါသကို ကြာရှည်မမွေးမြူတတ်တဲ့ မိုးတိမ်မျက်နှာက အပြုံးကို ပြန်လည်သယ်ဆောင်လာခဲ့ပြီး. . .

"ဒီနေ့ နင်အနားယူလိုက်ဦး၊ နင့်ခြေထောက် မကောင်းမချင်း ငါပဲ ထမင်းချက်တာဝန်ယူလိုက်တော့မယ်၊ ဟုတ်ပြီလား"

"မိုးတိမ်"

ထမင်းချက်ဖို့ ထသွားတဲ့မိုးတိမ်၊ ညချမ်းလှမ်းခေါ်လိုက်တာကြောင့် ပြန်လှည့်လာကာ. . .

"ဘာပြောဦးမလို့လဲ"

"နင်ထမင်းမချက်ပါနဲ့၊ ငါ့ဘာသာပဲချက်မယ်"

"ဘာလဲ. . . ငါ့ကိုမချက်တတ်ဘူးထင်လို့လား"

"နင်ချက်တတ်မှန်း ငါသိပါတယ်"

"အဲဒါဆို လျှာမရှည်နဲ့"

မိုးတိမ် မီးဖိုချောင်ဘက်သို့လှည့်သွားတော့ ပုဆိုးကိုလည်း





တိုတိုပြင်ဝတ်သည်။ ခုလိုသိတတ်ပြန်တော့လည်း သူ့ကြောင့်ဆိုတာတွေ အဝေးသို့လွင့်ပြယ် ဖိတ်စင်ကုန်၏။

အင်း. . .

ညချမ်းရဲ့စက်ဘီးလေး ဘယ်လိုကျန်ခဲ့ရပါလိမ့်။ ခုလောက်ဆို တစ်ယောက်ယောက်လက်ထဲများ ရောက်နေပြီလား။ မိုးတိမ်ကတော့ စက်ဘီးက စုတ်နေပြီ၊ အရေးမကြီးဘူး။ ပိုက်ဆံစုပြီးပြန်ဝယ်လို့ရတယ်၊ ပြန်ဝယ်လို့မရတာက နင်၊ နင့်ထက်ပိုပြီး စက်ဘီးက တန်ဖိုးမရှိဘူးလို့တော့ ပြောသား။ တကယ်ရင်ထဲကပဲ လာလား၊ မှုသားပဲသုံးသုံး၊ ညချမ်းကတော့ ကျေနပ်သည်။ ဟိုလူနဲ့ကတော့ ဘာပြဿနာတွေ ဆက်တက်ဦးမည်မသိ။ သူ့ကားရဲ့ပျက်စီးမှုတွေအတွက် အလျော်တောင်းတာ ငွေညှာသောအားဖြင့်တောင် ငါးသိန်းတဲ့လေ။

ညချမ်း ခြစ်ခြစ်ကုပ်ကုပ်နဲ့ စုနေတာ အဲဒီလောက် ဘယ်ရှိမှာလဲ၊ ဘာပဲဖြစ်ဖြစ် မိုးတိမ်အတွက် စုထားပေးတဲ့ပိုက်ဆံကိုတော့ မပေးနိုင်ပါဘူး။ လာမယ့်ဘေး ပြေးတွေ့ရုံပဲရှိတော့တာပေါ့။ ရဲတိုင်မယ်ဆိုလည်း တိုင်ပါစေတော့၊ ညချမ်း ထောင်ကျခံလိုက်ရုံပဲ ရှိတော့သည်။

"ညချမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ညချမ်းရေ"

"လာပြီ. . . လာပြီ"

စာအုပ်ဆိုင်လေး ဖွင့်ထားသည်မို့ စာအုပ်ငှားသူလာ၊ အပ်သူလား ရောက်လာလေသဖြင့် ညချမ်းမှာ မိုးတိမ်ရှာပေးထားတဲ့ တောင်ဝှေးကလေးကိုအားပြုကာ ထရပ်ပြီး၊ စာအုပ်ဆိုင်လေးဆီသို့ ကျိုးနင့်ထောက်ပဲ့နှင့် လျှောက်လာခဲ့သည်။

"ဩော်. . . အေးမ၊ စာအုပ်အပ်မလို့လား"

"မဟုတ်ဘူး ညချမ်းရဲ့၊ မနေ့က ငါငှားသွားတဲ့စာအုပ်က ဘေးအိမ်က ကောင်မလေး ဖတ်ချင်တယ်ဆိုလို့ ငါဆက်ငှားလိုက်တယ်။ သူလာအပ်လိမ့်မယ်လေ။ အခု ငါဖတ်ဖို့လာငှားတာ"

"အဲဒါဆို ရွေးလေ"

ညချမ်း ခုံကိုဆွဲပြီးထိုင်လိုက်သည်။ ခြေထောက်က ကြာကြာမရပ်နိုင်သဖြင့် အေးမစာအုပ်ရွေးနေတာကို ထိုင်၍ပဲ စောင့်နေလိုက်၏။

□□□



## အခန်း ( ၅ )

ညချမ်း. . .

အသစ်ရောက်လာတဲ့စာအုပ်တွေကို အပေါ်တစ်ထပ်မှ စာအုပ်အပေါင်းတွေဖယ်ပြီး စီထည့်နေတုန်းမှာ စာအုပ်အငှားဝင်လာတဲ့နှစ်ယောက်ကို ရွေးပါစေဆိုပြီး လှည့်မကြည့်ဖြစ်သေးပေ။

"ဟော. . . ဒီမှာတွေ့ပြီ"

"ဘာလဲ"

"ငါ့ရင်ဘတ်နဲ့ ကွက်တိတော်တဲ့သူ"

ညချမ်း ချာခနဲလှည့်ကြည့်လိုက်ပြီး. . .

"ရှင် ဘာစကားပြောတာလဲ"

"ဒီမှာလေ၊ ညေးရဲ့ ငါ့ရင်ဘတ်နဲ့ကွက်တိတော်တဲ့သူ့ စာအုပ်။ ဖတ်ချင်လို့ရှာနေတာကြာပြီ။ ခုမှပဲတွေ့တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ညချမ်းမျက်လုံးလေး ဝိုင်းသွားရ၏။ တကယ်ပဲ သူကိုင်ပြီးမြှောက်ပြတဲ့စာအုပ်က ညေးရဲ့ငါ့ရင်ဘတ်နဲ့ကွက်တိတော်တဲ့သူ့စာအုပ်ပါ။ အဲဒါကြောင့် ညချမ်းလန့်သွားတာ မဟုတ်ပါဘူး။ ရှုတည်တည်မျက်နှာနဲ့ လှည့်လာတာက သူဖြစ်နေလို့ပေါ့။ ညချမ်း သူ့ကားကို စက်ဘီးနဲ့ဝင်တိုက်ခဲ့တာ၊ ပြီးတော့ ဆေးခန်းလည်းလိုက်ပြပေးပြီး အိမ်ရောက်အောင် ကားနဲ့လိုက်ပို့ပေးခဲ့တဲ့လူ။

သူ ဘာလာလုပ်တာလဲ. . .

ကားပြင်ဖို့ လျော်ကြေး၊ ဆေးခန်းပြလို့ စိုက်ရှင်းပေးထားရတဲ့ပိုက်ဆံ။ ဟူး. . . အကြွေးလာတောင်းတာများလား။

"ရှင်. . . ရှင်"

"ဘာလဲ၊ လန့်သွားလား။ ငါ ရုပ်မဆိုးပါဘူး"

"ရှင် မင်းသားလုပ်စားလို့ရမှန်းသိပါတယ်။ ဒီကိုဘာလာလုပ်တာလဲ"

မာဃ ပြုံးတော့မလိုမဲ့တော့မလိုဖြစ်သွား၏။ သူကပဲ မေးရတယ်ရှိသေး။ တွေးတတ်ရင် မေးစရာမလိုအောင် သိသင့်တာလေ။ ကိုယ်မှားရင် တာဝန်ယူရမှာ ဝန်မလေးသလို၊ သူမှားခဲ့တဲ့ဖြစ်ရပ်အတွက် ကိုယ်ကပြန်တောင်းပန်ရမလိုဖြစ်တာကို ကျေနပ်စရာလား။





"ဒီမှာ"

"ရှင်"

"ငါ့ကိုမေးစရာမလိုအောင် မင်းသိတတ်ဖို့ကောင်းတာ"

"ဆေးခန်းပြပေးလို့ စိုက်ပေးထားတဲ့ပိုက်ဆံအတွက်လား"

"အဲဒီပိုက်ဆံအတွက်လောက်နဲ့ ငါဒီကိုရောက်မလာဘူး"

"ဒါဆို"

"မင်းကိုပိုးဖို့ပမ်းဖို့လာတာ မဟုတ်ဘူးဆိုတာလည်း သေချာတယ်"

"ရှင်. . . ရှင်စကားပြောတာ ရင့်လှချည်လား"

"ငါက နုတာနွဲ့တာတွေ ဝါသနာမပါဘူး၊ မင်းအတွေးချော်မှာစိုးလို့ ကြိုပြောတာ။ ငါလာတဲ့ကိစ္စကို မင်းသိနေမှာပါ"

ညချမ်း သက်ပြင်းကျိတ်ချမိ၏။ သူလျော်နိုင်းတဲ့ ငါးသိန်းတောင် ညချမ်း ဘယ်လိုလျော်နိုင်မှာလဲ။

"ခုနကပြောတော့ ဖတ်ချင်တဲ့စာအုပ် လာရှာတာဆို"

ညချမ်း ဝေ့လည်ကြောင်ပတ်လုပ်တာကို မာဃကလည်း ကွက်လပ်တစ်ခုဖြည့်စွက်ဖို့ စိတ်ကူးမိသူပီပီ. . .

"ငါးသိန်းမလျော်နိုင်ဘူးဆိုရင် ဒီစာအုပ်ရဲ့ခေါင်းစဉ်အတိုင်း မင်းကို ငါ့ရင်ဘတ်နဲ့ ကွက်တိတော်နိုင်းရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ! "

ညချမ်းလက် ခါးပေါ်သို့ထောက်မလို့လုပ်ပြီးမှ ထိုအဖြစ်သို့မရောက်လိုက်ပေ။ ကိုယ်တင်းလို့ သူပိုတင်းရင် ဒုက္ခဆိုတဲ့အတွေးကြောင့် လက်က အလိုက်သိသွားရတာပါ။ သူကပခုံးကိုတွန့်လိုက်စဉ်၊ သူ့နောက်ကလူက. . .

"မနာတတ်တဲ့အသည်းပါလား"

"လာပြန်ပြီတစ်ယောက်၊ ရှင် ဘာစကားပြောတာလဲ"

မနိုင်နိုင်ရာကို လှည့်မဲလိုက်ခြင်းပါပဲ။ ပေဒါက စပ်ဖြဲဖြဲမျက်နှာပေးနှင့်. . .

"မောင်လှမျိုး(ချင်းချောင်းခြံ)ရဲ့ မနာတတ်တဲ့အသည်းစာအုပ်ရှိလားလို့ မေးတာ"

ညချမ်း ပက်ပက်စက်စက်မျက်စောင်းထိုးပစ်လိုက်သည်။ မြွေပူရာ ကင်းလိုက်နှောက်နေတာ ထုရိုက်ပစ်ဖို့ကောင်းလိုက်တာ။ မဟုတ်မှလွဲရော ဒီလူ သူများကားကို ဟန်ကြီးပန်ကြီးလုပ်ပြီး ငှားစီးလာတာပဲဖြစ်ရမယ်။ ကားပြင်ဖို့ သူကိုယ်တိုင် ပိုက်ဆံမရှိလို့ ဒီအထိရောက်လာတာပဲဖြစ်မှာပေါ့။ ဖမ်းထားတဲ့ပုံစံကတော့ ဒိတ်ဒိတ်ကျဲသူဌေးသားရုပ်။ တကယ့်သူဌေးသားဆိုရင် ဒီပိုက်ဆံလောက်နဲ့ မှုစရာမှမဟုတ်တာ။





ဟူး. . . ညချမ်းအဖြစ်ကလည်း စားစရာမရှိလို့ ဆိုင်းထဲလိုက်ပါတယ်၊ နဲ့ခွက်ကြီးတက်နင်းမိလို့ လျော်စရာမရှိတဲ့အဖြစ်ပါလား။

"ဒီမှာ"

"ဘာလဲ"

"မင်းနာမည် ဆောင်းညချမ်းနော်"

ညချမ်းက မဖြေ။ ဒီနာမည်ကို ဆေးခန်းပြတုန်းက လူနာနာမည်မေးလို့ ဖြေသံကြားလိုက်ရတာပါ။

"မေးနေတယ်လေ၊ နားမကြားဘူးလား"

"ကြားသားပဲ"

"ကြားရင်ဖြေလေ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ သိရဲ့နဲ့ ဘာလို့မေးနေသေးသလဲ"

"ဟ! သေချာအောင်မေးတာပေါ့ကွ၊ အခု မင်းပိုက်ဆံငါးသိန်းလျော်မှာလား၊ မလျော်ဘူးလား. . . ဒါပဲပြော"

"ကျွန်မပြောပြီးပြီလေ"

"ဘာလဲ"

'လျော်စရာမရှိဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မလျှော့လို့ရမလား။ မင်းကြောင့်ပျက်စီးခဲ့တာက သောင်းဂဏန်းမဟုတ်ဘူးကွ. . . သိန်းဂဏန်း။ နားလည်လား"

"နေ. . . နေကြပါဦးကွာ၊ ငါပြောပါရစေဦး"

ကတောက်ကဆဖြစ်နေကြတဲ့ သူတို့နှစ်ယောက်ကြားမှာ ဗေဒါက လက်ကားယားခြေကားယားနှင့်ဝင်ပြောသည်။ နှစ်ယောက်စလုံး၏မကြည်ကြည်က ဗေဒါ့မျက်နှာပေါ်မှာ ဆုံမှတ်ဖြစ်လျက်။

"မင်းက ဘာပြောမှာလဲ"

"ဒီလိုလေ၊ သူက လျှော်စရာမရှိဘူးတဲ့၊ မင်းက ရမှဖြစ်မယ်ဆိုတော့ အပေးအယူတစ်ခုခုနဲ့ ညှိကြည့်ပါလား"

မာဃ လွန့်ခနဲပြုံးလိုက်၏။ ဒီစကားကို ဗေဒါဝင်ပြောမှပြောပါ့မလားလို့။ ပြောလာပြီဆိုတော့ ကိုယ်လိုနေတဲ့ကွက်လပ်ကို ဖြည့်ကြည့်ရုံပဲပေါ့။ သူ့အဖြစ်ကလည်း ဖနီးတစ်ယောက်အလိုရှိသည်လို့ သတင်းစာထဲထည့်ကြော်ငြာရမလို ဖြစ်နေတာလေ။ လိုချင်လွန်းလို့မဟုတ်ဘဲ မလိုချင်လို့ ဒုက္ခများနေရတာ သူ။ အချိန်အတိုင်းအတာတစ်ခုအတွက် မဖြစ်မနေအလိုရှိပြီး ကိစ္စတွေရှင်းသွားတာနှင့် ကွာရှင်းလိုက်ရမယ့် လင်အငှား မယားအတုဆိုတာမျိုးလေ။

ဟန်ဆောင်လက်ထပ်ဖို့အတွက် ကိုယ်ရွေးချယ်တဲ့သူက မိန်းမလည်ဖြစ်နေရင် ကိုယ် ဝွမ်းပြီပေါ့။ ကိုယ်က မလည်လို့မဟုတ်





ဘဲ ကိုယ့်ထက်လည်တဲ့သူနဲ့တွေ့မှာစိုးတာလေ။ မာဃလိုချင်တာက ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုလို ခေါင်းညိတ်တတ်တဲ့မိန်းမ။ ဆောင်းညချမ်းက ထုံတာအတာမဟုတ်ဘဲ ရိုးသားပုံပေါက်နေတော့

"ကောင်းပြီလေ၊ သူပြောသလိုပဲ မင်းနဲ့ငါညှိကြည့်မလား"

ညချမ်း သူ့မျက်နှာကို ခပ်စူးစူးကြည့်လိုက်ပြီး. . .

"ရှင်ပြောကြည့်ပေါ့၊ ကျွန်မပေးနိုင်တာဆိုရင် ပေးမယ်။ ရှင်ဘာယူချင်တာလဲ"

"မင်းပေးနိုင်ပါတယ်"

"ဘာလဲ. . . ပြော"

"မင်း"

"ဘာ! "

ညချမ်းကိုယ်လေး တောင့်မတ်သွားလေလျှင်. . .

"ဒေါသ အလျင်မလိုပါနဲ့၊ ပြောတာကိုဆုံးအောင် နားထောင်။ ဒေါသနောက်ကို အသက်ပါသွားဦးမယ်"

"ပါပစေ၊ အဲဒါ ကျွန်မကိစ္စပါ"

"အေးအေးဆေးဆေး ဆွေးနွေးကြစမ်းပါ. . . မင်းတို့နှစ်ယောက်ပုံစံက ခွေးနဲ့မျောက်ကျနေတာပဲ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ဘာသံက ဖြိုင်တူထွက်သွားလေ့သော ပေဒါ ဖက်ပုသွားသည်။ မာဃက ဂျစ်ကန်ကန်၊ ကောင်မလေးက ခပ်စွာစွာ တွေ့ကြပြီပေါ့။ မာဃက မင်းဝင်မပါနဲ့ဆိုသောသဘောဆောင်ကာ ပေဒါကို နောက်သို့တွန်းလိုက်၏။ ပြီးမှ စာအုပ်ကိုထောင်ပြလျက် ညချမ်းနှင့်နီးအောင် ရှေ့သို့တစ်လှမ်းတိုးရပ်ပြီး. . .

"ဒီမှာ"

ညချမ်း ဆတ်ခနဲ မျက်နှာလွှဲလိုက်သည်။ မာဃက ပြောစရာရှိတာကိုသာ ဆက်ပြောသည်။

"အခုအချိန်မှာ မင်းမလျော်လို့ ငါ့ကားပြင်မပြီးရင် ငါလည်းအိမ်မပြန်ရဲဘူး။ ငါ့ဘက်က အပြစ်တစ်ခုလုပ်မိတာနဲ့ အိမ်ပြန်ရင် သူတို့ပေးစားတဲ့မိန်းမကို ယူရမှာ"

"အဲဒါ ကျွန်မနဲ့ဘာဆိုင်လဲ"

"ကားက မင်းကြောင့်ပျက်စီးသွားတာလေ"

"အဲဒါနဲ့ပဲ ရှင်မိန်းမယူရမှာတဲ့လား"

"သေချာတယ်၊ အဲဒါကြောင့် ငှားတယ်လို့ပဲ ယူဆယူဆ၊ ကူညီတယ်လို့ပဲ သဘောထားထား။ မင်းမလျော်နိုင်ရင် ငါ့ကိုလက်ထပ်ရမယ်"

"ဒီမှာ"





"ပြော"

' လက်ထပ်ခြင်းဆိုတာကို ရှင်ဘယ်လိုနားလည်ထားလို့ လွယ်လွယ်ပြောရတာလဲ။ ဇာတ်ဝင်ခန်းတစ်ခုလို ကတ်ဆိုတာနဲ့ ပြီးသွားမှာမဟုတ်ဘူးဆိုတာ ရှင်နားလည်ရမှာ။ ရှင်နဲ့ကျွန်မ အဲဒီလောက် မရင်းနှီးသေးဘူး။ တွေ့ကြတာမှ ဒါနဲ့နှစ်ခါ"

"ဘယ်နှခါဖြစ်ဖြစ် အဲဒီလောက်ထိ မလိုဘူး"

"ဘာရှင့်"

ညချမ်း ဒေါသလေး အမောက်ထောင်လာတိုင်း ငါးသိန်းဆိုတာကိုတွေးပြီး ပြန်မျိုချရတာ ခဏခဏ။ ချစ်တီးလို ကြွေးမရလို့ လူသိမ်းချင်တဲ့သဘောလား။

"မင်းသိထားဖို့က တကယ်လက်ထပ်ရလောက်အောင် မင်းရုပ်ရည်က စိတ်ဝင်စားဖို့မကောင်းဘူးဆိုတာပဲ"

"ဟင်! "

"ငါပြောတာက အချိန်အတိုင်းအတာတစ်ခုအတွက် ဟန်ဆောင်လက်ထပ်ပေးဖို့ပြောတာ။ ဒီလိုတာကြောင့်လုပ်ရသလဲဆိုရင် ဘယ်မိန်းမကိုမှ ငါလက်မထပ်ချင်လို့ပဲ။ မင်းကူညီမယ်ဆိုရင် မင်းကို ငါက လစာသဘောမျိုးနဲ့ ငွေထပ်ပေးမယ်။ ဘယ်လိုလဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ညချမ်း တွေခနဲဖြစ်သွားသည်။ တော်တော်နားလည်ရခက်တဲ့လူပဲ။ ငွေငါးသိန်းနဲ့ဘဝတစ်ခု၊ ညချမ်းဘယ်လိုလုပ်ရမလဲ။ သူပြောတာကို လက်မခံရင် ဒီလူ လျော်ကြေးငါးသိန်းကို မရမက တောင်းမှာက အသေအချာပါ။ လက်ခံရင် သူက လစာသဘောမျိုးနဲ့ ထပ်ပေးမယ်တဲ့။ မိုးတိမ်အတွက်ကလည်း ငွေလိုနေတာ အမှန်။

"စဉ်းစားလှချည်လား၊ မင်းသဘောတူလိုက်လို့ မင်းနဲ့ငါ လက်ထပ်တယ်ဆိုတာကို ဘယ်သူမှမသိစေရဘူး။ ငါ့မိသားစုနဲ့ငါ့သူငယ်ချင်းတွေက လွဲရင်ပေါ့"

"တစ်နေ့ ကွာရှင်းတာနဲ့ တစ်ခုလပ်ဆိုတာ ဖြစ်မှာပဲလေ"

"လူသုံးလေးယောက်သိတာနဲ့ မင်းရမှာက ဘယ်ကမှဘယ်ကမှ မပေးတဲ့လစာ"

"ရှင်က ဘယ်လောက်ပေးမှာလဲ"

"အဲဒါ မင်းရဲ့ကောင်းခြင်းဆိုးခြင်းပေါ်မှာ မူတည်တယ်"

"ဘယ်လို"

ညချမ်း နားမလည်နိုင်ဖြစ်သွား၏။ တကယ်မဟုတ်ကြပါဘဲ ညချမ်းက ဘာတွေကောင်းခြင်းဆိုးခြင်းတွေ လုပ်ပြရမှာလဲ။

"မင်းရဲ့သရုပ်ဆောင်ကောင်းခြင်းမကောင်းခြင်းကို ပြောတာပါ"





အလုပ်သမားက သူဌေးရဲ့အလိုကျပဲဖြစ်ရမှာပေါ့။ မိုးတိမ်ခွဲကြမ်းမလေးလုပ်ဖို့ကို ကူညီမယ့်သူရှိပြီး ပိုက်ဆံမရှိလို့ညည်းတဲ့မျက်နှာကို ကွက်ခနဲမြင်ယောင်မိတော့ ဆုံးဖြတ်ချက်က ခိုင်မာသွားသည်။

"ဒီကိစ္စက သိပ်တော့မလွယ်ဘူးရှင့်၊ ကျွန်မငွေလိုနေတာကလည်း အမှန်ပဲလေ"

"သိတယ်လေ"

စကားစကား ပြောဖန်များက စကားထဲက ဇာတိပြဆိုသလို စိုယ့်အခက်အခဲကို လွှတ်ခနဲပြောလိုက်ပြီးမှ ပါးစပ်ကိုပြန်ပိတ်လိုက်မိ၏။ မာဃ လွှတ်ခနဲပြောတဲ့စကားကိုပဲ အမိအရဆုပ်ဖမ်းကာ. . .

"မင်း ဘယ်လောက်လိုသလဲ၊ လိုအပ်မှုအပေါ် မူတည်ပြီး အချိန်ကိုသတ်မှတ်မယ်။ မင်းသဘောတူရင် ပြောတာပါ"

"ကျွန်မအစ်ကိုအတွက် စီးရီးတစ်ခွေထုတ်နိုင်အောင် ရှင်ကူညီပေးနိုင်မလား။ ကျွန်မကို ငွေတစ်ပြားတစ်ချပ်မှ လက်ထဲထည့်ပေးစရာမလိုဘူး။ ရှင့်မှာအစွမ်းအစရှိရင် ဘယ်လိုနည်းနဲ့ပဲဖြစ်သွားဖြစ်သွားပေါ့"

"မင်းအစ်ကို အဆိုတော်ဖြစ်ဖို့အတွက်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

မာယာ မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။ စီးရီးတစ်ခွေ ထုတ်ဖို့အတွက်က တိုက်ခန်းတစ်ခန်းဖိုးလောက်ကုန်မယ်ဆိုတာကို ဆောင်းညချမ်း သိမှသိပါလေစ။ ဘာပဲဖြစ်ဖြစ် သူ့အတွက်က ငွေရေးကြေးရေးအတွက် ပြဿနာမဟုတ်ဘဲ ကိုယ်လုပ်ချင်တာကို ဖွတ်လုပ်တတ်တဲ့ဉာဉ်က ဖျောက်မရလေတော့၊ မြွေမသေ တုတ် မကျိုးပဲ လုပ်ရတော့မှာပေါ့။

"ကောင်းပြီလေ၊ အဲဒီအတွက် အချိန်တစ်နှစ်သတ်မှတ်မယ်။ ဘယ်လိုလဲ"

"များလှချည်လား"

"အံမယ်! ငါအကုန်ခံရမှာရော နည်းသလား။ မင်း တစ်နှစ်မဟုတ်ဘူး။ သုံးလေးနှစ်မရနိုင်တဲ့ငွေပမာဏကို ငါရင်းရမှာ"

နောက်ဆုံး ကားကိစ္စအတွက် ငွေငါးသိန်းပျောက်သွားပြီး ဆွေးနွေးဖြစ်ကြတာ၊ မိုးတိမ် အဆိုတော်ဖြစ်ပြီး စီးရီးထုတ်ဖို့ကိစ္စ။

"ဟုတ်ပြီ၊ ကျွန်မ ဒီအလုပ်ကိုလက်ခံတယ်"

မာယာ ပြုံးလိုက်တာ၊ ကြည်လင်သောအပြုံးမဟုတ်ပေ။ ကျေနပ်ခြင်းနှင့်အမည်မသိခံစားမှု ရောထွေးကာ ပြုံးလိုက်တဲ့ မဲ့ပြုံးဆိုတာ. . .

◻◻◻



## အခန်း ( ၆ )

"မိုးတိမ်"

"ဟာ. . . ကိုထွေးမောင်၊ လာဗျာ"

ခပ်သုတ်သုတ်ဝင်လာတဲ့ ကိုထွေးမောင်ကိုမြင်တော့၊ မိုးတိမ် နောက်လှည့်ပြီး ကော်ဖီတစ်ခွက်မှာပြီးသားဖြစ်သွား၏။ ကိုထွေးမောင်က တက်သစ်စတေးရေးဆရာတစ်ယောက်မို့ မိုးတိမ်လို အဆိုတော်ရှူးနှင့် ခင်မင်မိကြတာ အဆန်းတော့မဟုတ်ပေ။ မိုးတိမ်ကို ဖွဲ့မလျှော့ဖို့ အားပေးနေသူ။ တတ်နိုင်သလောက် ကူညီမည်ဟုလည်း ပြောထား၏။

"ဘယ်ကလှည့်လာတာလဲဗျ"

"မင်းဆီကိုပဲ တမင်လာခဲ့တာကွ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကံဇာတာတက်လာပြီထင်တယ် မိုးတိမ်ရေ၊ မျှော်လင့်ချက်ရောင်ခြည်တွေ သန်းလာပြီကွ. . . သိရဲ့လား"

"ဘယ်လို. . . ဘယ်လို"

မိုးတိမ် ကုန်းကုန်းကွကွဖြစ်သွားပြီး အလောတကြီးမေးလိုက်မိစဉ်မှာ၊ ကိုထွေးမောင်က လွယ်အိတ်ကိုချွတ်ပြီး စားပွဲပေါ်တင်၊ နဖူးကချွေးကိုသုတ်၊ စားပွဲနှင့်အလှမ်းကွာနေတဲ့ထိုင်ခုံကို ရှေ့တိုးနှင့် အလုပ်ရှုပ်သွားသည်။ သိချင်ဇောကြီးနေတဲ့မိုးတိမ်ကတော့ ထိုင်လို့မကျဘဲ စားပွဲပေါ်လက်ထောက်ပြီး ကိုထွေးမောင်ရဲ့မျက်နှာကိုပဲ လိုက်ကြည့်နေတာ မျက်စိရှေ့က ပျောက်ကွယ်သွားမှာစိုးသည့်အတိုင်းပါပဲ။

ဒါကို ကိုထွေးမောင်က မော့ကြည့်ပြီး. . .

"ဟေ့ကောင်! မင်းဘာလုပ်နေတာလဲ၊ ထိုင်လေကွာ"

"ဩော်. . . အင်း. . . ဟုတ်ကဲ့"

မိုးတိမ်ထိုင်ချလိုက်ပြီး ကိုထွေးမောင် ပြောလာမည့်စကားကိုပဲ မျှော်လင့်စောင့်စားနေမိ၏။

"တေးရေးတွေရော တေးဆိုတွေရော တေးထုတ်လုပ်ရေးပါမကျန် စပ်မိတိုင်း မင်းအကြောင်းကို ငါပြောပြပါတယ်ကွာ။ တစ်ယောက်ယောက်စိတ်ဝင်စားပြီး ကူညီလိုကူညီငြားပေါ့"





"ဟုတ်ကဲ့. . . ကျွန်တော်သိပါတယ်"

"အေး. . . မင်းက ငွေမရှိတော့ ဘယ်သူမှစိတ်မဝင်စားကြဘူးကွ။ အသစ်ဆိုရင် ငွေကိုပစ်ရတာ များတယ်လေ"

ဟုတ်မလိုလိုနှင့် ငွေမရှိတဲ့ဘူတာပဲ ဆိုက်တော့၊ မိုးတိမ်မျက်နှာညှိုးကာ သက်ပြင်းလေးချမိ၏။

"အခု 'မြင့်မြတ်ရတနာ'တေးထုတ်လုပ်ရေးက ဘာစိတ်ကူးပေါက်သွားတယ်မသိဘူးကွ။ မင်းနဲ့တွေ့ချင်တယ်တဲ့"

"ဗျာ! "

"မင်းရဲ့အသံကိုစစ်ဆေးပြီး၊ အခွေကြမ်း လုပ်ကြည့်ချင်တယ်ဆိုလို့ ငါ မင်းဆီကို ဝမ်းသာအားရပြေးလာခဲ့တာ မိုးတိမ်ရ"

"ဟာ! "

မိုးတိမ် ထခုန်လုမတတ် ဝမ်းသာသွားပြီး မျက်နှာလေးမှာဝင်းပ ထိန်လင်းသွားတော့၏။ နားကြားများ မှားလေရော့သလားဆိုတော့ ကိုထွေးမောင်ပြောတာက အတိအကျ အသေအချာပါ။ ကြိုးစားချင်သူတွေအတွက် ပန်းတိုင်ဆိုတာ အမြဲရှိနေတာပဲလေ။ လင်းမြွေလို အဖျားရှူးသွားတတ်တဲ့လူတွေအတွက်တော့ ချွင်းချက်ပေါ့။

တကယ် မဆုတ်မနစ် ကြိုးစားချင်သူတွေအတွက် ပန်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်ဆိုတာ ကိုယ်နဲ့လက်တစ်ကမ်းအကွာမှာ ရှိနေသည့်ဆိုတဲ့စကား ဟာ မှန်နေပြီလား။

"ကို. . . ကိုထွေးမောင် တကယ်ပြောတာနော်"

"တကယ်ပေါ့ မိုးတိမ်ရာ၊ မင်းအရည်အချင်းကို ငါယုံကြည်တယ်။ သူတို့ မင်းအသံကိုကြိုက်မှာပါ"

မိုးတိမ်ရင်ထဲမှာ လှိုက်လှဲမှုများနှင့် တဆတ်ဆတ်ခုန်နေပြီး လက်ကိုဆုပ်လိုက်ဖြန့်လိုက်နှင့် ပေါးခနဲအော်ပြီး စားပွဲကိုပဲ ထုချလိုက်ချင်သလိုလို။ တစ်ယောက်ယောက်ကိုပဲ ပြေးပြောချင်သလိုလိုနှင့် ပြောင်းဆန်ကုန်တာ ဘာတွေမှန်းမသိပေ။

"မိုးတိမ်"

"ဗျာ"

"မင်းနဲ့ငါ အလှမ်းဝေးနေတော့ ငါလည်း မင်းကိုလမ်းညွှန်လမ်းပြ သိပ်မလုပ်နိုင်ဘူးဖြစ်နေတယ်။ အဲဒီတော့ ဒီလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမှာလဲ"

"ငါလည်း တစ်ယောက်တည်းနေတာပဲကွာ၊ တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်အောင် မင်း ငါနဲ့လာနေပါလား"

မိုးတိမ် တွေခနဲဖြစ်သွား၏။ သူ ကိုထွေးမောင်နဲ့သွားနေလိုက်ရင် အိမ်မှာ ညချမ်းတစ်ယောက်တည်း ဖြစ်နေမှာပေါ့။ ဒါပေမဲ့





ထူးတော့ သိပ်မထူးပါဘူး။ သူများမသိပေမယ့် ညချမ်းနဲ့သူက မောင်နှမအရင်းမဟုတ်ကြဘူးဆိုတဲ့အချက်ကို သိနေကြတဲ့ သူတို့နှစ်ယောက်မှာတော့ မသင့်တော်ခြင်းအကြောင်းတရားတွေနဲ့မို့. . .

မိုးတိမ် အိမ်ကပ်သည့်အခါက နည်းသည်။ လူ့စိတ်ဟာ မျောက်စိတ်နဲ့အတူတူတဲ့။ ဒါကြောင့် ကိုယ့်လိပ်ပြာကိုယ်လုံချင်လို့ မိုးတိမ် အဖေဆုံးပြီးကတည်းက အိမ်သိပ်မကပ်ဖြစ်တာ၊ ပန်းတိုင်မရောက်ခင် ခလုတ်တိုက်လဲမှာစိုးလို့လေ။

"စဉ်းစားလှချည်လား မိုးတိမ်ရာ"

ညချမ်းလည်း သူ့ကိုယ်သူ ထိန်းနိုင်နေပြီဆိုတော့. . .

"ကျွန်တော် လာနေမယ်ဗျာ"

ဆုံးဖြတ်ချက်ကို မိုးတိမ် ပိုင်နိုင်စွာ ချပစ်လိုက်တော့၏။

၊

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဝမ်းသာခြင်းတစ်ဝက်၊ ဝမ်းနည်းခြင်းတစ်ဝက်နှင့် ညချမ်း ဘာစကားတစ်ခွန်းမှ အကြောင်းမပြန်ဘဲ၊ မိုးတိမ်ပြောသမျှကိုပဲ နား ထောင်နေမိတာ ပြောစရာစကားတွေ ပျောက်ဆုံးနေလို့ပါ။ မိုးတိမ် က ဒီအိမ်မှာ မနေတော့ဘူးဆိုတော့ ကိုယ်ပြောမယ့်စကား ဘယ်လို အစပျိုးရမလဲ။ ညချမ်းလည်း သူ့ကို ဒီအကြောင်းပြောမလို့လေ။ ဟိုလူနဲ့ အပေးအယူလုပ်ပြီး သူထားရာမှာ နေရတော့မည့်ကာလ က တစ်နှစ်။

"ညချမ်း"

"..."

"ညချမ်း"

"အင်...ဟင်"





မိုးတိမ် ပခုံးကိုကိုင်ပြီးလှုပ်လိုက်မှ ညချမ်း ကမန်းကတန်း ပြန်ထူးလိုက်ကာ...

"ဘာ...ဘာလဲ"

"ငါပြောတာတွေ နင်ကြားရဲ့လား"

"ကြားပါတယ် မိုးတိမ်ရယ်၊ ငါလည်း စဉ်းစားနေတာဟာ"

"နင်က ဘာကိုစဉ်းစားနေတာလဲ"

ညချမ်းလည်း မိုးတိမ်ကိုမပြောဘဲ ထွက်သွားရင် မိုးတိမ် ပြန်လာတဲ့အခါ စိတ်ပူနေမှာပေါ့။

"မိုးတိမ်"

"ဟင်"

"ငါလည်းလေ"

ဘယ်လိုညာရမယ်ဆိုတာကို ကြိုပြီးစဉ်းစားထားပေမယ့် တကယ်တမ်းကျတော့ ညချမ်း ညာရမှာကို စိတ်အပျက်ဆုံးပါပဲ။ မညာလို့ကလည်း မဖြစ်။

"ဆက်ပြောလေ"

"ငါလည်း ဒီအိမ်ကနေထွက်သွားတော့မှာ မိုးတိမ်ရဲ့"

"ဘာ...ဘယ်လို"

"ဟုတ်တယ်၊ ငါ ကလေးတစ်ယောက်ကို အနီးကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စာသင်ပေးရမှာ။ ကလေးက ဉာဏ်ထိုင်းလွန်းလို့ လစာပိုပေးပြီး အနီးကပ်နေပြီး သင်ခိုင်းတာ။ စားစရိတ်လည်း မပူရတော့၊ လစာအသားတင်ကျန်မယ်ဆိုပြီး ငါအဲဒီအလုပ်ကို လက်ခံခဲ့တာ"

"အဲဒါ ငါ့ကိုဘာလို့ကြိုမပြောတာလဲ၊ ငါ့ကိုမတိုင်ပင်ဘဲ နင်လုပ်ချင်တာ လုပ်တာလား ညချမ်း"

"မဟုတ်ဘူး မိုးတိမ်"

မိုးတိမ်က ခပ်စူးစူးကြည့်လေတော့ ညချမ်း ငိုချင်သွား၏။ မျက်နှာကို ဆတ်ခနဲလွှဲပြီးမှ တစ်ခုခုကိုသတိရပြီး သူမအခန်းထဲသို့ ထသွားလေသည်။ ညချမ်းစုထားတဲ့စုဘူးလေး။ စုဘူးလေးကိုယူပြီး ညချမ်း ပြန်ထွက်လာခဲ့၏။ ဒီစုဘူးလေးကို ညချမ်း အစကတည်းက မိုးတိမ်ရည်မှန်းချက်ကို အကောင်အထည်ဖော်ပေးဖို့ စုခဲ့တာလေ။ အခု မိုးတိမ်က သွားတော့မယ်ဆိုတော့ ပေးလိုက်ရမှာပေါ့။ ညချမ်းအတွက် မလိုအပ်ဘူးလေ။

မိုးတိမ်ရယ်၊ ငါလုပ်သမျှဟာ နင့်အတွက်ပါ။ ငါ့ကိုအပြစ်မတင်ပါနဲ့ မိုးတိမ်။ နင့်ဆန္ဒကိုဖြည့်ဆည်းပေးဖို့အတွက် ငါဘာပဲလုပ်ရလုပ်ရ ကျေနပ်ပါတယ်။ နင်ဖြစ်ချင်တဲ့အဆိုတော်ဖြစ်ရဖို့အတွက် ငါအခုလိုလုပ်ရမှာ စွန့်စားရမယ်မှန်း ငါသိပါတယ်။ ဒါပေမဲ့

"ညချမ်း"





"ငါ့ကိုခွင့်လွှတ်ပါ မိုးတိမ်၊ တို့က မောင်နှမအရင်းတွေမှ မဟုတ်ကြတာဘဲဟာ။ အရင်းတွေတောင် တစ်နေ့ခွဲခွာပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြသေးတာပဲ။ နင့်ကို ငါနားလည်သလို ငါ့ကိုလည်း နင်နားလည်ပေးပါ။ တို့တွေ ကိုယ့်လမ်းကိုယ်လျှောက်ကြပါစို့"

"မဟုတ်သေးဘူး ညချမ်း"

"ဘာကိုမဟုတ်တာလဲ မိုးတိမ်"

"ငါက ယောက်ျားလေးလေ၊ နင်က မိန်းကလေး။ နေရာတကာ သင့်တော်တာမသင့်တော်တာတွေက မတူဘူးလေ"

"ဘာမသင့်တော်စရာရှိလို့လဲ"

"အဲဒီအိမ်မှာ ယောက်ျားဘယ်နှယောက်ရှိသလဲ၊ ငါစိတ်မချတာ အဲဒီယောက်ျားဆိုတဲ့ပုရိသတွေကိုပဲ ညချမ်း"

"နင်ရော ယောက်ျားပဲလေ"

"ကျွတ်! "

မိုးတိမ် ခေါင်းကိုခါရမ်းလေသည်။ ယောက်ျားချင်း တူပေမယ့် မတူညီတဲ့အတွင်းစိတ်တွေအကြောင်းကို ညချမ်း မသိ[illegible]တဲ့လား။ ကလေးဆိုရင်လည်း နားမလည်တာကို ပြောပြရမှာ၊ အခုက ကိုယ့်ထက် သုံးလေပဲငယ်တဲ့ ဘွဲ့ရပြီးသားကြီးကို ဘယ်လိုနားရှက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲပြီး ပြောရမလဲ။ နှစ်ယောက်တည်းရှိနေချိန်မှာ ပြောလို့လည်း မသင့်တော်။ လူအများရှေ့မှာ ပြောလို့လည်းမဖြစ်။

"နင်ဘာကိုစိုးရိမ်နေတယ်ဆိုတာ ငါသိပါတယ်"

"သိရဲ့နဲ့ မတူတာတွေ ဘာလို့လိုက်တန်းညှိနေတာလဲ"

အမှန်တရားတွေကိုသာသိရင် မိုးတိမ် ဘာလုပ်နိုင်သလဲ။ ဖြစ်ချင်တာဖြစ်ဖို့အတွက် မဖြစ်သင့်တဲ့လမ်းကိုရွေးချယ်ခဲ့တာ သူ့အတွက်ဆိုရင် တစ်ခုလိုချင်ရင် တစ်ခုကိုစွန့်ရတဲ့သီအိုရီအရ နင့်ရဲ့ အောင်မြင်မှုအတွက် ငါစွန့်စားပေးတာပါ မိုးတိမ်။

"ဘာမှစိတ်မပူနဲ့ မိုးတိမ်၊ အဲဒီအိမ်မှာ ယောကျ်ားဆိုလို့ အသက်ရှစ်ဆယ်ကျော် အဘိုးကြီးရယ်၊ အခု ငါစာသင်ပေးရမယ့် ကောင်လေးရယ်ပဲ ရှိတာပါ"

"ကောင်လေးရဲ့အဖေကရော"

"ကောင်လေးငယ်ငယ်ကတည်းက မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့်ဆုံးသွားတာတဲ့"

"ကောင်လေးက ဘယ်အရွယ်လဲ"

"ဆယ်နှစ်ကျော်လောက် ရှိမယ်ထင်တယ်"

ဆယ်နှစ်လောက်လျှော့ချပစ်လိုက်ခြင်းအတွက် စိတ်ကတော့ သိပ်မလုံချင်။





"ဆယ်နှစ်ကို ဘယ်လောက်ကျော်သလဲ"

မေးတာတွေများလို့ စိတ်ရှုပ်သလို မျက်မှောင်ကြုတ်ကြည့်လိုက်တော့. . .

"၁၂ နဲ့ ၁၃ ကကျော်ရင် မရဲ့မောင်လေးဖာတ်လမ်းတွေ ဘာတွေဖြစ်မှာစိုးလို့မေးတာ"

"ဖြစ်တော့လည်း ကောင်းတာပေါ့"

"ဘာ! ညချမ်း"

ညချမ်းစိတ်ပေါက်ပေါက်နှင့်ပြောလိုက်တော့၊ သူ့ပဲ ဒေါသဖြစ်သလိုလို သဝန်တိုသလိုလိုနှင့် ပြီးရင် ရှုံးသွားမှာကို ညချမ်းသိနေသည်။ ခပ်ရိုင်းရိုင်းပြောရရင် မိုးတိမ်က ကောက်ရိုးပုံစောင့်တဲ့ ခွေးလို ဖြစ်နေပြီလားမသိ။

"နင်တစ်ခုခုဖြစ်ရင် ငါ့တာဝန်မကောင်းလို့ပြောတာကို စိတ်မရှည်လည်း နေပေါ့"

"တာဝန်. . . ဟုတ်လား"

"ဟုတ်တယ်"

ညချမ်း ခပ်မဲ့မဲ့လေးဖြစ်သွားပြီး. . .

"နင်က ငါနဲ့ပတ်သက်ပြီး တာဝန်ယူစရာတွေ ပိုလာမှာကြောက်နေတာကိုး။ စိတ်ချ မိုးတိမ်. . . ငါဖြစ်ငါခံပဲ၊ နင့်ကို ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



မပေးဘူး''

''ညချမ်း''

အကြည့်ချင်းဆုံလိုက်ကြသော်လည်း တစ်ယောက်မျက်ဝန်းကစကားကို တစ်ယောက် ဘာသာမပြန်နိုင်။ မပွင့်လင်းကြတဲ့ နှစ်ယောက်ကြားမှာ ဘယ်သူက မှားပြီး၊ ဘယ်သူက မှန်နေသလဲ။ ကတောက်ကဆဖြစ်လိုက် ပြန်တည့်လိုက်နှင့်ပဲ အတူတူနေလာကြတဲ့နှစ်ယောက်၊ အခုက နှစ်ယောက်စလုံး ဒီအိမ်လေးကို စွန့်ခွာသွားကြတော့မည့်သူချင်း ဘယ်သူက ဘယ်သူ့ကိုမှ နားမလည်နိုင်။

သံယောဇဉ်ကြိုးကို တိခနဲဖြတ်ကြတော့မှာလား။ ဆက်ရန်၊ ထုံးရန်တွေ ရှိသေးလားဆိုတာ သူတို့ကိုယ်သူတို့ပဲ သိကြလိမ့်မည်။ ညချမ်းရင်ခွင်ထဲမှာ ပိုက်ထားတဲ့စဘူးလေးကို. . .

''ရော့. . . မိုးတိမ်၊ ဒါ နင်အခွေကြမ်းလုပ်ချင်တယ်ဆိုလို့ ငါ့စုထားတဲ့ပိုက်ဆံတွေ။ နင့်အတွက်စုထားတာ နင်ပဲယူသွားပါ''

''ငါ''

''နင် ဘာမှမပြောနဲ့တော့''

ညချမ်း စုဘူးလေးကို ရင်ခွင့်ပြောင်းထည့်ပေးခဲ့ပြီး စာအုပ်ဆိုင်လေးထဲသို့ ဆင်းလာခဲ့သည်။ ငါမျက်ရည်ကျတာကို နင်မမြင်စေရဘူး မိုးတိမ်။

□□□



## အခန်း ( ၈ )

မာယကိုကြည့်ပြီး သူငယ်ချင်းတွေက ပြုံးစိစိ စပ်ဖြဲဖြဲတွေနှင့်ပါ။ မာယရဲ့လုပ်ရပ်ကို နားလည်သလိုလို မလည်သလိုလိုနှင့် ရှေ့မှာအထပ်လိုက်ချထားတဲ့ပိုက်ဆံတွေကိုကြည့်လိုက်၊ မာယမျက်နှာကိုကြည့်လိုက်ဖြစ်နေကြသည်။ ဘဏ်မှာငွေသွားထုတ်မယ်ဆိုလို့ သုံးဖို့စွဲဖို့ နည်းနည်းပါးပါးလားမှတ်ပါတယ်၊ ထုတ်ချလာတာ သိန်း ဆယ်ဂဏန်းနှင့်ပါ။

''မာယ''

''ဆို''

''ဘာဆိုရမှာလဲ''

''ဆိုချင်တာသာ ဆို''



www.burmeseclassic.com

www.burmeseclassic.com



**"နင်နောက်ကျရင် နင့်ကိုနမ်းမယ် × × × ငါနောက်ကျရင် ငါ့ကိုနမ်းပါ"**

"ဟာ"

"ဟော့ကောင်"

သီချင်းထဆိုပြီး တင်ပါးနဲ့လက်တွေ မြှောက်ကနေသော ပေဒါ့ကို မင်းဦးက ခြေသလုံးကို ခြေဖျားနှင့်လှမ်းကန်လိုက်ပြီး. . .

"အဲဒါ ဘာအရူးထတာလဲ"

"မာဃက ဆိုဆိုလို့ သီချင်းဆိုတာလေ"

မျက်စောင်းတွေ စုပြုံရောက်လာမှပဲ ပေဒါပြန်ထိုင်ချပြီး ရယ်နေသည်။ မာဃက မျက်နှာထားတည်တည်နှင့်ပဲ စီးကရက် တစ်လိပ်ကိုထုတ်ပြီး မီးညှိ၏။ စီးကရက်ကိုဖွာပြီး မီးခိုးတွေကိုလိုက် ကြည့်နေပုံက ရောက်နေတဲ့တိုက်ခန်း ဗုန်းခနဲပြိုကျမယ်ဆိုရင်တောင် ထပြေးမည့်ပုံမပေါ်။ အရာရာပြည့်စုံနေသူဆိုတော့ အေးအေးဆေး ဆေးနေနိုင်ရှာမှာပေါ့။

ကျော်ထွန်းက သိချင်စိတ်ကိုမျိုသိပ်နိုင်တော့တာမို့. . .

"မင်းလုပ်ရပ်ကို ငါတော့နားမလည်တော့ဘူး မာဃရာ"

"မင်းတို့နားလည်ဖို့မလိုဘူး၊ ငါနားလည်ဖို့ပဲလိုတာ"

"ဪ. . . ဪ"





"မင်းနားလည်ဖို့လိုတာက မင်းပြောမှလားကွ၊ ငါတို့က မင်းရဲ့သူငယ်ချင်းတွေလေ။ မင်းရဲ့အကြောင်းတစ်စွန်းတစ်စဖြစ်ဖြစ် သိထားသင့်တာ"

"ဘာသိစရာရှိလို့လဲ၊ ငါ့အိမ်ကအရှုပ်အရှင်းတွေကို မင်း တို့သိပြီးသားပဲဥစ္စာ။ အဲဒီအရှုပ်တွေကို မရှင်းချင်တော့လို့ ဒီမှာလာ ခိုတယ်. . . ဒါပဲ"

"မဟုတ်သေးဘူး"

မင်းဦး ခေါင်းခါသည်။ အကြောင်းပြချက်က ဒီလောက်နဲ့ ခိုင်မှမခိုင်လုံတာ။ ရှုပ်နေတာတွေ မရှင်းချင်လို့ ကိုယ်ယောင်ဖျောက် ချင်တယ်ဆိုလည်း တစ်ယောက်တည်းပဲဖြစ်ရမှာပေါ့။ အခုက နှစ် ယောက်။ နှစ်ယောက်မှ ရိုးရိုးသားသားနှစ်ယောက်မှမဟုတ်တာ။

"မင်း ဝေ့မနေနဲ့ မာဃ၊ တို့သိချင်တာက ကောင်မလေး နဲ့ကိစ္စ"

"အဲဒါပြောပြီးပြီလေ၊ တကယ်လက်ထပ်ရရင် တစ်သက် လုံးအကျဉ်းချခံရမှာစိုးလို့ အငှားလက်ထပ်ထားပါတယ်ဆိုမှ"

"မင်းစိတ်ကို တို့နားလည်ရတာ အခက်ဆုံးပဲ"

"အဲဒီတော့ ကူညီစရာရှိတာကိုပဲ ကူညီ။ အပိုမမေးနဲ့"

"ငါကတော့ သိနေသလိုပဲဟ"



www.burmeseclassic.com

www.burmeseclassic.com



ပေဒါစကားကြောင့် မင်းဦးနဲ့ကျော်ထွန်း မျက်မှောင်ကြုတ်ကာ. . .

"မင်းက ဘာသိတာလဲ"

"ဒီကောင့်ရင်ထဲက ဗိုင်းရပ်စ်ပိုးလောက်လန်းကောင်လေးတွေလေ။ လုပ်လုပ် လုပ်လုပ်နဲ့ ဘယ်ထောင့်ကနေ ညာတောင်ပံကိုပြေးလိုက်၊ ညာထောင့်ကနေ ဘယ်ဘက်ကို ကန်ထုတ်လိုက်နဲ့ နှလုံးသားဗဟိုတည့်တည့်ကို ဂိုးက ဝင်လုဝင်လု. . . ဟီး"

"ဟေ့ကောင်"

မာဃလှည့်ကြည့်လို့ ပေဒါဇက်ပုသွားပေမယ့် ရုပ်ကတော့ ကျောက်ကျောရေပက်ထားတဲ့အတိုင်း တစ်စက်မှမလျော့ပေ။ ကျော်ထွန်းနဲ့မင်းဦးလည်း မေးဆတ်သူကဆတ်၊ မျက်စပစ်သူက ပစ်နှင့်ပြုံးစိစိတွေဖြစ်ကုန်သည်။ ခန့်မှန်းရခက်တဲ့မာဃရင်ဘတ်က ပေဒါပြောသလို ဂိုးသွင်းခံရတော့မှာလား။ ဒါလည်းမသေချာ။ ချောပါတယ်လှပါတယ်၊ ထက်မြက်ပါတယ်၊ ပညာတတ်ပါတယ်ဆိုတဲ့မိန်းမတွေကိုတောင် လက်ထပ်ရမှာစိုးလို့ဆိုပြီး ရှောင်ပြေးနေတဲ့မာဃ။

ဘာမဟုတ်တဲ့စာအုပ်ဆိုင်ဖွင့်ထားပြီး မှန်ညက်နေအောင် ချောတာလည်းမဟုတ်တဲ့ မိန်းကလေးကိုမှ ဟန်ဆောင်လက်ထပ်မယ်ဆိုတော့ ရူးနေပြီလားလို့ပဲ မေးလိုက်ချင်တော့သည်။ ဘယ်





မကျေနပ်တဲ့ပုဒ်မနဲ့ ရှုပ်ပြန်ပြီလဲမှမသိတာ။ ဟန်ဆောင်တယ်ဆိုတာ အခန့်မသင့်ရင် ရှင်းမရအောင် ရှုပ်ကုန်မှာကိုလည်း မာဃဆိုတဲ့ကောင် မသိဘဲနေမှာမှမဟုတ်တာ။

"ပေဒါပြောတာ ဟုတ်လား မာဃ"

"ဟာ! ဘာကိုလဲ"

"ဂိုးသွင်းခံရတော့မယ်ဆိုတာ"

"သွင်းစရာလားကွာ၊ ခြေစမ်းပွဲမှာကတည်းက ငါရှုံးရင် ငါ့ကိုယ်ငါ ဖြုတ်ပစ်မယ်"

"ဘာ. . . ဘာကိုဖြုတ်မှာလဲ"

"ခြေထောက်. . . ခြေထောက်"

ယုံပါတယ်ဆိုပြီး နားရွက်ကလေး ထောင်ပြရမလိုပါလား။ ဇာတ်လမ်းတွေထဲမှာတော့ ဒါမျိုးပဲ ညာားကြလေသတည်းဖြစ်ကြတာပါပဲ။ အနေနီးလို့ တွယ်ငင်တတ်တဲ့သံယောဇဉ်ဆိုတာကို မာဃကိုပြောကြည့်၊ မယုံဘူးလို့ပြောဦးမှာ အသေအချာ။ သေချာဆို မာဃက မိန်းမလှလေးတွေ ပိုင်းပိုင်းလည်နေတဲ့ကောင်ကိုး။ မယ်ပပလို မာဃကိုလည်း မောင်ပပအမည်တပ်ပြီး ခုနစ်ပိုင်းပိုင်းကာ ခုနစ်တိုင်း မဝေရတာဘဲ ကံကောင်းလှပေါ့။

"ကောင်မလေး သနားပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထွန်းက ညည်းညည်းညူညူလေး ဆို၏။

"မင်းက ဘာကိုသနားတာလဲ၊ သူတောင်းဆိုတာကို ငါ့ဘက်က လိုက်လျောရတာ ထည့်ပြောဦးလေ"

"မစားရသော်ခံကိစ္စကြီးကို ငါဆို လက်မခံဘူး"

"ကျော်ထွန်း"

"ဘာလဲ"

"မင်းက မာယကျော်တာလျော်တာတွေ စားချင်လို့လား"

"ဟော့ကောင်"

ကျော်ထွန်းလက်သီးကို မင်းဦးက ရှောင်လိုက်တော့ ကျော်ထွန်းရှေ့စိုက်ကျလေလျှင် မာယက ခြေထောက်လှမ်းခံပြီး ထိန်းလိုက်၏။

"ကောင်းကောင်းပြောကြစမ်းပါကွာ၊ လက်မပါနဲ့"

"ငါက ကောင်းကောင်းပဲပြောတာပါ၊ ဒီကောင်က မှိုမှိုလွင်ပါခွဲထည့်ပြီး အချစ်စစ်ဟာ ကြိုးခင်းထားတဲ့ပန်းခင်းလမ်းမဟုတ်ဘူး ထလုပ်တာ"

"ပြောရင်းက မင်းပဲ ဖောက်နေတာ"

မာယနှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားသည်။ အချစ်စစ်ဟာ ကြိုးခင်းထားတဲ့ ပန်းခင်းလမ်းမဟုတ်ဘူးတဲ့။ ချစ်ခြင်းမချစ်ခြင်း





တွေ မာယရင်မှာမရှိဘဲ ကြိုခင်းတော့ ထားခဲ့ပြီ။ ဟန်ဆောင်ခြင်း အချစ်လမ်းသွယ်လေးပေါ့။ ဘယ်သူကလာပြီး ဆူးတွေ ပစ်ချမလဲ။ မာယဆိုတဲ့ကောင်က ကံကိုယုံပြီး ဆူးပုံနင်းမယ့်ကောင်မဟုတ်ဘဲ ပစ်ချတဲ့ဆူးကိုနင်းပြီး လွတ်လပ်စွာ ပျံသန်းခွင့်ကို အရယူမည့်ကောင်။

"မာယ"

မာယက မျက်လုံးနှင့်သာ ထူးသည်။

"မင်းက ဘာပြုံးတာလဲ"

"ပြုံးစရာရှိလို့ ပြုံးတာလေ"

"ဘာလဲ၊ ဆောင်းညချမ်းဆိုတဲ့ကောင်မလေးအကြောင်း တွေးပြီး ပြုံးတာလား"

"ဟုတ်ခြင်းမဟုတ်ခြင်းကို မင်းတော်တော်စိတ်ဝင်စားနေသလား"

"ဝင်စားတာပေါ့၊ မင်းစိတ်က မိုးလေဝသခန့်မှန်းရတာထက် ခက်တယ်"

မင်းဦးက အမှန်ကိုအမှန်အတိုင်း ဝန်ခံတတ်သူ။

"မနက်ဖြန်ကျ လာကြည့်၊ ဆောင်းညချမ်းဆိုတာ ဘယ်လိုစွာတတ်ကြောင်းလေ"

"စွာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ရွာတာက သပ်သပ်။ မအုံ့မလည်ပုံက တခြား။ သူနဲ့တွေ့မှ ဟိုမြတ်ဘုန်းမျိုးနွယ်တွေ ဘယ်လိုလက်လန်မလဲ၊ ဆောင်းညချမ်းကပဲ လက်မြှောက်မလား။ ပွဲကတော့ ကြည့်ကောင်းမှာကွ"

ပြောရင်းက မာဃ ရယ်သည်။

"မင်းက တွေ့ပေးမှာလား"

"တစ်သက်လုံးပုန်းနေလို့ မလွတ်တဲ့ကာလကိုပြောတာ"

"ဩော်"

◻◻◻



## အခန်း (၉)

ညချမ်း. . .

ကိုယ့်အဝတ်အိတ်တွေကို ချပြီးထိုင်နေပေမယ့် မျက်လုံးက ဟိုဟိုဒီဒီလိုက်ကြည့်နေသည်။ သူမ ဒီလိုတိုက်ခန်းမျိုးမှာ နေရဖို့မပြောနှင့်၊ တော်ရုံတန်ရုံအိမ် သပ်သပ်ရပ်ရပ် ကောင်းကောင်းမွန်မွန်လေးမှာ နေရဖို့ပင် စိတ်ကူးမယဉ်ရဲပေ။ အဲလေ. . . စိတ်ကူးတော့ ယဉ်ကြည့်ဖူးပါတယ်၊ မိုးတိမ် နာမည်ကျော်အဆိုတော်ဖြစ်ရင် ဆိုပြီးတော့လေ။

"ဟိတ်! "

"ဟင်"

"မင်း အဲဒီမှာပဲ ငုတ်တုပ်ထိုင်နေတော့မှာလား"

"ငုတ်တုပ်မထိုင်လို့ ကျွန်မက ထခုန်နေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အဝတ်တွေ ဗီရိုထဲသွားထည့်ဖို့ပြောနေတာ။ ပြီးတော့ ဒီမှာ ငါက အိမ်ဦးနတ်၊ မင်းက အိမ်ရှင်မ။ အဲဒါကို မင်းသိထားဖို့လိုတာ"

ညချမ်း နှုတ်ခမ်းလေး မဲ့ပစ်လိုက်၏။ ဇာတ်လမ်းကတော့ စပြီ။ သူ့ဆန်စားရဲရမည့်သဘောလား။ မိုးတိမ်အတွက်သာမဟုတ်ရင်. . .

"မင်း ထမင်းဟင်းချက်တတ်တယ် မဟုတ်လား၊ မချက်တတ်လည်း ချက်တတ်အောင်သင်။ ကိုယ်စားဖို့ကိုယ်ချက်ရမယ်"

"အဲဒါ ရှင်ပြောစရာမလိုပါဘူး"

"လိုလို့ပြောတာလေ၊ ဆိုင်ထမင်းဆိုင်ဟင်းတွေမျှော်ကိုးပြီး မင်း ရေသာခိုမှာစိုးလို့"

"ကျွန်မက ရှင့်အလုပ်သမားပါ၊ တန်ရာတန်ကြေးအရ ဘာတွေလုပ်ပေးရမယ်ဆိုတာသိတယ်။ ကိုယ်စားဖို့ သူများကိုမျှော်ကိုးရတဲ့အထိ ဘဝင်မြင့်ရတဲ့အခြေအနေမှမဟုတ်တာ"

"သိရင် ပြီးရော"

ညချမ်း သူမအဝတ်အိတ်ကို ဆတ်ခနဲကောက်ဆွဲပြီးလျှင် အခန်းထဲသို့ဝင်လာခဲ့သည်။ သူမကို ပြူးပြဲခြောက်လှန့်နေသလိုပါပဲ။ ဒီလူ ရိုးမှရိုးသားရဲ့လား။ ညချမ်း အတွေးနှင့်ကျောထဲစိမ့်လာ





သလိုလို။ ညချမ်း လက်ထပ်စာချုပ်ပေါ်မှာ ထိုးခဲ့မိသည့်လက်မှတ်နဲ့ သူ မိုးတိမ်အတွက် ပေးရတဲ့ငွေပမာဏ။ သူ့ဘက်က မရိုးသားရင် ညချမ်းဘဝ ဘာဖြစ်သွားနိုင်သလဲတွေးမိတော့ ရင်ထဲမှာ ပူလောင်လာသည်။

အို. . . ငါ ဘာတွေတွေးနေတာလဲ။

သူ့ရုပ်ရည်၊ သူ့အဆင့်အတန်းနဲ့ သူသာ ဒါမျိုးတွေ ဝါသနာပါရင် ဒီလိုငွေတွေ ပုံအောပေးဖို့မှမလိုတာ။ ညချမ်းလို အနုတ်စုတ်ဂုတ်စုတ်ကောင်မလေးကိုမှရွေးပြီး ဟန်ဆောင်နိုင်းတယ်ဆိုကတည်းက ထိမိငြိမိမှာစိုးလို့ပေါ့။ မိန်းမယူရမှာစိုးလို့ ညချမ်းကို ဟန်ဆောင်လက်ထပ်နိုင်းတာတဲ့။ မဟုတ်မှလွဲရော လူက ဖြူဖြူနုနုနဲ့ မသိမသာစိတ်ဖောက်ပြီး ယောကျ်ားယူချင်လို့လားမှမသိတာ။ သွားတာလာတာ ပြောတာဆိုတာ လုပ်တာကိုင်တာ ကြမ်းတာတွေက သူ့အတွင်းစိတ်ကို လူမသိအောင် ဖုံးဖိထားတာ နေမှာပေါ့။

"ဒီမှာ"

"အမေ့! "

ညချမ်းကိုယ်လေး ဆတ်ခနဲတုန်သွားသည်။ သူဝင်လာတာကိုမြင်တော့. . .

"ရှင်. . . ရှင် ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုပြောစရာရှိလို့ ဝင်လာတာ၊ သိပ်ပြီးအသည်းငယ်မနေနဲ့။ မင်းပုံစံက လူကိုယ်တိုင်မပြောနဲ့၊ စိတ်နဲ့တောင် ပစ်မှားချင်စရာမရှိဘူး။ တောင်တွေးမြောက်တွေး တွေးနေမှာစိုးလို့ ကြိုပြောထားတာ။ စိတ်ချ! မင်းကို လက်ဖျားနဲ့တောင် မတို့ဘူး"

"ပြောစရာရှိ မြန်မြန်ပြော"

"မင်း ငါ့နာမည်ကိုရော သိလား"

"အဲ. . ."

ညချမ်း ဒီလောက်'အ'ရသလားလို့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိ၏။ သူနဲ့ကိုယ် ဒီလောက်အထိပတ်သက်ဖို့ ဖြစ်လာပြီးမှ သူ့နာမည်ကို ညချမ်း လုံးဝမသိပေ။ ဘာကတ်ညာကတ်တွေ ထုတ်ပေးတာမဟုတ်ဘဲ ဘောလ်ပင်တောင်းပြီး သူရေးပေးခဲ့တဲ့လိပ်စာအတိုင်းသာ ညချမ်း လာခဲ့တာဖြစ်၏။

"မသိဘူးမို့လား"

ကိုယ်ညံ့တာကို ဝန်ခံသလိုဖြစ်မှာမို့ ညချမ်းက မဖြေ။

"ဟော့! မသိရင် မသိဘူးပြောလေကွာ"

"မသိဘူး. . . မသိဘူး"

"ထင်သားပဲ"

"ရှင်ကမှ မပြောတာ"





"မင်းမေးရမှာလေ"

"အခုမေးပြီ. . . ပြော"

"မာဃ"

ဖြေပုံက တုံးတုံးတိတိ။ လေတောင်မှ နှမြောတယ်ထင်ပါရဲ့။ ငွေကျတော့ ရေလိုသုံးပြီးတော့များ။

"ငါမို့လို့ပေါ့၊ မင်းလို'အ'ပုံမျိုးနဲ့ လူကုန်ကူးတဲ့ဟာတွေနဲ့ တွေ့ကြည့်. . . ပျက်တာကြာပြီ"

"ဘာပျက်မှာလဲ"

"ဘဝ. . . ဘဝ"

ဖြေသံက ခပ်ဆောင့်ဆောင့်ဖြစ်သလို လက်ကလည်း ညချမ်းရပ်နေတဲ့ရှေ့က ဗီရိုထဲသို့ သော့ကိုပစ်ထည့်လိုက်သည်။ ညချမ်းက ကောက်ကိုင်ကြည့်လေတော့. . .

"အဲဒါ ဒီတိုက်ခန်းသော့ပဲ၊ ငါ့မှာ တစ်ချောင်းရှိတယ်။ ငါက သိပ်ပြီးဂူအောင်းလေ့မရှိဘူး။ အဲဒါကြောင့် မင်းသွားချင်လာချင်ဟာရှိရင် အဆင်ပြေအောင် ပေးထားတာ။ တစ်ခုတော့ ရှိတယ်နော်"

"ဘာလဲ"

ညချမ်း သူ့ဘက်ကိုလှည့်ရပ်ပြီး မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပဲမေးမေး။ ငါနဲ့ပတ်သက်ပြီး မင်းကို ဘာတော်လဲမေးလာရင် လင်မယားလို့ဖြေပေးဖို့"

"အသံကောင်းဟစ်မနေနဲ့၊ သိတယ်"

"မသိတာ ရှိသေးတယ်"

"ပြော"

"မင်း ငါ့ကိုဘယ်လိုခေါ်မှာလဲ"

"ရှင့်နာမည် မာဃဆို"

"အဲဒီအတိုင်းခေါ်မှာလား"

"ကျွန်မ အရိုင်းအစိုင်းတစ်ယောက်မဟုတ်ဘူး၊ အလုပ်ရှင်ကို ရိုသေသမှုနဲ့ ရှေ့က ကိုတစ်လုံးတော့ လောကွပ်အပိုထည့်ခေါ်ပေးမယ်"

"အဲဒါ မင်းနဲ့ငါ နှစ်ယောက်တည်းမှနော်၊ အခြားလူတွေရှေ့မှာ ကိုကိုခေါ်ရမယ်။ အဲဒါမှ လင်မယားပီသမှာ"

"ဒါပဲလား"

"ဒါပဲ"

မာဃ လှည့်ပြန်သွားတော့မှ မမေးဖြစ်လိုက်တာကို သတိရပြီး လိုက်မေးဖို့ ခြေလှမ်းပြင်ပြီးမှ မလိုက်ဖြစ်တော့ပေ။ မေးဖို့သင့်တော်ပါ့မလားလို့ တွေးမိသွားတာလေ။ ကိုယ်ကစပြီး ကျွန်မ





ဘယ်မှာအိပ်ရမှာလဲလို့ မမေးရဲ။ ညမှ အိပ်ရမည့်ပြဿနာကို ညမှရှင်းတာ အကောင်းဆုံးပါပဲ။ သူ ဒီအခန်းထဲမှာအိပ်မှာဆိုရင် ညချမ်းက သင့်တော်ရာနေရာ ရှာထားရမှာပေ့ါ။ သူ့ပုံစံက ညှော်သည်လာလို့ အိမ်သားပြေးမယ့်ပုံမှမပေါက်တာ။ ဘယ်ပြေးမလဲ၊ သူပစ်ထားရတဲ့ငွေပမာဏနဲ့တွက်ပြီး အထက်စီးကနေ ဆက်ဆံတော့မှာလေ။ လေသံကိုက မာရေကြောရေနဲ့ဥစ္စာကိုး။ ညချမ်းကလည်း မိုးတိမ်ဖြစ်ချင်တာဖြစ်ခွင့်ရဖို့အတွက် သူ့ဆီက တောင်းဆိုခဲ့တာ မတန်မရာဆိုတော့ ကစ်ခုလိုချင် တစ်ခုစွန့်ရတော့မှာပေ့ါလေ။

ငါ့စေတနာတွေကို နင် တစ်နေ့နားလည်ပါစေ မိုးတိမ်ရယ်၊ ညချမ်း အဝတ်တွေထည့်ပြီး အခန်းထဲမှထွက်လာခဲ့သည်။ စားဖို့သောက်ဖို့အတွက် ချက်ပြုတ်ရဦးမှာပေ့ါ။ မီးဖိုဘက်သို့ဝင်လာပြီး ဟိုဖွင့်ရှာဒီဖွင့်ကြည့်နှင့်ပဲ မီးဖိုချောင်လို့ခေါ်ရမယ့်အခန်းထောင့်မှာ ဆန်အိတ်ကိုတွေ့လိုက်ရ၏။ သူအဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားခဲ့တာဆိုလျှင် ဟင်းသီးဟင်းရွက်နဲ့ အသားတွေဘာတွေကိုလည်း အဆင်သင့်ဝယ်ထားပြီးသားဖြစ်မှာပါလို့တွေးရင်း ရေခဲသေတ္တာဆီကိုလျှောက်သွားပြီး ဖွင့်ကြည့်လိုက်တော့ ထင်တဲ့အတိုင်းပါပဲ။ အားလုံးက အဆင်သင့်လေ။ ပန်းပွင့်၊ ဂေါ်ရခါးသီးမှအစ စုံလင်လင်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညချမ်း. . .

ကြက်သားဆီပြန်နှင့်ပန်းပွင့်ကြော်သာချက်ပြီး ရေချိုးလိုက်သည်။ ရေချိုးသနပ်ခါးလိမ်းပြီးတော့ ထမင်းပွဲပြင်နေစဉ် အပြင်ထွက်သွားတဲ့သူ ပြန်ဝင်လာ၏။ ညချမ်းကို ဘာမှမပြော ငဲ့ကြည့်ဖော်မရဘဲ သူ့အခန်းထဲကိုသာ ဝင်သွားလေတော့၊ ထမင်းစားမည်ဟု ညချမ်း ထိုင်လိုက်စဉ်. . .

"ဟိတ်! "

"ဟင်"

"ထမင်းစားတော့မလို့လား"

"ဟုတ်တယ်"

"ဒီမှာရေချိုးနေတဲ့ညစ္စာ၊ မဟုတ်သေးပါဘူး၊ ရေချိုးခန်းထဲက ထွက်လာတာ မြန်ပေလို့ပေါ့"

ညချမ်း မျက်လုံးလေး ဝိုင်းသွားလေလျှင်. . .

"ဘာကြောင်ကြည့်နေတာလဲ၊ ငါ့အတွက်ပြင်ပေးလေ"

"ရှင်. . ."

"ဘာလဲ"

မာဃ မျက်မှောင်ကြုတ်ကြည့်လိုက်တော့ ညချမ်းကိုင်ထားတဲ့ဇွန်းကို ချလိုက်သည်။ ညချမ်း တစ်လုတ်မှမစားရသေးပေ။





ခုမှထိုင်ရုံပဲ ရှိသေး။

"ရှင် အပြင်ကစားမလာခဲ့ဘူးလား"

"မင်းရှိနေတာ ဘာလို့စားရမှာလဲ။ လိုအပ်တာအားလုံးဝယ်ထားပေးတယ်လေ။ ခုမှသဘော်ပျက်တာကို ဖျာစုတ်နဲ့ဖာတယ်ပဲပြောပြော. . . ငါ မင်းချက်တာကိုပဲစားမှာ"

"ဒုက္ခပါပဲ"

"ဘာ"

"ရှင်က ကိုယ်စားဖို့ကိုယ်ချက်လို့ပြောတာလေ၊ ရှင့်အတွက်ချက်ရမယ်မပြောတော့ ရှင်အပြင်မှာစားမယ်ထင်ပြီး"

"မင်းတစ်ယောက်စာပဲ ချက်တယ်ပေါ့"

"ဟုတ်တယ်"

ဖြေသံက မပွင့်တပွင့်နှင့် မျက်လွှာချသွားသည်။ မှာတဲ့သူက မှားတာလား၊ နာခံတဲ့သူက မှားတာလား။ မာဃက ထသွားခြင်းမရှိဘဲ ထိုင်မြဲထိုင်နေတော့ ညချမ်းဘာလုပ်ပေးရမယ်မှန်းမသိဖြစ်သွားသည်။ ကိုယ်မစားဘဲ သူ့ကိုကျွေးလိုက်ရမလား။ သူ့ကိုပဲအပြင်ထွက်စားခိုင်းရမလား။

"မင်း တော်တော်တစ်ကိုယ်ကောင်းဆန်တာပဲ"

"ဘာရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှပြောနေလည်း ဘာမှထူးမလာဘူး၊ နည်းအမှု များ အဝတဲ့။ ပေး. . . တစ်ဝက်ခွဲပေး"

ညချမ်း စိတ်တိုစွာ ဘုကြည့်ကြည့်ပစ်လိုက်၏။ သူပဲ စကားကို အလုံးကျွဲအောင်မပြောဘဲ ရောထွေးပြောသွားပြီးတော့၊ အပြစ်တင်တော့ ညချမ်းကို။

"ခွဲပေးလေ"

မာဃအော်လိုက်တော့ ညချမ်း မျက်စောင်းထိုးကာ ထ သွားလေ၏။ ပြီး ပန်းကန်တစ်ချပ်နှင့်ဇွန်းခက်ရင်းတွေယူလာပြီး ထမင်းကို တစ်ဝက်ခွဲထည့်ပေးလေလျှင်. . .

"ဒါအကုန်လား"

"နည်းနည်းရှိသေးတယ်"

"ငါမဝရင် ဘယ်လိုလုပ်မလဲ"

ညချမ်း သူ့ပန်းကန်ကိုပါ မာဃဘက်တွန်းပို့ပေးလိုက်ပြီး

"ရှင်အရင်ဝအောင် စားလိုက်ပါ၊ ရှင်မကုန်မှ ကျွန်မ စား မယ်"

"အကုန်ကုန်သွားရင်"

"စား. . . စား၊ ကျွန်မ ရေသောက်ပြီးပဲ အိပ်လိုက်တော့ မယ်"





"နေဦး"

ထသွားမလို့လုပ်တဲ့ညချမ်းကို မာဃ လက်ဆန့်၍တား တားပြီး. . .

"မင်း ဘယ်မှာအိပ်မှာလဲ"

သူ့မေးတော့ ညချမ်းနှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်၏။ သူစီစဉ်မပေးဘဲ ညချမ်းကိုပဲ မေးနေသေးတယ်။

"မီးဖိုထဲမှာပဲ ကြုံရာအိပ်မယ်၊ လုံခြုံရင်ပြီးရော"

ချာခနဲလှည့်ထွက်သွားတဲ့ ညချမ်းရဲ့ကျောပြင်ကိုကြည့်ပြီး မာဃ လွှန့်ခနဲပြုံးလိုက်သည်။ သူနဲ့တန်တဲ့နေရာကို သွားပေါ့။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"အဲဒါတော့ မင်းမတရားတာ"

မင်းဦးက ပျစ်ပျစ်နှစ်နှစ်ဝေဖန်သည်။ မာဃက မျက်ခုံး နှစ်ဖက်ကြုံ့တက်သွားပြီး ပြုံးနေပုံက မထီတထီ။

"ဟုတ်တယ် မာဃ၊ မင်းလုပ်ပုံက ဆောင်းညချမ်း သနား ပါတယ်ကွာ။ သူ့ခမျာ ထမင်းလည်းဝအောင် မစားရ၊ အိပ်ရတော့ ဖြစ်သလို၊ မင်းဟာက ငွေပစ်ပေးပြီး သူ့ကိုတမင်ခေါ်နှိပ်စက်သလို ဖြစ်နေပြီ"

"ဗေဒါပြောတာ မှန်တယ်၊ မင်းနဲ့ဆောင်းညချမ်းကြားမှာ ဘာတွေ မကျေနပ်လောက်စရာငြိထားလို့လဲ မာဃ"

"မရှိပါဘူး"

"မရှိဘဲနဲ့များ"





သူငယ်ချင်းတွေ မယုံသင်္ကာအကြည့်နဲ့ကြည့်လည်း မာဃ က ဂရုမစိုက်ပေ။ နာမည်ကိုက မာဃလေ။ သိကြားမင်းနာမည်ကို မှ တက်ပြီးအပိုင်စားယူထားတဲ့ကောင်ဆိုတော့ အမြဲတမ်းအမြင့်ဆုံး မှာ နေချင်တာလည်းသိသည်။ ခုက ဗိုလ်ကျသလိုဖြစ်နေတာ ဘယ် လိုပြောမလဲ။

"မာဃ"

"ဘာလဲ"

"မင်းကောင်မလေးကို အချစ်စမ်းနေတာတော့ မဟုတ် ပါဘူးနော်"

"အဲဒီပုံစံက စမ်းချင်စရာလား"

"ချစ်စရာလေးပါကွ"

မင်းဦးက စပ်ဖြဲဖြဲရုပ်နှင့်ဆိုလေ၏။

"အဲဒါဆို မင်းချစ်လိုက်လေ"

"တကယ်လား"

"မင်းဦး. . . လူမှားနေတယ်နော်"

မင်းဦးက မာဃနှင့်ပိုနီးအောင် ခုံကိုရွှေ့ပြီး ပြန်ထိုင်လေ တော့ မာဃက ငဲ့အကြည့်နှင့်တိုးပြီး ပါးချင်းပွတ်ရုပ်သွားတာကို ကျော်ထွန်းက ပြောခြင်းပါ။ ရယ်သံတွေထွက်လာပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်က မှားစရာကောင်းနေတာလေ"

"ဟော့ကောင်"

မာဃမကြိုက်မှန်းသိတာကိုပြောလိုက်သဖြင့် ပခုံးကို မနာမကျင်ထိုးတာတော့ ခံလိုက်ရသေးသည်။ မာဃပုံစံက နွဲ့တာမဟုတ်ဘဲ နုနေတာက စချင်စရာဖြစ်နေတာလေ။

"မင်းက အကြွေပန်းကိုထိုင်စောင့်ပြီး ကောက်မလို့လား"

"အဲဒါအကြွေပန်းမဟုတ်ဘူးလေ၊ အပေါ်ယံနွမ်းပေမယ့် ဝတ်ဆံက မွှေးဆဲလန်းဆဲပဲ. . . ဟဲဟဲ"

"ခွေးကောင်"

"မင်းကြိုးစားချင်ရင် ငါနဲ့ကွာရှင်းပြီးအောင်စောင့်လေ"

"မင်းသာ သမာဓိချိန်ခွင်ကို ကျစ်ကျစ်ဆုပ်ထား၊ ငါ့ဘက်က လာထား အာဘွားပဲ"

မင်းဦး အတည်ပေါက်လား နောက်တာလားမသိ။ ဗေဒါက မျက်စောင်းတခဲခဲဖြစ်နေတာ ဆောင်းညချမ်းကိုသနားလို့ပါ။ သူ့ခမျာ ကွယ်ရာမှာတောင် ထိကပါးရိကပါးအပြောခံနေရတာ၊ ခေါင်းကျိုန်းနေရော့မည်။ ဘဝမလှတော့ အလှကလည်း ဘဝမှာမဝင့်ထည်နိုင်။ ဒီကောင်မလေး သူ့အစ်ကိုကိုချစ်ပုံက တစ်မျိုးကြီးပါပဲ။





တကယ်ဆို. . .

အစ်ကိုက ညီမ သူများအိမ်မှာ အလုပ်လုပ်တာကို တားရမှာ။ အနစ်နာခံချင်းခံ အကြီးလည်းဖြစ် ယောကျ်ားလေးလည်းဖြစ်တဲ့သူကသာ အနစ်နာခံပြီး ညီမလုပ်သူရဲ့ဘဝကို ပြုစုပျိုးထောင်ပေးသင့်တာ။ အခုတော့ အစ်ကို့ဘဝ သာယာလှပ အောင်မြင်မှုသရဖူဆောင်းနိုင်ဖို့ ညီမလုပ်သူက အနစ်နာခံရသတဲ့။ ဒီကိစ္စကို ဗေဒါဘဝင်မကျပေ။

ပြီးတော့ မိဘတွေမရှိကြတဲ့အချိန်မှာ သူသာဆို အစ်ကိုကြီးအဖအရာနေရာနဲ့တန်အောင် ကိုယ့်အုပ်ထိန်းမှုအောက်ကနေ ကိုယ့်ညီမကို ဘယ်မှာမှ အလုပ်လုပ်ခွင့်ပေးနိုင်မှာမဟုတ်တာ သေချာသည်။

"ဗေဒါ"

"ဟင်"

"မင်းက ဘာကိုသက်ပြင်းချတာလဲ"

"ဆောင်းညချမ်းအကြောင်း တွေးမိသွားလို့ပါ"

"ဘာလဲ"

"ဪ. . . ငါ့ညီမသာဆို ငါဘာကောင်မှမဖြစ်ရဖြစ်ရ၊ ငါ့ညီမကို ငါ့မျက်စိအောက်က အပျောက်မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးပါးစပ်က နတ်စကားထွက်လို့"

"ဟော့ကောင်! မင်းဦး၊ မင်းမစော်ကားနဲ့။ ငါက နှမချင်း စာနာစိတ်နဲ့ တွေးကြည့်ပေးတာကွ"

"အံမယ်. . . မင်းအမေမွေးထားတာ အထီးချည်းပဲ။ ငါ အကြီးဆိုပြီး ညီတွေအပေါ် အာဏာပြနေတဲ့ကောင်ကများ ခုမှ လူကြားကောင်းအောင် သမ္ဘုဒ္ဓေရွတ်မပြနဲ့"

"ယောက်ျားလေးနဲ့ မိန်းကလေး မတူဘူးလေကွာ"

ကျော်ထွန်းဇော်က ဗေဒါဘက်မှဝင်၍ ထောက်ခံသည်။ သူ့မှာက အစ်မတစ်ယောက် နှမတစ်ယောက်ရှိတော့ ကိုယ်ချင်းစာ ပါသည်။

"မင်းတို့က ဥတစ်လုံးတွေဆိုတော့ ဘယ်ကိုယ်ချင်းစာ တတ်မှာလဲ။ တို့က အဆင့်တိုင်း အရသာတစ်မျိုးစီပါတဲ့ဟင်းလျာ နဲ့တူတဲ့ မိသားစုဘဝကို တန်ဖိုးထားတယ်"

"ဟာ. . . အချင်းချင်း အဲဒီလိုမဖဲ့ကြနဲ့လေကွာ၊ တို့က လည်း မတတ်သာလို့ တစ်ဦးတည်းသောဘဝကို ပိုင်းစားရပေမယ့် မင်းတို့လိုမခံစားချင်ဘဲ နေမလားကွ။ တစ်ဦးတည်းသောသားဆို ပြီး ဂုဏ်ယူနေကြတဲ့လူတွေက အဲဒီဂုဏ်နဲ့ကာကွယ်ပြီး အထီးကျန် ခြင်းတွေကို တိုက်ထုတ်နေကြတာ၊ အချို့ဆို အတိုက်လွန်ပြီး ကွဲ





ကုန်လဲကုန်ကြတာ ဘဝမဟုတ်ဘူးလား"

မာဃ တွေခနဲဖြစ်သွား၏။ မင်းဦးပြောတဲ့စကားတွေက သေသေချာချာတွေးကြည့်ရင် မှန်နေတာပဲလေ။ တစ်ဦးတည်းသော သားသမီးတွေက များသောအားဖြင့် တစ်ခုတည်းသောပစ္စည်းတစ်ခု လို။ အလိုလိုက်ခံရတာကို ဂုဏ်ယူဝင့်ကြွားရှိကြပေမယ့် တကယ် တမ်းတွေးကြည့်ရင် အထီးကျန်ဆန်လွန်းလှသည်။

သွေးအရင်းအချာရယ်လို့ ကြင်နာယုယခွင့်မရှိသလို နီးနီး ကပ်ကပ်တိုင်ပင်ဖော်လည်းမရှိ။ ဘယ်လောက်ပဲ ပြည့်စုံချမ်းသာပါ စေ၊ သိုက်သိုက်ဝန်းဝန်းနဲ့ မိသားစုမရှိတဲ့ဘဝဟာ သုသာန်တစ်စ ပြင်လို အမြင်မတင့် အကြည့်မတယ်နဲ့ ဘယ်လောက်ဆိုးလိုက်ပါ သလဲ။

"မင်းပြောမှပဲ ငါ့ဘဝကို ပိုပြီးစိတ်ကုန်လာတော့တယ်"

မာဃ ဒီစကားမျိုးပြောတာ ဒါပထမဆုံးအကြိမ်ပါပဲ၊ အရာ ရာပြည့်စုံနေတဲ့ဘဝမှာ ငွေကိုရေလိုသုံးပြီး ထင်တိုင်းကြဲခွင့်ရပေမယ့် နွေးထွေးတဲ့မိသားစုဘဝလေးကိုတော့ မာဃ ပိုင်ဆိုင်ခွင့်မရခဲ့ပေ။

"ဟာ. . . မာဃ"

ကျော်ထွန်းက လက်ကုတ်ခေါ်သဖြင့် မာဃ လှည့်ကြည့် ပေမယ့် ကျော်ထွန်းက သူ့ကိုကြည့်မနေဘဲ ဆိုင်အပြင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



သာ စူးစိုက်နေတော့. . .

"ဘာလဲ"

"ဟိုမှာ မြတ်ဘုန်းညီအစ်မ"

"အဲ. . . ဒီဆိုင်ထဲကို ဝင်လာပြီ"

"ပြေးနိုင်မှလွတ်မယ်နော် မာဃ"

"ဘာလို့ပြေးရမှာလဲ၊ သူတို့ကို ငါဂရုမစိုက်ဘူး"

မာဃလှမ်းအကြည့်မှာ စံရတီမြတ်ဘုန်းနှင့် မုံ့ရတီမြတ်ဘုန်းကလည်း သူ့ကိုမြင်သွားပြီး. . .

"ဟယ်. . . ကိုမာ"

"ကိုမာတဲ့၊ သံချောင်းမှန်း ခုမှသိတယ်"

ဗေဒါက ခပ်တိုးတိုးပြောလေ၏။ မာဃ 'လစ်စို့'ဟု သူငယ်ချင်းတွေကို မျက်ရိပ်ပြပြီး ထရပ်လိုက်စဉ်. . .

"ကိုမာ. . . နေပါဦး"

"ဘာလဲ"

"ပြောစရာရှိလို့ပါ"

အငယ်မ မုံ့ရတီမြတ်ဘုန်းက မာဃလက်ကိုဆွဲပြီးပြောလေသဖြင့် ရှေ့ကိုမလွန့်သာ။ သူတို့က ကိုယ့်ကိုအပိုင်ဖမ်းဖို့ ကြိုးစားနေကြသူတွေ။ ဝေးလေကောင်းလေပေမယ့် ထိပ်တိုက်တွေ့ကြ





ပြီဆိုတော့ ရှောင်တိမ်းဖို့ကြိုးစားသားပဲ။ နောက်ကျသွားတဲ့ ခြေထောက်ကိုက ကျားရဲရာ ကြမ်မှာမရှိးသာဖြစ်တာလေ။

"နင်လက်ထပ်ရမှာစိုးလို့ အိမ်ပြေးလုပ်နေတာဆို"

မေးတာက အကြီးမပါ။

"သိပြီးသားမဟုတ်လား"

"ဒီလိုလုပ်နေလို့ နင်ဒုက္ခရောက်မှာပေါ့ မာဃရယ်။ လက်မထပ်ချင်တာကို အပြတ်ငြင်းလိုက်ပါလား"

"ငြင်းနေတာပဲလေ၊ ရမှမရတာ"

"နင်က ဘာလို့လက်မထပ်ချင်ရတာလဲ"

"ရှင်းပါတယ်၊ မချစ်နိုင်လို့ပေါ့"

"ကိုမာ အဆင်ပြေရဲ့လား၊ မုံ့တို့အိမ်မှာ လာနေပါလားဟင်"

"မဖြစ်ဘူး"

"ဟင်. . . ဘာဖြစ်လို့မဖြစ်ရမှာလဲ"

မနေသာတဲ့အခါ ပျာပျာသလဲဝင်ဖြေလိုက်၏။

"လာနေရင် တစ်ယောက်တည်းမဟုတ်ဘူးလေ. . . နှစ်ယောက်။ အဲဒါကြောင့် ဒီကောင် အားနာနေတာ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်ဟုတ်လား၊ တစ်ယောက်က ဘယ်သူလဲ ကိုမာ"

"ငါ့မိန်းမ"

"ဟင်! "

"ငါ့မှာ တကယ်ချစ်ရမယ့်မိန်းကလေးရှိတယ်။ အခြေအနေက လူကြီးတွေ ဘယ်လိုမှသဘောတူနိုင်မှာမဟုတ်လို့ သူနဲ့ငါ နှစ်ဦးသဘောတူ လက်ထပ်လိုက်တာ"

"ဟင့်အင်း. . . မုံ့ မယုံဘူး"

ယုံနိုင်ဖွယ်မှမရှိတာ။ မာဃကြိုက်လိုက်သမျှ သေးသေးနုတ်နုတ်မှမရှိတာ၊ ခုမှ လူကြီးတွေသဘောမတူနိုင်လောက်တဲ့ မိန်းကလေးဆိုတော့ ဒါ မုံ့တို့ညီအစ်မကို ပထုတ်နည်းသက်သက်ပေါ့။ မုံ့က ရှုံ့ရှုံ့ရှားရှားပုံပေါက်သွားပေမယ့် စံက တည်တည်ငြိမ်ငြိမ်နှင့်ပဲ ခပ်မဲ့မဲ့နှုတ်ခမ်းက မယုံခြင်းကို သက်သေပြ၏။ မာဃကလည်း ဂရုမစိုက်ပေ။ မယုံလို့ နင့်မိန်းမကိုပြပါဆိုရင် လက်ဆွဲခေါ်ပြဖို့ အဆင်သင့်။

ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာလေ။ သူများမိန်းကလေးတွေထက် ဒီညီအစ်မစက်ကွင်းက လွတ်အောင်ပဲ မာဃ ငွေတွေအကုန်ခံပြီး ညချမ်းကို ဟန်ဆောင်လက်ထပ်ခဲ့တာ။





"ကိုမာ. . . ကိုမာ ညာနေတာ"

"ညာတယ်ထင်ရင် လိုက်ကြည့်"

"ဟော့ကောင်"

ကျော်ထွန်းက တံတောင်နှင့်တို့၍ သတိပေး၏။ တကယ်လိုက်ကြည့်မယ်ဆိုမှ ဒုက္ခ။

"တကယ်တော့ အဲဒီလောက်ဖြေရှင်းပြဖို့ကို မလိုတာ။ ကိုယ့်အကြောင်းကိုယ့်ကိစ္စ သူများယုံဖို့မယုံဖို့ အဓိကမဟုတ်ဘူး။ နင်တို့ပြန်ရင် ကောင်းကင်စံအိမ်ကို သတင်းပေးဖြစ်အောင် သွားပေးလိုက်ပါဦး"

မာဃထွက်သွားတာနှင့် သူငယ်ချင်းတွေက နောက်တော်ပါးမှ ဖဝါးမခွာ။

"ကိုမာ"

ငေါ့သွားတာမှန်းသိပေမယ့် သူပြောသလိုပဲ 'ကောင်းကင်'စံအိမ်ကို မြတ်ဘုန်းညီအစ်မ သတင်းသွားပေးမှာက အတိအကျပါပဲ။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"ဘယ်လို. . . ဘယ်လို. . . သားက မိန်းမရနေတယ် ဟုတ်လား"

"ဟုတ်တယ်၊ သူကိုယ်တိုင်ပြောတာပဲ အန့်တီမိုး"

မကြားလို့မဟုတ်ဘဲ ကြားရခြင်းကိုပဲ မယုံနိုင်သလို၊ ဒေါ်မိုးမိုးထက် ထပ်မေးတော့၊ မှုံက မျက်နှာပျက်ပျက်နှင့် ထပ်ဖြေသည်။ စံက တည်ငြိမ်ရင့်ကျက်သလိုရှိပေမယ့် ငယ်ရွယ်တဲ့မှုံက မကျေနပ်တာကို မျက်နှာထားနှင့်သိသိသာသာ သက်သေပြ၏။ လွှတ်သွားပြီဆိုတော့ အဲဒီငါး ပိုကြီးနေပြီပေါ့။ မာဃက ချောသည်၊ ပြည့်စုံတဲ့ဘဝနှင့် ဂျစ်ကန်ကန်စရိုက်ကလည်း မှုံလိုငယ်ရွယ်သူအတွက် သဘောကျ အထင်ကြီးစရာပေါ့။ ထိုသို့သောအချက်တွေကို အခြေခံပြီး ရယူလိုခြင်းတွေ ရင်မှာရှိတာ ဆန်းမှမဆန်းဘဲ။





သို့သော်. . . ဖမ်းဖို့ကြိုးစားနေရင်း လွှတ်သွားပြီဆိုတော့ ဆတ်ဆတ်ခါပြီး ကျန်ခဲ့ရတာလေ။ မာမီကလည်း လက်သီးတဆုပ်ဆုပ်၊ အံတကြိတ်ကြိတ်ဖြစ်နေလေရဲ့။

"သေချာရဲ့လား မှုံရယ်၊ သူတမင်ရွဲ့ပြောတာများလား"

"မယုံရင်လိုက်ကြည့်လို့တော့ ပြောတာပဲ၊ ဟုတ်မဟုတ်ကတော့ တကယ်လိုက်ကြည့်မှသိမှာလေ အန့်တီရဲ့"

"သူဘယ်မှာနေတာတဲ့လဲ"

"မေးခန်းမရောက်ခင် သူကထွက်သွားတော့ မသိလိုက်ပါဘူး"

"ဒုက္ခပါပဲ"

ဒေါ်မိုးမိုးထက် စိတ်ရှုပ်စွာ ညည်းတွားလိုက်သည်။ မိန်းမယူဖို့တိုက်တွန်းလွန်းလို့ ဒီလောက်တောင်ရှိလှတယ်ဆိုပြီး လူငယ်ပီပီ ရွဲ့ချင်စိတ်နှင့် ကြုံရာမိန်းမကိုများ ကောက်ယူလိုက်လေသလား။

ဒါမှမဟုတ်. . . ဒီညီအစ်မရဲ့ စက်ကွင်းကလွတ်အောင် တမင်ပြောလိုက်သလား။ ဘာပဲဖြစ်ဖြစ် ရင်ပူတာကတော့ ပူတာပါပဲလေ။

"အခု သူအဲဒီလိုလုပ်သွားတော့ မှုံတို့နဲ့ကိစ္စကို အန့်တီမိုးဘယ်လိုလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မှုံနဲ့မဟုတ်ဘဲ မှုံတို့နဲ့တဲ့၊ ပြောပုံက။ ရရင် တစ်ယောက်တည်းကို နှစ်ယောက်ပေါင်းမယ့်အတိုင်းပြောနေတာ ရှက်ပဲမရှက်ကြဘူးလားမသိ။ သူတို့နဲ့မပေးစားချင်လို့မှ ရေလိုက်လွှဲပြီး ထိုသို့ ထိုသို့ဖြစ်ကုန်တာကို မေးလိုက်တာ အားမနာလျှာမကျိုးပါလား။

"ဘယ်လိုလုပ်ရမှာလဲ၊ မှုံမေးတာက မြေပုံရာ ကင်းနောက်ဖြစ်နေပြီ။ ရသွားပြီဆိုမှတော့ နှစ်ယောက်စလုံးပြန်ခေါ်ပြီး မိဘတို့ဝတ္တရားအတိုင်း ဆောင်ရွက်ပေးရုံအပြင် ဘာတတ်နိုင်မှာလဲ"

"အဲဒီလိုလုပ်လို့ မရဘူးလေ"

"ဘာ"

"အန်ကယ်ဖြိုးနဲ့ မာဃီထားခဲ့တဲ့ကတိ"

"ကတိထားခဲ့တဲ့လူက မရှိတော့ဘူးလေ၊ အခု မာဃကလည်း သူလုပ်ချင်ရာလုပ်သွားပြီ။ အဲဒါကို တို့က လိုက်ခွဲပြီး ဘီလူးဇာတ်ခင်းရဦးမှာလား"

"ခွဲသင့်ခွဲ. . . ခင်းသင့်ခင်းရမှာပဲပေါ့ အန်တီ"

"ဘာပြောတယ် မှုံရတီမြတ်ဘုန်း"

ဒေါ်မိုးမိုးဆက်မျက်နှာ တင်းသွား၏။ အိမ်ထောင်ကျနေပါပြီဆိုတဲ့ယောက်ျားကို လင်မယားချင်းလိုက်ခွဲဖြုပြီး လိုချင်သေးရ





အောင် သူတို့က ဘယ်လိုမိန်းမတွေလဲ။ ဘာကိုလိုချင်တာလဲ။

"အန်တီ. . . စံတို့ညီအစ်မကို အဲဒီလိုမကြည့်ပါနဲ့"

အကြည့်စူးစူးကိုမခံနိုင်စွာ ပြောလိုက်တာက စံရတီမြတ်ဘုန်းပါ။ ဒေါ်မိုးမိုးထက်က အကြည့်ကိုမရုတ်သိမ်းဘဲ. . .

"မင်းတို့သိထားဖို့က မာဃဆိုတာ ဖြိုးထက်လိုမဟုတ်ဘူးဆိုတာပဲ"

"အန်တီ ဘာ့ကိုဆိုလိုချင်တာလဲ"

ဒေါ်မိုးမိုးထက် ထရပ်ပြီးလျှောက်သွားကာ စံတို့ညီအစ်မထိုင်နေရာနှင့်ကျောခိုင်းကာ ရပ်လိုက်၏။ ပြောရမယ့်စကားအတွက် မိန်းမချင်း အားနာလို့လေ။ မပြောလို့ကလည်း ဖြစ်မှမဖြစ်တာကိုး။ အဲဒီတော့ ရှေ့မျက်နှာနောက်ထားတဲ့သဘောပေါ့။

"ဖြိုးထက်က တစ်ပင်လဲလို့တစ်ပင်ထူတာမဟုတ်ဘဲ တစ်ကိုင်းနားလို့ညောင်းရင် တစ်ကိုင်းပြောင်းနားတဲ့လူဆိုတာ မင်းတို့မျက်မြင်ကိုယ်တွေ့ပါ"

"အဲဒီတော့"

"သူက ခြေရာများတိုင်း တို့က ကော်ဖော့လိုက်ခင်းမပေးနိုင်ဘူး စံ။ ချုပ်ကိုင်မှုဆိုတာ အတိုင်းအတာရှိတယ်။ မာဃက အချုပ်ကိုင်မခံသလို သူ့အဖေလို မနွဲ့ငြားပြီး ဟုတ်ပါ့ကြား မှန်ပါ့



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလုပ်နေမယ့်လူမျိုးမဟုတ်ဘူး''

''အန်တီက မာဃအပေါ်မှာ ဩဇာမညောင်းဘူးဖြစ်နေတာလား''

''ကလေးစိတ်ဆင်းရဲမှာကို မလိုလားတာ အဓိကပါ''

''မာဃက သူပြောသလို တကယ်မိန်းမရနေတာမဟုတ်ဘူးဆိုရင် အန်တီ ဘယ်လိုဆုံးဖြတ်မလဲ''

ဒေါ်မိုးမိုးထက် တွေခနဲဖြစ်သွားသည်။ စကားကျွံရင် နှုတ်မရဘူးလေ။ ဖြိုးထက် တကယ်ကျွံမကျွံ မသိခဲ့တာတောင် နှုတ်မရအောင် ချုပ်ချင်နေကြတာ။ ကိုယ်ပါဆက်ကျွံရင် ကြက်ခေါင်းဆိတ်မ ်ဘတ်တဲ့သားနဲ့ ပြဿနာဆက်တက်ကြမှာ အကြီးကြီး။ ဒင်းတို့ကတစ်မျိုး၊ ဂျူးဂျူးမာတို့သားအမိက တစ်မျိုးနဲ့ နှစ်မျိုးပေါင်းပြီး ရှုပ်ထွေးနေတာ ဘယ်အချိန်မှ သားဘဝလေး အေးချမ်းမှာလဲ။

သူမတို့မောင်နှမကလည်း သားဘဝလေး အေးချမ်းစေဖို့အတွက်ဆို ဘယ်လက်နက်ကိုပဲ ထကိုင်ရ ကိုင်ရ ကိုင်မည့်သူတွေ။

''မင်းတို့ကို ငါတစ်ခုမေးပါဦးမယ်''

''မေးပါ''

''မင်းတို့ မာဃကိုရမှဖြစ်မယ့်သဘောမျိုးက ဘယ်အရာကို မက်တာလဲ''





''အန်တီ''

စံရတီမြတ်ဘုန်းက ဝုန်းခနဲထရပ်ပြီး ဒေါ်မိုးမိုးထက်ဘက်သို့လှည့်သလို၊ ဒေါ်မိုးမိုးထက်ကလည်း ပြန်လှည့်လာတော့ မျက်နှာချင်းဆိုင်မှာ ဆိုဖာတစ်လုံးတော့ ခြားနေသည်။

''အန်တီ့စကားက မရိုင်းလွန်းဘူးလား''

ဒေါ်မိုးမိုးထက် မဲ့ပြုံးနှင့်. . .

''လူကြီးကိုရိုင်းတယ်ပြောတဲ့ပါးစပ်ကရော လိမ္မာယဉ်ကျေးတယ်လို့ခေါ်လို့ရသလား. . . စံ''

''လူကြီးဖြစ်ပြီး အန်တီအရင်ရိုင်းတာပဲလေ''

''ထားပါတော့၊ လက်ခံတဲ့နားက ရိုင်းနေမှတော့ ငါ့စကားက ရိုင်းမှာပေါ့။ ဒါပေမဲ့ ငါမေးတာ ရိုးရိုးလေးပဲ။ လူနဲ့သူ့ရဲ့ပိုင်ဆိုင်ကြွယ်ဝမှုတစ်ခုခုပေါ့''

''အဲဒီတစ်ခုခုဆိုတာထဲက တစ်ခုမှမဟုတ်ဘူး''

''ဒါဆိုဘာလဲ''

''စံတို့က အတ္တကြီးတာပဲဖြစ်နိုင်ပါတယ်၊ မာဃဖြစ်စေချင်တဲ့အတိုင်း ဖြစ်ချင်တာ။ မာဃ့မျက်နှာတစ်ခုကိုပဲကြည့်တဲ့သဘောဆိုရင်လည်း မှန်တယ်''

''ဒါဆိုရင် သေချာတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဘာသေချာတာလဲ အန်တီ"

"မင်းတို့မာမီမက်တာက မာဃဖြစ်နိုင်ပါ့မလား"

စံမျက်နှာလွှဲသွား၏။ မှုံက စံ့မျက်နှာကို လိုက်ကြည့်သည်။ မမ ဘာလို့ဒီလိုပြောရတာလဲပေါ့။ တကယ်တော့ မှုံက ဘာစည်းစိမ်ဥစ္စာကိုမှ မက်မောတာမဟုတ်ပေ။ တစိမ့်စိမ့်ထိုင်ကြည့်နေဖို့ ကောင်းလောက်အောင်ချောတဲ့ မာဃကိုချစ်မိတာ။ မိန်းမရတယ်ဆိုတာ ဘာလည်း မယုံနိုင်။ တကယ်ရတာဆိုလျှင် လက်လွတ်ဆုံးရှုံးခံရမှာ ကြိုတွေးကြောက်နေပြီး မဟုတ်ပါစေနဲ့လို့ ဆုတောင်းရတာ အခါခါပါ။

"မာဃ တကယ်လပ်ထပ်ပြီးပြီဆိုရင်တော့. . . အဟွန်း"

ဒေါ်မိုးမိုးထက် အသံထွက်အောင်ရယ်လေတော့ လွှဲထားတဲ့မျက်နှာ ပြန်လည်လာပြီး. . .

"ကြိုးစားခွင့်ရှိသလောက်တော့ စံတို့ဘက်က ကြိုးစားနေဦးမှာပဲ အန်တီမိုး"

"ဘာ"

"မာဃ အိမ်ကဆင်းသွားတာ မိန်းမမယူချင်လို့လေ။ ရနေပြီဆိုတာ ကာကွယ်မှုတစ်ခုလို့ စံထင်တယ်"

"တို့ကလည်း ကာကွယ်ခွင့်ရှိတဲ့ဒိုင်းနဲ့ကာပဲ၊ မြန်မာလူမျိုး





မှန်ရင် တစ်လင်တစ်မယားစနစ်ကိုပဲ တန်ဖိုးထားတတ်ကြတာ မင်းလည်းသိမှာပေါ့"

ဟိုက တကယ်ဟုတ်မဟုတ်မသိရသေးဘဲ ဒီမှာက ထိုးစစ်ရော ခံစစ်ရောနဲ့ တိုက်ဖို့က လက်တပြင်ပြင်။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အခန်းဝရောက်တာနှင့် မင်းဦးက နှာခေါင်းရှုံ့၍ ဟင်းချက်နံ့ကို လိုက်ရှူကာ. . .

"ဟား. . . မွှေးနေတာပဲဟေ့၊ ဗိုက်တောင်ဆာတယ်"

"အေးဟ၊ ဘာတွေချက်နေတာလည်းမသိဘူး။ အခန်းဝရောက်တာနဲ့ ဟင်းချက်နံ့က ဆွဲငင်အားကောင်းနေတာပဲ"

"ဘာအနံ့မှမခံနဲ့၊ နှစ်ယောက်စာပဲချက်တာ"

မာဃက စားကြောပြောတာနှင့် တစ်ခါတည်းပိတ်ပစ်၏။ မြူးစိစိမျက်နှာတွေက အားကျလိုက်တာဆိုတာမျိုးလေ။ ပိတ်ပစ်တာက ကိုယ့်ဖို့ကိုယ်ချက်စားဆိုတာနှင့် သူတစ်ယောက်စာပဲ ချက်ထားတဲ့ ဆောင်ညချမ်းအကြောင်းကိုပြောထားတာ ပူပူနွေးနွေးကြီးပဲရှိသေးတာကိုး။ စကားကိုအထကောက်မိလို့ သူမ ထမင်းမဝတာ





ကိုမှတ်မိရင်တော့ ပိုပိုသာသာလေး ချက်တန်ကောင်းပါရဲ့။

လေးယောက်သား ထိုင်လိုက်ကြပြီး မင်းဦးက လည်လိမ်၍ မီးဖိုချောင်ဘက်သို့ကြည့်ကာ. . .

"လူမမြင်ရသေးဘူး၊ အနံ့တော့ ကြိုက်သွားပြီ"

"မင်းစကားက ဘာကြီးလဲကွ"

ကျော်ထွန်းက မေးလေလျှင်. . .

"ဟင်းချက်နံ့ကိုပြောတာပါကွ"

"စကားပြောရင် မရှင်းမရှင်းနဲ့"

"ရှင်းအောင် ဘာချက်တာလဲ ငါသွားကြည့်ဦးမယ်"

"ဟာ. . . ဟေ့ကောင်"

ထသွားမည့်မင်းဦးလက်ကို မာဃဆွဲချလိုက်တော့ မင်းဦးကုန်းကုန်းကွကွဖြစ်သွားသည်။

"ငါသွားကြည့်ပြီး မင်းတို့ကို သံတော်ဦးတင်မယ်"

"တိုလှချည်လား"

"ဘာတိုတာလဲကွ"

"သဝန်. . . သဝန်"

"အေးလေ၊ ပြောတော့ စိတ်မဝင်စားဘူးနဲ့၊ သူများနဲ့တွေ့မှာကျ မကြိုက်ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဦးက အကြွေပန်းလည်း စောင့်ကောက်မယ်ပြောထားတာကိုး"

"ငါက သူအလိုမရှိရင်ပြောတာပါကွာ"

"မင်းတို့ကို လွှတ်ပေးလိုက်ရင် နှစ်ယောက်တည်းကျမှ ကျိုင်တက်မှာစိုးလို့. . . သိလား"

ပြောရင်း မာဃ ခပ်သုတ်သုတ်ထသွားလေသည်။ ညချမ်း အနားသို့ရောက်သည့်တိုင် ညချမ်းလှည့်မကြည့်ဖြစ်ပေ။ သူ့အလုပ်နှင့်သူရှုပ်နေတာ လက်က စက်တပ်ထားသလား မှတ်ရတယ်။ မာဃ ဘာမှမပြောသေးဘဲ မွှေးကြိုင်နေတဲ့ဟင်းနံ့တွေကိုရှူရှိုက်ရင်း ညချမ်း လုပ်သမျှကို လိုက်ကြည့်နေ၏။ သူ လူရွေးမမှားပါဘူး။ တစ်ခွန်း မကျန်ပြန်ပြောတတ်တဲ့အကျင့်က ကိုင်ပေါက်ချင်စရာပေမယ့် လုပ်ရည်ကိုင်ရည်ကတော့ သူ့ကိုရတဲ့ယောကျ်ား ကံကောင်းဦးမှာပဲ။

အဲ. . . လောလောဆယ်တော့ အဆိုးထဲက ကောင်းကွက်ကလေး နင်းမိတာ ကိုယ်လေ။ အရေးထဲ မမြင်ရသေးဘဲနဲ့ မင်းဦး က နှာဘူးကျနေသေးတယ်။ အခြားအချိန်မှာ ကိစ္စမရှိပေမယ့် ကိုယ်နဲ့ပတ်သက်နေချိန်မှာတော့ သူမဘဝလုံခြုံရေးအတွက်က ကိုယ့် တာဝန်။

"ဒေါင်! "





"ဟ. . ."

"အ. . ."

ညချမ်း ဟင်းအိုးကိုမြည်းကြည့်ပြီး ယောင်းမမှာ ကပ်နေတာတွေကို အသာခေါက်ချလိုက်ပေမယ့် အရှိန်လွန်သွားလေသဖြင့် 'ဒေါင်'ခနဲမြည်သံနှင့်အတူ 'ဟ'ဆိုတဲ့အသံကိုပါ ကြားလိုက်ရ၍ လှည့်ကြည့်လေတော့. . .

"ငါဝင်လာတာမြင်လို့ ဆန္ဒပြတာလား"

မျက်စောင်းက တန်းခနဲရောက်လာပြီး. . .

"ရှင့်ခြေသံက လုံလွန်းလို့ သူခိုးလုပ်စားဖို့တောင် ကောင်း တယ်"

"ဘာ"

"အသံမပေးဘဲရောက်နေတာကို ဘယ်သူက သိမှာလဲ"

အသံမပေးမိတာ ကိုယ့်အပြစ်ဖြစ်သွားပြီမို့ မာဃ ရှေ့သာ တိုးပြီး သူမချက်နေတာတွေကို ငုံ့ကြည့်ကာ. . .

"မွှေးကြိုင်နေလို့ ဘာဟင်းတွေချက်နေသလဲ လာကြည့် တာ။ ဘာဟင်းတွေချက်တာလဲ"

"ကြက်သားသုတ်နဲ့ ငါးရှူစဉ်းကော၊ ပြီးတော့ ကြက်ပြုတ် ရည်နဲ့ ဟင်းချိုကျိုပြီး ငရုတ်သီးကြော်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချော်"

"ရှင်ကြိုက်လား"

"ဘာကိုမေးတာလဲ"

"ဟင်းတွေကိုပြောတာလေ"

"မသိဘူးလေ၊ လူကိုမေးတာမှတ်လို့ မကြိုက်ဘူးဖြေတော့မလို့"

"မေးစရာလား"

ဆောင့်ဆောင့်အောင့်အောင့်အသံနှင့်အတူ မျက်နှာကတစ်ဖက်သို့ပြန်လှည့်သွား၏။ မာဃ တစ်ဖက်သို့လှည့်ပြီး ပြုံးလိုက်မိသည်။ ဘာကိုပြုံးမိမှန်းလည်းမသိ။ ပြောလိုက်ရင် အချိုးမပြေ၊ မြင်လိုက်ရင် ထောင့်မကျိုးတတ်တာကိုသိသိကြီးနဲ့ ကိုယ်ကလည်း အဆင်ပြေအောင်ကို ပြေပြေလည်လည်မပြောတတ်တာ ခက်သား။ ကိုယ့်အိမ်မှာ မကွယ်မဝှက်ပြောချတတ်တဲ့အကျင့်က ဒီမှာလည်း မွေးသန္ဓေသေမှ ပျောက်မည်ထင်ပါရဲ့။

ဆောင်းညချမ်းကရော. . .

သူ့အစ်ကိုနဲ့တော့ ဘယ်လိုလေသံနဲ့ဆက်ဆံတယ် မသိပါဘူး။ သူမကိုယ်သူမ အလုပ်သမားလို့သတ်မှတ်ထားတယ်ဆိုပြီး ကိုယ့်ကိုအလုပ်ရှင်လို ရိုရိုသေသေဆက်ဆံတာမဟုတ်ဘဲ ပြောလိုက်





သမျှ ဘုနှင့်ဘောက်။ အလုပ်သမားဆိုပြီး လေသံက ကိုယ်ပြန်ပြီးတောင်းပန်ဆက်ဆံရမလိုပါပဲ။

"မင်း ထမင်းတစ်အိုးလောက် ထပ်ချက်ပေးနိုင်မလား"

"ဘာဖြစ်လို့"

"ငါ့သူငယ်ချင်းတွေက မင်းလက်ရာကိုစားချင်လို့တဲ့၊ ဟင်းကတော့ နည်းရင် မျှစားကြတာပေါ့"

"ဟွန်း! "

"ဘယ်လိုလဲ၊ ချက်ပေးမှာလား"

"ကျွန်မက ရှင့်အလုပ်သမားလေ"

"ဆောင်းညချမ်း"

မာဃ ညချမ်းကို ပခုံးကနေ ဆွဲလှည့်လိုက်၏။

"မင်း အဲဒီစကားကို ထပ်ပြောစရာမလိုဘူးနော်၊ လောလောဆယ်အဖို့မှာ မင်းက ငါ့ရဲ့. . . ကျွတ်! "

ဆက်မပြောဘဲ ပခုံးကိုလွှတ်ပေးပြီး ခေါင်းကိုထိုးဖွလိုက်သည်။ အလုပ်သမားဆိုတာ သူမဘာသာ သတ်မှတ်တာ မဟုတ်ဘူးလား။ အိမ်မှာလည်း မာဃ ဂျစ်ကန်ကန်သာနေတာ၊ အိမ်ရှင်ရယ် အလုပ်သမားရယ်လို့ ဘယ်သူ့အပေါ်မှာမှ ခွဲခြားပြီး မဆက်ဆံပေ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောလည်း အဆင်ပြေတော့မှာမဟုတ်သဖြင့် မာဃ သူငယ်ချင်းတွေဆီသို့သာ ပြန်ခေါက်လာခဲ့တော့၏။

"မာဃ"

"ဘာ. . . ဘာတွေချက်တာလဲဟင်"

အငမ်းမရမေးတဲ့သူငယ်ချင်းတွေကို ဘုကြည့်ကြည့်လိုက်ပြီး. . .

"ငါးခူစဉ်းကော"

"ပြီးတော့ရော"

"ကြက်သားသုတ်တဲ့"

"ဒါပဲလား"

"ဟင်းချိုနဲ့ ငရုတ်သီးကြော်"

"ပေါ့ကောင် ကျော်ထွန်း၊ စွတ်မေးမနေနဲ့။ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ဦး. . . လငပုပ်ဖမ်းထားတဲ့ရုပ်နဲ့။ အခြေအနေမကောင်းဘူးထင်တယ်ကွ"

"မဟုတ်မှလွဲရော၊ ဒီကောင် နှိုက်မြည်းလာလို့ ဟိုက"

"ပေါ့ကောင်. . . ပေါ့ကောင်"

"လက်ဖြတ်ရိုက်လွှတ်လိုက်တယ်လို့ထင်တယ်လို့ ပြောမလို့ပါကွ"





"ငြိမ်ခံနေမယ့်ရုပ်လား. . . ကြည့်ဦး"

မာဃပြောရင်း ဝင်ထိုင်တာက မညှင်သာ။ စိတ်ဆိုးတာလည်းမဟုတ်ဘဲနှင့် ဘာကိုအလိုမကျမှန်းမသိ။ အလုပ်သမားပါလို့ပြောတာကြီးကိုက ကိုယ့်ကိုခနဲ့နေသလိုပဲ။ ကိုယ်က ငွေနဲ့ပေါက်ပြီး သူ့ကိုအနိုင်ကျင့်နေသလိုဖြစ်နေတာကိုး။

"မာဃ"

"ဘာလဲ"

"မင်းတို့ ဘာတွေဖြစ်လာကြတာလဲ"

"ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘဲနဲ့ မင်းမျက်နှာကြီးကကွာ"

"ဟား. . . မင်းတို့တော်တော်စပ်စုပါလား၊ ငါ ထမင်းထပ်ချက်ခိုင်းထားတယ်။ စားပြီးမှပြန်မယ်ဆိုရင် ပါးစပ်ပိတ်ပြီး အေးအေးဆေးဆေးနေကြ"

ပြောမှပဲ အားလုံး ကိုယ့်ပါးစပ်ကိုယ် လက်ဝါးနှင့်ပိတ်ပြီး ဆိုဖာနောက်ကိုမှီကာ တိတ်ဆိတ်ကုန်ကြ၏။ တိတ်ပြီဆိုတော့လည်း အကုန်လုံးငြိမ်သက်သွားကာ အတန်ကြာတော့ အသက်ရှူသံပြင်းပြင်းနှင့် ဟောက်သံပင်ထွက်လာ၏။

"ဒီမှာ. . . ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"သိကြားမင်းနာမည်ကို အပိုင်စားယူထားတဲ့ပုဂ္ဂိုလ်"

"အင်. . . ဟင်. . . ဘာလဲ"

မာဃ မေးခနဲအိပ်ပျော်သွားသည်မို့ မျက်လုံးကိုပွတ်သပ်ကြည့်လေတော့. . .

"ရှင်တို့စားဖို့ အဆင်သင့်ဖြစ်ပြီ"

"ဟော့ကောင်တွေ. . . ဟော့ကောင်တွေ"

"ဟာ"

"အင်. . . ဘာလဲ"

မာဃ ခြေထောက်ရောလက်ပါ ဟိုလှုပ်ဆွဲ ဒီလှုပ်ကန်နှင့် နှိုးလိုက်တော့ အိပ်ပျော်သွားတဲ့ငနဲသားတွေ လန့်ဖျတ်နိုးကုန်ကြ၏။

"စားဖို့အဆင်သင့်ဖြစ်ပြီတဲ့၊ လာကြ"

မာဃ ရှေ့မှဦးဆောင်သွားလေတော့ အချင်းချင်းတိုးဝှေ့ကာဖြင့် အငွေ့တထောင်းထောင်းထနေတဲ့ထမင်းပွဲဆီသို့ ရောက်သွားကြသည်။ ပထမဦးဆုံး ကမူးရှူးထိုးစားလိုက်တဲ့ဗေဒါ. . .

"ဟမယ်လေး. . . ဂူတယ်ဟ"

"ဂူရင် ဂုတ်စား"

"ဝယ်. . . ဂူလည်း ဝလို့ဘဲ"





ထမင်းကပူတော့ ဗေဒါနှင့်မင်းဦးတို့ပြောသမျှ အပူနဲ့သမပြီး 'ဝ'သံတွေထွက်လာ၏။ ကျော်ထွန်းက. . .

"ဒီလောက်ငမ်းဖမ်းနေတာ၊ လျှာကျွတ်ကျစေချင်တယ်"

"ပူရင် ရေဆမ်းစား"

"ရေနွေးဆမ်းမှ ဘယ်အရသာကို ခံစားရမှာလဲကွ"

အခုမှပဲ ထမင်းဝိုင်းမှာ စကားသံတွေ ပေါက်ပေါက်ဖောက်သလို ပြန်လည်အသက်ဝင်သွားတော့သည်။

"မာဃ"

"ဘာလဲ"

"မင်းဘယ်လောက် ပုံအောပေးရမှာလဲ"

"မစပ်စုနဲ့လို့ပြောထားတယ်လေ"

"တန်တယ်လို့ ပြောမလို့ပါကွ"

"ပါးစပ်ထဲကထမင်းလုတ် ထွက်မကျစေချင်ရင် တိတ်"

သူတို့စကားကို သူတို့အချင်းချင်းတော့ နားလည်ကြပေမယ့်၊ အဆက်အစပ်မရှိ ကြားလိုက်ရတဲ့ညချမ်းကတော့ ဘာကိုဘယ်လိုပြောနေကြမှန်းမသိပေ။ သူမသိတာက ကိုယ့်ဘက်က တာဝန်ကျေဖို့ပါပဲ။

မင်းဦးက စားနေရင်း ညချမ်းကိုလိုက်ကြည့်ရာက. . .



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စရာလေးပါကွ"

"ဘာရှင့်"

"ထမင်းလုံးလေးတွေကိုပြောတာပါ၊ နှာတံလေးကို စင်း နေတာပဲလို့"

"ခွပ်!"

မာယ ပန်းကန်ကိုဖွန်းနှင့်ခေါက်လေတော့ မင်းဦး ဖက်ပု သွားလေသည်။ ဒါက ဘာအထာတဲ့လဲ။

□□□



## အခန်း ( ၁၃ )

ညချမ်း. . .

တေးရေးဆရာ ကိုထွေးမောင်တို့အိမ်ကို စုံစမ်းပြီး လိုက် လာခဲ့ရာ အိမ်ရှေ့ကိုရောက်တော့ ခြေစုံရပ်လိုက်၏။ အိမ်ထဲမှာ လူရှိတာကို သက်သေပြတဲ့တံခါးက ပွင့်နေသဖြင့် ခေါ်ကြည့်ဖို့ အိမ်တံခါးဝရောက်အောင် ဆက်လျှောက်လိုက်သည်။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

အထဲမှ ချက်ချင်းတုံ့ပြန်သံ မကြားရပေ။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့ရှိလား"

"ရှိတယ်. . . ရှိတယ်. . . လာပြီ"

ပြန်ဖြေသံနှင့်အတူ အသက်သုံးဆယ်ကျော်အရွယ်သူတစ် ယောက် ထွက်လာ၏။ ညချမ်း ပြုံးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်က တေးရေးဆရာ ကိုထွေးမောင်တို့အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်၊ တေးရေးဆရာ ကိုထွေးမောင်ဆိုတာ အစ်ကိုပဲ ညီမရဲ့။ ဘာကိစ္စရှိလို့လဲမသိဘူး"

"ဩော်. . . ဟို. . . ညီမက ဆောင်းညချမ်းပါရှင်၊ မိုးတိမ်နဲ့တွေ့ချင်လို့ လာခဲ့တာပါ"

"ဩော်. . . ဒီကညီမက ဆောင်းညချမ်းကိုး"

"ဟုတ်ကဲ့၊ မိုးတိမ်ရှိလား အစ်ကို"

"ရှိတယ်. . . ရှိတယ်၊ စောစောလေးကပဲ သီချင်းတိုက်ရာက ပြန်လာတာလေ။ လာ. . . ညီမ၊ အိမ်ပေါ်တက်ပါ"

"ဟုတ်"

ညချမ်း၊ ကိုထွေးမောင်နောက်ကနေ လိုက်လာခဲ့၏။ လာသာလာရတယ်၊ ဖြောင့်ဖြောင့်တန်းတန်းမှရောက်ပါ့မလားလို့ စိုးရိမ်စိတ်က အခုမှပဲ အလုံးကြီးကျသွားတော့သည်။

"မိုးတိမ်"

"ဗျာ"

"ဒီမှာ ဆောင်းညချမ်းလာတယ်"

"ဟာင်"





"လာ. . . ထိုင်၊ ညီမ"

မိုးတိမ် ရင်ခွင်ထဲမှာ ပိုက်ထားတဲ့ဂစ်တာကို ဘေးသို့ချပြီး ညချမ်းကို အံ့ဩသလိုကြည့်လေသည်။

"ညချမ်း"

"မိုးတိမ်"

"နင်. . . နင် ငါ့ဆီကိုလာတယ်"

"အေးလေ၊ ငါက နင့်ကိုသတိရပြီး တွေ့ချင်နေတဲ့သူဆိုတော့ လာရတာပေါ့။ နင်ကတော့ နေနိုင်လိုက်တာ မိုးတိမ်ရယ်"

"အပြစ်တင်မစောနဲ့လေ၊ ငါက နင်ဘယ်ကနေမှန်းမှ မသိတာဟ။ လိုက်စုံစမ်းဖို့ကျတော့ အချိန်မရဘူးဖြစ်နေတာ၊ ငါလည်း နင့်ကိုသတိရပါတယ် ညချမ်းရာ"

ဘယ်မှာနေမှန်းမသိလို့တဲ့။ တစ်ယောက်တစ်နေရာ မခွဲကြခင်ကတည်းက နင်ဘယ်မှာနေရမှာလဲလို့ရော မေးခဲ့ဖူးလို့လား။ ပြောလို့လည်းမဖြစ်ပါဘူးလေ။ ကိုယ်က သူ့အတွက် လူများများ အသိမခံဝံ့တဲ့အလုပ်ကို လုပ်နေရတာဆိုတော့. . .

"မိုးတိမ်"

"ဟာင်"

"နင်အဆင်ပြေရဲ့လားဟာင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်၊ အရင်ကတည်းက ငါကအရှုံးထပြီး သီချင်းတွေ ကိုယ့်ဘာသာရေး၊ ဆိုကြည့်နဲ့ အထာကျနေတော့၊ တိုက်တဲ့နေရာမှာ သိပ်အခက်အခဲမရှိဘူးပေါ့ဟာ။ သူများသီချင်းတွေလောက်ပဲ အချိန်ယူရတာဆိုတော့ အားလုံး Ready နီးပါးဖြစ်နေပြီလေ"

"ညြှော်"

"မြင့်မြတ်ရတနာတေးထုတ်လုပ်ရေးပိုင်ရှင်က ငါ့ပိုက်ဆံ တစ်ပြားတစ်ချပ်မှမကုန်ရဘဲ စီးရီးထုတ်ပေးမယ်တဲ့။ ငါ့လောက်ကံကောင်းတဲ့ကောင် ဘယ်မှာရှိပါဦးမလဲ။ မကြာခင် ငါအဆိုတော်ဖြစ်တော့မှာဟ။ သူများတွေလို သုံးနှစ်သုံးမိုး မစောင့်ရဘူးလေ"

"ဟုတ်လား"

"ဟုတ်တယ်၊ နင်ဝမ်းမသာဘူးလားဟင် ညချမ်း"

"ဝမ်းသာပါတယ် မိုးတိမ်ရယ်၊ ငါဝမ်းသာတာပေါ့"

ညချမ်း ဝမ်းသာလွန်းလို့ မျက်ရည်လေးပင် လည်လာ၏။ သူ့စိတ်ကူး သူ့အိပ်မက်တွေကို အကောင်အထည်ဖော်ပေးတာ 'မြင့်မြတ်ရတနာ'တေးထုတ်လုပ်ရေးပိုင်ရှင်တဲ့လား။ သူမသိလို့ပါ။ ဝါသနာကိုအရင်းခံပြီး စေတနာထားသည့်တိုင် အရှုံးအမြတ်ဘာမှန်းမသိတဲ့စွန့်စားခန်းမှာ ဘယ်စီးပွားရေးသမားက ကိုယ့်အိတ်ထဲကဖားကို ထုတ်ရိုက်မှာလဲ။ အနုပညာသမားတွေလည်း စေတနာဒါန





တော့ မြောက်ကြပါရဲ့။ ဝတ္ထုဒါနမြောက်ဖို့ဆိုတာက မလွယ်။

ကိုယ့်တက်လမ်းတောင် ကိုယ်မနည်းကြိုးစားပြီး ဖောက်ခဲ့ကြရတာ၊ နှုတ်၏စောင်မခြင်းနဲ့သာ ဘယ်လမ်းကနေ ဘယ်လိုတက် ညွှန်ပြနိုင်ပေမယ့် လက်၏စောင်မခြင်းနဲ့ ဘယ်သူက အရင်းစိုက်ပါ့မလဲ မိုးတိမ်။ ရှိတော့ရှိတယ် ရှားလွန်းလို့ တစ်ပိုင်းသေအောင် အဆိုတော်ဖြစ်ချင်လည်း ငွေမရှိလို့ ကာရာအိုကေမှာ သွားအော်ပြီး ဖြေသိမ့်နေကြတဲ့လူတွေ ဒုနဲ့ဒေးဆိုရင်. . .

"ညချမ်း"

"ဟင်"

"နင်ရော အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ငါ့ကွယ်ရာမှာ ရည်းစားမထားရဘူးနော်"

"ထားချင်စိတ်ရှိရင်တောင် ထားလို့မရပါဘူးဟယ်"

"ဘာဖြစ်လို့"

"အင်. . ."

ညချမ်းပါးစပ်ပိတ်သွား၏။ သူမအကြောင်းကို မိုးတိမ်မှ မသိဘဲဥစ္စာ။ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးထားတဲ့ကိစ္စ[illegible] ချမ်းအတွက် ချုပ်ဆေးလေ။ မာယာပြောပြထားသည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



"မင်းအစ်ကိုကို 'မြင့်မြတ်ရတနာ'တေးထုတ်လုပ်ရေးက စီးရီးထုတ်ပေးဖို့ စီစဉ်နေတယ်။ အဲဒါ သူ့ကိုသဘောကျပြီး သူ့အသံကိုနှစ်မြို့က်လွန်းလို့တော့ မထင်နဲ့။ ကုန်ကျစရိတ်ကို ပံ့ပိုးပေးရတာက ငါ"တဲ့။

ခုလို မိုးတိမ်တက်ကြွနေတာကိုမြင်ရတော့ ညချမ်း စွန့်စားရကျိုးနပ်ပါပြီ။

"ဘာလဲ၊ အဲဒီအိမ်က နင့်ကိုချုပ်ချယ်လို့လား။ အလုပ်တွေဖိနိုင်းနေလို့လား ညချမ်း"

"ဟင့်အင်း. . . မဟုတ်ပါဘူး မိုးတိမ်ရဲ့၊ ငါက ကလေးကိုစာပြပေးနေရတာလေ။ ကလေးက ငါ့ကိုခင်တွယ်နေတော့ ငါမရှိရင် ဂျီကျလို့တဲ့။ အဲဒါကြောင့် သူ့အနားက သိပ်မခွာဖြစ်တာကိုပြောတာပါ"

မိုးတိမ်က ပြုံးစိစိဖြစ်သွားပြီး. . .

"ကြည့်လည်းလုပ်ဦး၊ ကလေး ကလေးနဲ့ နတ်ရှင်နောင်နဲ့ မာတုကလျာဖြစ်နေဦးမယ်"

"ပြောတော့မယ် ပေါက်တတ်ကရ"

"မိုးတိမ်ရေ၊ ဒီမှာ ညီ့သည်အတွက် ငါ အအေးယူလာတယ်. . . ရော့။ ငါအပြင်သွားပြီး ကွမ်းယာဝယ်လိုက်ဦးမယ်ကွာ"





မိုးတိမ်က ကိုထွေးမောင် ကမ်းပေးသည့်အအေးဖန်ခွက်ကို ယူလိုက်ပြီး ညချမ်းရှေ့သို့ချပေးကာ. . . . .

"ကျွန်တော်ဝယ်လာပေးထားတာ ကုန်သွားပြီလား"

"ကုန်သွားပြီကွ၊ မင်းတို့အေးအေးဆေးဆေး စကားပြောနှင့်ကြဦးကွာ"

ပြောရင်း ကိုထွေးမောင်က ထွက်သွားသည်။ တမင်ရှောင်ထွက်သွားတယ်ဆိုတာကို မိုးတိမ်မသိဘဲနေပါ့မလား။ ကိုထွေးမောင်က မိုးတိမ်ရဲ့အဖေလို အစ်ကိုလိုဖြစ်နေတော့၊ မိုးတိမ်အကြောင်း အမြစ်ဖျားခါးကအစ သိနေသူ။ တိုင်ပင်စရာဆိုလို့ သူပဲရှိတာကိုး။ မိုးတိမ် ညချမ်းဘက်သို့လှည့်လိုက်ပြီး. . .

"နင်ဘာမှစိတ်မပူနဲ့ သိလား ညချမ်း၊ ငါ အဆိုတော်ဖြစ်ရင် နင့်ကိုပြန်ရွေးမယ်"

"အံမယ်! နင်ပြောပုံက ငါကပဲ အပေါင်ခံထားရတဲ့ပစ္စည်းကျနေတာပဲ"

"ပြန်ခေါ်မယ်လို့ ပြောတာပါဟ"

ညချမ်း မျက်စောင်းထိုးလေတော့ မိုးတိမ်က ရယ်လေ၏။ အတူတူနေခဲ့ကြတုန်းက ရန်ဖြစ်လိုက် ပြန်တည့်လိုက်အချိန်လေးတွေကို သတိရသည်။ တစ်ခါတလေ မိုးတိမ်က ဂစ်တာတီးပြီး



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုလျှင် ညချမ်းက ဘေးမှာထိုင်ပြီး နားထောင်ကာ စိတ်ကူးတွေယဉ်။ တကယ်တမ်းကျတော့ စိတ်ကူးနဲ့လက်တွေ့ တစ်ထပ်တည်းမကျပါလား။ စာအုပ်ဆိုင်လေးအတွက် လိုအပ်တဲ့စာအုပ်တွေနှင်ယောက်အတူ သွားဝယ်ကြပြီဆို. . .

စက်ဘီးကလေးကို နှစ်ယောက်အတူစီးလို့ ညချမ်းကိုကောင်လေးတွေ စတဲ့အခါ မိုးတိမ် ထိုးမယ်ကြိတ်မယ်တကဲကဲဖြစ်လို့ ဆွဲရလွဲရတာတွေ။ ဩော်. . . အဲဒီအချိန်မှာ ကုန်ဆုံးသွားခဲ့ပြီပေါ့။

"နင် ဂစ်တာတီးပြီးသီချင်းဆိုတာ ငါနားမထောင်ရတာတောင် ကြာပြီနော်"

"နားထောင်ချင်လို့လား"

"အင်း. . . ဆိုပြရင် နားထောင်ချင်တာပေါ့"

"ဆိုပြမယ်လေ၊ နားထောင်"

မိုးတိမ်က ဂစ်တာကိုကောက်ကိုင်ပြီး ရင်ခွင်ထဲမှာ ပိုက်လိုက်ကာ. . .

"ဆိုနေကျသီချင်းပဲနော်"

"နင့်ကိုယ်ပိုင်သီချင်း ဆိုပြပါလား"

"အဲဒါက စီးရီးထွက်မှ နားထောင်ပေါ့။ အခု နင်နဲ့ငါကြား





မှာက 'ဖြေသိမ့်လိုက်'ပဲ ကောင်းပါတယ်"

"ဩော်"

မောင်နှမလိုလို သူငယ်ချင်းလိုလိုနဲ့ သူငယ်ချင်းအဆင့်ထက်မပိုဘူးဆိုတဲ့သဘောလား မိုးတိမ်။ ရပါတယ်. . . နင် ဘယ်နေရာမှာပဲထားထား၊ ငါက ကျေနပ်နေမယ့်သူပါ။

"နားထောင်မှာလား"

"အင်း. . . နင် ဘာပဲဆိုဆိုပါ၊ ငါနားထောင်မယ်"

အပြုံးနဲ့ပြန်လှည့်သွားတဲ့ မိုးတိမ်မျက်နှာကို ညချမ်း လိုက်ငေးနေမိ၏။ မာဃလောက် မချောပေမယ့် သံယောဇဉ်ကြောင့်အမြဲတမ်းစွဲမက်စရာကောင်းတဲ့ မိုးတိမ်ရဲ့မျက်နှာ၊ အချစ်က ရုပ်ချောခြင်း မချောခြင်းနဲ့မှ မဆိုင်ဘဲလေ။

*'အားလုံးပြီးဆုံးသွားတော့× × × ရင်တစ်ခုလုံး ကြေသွားလား× × × ကိုယ်ချင်းစာပါတယ်× × × အို သူငယ်ချင်း သိပ်မဟန်ဘူး× × × ရှေ့ဆက်ပြီးတော့ တွေ့ကြရမှာပဲ× × × ဆုံးရှုံးခြင်းက တို့တွေပြေးမလွတ်နိုင်× × × မောပန်းလွန်းတဲ့ မင်းရဲ့ဖိုပ်ပြာလေး ဖြေသိမ့်လိုက်× × ×'*

နင် ငါ့ကိုတကယ်ပဲ ဖြေသိမ့်နိုင်းနေတာလား မိုးတိမ်ရယ်။ ငါဖြေသိမ့်နိုင်ဖို့ အင်အားတွေ မွေးထားရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



*'ကံကြမ္မာဆိုတာ ရှိုးတစ်လှည့်ပါ၊ တစ်လှည့်x' x x အစု လည်း ဒီလိုပဲပေါ့x x x အောင်မြင်လိုက် ရှုံးနိမ့်လိုက် လဲကျတဲ့အ နိုက် ကွဲခဲ့တဲ့မင်းနှလုံးသားx x x အက်ကြောင်းလေးက အမြဲတမ်း အမှတ်တရပေါ့x x x ရှေ့ဆက်/ဆက်လျှောက်ရမယ့် မင်းရဲ့ဘဝ အသစ်အတွက် ဖြေသိမ့်လိုက်x x x*

"မိုးတိမ်"

"ဟင်"

ညချမ်း ဂစ်တာကြိုးပေါ်က မိုးတိမ်လက်ကို ဆတ်ခနဲဆွဲ ဖယ်လိုက်တော့ သီချင်းသံရော ဂစ်တာသံပါ တိခနဲပြတ်တောက် သွားသည်။

"ငါပြန်တော့မယ်"

"သီချင်းတောင်မဆုံးသေးဘူး၊ ဘာဖြစ်တာလဲ"

"နင် ဒီသီချင်းကိုဆိုတိုင်း ရှေ့အပိုဒ်ကျ ငါပါဆိုပေးရတာ လေ။ ဒီတစ်ခါ ငါဆိုမပေးနိုင်လို့ပါ"

ပြောပြီးတာနှင့် ညချမ်း ထပြေးသွားလေတော့သည်။

"ဟာ. . . ညချမ်း. . . ညချမ်း"

❒❒❒



## အခန်း ( ၁၄ )

မျက်နှာချင်းဆိုင် ထိုင်နေကြတဲ့လူနှစ်ယောက်ရဲ့အကြည့် တွေက ကျားရဲနှင့်ဆင်ရိုင်းလို။ မကျေလည်မှုတွေကိုယ်စီက သူ့ အကြောင်းကိုယ့်ရာဇဝင်နှင့် ကိုယ့်သမိုင်းကိုယ် ဆန်းသစ်နေချင်တဲ့ သူတွေ။ တိတ်ဆိတ်မှုကို ဖြိုခွင်း၍ စကားစလိုက်သူက မာဃပါ။

"ငါ ဒီမှာနေတာကို မင်းဘယ်လိုလုပ်သိတာလဲ"

စိုးရာဇာအောင်က လွှန့်ခနဲပြုံးလိုက်ကာ. . .

"ဘယ်ကိစ္စမဆို မစုံစမ်းဘဲမသိတာ မရှိသလို၊ စုံစမ်းရှာ စမ်းရင် ရှုဥလိပ် ဘယ်ကိုခြေဆန့်သွားတယ်ဆိုတာကအစ သိနိုင် တာပဲလေ။ ငါက မင်းကိုတွေ့ချင်နေတဲ့ကောင်ပဲ"

"တွေ့ချင်တဲ့ကိစ္စက"

"ငါက မင်းအစ်ကိုဆိုတာကို မင်းကစပြီး လက်[illegible]ပေးဖို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဖေဖေ့ကိုဘယ်လိုခေါ်ခဲ့လဲ"

"အန်ကယ်လ်လို့ခေါ်တာလေ၊ မင်းသိပြီးသားပဲဥစ္စာ"

"အဲဒါအဖြေပဲပေါ့ စိုးရာဇာ"

စိုးရာဇာအောင် အငိုက်မိခံလိုက်ရသဖြင့် ကွက်ခနဲ မျက်နှာပျက်သွားသည်။ ဖေဖေလို့ခေါ်တဲ့သူနဲ့ အန်ကယ်လို့ခေါ်တဲ့သူ ဘယ်သူက တရားဝင်ပြီး သွေးချင်းဆက် အဖြေကွက်လပ်ကို ဖြည့်နိုင်မှာလဲ။ အမွေလိုချင်တာက သပ်သပ်နဲ့ ပထွေးကို အဖေမခေါ်နိုင်တာက တစ်ခြားစီ။ ကာယကံရှင်ကိုယ်တိုင်က သူမသေခင် စံထိုက်သူစံ၊ ပန်ထိုက်သူပန်ဖို့ သူနဲ့တန်ရာတန်ရာ ခွဲဝေပေးသွားတဲ့အထဲမှာ စိုးရာဇာအောင် သူ့သားပါလို့ သံသယယိုးစွပ်စရာ မြူတစ်မှုန်စာတောင်မရှိလို့ ဒီလူက ဒီအတိုင်း စံစားသင့်လို့ ဒီလိုတွေ စာချုပ်စာတမ်းနဲ့ ပေးသွားခဲ့တာ။

ဒါကို. . . ဖေဖေရှိစဉ်က မကျေနပ်သည့်တိုင် အံကြိတ်ခံခဲ့ကြပြီး သေတဲ့လူ ဆွဲထူသက်သေပြနိုင်းလို့မရမှ၊ ရေငုပ်နေရာက ဘွားခနဲပေါ်လာပြီး ပုဆိုးရေစွတ် ကျိုလိုက်တဲ့နေရာအရောက်မှာ ငါပါပါတယ်၊ ဝေစုပေးလုပ်လို့ ရမလား။

"စိုးရာဇာအောင်"

"ငါက မင်းထက်အကြီးလေ၊ မင်း အခေါ်မရိုင်းသင့်ဘူး"





"ဖေဖေရှိတုန်းက မင်းအဲလိုပြောခဲ့ဖူးလား။ မင်းသိထားဖို့က ကြောင်ကိုလည်ဆံမွေးတပ်ပေးရုံနဲ့ ခြင်္သေ့ဖြစ်မလာဘူးဆိုတာပဲ"

"သြော်. . . ခြင်္သေ့ဆီသာလျှင် သိင်္ဂီရွှေခွက်နဲ့ထိုက်တန်တာလို့ မင်းက ဆိုလိုချင်တာလား မာဃ"

"ဆိုလိုချင်တာမဟုတ်ဘူး၊ အတိအကျပြောလိုက်တာ"

စိုးရာဇာအောင် မဲ့ခနဲဖြစ်သွားပြီး. . .

"ငါက ကြောင်ဆိုရင်လည်း ခြင်္သေ့ဆီလို သိင်္ဂီရွှေခွက်နဲ့ အထည့်မခံရရင်တောင် ကြောင်ဆီကို ကြွေခွက်နဲ့တော့ ထည့်ပေးသင့်တာပေါ့"

"လောဘကြီးတာ ဘာလောက်ရတတ်တယ်ဆိုတာ မင်းသိလား"

"မင်း. . . မင်း မမိုက်ရိုင်းနဲ့နော်"

ရှူးရှူးရှားရှားဖြစ်သွားတဲ့ စိုးရာဇာအောင်ကိုကြည့်ပြီး မာဃ ဟက်ခနဲရယ်လိုက်သည်။ မာဃအလိုမကျရင် ရိုင်းတတ်တာ သူတို့သိထားပြီးသားပဲ။ ရိုင်းတဲ့ဆင်ကို ချွန်းနဲ့ထိုးမှတော့ ကန်းနေခဲ့ရင်တောင် တောတိုးဦးမှာပေါ့။ အမွေကိုမက်လို့မဟုတ်ဘဲ ပြောတာကိုမခံချင်စိတ်က နမ်းတစ်စေ့စာဖြစ်ဖြစ် ခွဲမပေးလိုက်နိုင်တာမျိုး။

"ငါရိုင်းတတ်တာ မင်းသိပြီးသားပါ။ နေပါဦး. . . စောစော



www.burmeseclassic.com

www.burmeseclassic.com



ကစကားလေး ပြန်ဆက်ပါရစေဦး''

''ဘာလဲ''

''ကြောင်ဆီကို ကြွေခွက်လောက်တော့ ထည့်ပေးသင့်တယ်ဆိုတာ''

''ဟုတ်တယ်လေ၊ အခုတို့သားအမိက ဦးရှင်ကြီးတင်သလို အငွေ့စားပြီးပြန်ကြွရတာမျိုး။ မင်းကတော့ ကိုကြီးကျော်ဆိုပြီး စားသမျှသောက်သမျှ လက်တွေ့ ဗိုက်ထဲရောက်တာ''

''အဲဒါ မင်းတို့ထိုက်နဲ့မင်းတို့ကံလေ၊ စေတနာကို မစောင့်ဘဲ ဖေသေရာနဲ့တုတ်ပြီး ဆောင့်ကန်နေမှတော့ ဘယ်သူက မာလာစားပါ မောင်စားပါ လုပ်ချင်မှာလဲ''

စိုးရာဇာအောင် မျက်နှာတစ်ပြင်လုံး ညိုပုပ်သွားသည်။ မာဃဆိုတဲ့ကောင် စကားတောင်းစားနဲ့ သမီးယောက်ဖတော်သလားထင်ရအောင် စကားတတ် ကတ်ဖိုးကတ်ဖဲ့နိုင်မှန်းသိသိနဲ့ လာခဲ့တာကိုက ကိုယ်မှားတာ။ သူပြောရင် ကိုယ်က ချေပနိုင်တာ နည်းနည်း။ ကိုယ်ပြောလျှင်တော့ သူက ဘယ်စပွန်ဆာမှ ကူစရာမလိုဘဲ ဒိုးခနဲဒေါက်ခနဲပြန်ပြောတာ ခံရခက်ခက်၊ ချက်ချင်းလည်း ပြန်မပြောနိုင်။

''ဖဲတ်လမ်းက ဆုံးခန်းတိုင်နေပြီ၊ မင်းမှာ မျှော်လင့်ခွင့်





မရှိတော့ဘူး''

''ဘာ''

''ငါလက်ထပ်ပြီးသွားပြီ''

စိုးရာဇာ ပါးစပ်အဟောင်းသားဖြစ်သွား၏။ ပြီးမှ. . .

''စံနဲ့ မှုံပြောလို့ သိထားပြီးပြီ။ မယုံလို့ ငါလာကြည့်တာ''

''သူအပြင်သွားတယ်၊ ထိုင်စောင့်ပြီးကြည့်သွားပေါ့။ အဲ! တစ်ခုပြောစရာကျန်သေးတယ်''

''ဘာလဲ''

မာဃ စီးကရက်ဘူးကိုကောက်ကိုင်ပြီး တစ်လိပ်ထုတ်ယူလိုက်ကာ စိုးရာဇာကိုမကြည့်ပါဘဲ. . .

''မင်းနဲ့ဖေဖေ ဘယ်သွေးမှမစပ်ဘူးဆိုတဲ့အကြောင်း တိကျနိုင်လုံတဲ့သက်သေ ငါ့မှာရှိတယ်''

''ဘာ''

''ဖေဖေသေသွားပေမယ့် မသေသေးတဲ့ မင်းအဖေအရင်းခေါက်ခေါက်က အမှန်တရားကိုကိုးကွယ်တဲ့ သူတော်ကောင်းလေ''

''ဟင်! ''

''လန့်မသွားနဲ့၊ နောက်ထပ် ဖေဖေနဲ့မင်းအမေအကြောင်းကို ခရာဇေ့တွင်းကျသိတဲ့ သက်သေနှစ်ယောက်ရှိသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်. . . ဘယ်သူတွေလဲ"

အသံပင် တုန်ယင်သွားတဲ့စိုးရာဇာအဖြစ်က သနားစရာပင် ကောင်းနေသေးရဲ့။ လိမ်ညာတတ်တဲ့သူတိုင်း နှလုံးမငြိမ်တတ်ကြတာ၊ တရားခံကို ရင်ဘတ်စမ်းကြည့်ပြီး ဖော်ထုတ်ကြတာ ရဲတွေရဲ့အတတ်ပညာတစ်ခုလို့တောင် ဆိုနိုင်သေးတာပဲ။

"ရှုပ်. . . ရှုပ်"

ခြေသံကြားလို့ ပြိုင်တူအကြည့်မှာ ဝင်လာတာက ဆောင်းညချမ်း။

"ပြန်လာပြီ။ မင်းမယုံလို့ စောင့်ကြည့်ချင်တဲ့ ငါ့မိန်းမ"

"ဟင်"

မြန်းစားကြီးကြားလိုက်ရတဲ့ ညချမ်းနားထဲမှာ ဂျင်ခနဲမြည်ထွက်သွားသလိုပါပဲ။ ငါ့မိန်းမဆိုတာကြီးက မျက်နှာကို ရေနွေးနှင့်အပက်ခံရသလို ထူပူရှိန်းထွက်သွား၏။ ဒါပေမဲ့ အခြေအနေအရပ်ရပ်ကြောင့်ဆိုတာကို ချက်ချင်းနားလည်လိုက်ပြီး စိတ်ကို သံပတ်ကုန်တင်း၍ ဆက်လျှောက်လာစဉ်၊ သူတို့ကိုဖြတ်သွားဖြတ်လာမှာပင် ငဲ့မကြည့်ဘဲ မီးဖိုဘက်သို့ တန်းဝင်မည်လုပ်တော့. . .

"ဆောင်း"

". . ."





"လာပါဦး မိန်းမရယ်၊ ပြန်လာတာနဲ့ တစ်ခါတည်း မီးဖိုချောင်တန်းဝင်တော့တာပဲကွာ။ ဘယ်အချိန်ပဲချက်ချက် ရတဲ့ကိစ္စကို။ ဒီမှာ ကိုကို့ညီ့သည်ရောက်နေလို့ မိတ်ဆက်ပေးမလို့ကို"

"ဩော်. . . ဟုတ်"

ညချမ်း သူမဘာသာ လာထိုင်ရင် သူနဲ့အဝေးကြီးမှာထိုင်မှာစိုးတာနှင့် မာဃ သူကိုယ်တိုင်ပဲ ထလာပြီး ညချမ်းလက်ကိုဆွဲကာ သူ့ဘေးနားမှာ ထိုင်စေ၏။ ပွေးပွေးကပ်ကပ်ရှိနေအောင် ပခုံးကိုပါ ဖက်လိုက်တော့ ညချမ်းကိုယ်လေး တွန့်သွားတာကိုသိသည်။

"ဒါ ငါ့မိန်းမပဲ စိုးရာဇာ၊ နာမည်က ဆောင်းညချမ်းတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ဆောင်းညချမ်း"

စိုးရာဇာကပြောပြီး လက်ကမ်း[illegible]လေလျှင် ညချမ်းက သူ့မျက်နှာကိုကြည့်လေတော့. . .

"ဆောရီးပဲ စိုးရာဇာ၊ ငါ့မိန်းမက မြန်မာတို့ရဲ့ထုံးတမ်းစဉ်လာကို စည်းမဖောက်တတ်လို့ပါ"

"ဩော်. . . ဩော်"

စိုးရာဇာ မဲ့ပြုံးနှင့်ဩော်လိုက်သည်။ မာဃဆိုတဲ့ကောင် သူကိုယ်တိုင်ကျတော့ တစ်ကိုယ်လုံး ဟိုကြိုးဒီကြိုးတွေနှင့် ရှုပ်ယှက်ခတ်နေအောင်ဝတ်ပြီး ယူလိုက်တဲ့မိန်းမကျတော့ ဘိုးတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



လေးဖက်တွားတဲ့ခေတ်က ဒီဖိုင်းဆိုတော့။ အရာရာကိုဆန့်ကျင်ရမှကြိုက်တဲ့သူလို့ သက်သေပြဖို့ မိန်းမယူတာတောင် သူနဲ့ဆန့်ကျင်ဘက်ဒီဖိုင်းကို ရွေးယူတာလား။

"ဆောင်း"

"ဟင်"

"သူက စိုးရာဇာအောင်တဲ့"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဆိုပြီး ပြုံးပြခေါင်းညိတ်လိုက်ပုံကတော့ နူးညံ့သိမ်မွေ့ခြင်းရဲ့ နိမိတ်ဆောင်ပေါ့။ နှစ်ယောက်တည်းကျ ဘယ်လိုစွာတေးလန်မလေးလဲဆိုတာတော့ မာဃပဲသိသည်။

"ကိုကို့ဖေဖေ့ကို တတိယမြောက်မယားပါသားပေါ့"

"မာဃ"

စိုးရာဇာ ထိန်းချုပ်နိုင်မှုကင်းမဲ့စွာဖြင့် ဒေါသနှင့်ခေါ်ပြီး ထရပ်လိုက်စဉ်၊ မာဃက ညချမ်းပခုံးပေါ်သို့မေးတင်ပြီး မျက်လုံးကိုမှေးစင်း၍ မဒိုးမခန့်ရယ်နေသည်။ လူနှစ်ယောက်ကို မတူညီသောအကြောင်းတို့နှင့် တစ်ပြိုင်တည်း ဒေါသဖြစ်အောင်လုပ်နိုင်တာ မာဃပဲပေါ့။ ညချမ်းမှာလည်း နှုတ်ခမ်းပေါ်မှာ ပြုံးနေရပေမယ့် ပါးစပ်ထဲမှာတော့ သွားချင်းဖိကြိတ်နေမိအောင် ဒေါသဖြစ်နေတာလေ။





"တောက်!"

"ဟား. . . ဟား. . . ဟား"

စိုးရာဇာ တက်ခေါက်ပြီး ခြေလှမ်းကျဲများနှင့်ထွက်သွားလေလျှင်. . .

"ဖယ်စမ်းပါ"

"ဟာ!"

ညချမ်း။ ဖိမ်နဲ့မှိန်းပြီး အသားယူနေတဲ့ သူ့ကိုယ်ကြီးကို ဆောင့်တွန်းလိုက်လေလျှင် ယိုင်ခနဲဖြစ်သွားတာ ခဏပဲဖြစ်ပြီး ညချမ်းလက်မောင်းကို ပြန်ဆွဲထားတာ ခပ်ကြမ်းကြမ်းပါပဲ။

"ဘာဖြစ်တာလဲ"

"ဒီလောက်အသားယူရ တော်ရောပေါ့"

"ဘာ"

"ရှင့်ပထွေးက သွားပြီလေ"

"သူက ငါ့အဖေကို ပထွေးတော်ထားတာ၊ ဖြစ်ချင်းဖြစ်မင်းပထွေးပဲဖြစ်မှာပေါ့။ ပခုံးလေးဖက်တာလောက်နဲ့ သိပ်ကြီးကျယ်မနေနဲ့။ ငါပုံချပေးခဲ့ရတဲ့ငွေကြေးပမာဏကို မြင်ယောင်ကြည့်လိုက်ဦး။ မကွာရှင်းရသေးခင် မင်းကိုငါပိုင်တယ်၊ စိတ်မဝင်စားလို့ စောင့်စည်းနေတာ။ ဝင်စားချင်ရင် အချိန်မရွေး မင်းကိုငါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ပါးစပ်ပိတ်ထားနော်"

"ဟွန်း. . . ဆောင်းညချမ်းမို့လို့ပေပဲ"

"မဟုတ်ရင် ဘာဖြစ်နိုင်သေးလဲ"

"ငါ့ခေါင်းကို မီးနဲ့ရှို့မှာ. . . မင်း"

သူ့စကားအရ ညချမ်း သူ့ခေါင်းကို စိတ်ကူးနှင့်မီးရှို့ကြည့်မိသည်။ မျက်လုံးထဲမှာ မီးရှို့ခံရလို့ ဂဏှားပြောင်ပြောင်နှင့် သူ့မျက်နှာပေါ်လာတော့ သတိလက်လွှတ် ခွီးခနဲရယ်လိုက်မိသည်။

"ဘာရယ်တာလဲ. . . မင်းက"

"ဘယ်မှာရယ်လို့လဲ"

ညချမ်း ပြောင်ငြင်းပစ်လိုက်သည်။

"အမယ်. . . ဒီမျက်စိနဲ့တပ်အပ်မြင်တာတောင် ပြောင်ငြင်းချင်သေးတယ်"

"ရှင့်မျက်စိက ကျောက်မြောင်းက ဟိုဒင်းဖြစ်နေလို့နေမှာပေါ့"

"ဘာ. . . ဆောင်းညချမ်း"

ညချမ်း သူ့ကိုဂရုမစိုက်တော့ဘဲ မီးဖိုချောင်ထဲသို့သာ ခပ်သုတ်သုတ်ဝင်လာခဲ့တော့၏။ ကဲ! ရှင်ဘာတတ်နိုင်သေးလဲ မာယာ။

"တောက်! "

❒❒❒

ရွှေပဒေသာစာပေ

## အခန်း ( ၁၅ )

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

မိုးတိမ် သီချင်းတိုက်ပြီး ထွက်လာစဉ် လက်ခုပ်သံကြောင့် ကြည့်လိုက်တော့ အပြုံးချိုချိုနှင့်ရပ်နေတာ 'မြင့်မြတ်ရတနာ' တေးထုတ်လုပ်ရေးမှ ဦးမြင့်မြတ်ကျော်၏သမီး မြင့်မြတ်ရတနာ(ခေါ်)နှင်းဆီခက်။

"ယူအရမ်းတော်တယ် မိုးတိမ်"

"မနှင်းဆီခက်"

"ယူအောင်မြင်တဲ့အဆိုတော်တစ်ယောက် ဖြစ်ကိုဖြစ်ရမယ်လို့ တို့သေချာပေါက်ပြောရဲတယ်။ သိလား"

"မမြှောက်ပါနဲ့ဗျာ၊ ဒီက နဂိုကတည်းက ခြေထောက်မှာကျောက်ခဲဆွဲထားရမလိုဖြစ်နေတာဗျ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . တို့ကို မုန့်လိုက်ဝယ်ကျွေးရမှာကိုးလို့လား"

မိုးတိမ်ရယ်ရင်း ခေါင်းကုတ်လိုက်ကာ. . .

"ဝယ်တော့ကျွေးချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ ပိုက်ဆံမရှိဘူးဗျ။ ကားခလေးတောင် မနည်းခြစ်ခြစ်ကုပ်ကုပ် ကပ်ထားရတာ"

နှင်းဆီခက် ခပ်လွှင်လွှင်လေး ရယ်လေသည်။ ရိုးသားမှုဆိုတာကို သူမ မိုးတိမ်နဲ့တွေ့မှ မျက်ဝါးထင်ထင်ယုံကြည်လိုက်တာဖြစ်ပြီး မရှိတာကို မရှိတဲ့အတိုင်းပြောတတ်ပြီး၊ မကြွားဝါတတ်တဲ့ စိတ်ဓာတ်ကလေးကိုလည်း လေးစားသည်။ ခုခေတ်မှာ မရှိတာကို အရှိလုပ်ပြီး ဟန်ဆောင်လိမ်ညာခြင်းတွေကြားမှာ ဘယ်ဟာ အတု ဘယ်ဟာအစစ်လည်း ခွဲခြားလို့မရအောင် အငှားပစ္စည်းတွေနဲ့ မာန်တက် ခုတ်နေကြတာ ဒုနဲ့ဒေးပဲမဟုတ်လား။

ကိုယ့်စရိုက်နဲ့မလိုက်တာကိုမှကြိုက်တယ်ပြောပြော၊ သူမ မိုးတိမ်ရဲ့နေထိုင်မှုစရိုက်ကို သဘောကျသည်။ ပြီးတော့ ဖေဖေက ဒီကောင် အောင်မြင်မှာလို့ တစ်ထစ်ချ ဦးနှောက်ပရိုဂရမ်ထဲမှာထည့်ပြီး စီးပွားရေးဈေးကွက်ဝင်အဖြစ် တွက်ချက်ခြင်းခံခဲ့ရသူ။

"မိုးတိမ်"

"ဗျာ"





"တို့နဲ့တစ်ခုခုလိုက်စားလေ"

"ဟို. . . ကျွန်တော့်မှာ"

"ပိုက်ဆံမရှိဘူးလို့ပြောမှာမဟုတ်လား၊ တို့ဝယ်ကျွေးမှာပါ။ လိုက်မှာသာလိုက်ခဲ့"

"အားနာစရာကြီးဗျာ"

"အကြွေးမှတ်ထားလိုက်လေ၊ ယူအောင်မြင်တဲ့နေ့မှာ တို့ကိုအတိုးနဲ့ပြန်ဆပ်ပေါ့"

"ဟို. . . အဲဒါ"

"လိုက်သွားလိုက် မိုးတိမ်၊ စေတနာကိုမငြင်းပယ်ကောင်းဘူးကွ။ မင်းက အခုကတည်းက ကံကောင်းခြင်းလက်ဆောင်တွေနဲ့ စေတနာထားမယ့်သူပေါ်နေပြီ။ ငါ့မှာသာ မျှော်သာမျှော် ပေါ်မလာဆိုတာမျိုး အခုထိ သဒ္ဓါပိုမယ့်သူတစ်ယောက်မှကို မပေါ်သေးတာ"

ကိုထွေးမောင်က လှမ်းစလေသဖြင့် မိုးတိမ်မျက်နှာရဲသွားသည်။ နှင်းဆီခက်မျက်နှာကိုလည်း အားနာသလိုနိုးကြည့်တော့ နှင်းဆီခက်က အရယ်မပျက် ဣန္ဒြေမပျက်။

"ကဲ. . . လာပါ မိုးတိမ်ရယ်၊ လိုက်ခဲ့နော်"

နှင်းဆီခက်ကလည်း ဆွဲခေါ်၊ ကိုထွေးမောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားဟု မျက်စပစ်ပြလေသဖြင့် မိုးတိမ်လိုက်လာခဲ့ရပေမယ့် စိတ်က သိပ်မလုံ၊ သူ့ဘဝမှာ ညချမ်းနဲ့ကလွဲရင် ရွယ်တူမိန်းကလေး တစ်ယောက်နဲ့ ရင်းရင်းနှီးနှီးနေဖူးတာ ဒါပထမဆုံးအကြိမ်ပါပဲ။

"မိုးတိမ်"

"ဗျာ"

"ယူဘာစားမလဲ ကြိုက်တာမှာလေ"

မိုးတိမ် Hotel ထဲကိုဝေ့ဝဲကြည့်လိုက်၏။ ဒီလိုအဆင့်မြင့်တဲ့ Hotel မျိုးကို သူတစ်ခါမှမရောက်ဖူးပေ။

"ဟို. . . ဒီလိုခမ်းနားတဲ့နေရာမျိုးကို ကျွန်တော် တစ်ခါမှ မရောက်ဖူးဘူး။ အစားအသောက်တွေက ဈေးကြီးမှာပဲနော်"

"နောက်ဆို ယူ ဒီလို Hotel မျိုးမှာပဲ စားရတော့မှာ သိလား"

"ဗျာ"

"နာမည်ကြီးအဆိုတော်တစ်ယောက်က လမ်းဘေးဆိုင် မထိုင်သင့်တော့ဘူးလေ မိုးတိမ်ရဲ့"

"ဆောက်ဖြစ်မှ ကျောင်းဒကာပါဗျာ"

"အခုဆောက်ပြီးပြီလေ၊ ရေစက်ချဖို့ပဲ လိုတော့တာ"

နှင်းဆီခက်ရဲ့စကားတွေက မိုးတိမ်ကို အင်အားတွေ စ





ညည်းပေးလိုက်သလိုပါပဲ။ ညချမ်းကိုပြေးပြောချင်လိုက်တာ။ ဘယ်မှာ နေမှန်းမသိလို့ မေးလိုက်တိုင်း အဖြေက ဝေ့လည်ကြောင်ပတ်နှင့် တိတိကျကျရယ်လို့ မသိရပေ။

"မိုးတိမ် ဘာစားမှာလဲ"

"ဟို. . . မနှင်းဆီခက် ကြိုက်တာမှာပေးပါ။ ကျွန်တော် က အစားမရွေးတတ်ပါဘူး"

နှင်းဆီခက်က ခေါင်းညိတ်ပြီး မှာနေသမျှ မိုးတိမ် ငေး ကြည့်နေရင်းပဲ နားထောင်နေသည်။ နှင်းဆီခက်က သူ့ဘက်သို့ ပြန်လှည့်လာပြီး. . .

"မိုးတိမ်ကို တို့ပြောရဦးမယ်"

"မနှင်းဆီခက် ပြောစရာရှိတာပြောလေ"

"တို့ပြောမှာ အဲဒီမနှင်းဆီခက်ဆိုတဲ့ကိစ္စပဲ"

"ဗျာ! ဘာဖြစ်လို့လဲမသိဘူး"

"တို့ကို အဲလိုကြီးမခေါ်ပါနဲ့၊ စိမ်းသလိုပဲ။ ရင်းရင်းနှီးနှီး ခေါ်စေချင်တာ"

မိုးတိမ် ခါးလေးမတ်ပြီး သက်ပြင်းခိုးရှိုက်မိသည်။ ကိုယ့်ဘဝကို သူတို့ကမြှင့်တင်ပေးမှာဆိုတော့ ဒီလောက်တော့ ကိုယ့် ဘက်က လိုက်လျောသင့်သည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ဘယ်လိုခေါ်စေချင်လို့လဲ" '

"သူများတွေခေါ်သလို ခက်လို့ပဲခေါ်လေ"

"ဟုတ်ပါပြီ၊ မနှင်း. . . အဲ! ခက်လို့ ကျွန်တော်ခေါ်ပါ့မယ်"

စားစရာတွေရောက်လာတော့ မိုးတိမ် ရင်ဘတ်တောင်ဖိပြီး ဘုရားတချင်ပါရဲ့။ နှစ်ယောက်တည်းစားဖို့ကိုများ မှာထားလိုက်တာ များတဲ့အပြင်၊ ကိုယ့်ဇာတိဖြစ်တဲ့နယ်မှာဆို အလှူတွေမှာ ဘုန်းကြီးပွဲပြင်ပေးတာ ရှုံးလောက်တဲ့အစားအစာတွေ။ Trader Hotel ဆိုတာကို ရင်းရင်းနှီးနှီးလည်း ကြားဖူးသည်။ ဒီ Hotel က အဆောက်အဦးကြီးပတ်ဝန်းကျင်မှာလည်း သွားလာနေလို့မြင်ခဲ့ရပေမယ့် အထဲကိုတော့ ခုမှရောက်ဖူးတာဖြစ်သည်။

"ရော့! စား. . . မိုးတိမ်"

"ဟုတ်ကဲ့"

ခက်က စားပွဲကိုလှည့်ပြီး မိုးတိမ်ပန်းကန်ထဲသို့ တစ်ခုပြီး တစ်ခုထည့်နေတော့၏။ ဒါတွေစားလို့မကုန်ရင် ထားခဲ့ရမှာ နှမြောစရာကြီး။ မိုးတိမ်တို့ကတော့ လမ်းဘေးမှာ ကြုံရာဆိုင်ဝင်စားလည်း မကုန်ရင် ပါဆယ်နဲ့ထုပ်ခိုင်းပြီး ယူတာပဲလေ။

"မိုးတိမ်နာမည်က မိုးတိမ်ပဲလား"

"ဟုတ်ပါတယ်. . . ဒါနဲ့ ခက်ရဲ့ယ်နာမည်က မြင့်မြတ်





ရတနာဆို"

"အင်း. . . ဟုတ်တယ်လေ"

"အဲဒီနာမည်လေးက လှတာကို ဘာလို့ နှင်းဆီခက်လို့ ပြောင်းပစ်ရတာလဲ"

"မြင့်မြတ်ရတနာဆိုတဲ့နာမည်က တို့စိတ်ထဲမှာ ပျော့တယ် ထင်လို့လေ။ အဲဒါကြောင့် ခပ်ရဲရဲခပ်ကြမ်းကြမ်းနာမည်ကိုရွေးပြီး ပြောင်းလိုက်တာ"

"ဪ"

နှင်းဆီလိုဆူးတွေရှိပြီး ခက်တာကိုမှ ရယူလိုချင်တဲ့သဘောလား။ ညချမ်းနာမည်ကတော့ ဆောင်းညချမ်းတဲ့။ နာမည်က နိုက်နိုက်တုန်အောင် အေးသလောက် လူက မိစ္ဆာတေးလေးကျနေတာပဲ။ ဘာမှန်းမသိ ခက်နဲ့ညချမ်းကိုယှဉ်ကြည့်မိပြီး ပြုံးလိုက်၏။

"ယူက ဘာကိုပြုံးတာလဲ"

"ဪ. . . ကျွန်တော့်သူငယ်ချင်းကို သတိရသွားလို့ပါ"

နှင်းဆီခက်က လိုက်ပြုံးပြီး ဘာမှဆက်မပြောဖြစ်ကြတော့ပေ။ ပြန်လာကြပြီး ကားပေါ်ရောက်တော့၊ မိုးတိမ် မကုန်လို့ထားခဲ့ရတာတွေကို နှမြောတာသရှိရင်း. . .

"ခက် ဘယ်လောက်ရှင်းခဲ့ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သောင်းဂဏန်း"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

တကယ်ဟုတ်မဟုတ်တော့ မိုးတိမ်မသိပေ။ ကြားရတာနှင့်တောင် သက်ပြင်းချ ခေါင်းတခါခါဖြစ်ပြီး. . .

"အဲဒီလိုမှန်းသိရင် မကုန်တာတွေ ပါဆယ်ထုပ်ယူလာခဲ့ပါတယ်ဗျာ။ နမြောစရာကြီးဗျ"

"ဟောတော့"

□□□



BURMESE CLASSIC .com

## အခန်း ( ၁၆ )

"တင်းတောင်! တင်းတောင်!"

လူခေါ်ဘဲလ်သံကြောင့် မာဃ ဂျာနယ်ကိုချထားခဲ့ပြီးလျှင် တံခါးသွားဖွင့်ပေးလိုက်သည်။

"မောင်မာဃ ကျန်းမာတော်မူပါစ"

"မင်းဘိုးအေ နှာတောင်မစေးဘူး"

ရောက်တာနှင့် ထုံးစံအတိုင်း တိုးဝှေ့ဝင်ကြကာ အလုအယက်ထိုင်ကြ၏။ ထိုင်ပြီးမှ မာဃစားထားတဲ့ နေကြာစေ့ခွံ၊ ဆီးထုပ်ခွံတွေကိုကြည့်ပြီး ဗေဒါက နှာခေါင်းရှုံ့သည်။

"ဟာ!"

"ဘာလဲ"

"မင်းကြီးဆိုပုံက တကယ်ညက်ညောပါလား [illegible]ရာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာကြည့်ဦး. . . ပီကေစားပြီး ပေါက်လွှတ်ပစ်ထား ထွေးထားတာ၊ ငါ့လက်နဲ့ထောက်မိတော့ ပေကျံပြီ။ ကျွတ်ကွာ. . . တကယ်စိတ်ပျက်ဖို့ကောင်းတယ်''

ကျော်ထွန်း ခိုညည်းညည်းရင်း လက်ဝါးမှာကပ်နေတဲ့ ပီကေကို ရှုံ့ရှုံ့မဲ့မဲ့ခွာနေသည်။ မာဃက မပြောသည့်လေအလား မကြားလေသည့်နှယ် နောက်ထပ်ပီကေတစ်ခုကို ပါးစပ်ထဲထည့်ဝါးနေသေး၏။ ဗေဒါက ကြမ်းပေါ်မှာ ရှုပ်ပွပြန့်ကျဲနေသော နေကြာစေ့ခွံတွေနှင့် အိတ်ခွံတွေကို ခြေဖျားနှင့်ယက်၍ စုစည်းလေသည်။ ဒီလိုမှမလုပ်ရင် မြင်လို့မှမကောင်းတာ။

ဒါကိုမြင်တဲ့မာဃက. . .

''လုပ်မနေနဲ့ ပြီးရင် ဟိုတစ်ယောက် လာသိမ်းလိမ့်မယ်''

''ဘယ်တစ်ယောက်လဲ''

''ဆောင်းညချမ်း''

''သူမို့လို့ ငါဆို မြွေဝင်ခွေအောင် ထားလိုက်တယ်''

''ပါးစပ်ကပြောပြီး မင်းပဲခြေထောက်နဲ့ ယက်သိမ်းနေတာလေ''

မင်းဦးပြောမှပဲ လှုပ်ရှားနေတဲ့ဗေဒါ့ခြေထောက် ရပ်တန့်သွားသည်။ ခဏကြာတော့ မာဃပြောတဲ့အတိုင်း ဆောင်းညချမ်း





ရောက်လာပြီး. . .

''ဟို. . . စိတ်မရှိပါနဲ့နော်၊ အမှိုက်တွေသိမ်းချင်လို့ ဟိုဘက်ရွှေ့ထိုင်လိုက်ပါလား''

''ဩော်. . . ဟုတ်ကဲ့''

ဗေဒါက နေရာရွှေ့ထိုင်ပေမယ့် မာဃက ခြေထောက်ကိုသာ ရုတ်သိမ်းပေးပြီး ရွှေ့မထိုင်။ ညချမ်း ဘယ်သူ့ကိုမှ မျက်လွှာတစ်ချက်ပင့်မကြည့်ဘဲ သူမလုပ်စရာရှိတာကိုသာ လုပ်နေတာတည်ငြိမ်ပါ့။ သူများတွေလို အကောင်းစားအဝတ်တွေ ဝတ်ထားတာမဟုတ်ဘဲ ချည်လုံချည်ဒူးနားအောက် ကန့်လန့်စင်းလေးနှင့် စပို့ရှပ်ပွပွ ကြဲရည်ရောင်လေးကိုဝတ်ထားတာနှင့်ပင် ဈင်းသန့်နေတဲ့ မိန်းကလေး။

သူများတွေလို ဘာတွေညာတွေ ထွေထွေထူးထူး မလိမ်းခြယ်ဘဲ ဘရုတ်ရှိရာ သနပ်ခါးခပ်ရေးရေးနှင့် ပါးအို့လေးမှာ ပါးကွက်ပါးပါးလေး ကွက်ထားပုံက ချစ်စရာလေးပါ။ ပြည့်ပြည့်ဖောင်းဖောင်းပါးပြင်လေးက ကလေးရုပ်ပေါက်ကာ ပို၍နုနယ်စေလေသည်။ သားသားရဲ့ 'မောင့်ချစ်သူ'သီချင်း ထဆိုလိုက်ရင် မာဃ ဘာဖြစ်သွားနိုင်သလဲ။

''မင်းဦး''



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ချစ်သူ"

"ဘာကွ"

"ဩော် . . . ဟို . . . ငါက စိတ်ထဲမှာ သားသားရဲ့မောင့်ချစ်သူသီချင်းဆိုနေတာကွ။ မင်းကခေါ်လိုက်တော့ ယောင်ပြီးထွက်သွားတာ"

"မင်းအကြောင်းမသိရင်ခက်မယ်"

သူငယ်ချင်းတွေ ဝိုင်းမျက်စောင်းထိုးတော့ မင်းဦးက လည်ပင်းကိုပွတ်၍ ရယ်လေသည်။

"ဆောင်းညချမ်း"

"ဗျာင်"

"အဲဒါတွေထားခဲ့၊ သွားတော့"

"ဒီမှာသိပ်းလို့မပြီးသေးဘူးလေ"

"မိကျောင်းသမီး၊ ခင်ဗျားအဝတ်တွေလျှော်လှန်းဖို့ နေမမီမှာစိုးလို့ ပြောတာ . . . သိလား"

"မီတယ်"

"ဆင်ခြေမပေးနဲ့၊ ပြောရင်ပြောတဲ့အတိုင်းလုပ်"

"ပြီးရော"

ညချမ်း နှုတ်ခမ်းစူကာ သူတို့ရှေ့မှထွက်လာခဲ့တော့၏။



BURMESE CLASSIC .com



သူပဲ သူ့သူငယ်ချင်းတွေမရောက်ခင်လေးက ဒါတွေလာသိမ်းပေးဦးတဲ့။ နုကျတော့ မသိမ်းနဲ့။ အမျိုးမျိုးတတ်နိုင်တဲ့သူ။ ညချမ်းလျှော်ရမည့်အဝတ်တွေကို ခြင်းထဲထည့်ပြီး ပါးစပ်ကလည်း လှုပ်စိလှုပ်စိ။ အသံမထွက်ပေမယ့် မကျေနပ်တာတွေ ရေရွတ်နေတာ အသိသာကြီးပဲလေ။ ဒါပေါ့၊ ညချမ်းက သူ့ဆီကနေ တောင်းဆိုခဲ့တာ အဆမတန်ကိုး။ တန်အောင်တော့ သူနိုင်စားသမျှ ခံရမှာပဲပေါ့။

အင်း . . . ပြောသာပြောရတယ်၊ မိုးတိမ်အတွက် သူအကုန်ခံထားတဲ့ငွေကြေးပမာဏက ညချမ်း ကိုယ့်လုပ်အားနဲ့လိုက်ရှာရင် ငါးနှစ်ရှာရင်တောင် ရပ့်မလားမသိဘူး။ အခုက တစ်နှစ်ပဲ ညချမ်းဒုက္ခခံရမှာလေ။ ဒီလူဘယ်လောက်တောင် ချမ်းသာနေလဲမသိဘူး၊ ပိုက်ဆံသုံးတာများ ညချမ်းတို့ငယ်ငယ်က စက္ကူတွေဖြဲပြီး ဈေးဝယ်တမ်းကစားသလိုပါပဲ။ 'သူတို့များကျတော့ ကံကောင်းလိုက်တာ။ ဒါ ရေးကပြုဖူးတဲ့ကုသိုလ်ကြောင့်ပဲပေါ့။

"မာဃ"

ကျော်ထွန်းခေါ်တော့ မာဃလှည့်ကြည့်သည်။

"မင်း ဦးအောင်သူရနဲ့ ဦးခေတ်လူအကြောင်းစုံစမ်းတာ အခြေအနေဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးအောင်သူရက နိုင်ငံခြားမှာတဲ့၊ ဦးခေတ်လူက မြစ်ကြီးနားမှာ အခြေချနေတာ။ ငါလည်း ဘယ်လိုဆက်သွယ်ရမလဲလို့ စဉ်းစားနေတုန်း ကံကောင်းချင်တော့ ငါမေးမိတာ သူ့သားဖြစ်နေတယ်"

"အဲဒီတော့"

"ငါဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြတော့ သူပြန်လာပြီး ရှင်းပေးမယ်တဲ့"

"တော်သေးတာပေါ့"

"တော်မနေနဲ့၊ မင်းတို့ ငါ့ဆီရောက်မလာတဲ့ရက်ပိုင်းမှာ နိုးရာဇာအောင် လာသွားတယ်"

"ဟေ! "

"ဟုတ်လား"

မာဃခေါင်းညိတ်ပြပြီး စိုးရာဇာအောင်နဲ့ပြောခဲ့သမျှ စကားအကုန်အစင် ဖောက်သည်ချလိုက်သည်။

"အဲဒါဆို မင်းဘယ်လိုလုပ်မလဲ မာဃ"

"လူသိများတဲ့ဒီတိုက်ခန်းကနေ ဒီညနေပဲ ပြောင်းတော့မလို့"

"ရှောင်ပြေးချင်တာလား"





"ဟေ့ကောင်! ကြောက်သွေးပါရင် ဖောက်ထုတ်ပစ်မယ်။ မာဃကွ"

မာဃသမိုင်းမှာ ကြောက်တယ်ဆိုတာမရှိပေ။ သူဦးရင်တွယ်၊ ကိုယ်ဦးရင်လည်း ငှက်ပျောသီးနဲ့နယ်ယူရလောက်အောင် လုပ်ပစ်တတ်သူ။ ထစ်ခနဲဆို သူပဲဒေါသထွက် ရန်ဖြစ်နေလို့ ဝိုင်းထိန်းပေးနေရတာ မဟုတ်ဘူးလား။ ကြက်ခေါင်းဆိတ်မခံတဲ့အကျင့်က မွေးသန္ဓေ၊ သေမှပျောက်မည်ထင်ပါရဲ့။

"ဒီကောင် သူ့အိမ်က သိမှာစိုးလို့ထင်တယ်"

"သေချာတာပေါ့"

"လူကြီးတွေကိုတော့ အလေးထားဖော်ရသားပဲ"

"ဆောင်းညချမ်းနဲ့ငါ့ကို သဘောတူကြမှာမဟုတ်ဘူးလေ။ သူတို့ခွဲရင် ဆောင်းညချမ်းသိက္ခာကျမှာစိုးလို့ ငါ့ဘာသာဖြေရှင်းလိုက်ချင်တာမျိုးပါ"

သူတို့ မာဃကို ဘယ်လိုမှနားမလည်နိုင်ဖြစ်နေကြသည်။ တကယ်ဆို မာဃတို့အိမ်တွင်းရေးအရှုပ်အထွေး ဖြေရှင်းတဲ့နေရာမှာ ဆောင်းညချမ်းမပါလည်း ဖြစ်နေတဲ့ကိစ္စကို၊ မဖြစ်မနေ မိန်းမယူဖို့ဆိုတာ ကိုယ်မလိုချင်ရင် တစ်ယောက်တည်းထွက်သွားလို့ရသည်။ မသွားချင်လို့ ဖန်တီးတယ်ဆိုရင်လည်း အငှားမယား၊ မယားငှား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ဆိုတာ ဒီလောက်ငွေတွေ အဆမတန်ပုံချပေးဖို့မှမလိုတာ။

"မင်းကို ငါနားမလည်တော့ဘူး"

"ဘာကိုလဲ"

"ဆောင်းညချမ်းကိုစွ"

"ငါ့အကြောင်း ငါ့ကိုစွမှန်သမျှ ငါ့ထက်ပိုမသိဘဲ မမေးတာ အကောင်းဆုံးပဲ"

ပြောချလိုက်တာ ဆက်စရာစကားမရှိအောင်ပါပဲ။ သူပြောတဲ့စကားအဓိပ္ပာယ်က ဘာလဲ။ ထပ်မေးရင် နားရင်းများ ထတီးမလားမပြောတတ်။

❐❐❐



BURMESE CLASSIC .com

## အခန်း ( ၁၇ )

"အရင်နေရာမှာ မရှိတော့ဘူးဆိုတော့ ချင့်ချိန်မှုလွန်ကဲပြီး ကျွန်တော်တို့ ခြေတစ်လှမ်းနောက်ကျသွားပြန်ပြီပေါ့"

"ဟုတ်တယ် မောင်မျိုး၊ တို့သိသွားနိုင်တာသိလို့ သူတို့ကိုခွဲမှာစိုးပြီး ရှောင်သွားတာထင်တယ်"

"တွေ့ရင်တော့ ခွဲမှာပဲလေ"

"ဘာ! မောင်မျိုး"

ဒေါ်မိုးမိုးထက် မျက်လုံးပြူးကာ ရှေ့သို့ကိုင်းလိုက်သည်။ ဒီတူလေးတစ်ယောက်ကို သည်းသည်းလှုပ်ချစ်ပြီး ကလေးစိတ်ချမ်းသာမှုကိုတော့ မလိုလားဘူးတဲ့လား။ သူမကတော့ သားတကယ်ချစ်လို့ လက်ထပ်တဲ့မိန်းကလေးဆိုရင် သဘောတူကြည်ဖြူဖို့ ဆုံးဖြတ်ထားတာ။ သူက သဘောမတူနိုင်ဘူးဆိုတော့ ... မချင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ စီးချင်းထိုးရဦးမယ့်ကိန်းပါလား။ ဘာမှမလိုတော့တဲ့ဘဝမှာ သူက ဘာကိုထပ်မက်မောနေချင်သေးတာလဲ။

သားဘဝမှာ လိုအပ်နေတာ ချစ်ခြင်းမေတ္တာ။ လိုအပ်နေတဲ့ကွက်လပ်ကို သူ့ဘာသာ နှလုံးသားကိုအရင်းစိုက်ပြီး ဖြည့်စွက်လာတာကို ဖျက်လိုဖျက်ဆီးလုပ်ရင် နဂိုကမှ ခံမပြော နားမထောင်ရှိဦးမယ်။ ကိုယ်တွေကြမ်းလိုက်မှပဲ ရင်ဝကိုခြေစုန်ကန်ထွက်သွားရင် ဒုက္ခ။

"စိုးရာဇာပြောပုံအရဆို ကောင်မလေးက တော်တော်နွမ်းပါးတဲ့ပုံပဲ"

"မောင်မျိုး"

"ဗျာ"

"နင်နဲ့ငါ အရင် ဖဆပလဖြစ်သွားလိမ့်မယ်နော်"

"မမ ဘာကိုပြောတာလဲ"

"ရွှေပင်နားရင် ရွှေကျေးပဲလေ၊ သခွတ်ပင်နားရင်တော့ လဒဖြစ်မှာပေါ့။ နင်က စိုးရာဇာချပေးတဲ့ ထမင်းကြမ်းခဲကိုပြေးကိုက်စားချင်တာလား။ လည်ချောင်းထဲရောက်တာနဲ့ သေသွားမယ်နော်။ အဲဒါ အဆိပ်. . . သိရဲ့လား"

"မမပြောတာနဲ့ ကျွန်တော် ခွေးဖြစ်ပြီ"





"အေး. . . နင်တစ်ခါတည်းသာ ထအူလိုက်တော့။ လူဆိုရင် စဉ်းစားတတ်တဲ့ဦးနှောက်ရှိရမယ်လေ"

ဦးမျိုးထက် မျက်မှောင်ကြုတ်သွားလေ၏။ သူက သားကို ရွှေပေါ်မြတင်ထားခဲ့တဲ့ကလေးမို့ ပေါက်လွှတ်ပဲစားမိန်းကလေးနဲ့ အဖြစ်မခံနိုင်တာ သဘာဝမကျဘူးလား။ စိတ်ချမ်းသာပြီးရော လွှတ်ထားလို့ သားဘဝနစ်မွန်းသွားရင် မျက်ရည်စက်လက်နဲ့ ရင်ထုဦးမှာ သူပဲလေ။ ကိုယ်ကတော့ မီးကိုကြိုပြီး မလောင်ခင်က တားချင်တာ။ ချမ်းသာတဲ့ယောကျ်ားဆိုလျှင် လိုချင်ကြတာ မြတ်ဘုန်းညီအစ်မကာ သက်သေ။

နေနိုင်စားနိုင် အဆင့်အတန်းမိမိနေနိုင်တာတောင် လောဘသတ်နိုင်ကြလို့လား။ ဆင်းရဲနွမ်းပါးတဲ့မိန်းကလေးဆိုလျှင် ပိုပြီးမျက်စိကျလောက်စရာဖြစ်အောင် ရုပ်က အဆင့်အတန်းမြင့်နေတဲ့မာယာကို နှမြောပိုင်ခွင့်ရှိနေတဲ့သူ၊ တော်ရုံတန်ရုံမိန်းကလေးနဲ့တော့ သဘောမတူနိုင်ပေ။ အားလုံးမကောင်းတာလို့ အများနဲ့ မချိလိုပါဘူး။ အနည်းစုထဲက ထိုသို့သောမိန်းမမျိုးတွေနဲ့ တွေ့ရင်. . .

"ဒီမှာ မောင်မျိုး"

"ဗျာ"

"ပေါ့စေချင်လို့ ကြောာ်ဆေးထိုးမှ အခုန်ပ[illegible]လို့ ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျတာမျိုး ငါအဖြစ်မခံနိုင်ဘူးနော်။ သားလေးစိတ်ချမ်းသာတာကို ပဲ ငါမြင်ချင်တယ်''

''မမကလည်းဗျာ၊ ဟိုမိန်းကလေးကဖြင့် မမြင်ရသေးဘဲ နဲ့ ရင်းပြီးသဘောတူတော့တာပဲ''

''နင်လည်း လေသံကြားရုံနဲ့ မှန်းပြီး ဝါးလုံးတန်းမချည် နဲ့လေ''

''ကျွန်တော်က သားကို အကြီးကြီးမျှော်လင့်ထားတာဗျ''

''နင့်လိုပဲပေါ့ဟယ်၊ ဒါပေမဲ့ မှန်းခြေမပေါက်ရင် ရောက် လာတာလေးကိုပဲ ရွေရည်စိမ်ပြီး ကျေနပ်ပေးနိုင်အောင် စဉ်းစား စမ်းပါ။ မဟုတ်ရင် စေတနာအရာမထင်ဘဲ လိုက်လေပြေးလေ၊ ဝေးလေဖြစ်ရင် စိတ်ဆင်းရဲရမှာ နင်နဲ့ငါ''

ဦးမျိုးထက် သက်ပြင်းရှည်ကြီး ချလိုက်မိတော့၏။ ကိုယ့် မှာ လုပ်ငန်းပေွကိစ္စကတစ်ဖက်၊ အိမ်ပြန်လာလို့ စိတ်ချမ်းသာစရာ လည်းမရှိတော့ တစ်ခါတစ်ခါ နံရံကိုခေါင်းနဲ့ပြေးဆောင့်ချင်စိတ် ပေါက်တော့တာပါပဲ။ ကျေးဇူးရှင်လေးအရွယ်ရောက်လာလို့ ထမ်း ထားရတဲ့ဝန်ထုပ်ကြီးပေါ့သွားအောင် အားကိုးရမလား မှတ်ပါတယ်၊

သူက ငါ့လှေငါထိုး ဘယ်ပဲ့ရောက်ရောက် ဖာတ်ခင်းနေ တော့ ငွေထုပ်ပိုက်ပြီး ပြဿနာပေါင်းစုံလိုက်ရှင်းခဲ့ရတာတွေ နည်း





သလား။ အခုမိန်းမရနေပြီလို့ သတင်းကြားတော့လည်း ဝဲတော့ ကောင်းကင်၊ ကျတော့ ချေးပုံထဲလေ။

''ဟွန်း! နှင်းဆီခက်လိုမိန်းကလေးမျိုးကိုတောင် မကြိုက် ဘူးတဲ့။ ဘယ်လောက်တောင်ချောတဲ့မိန်းမကို ရထားလဲမသိဘူး''

ဦးမျိုးထက် ခပ်မဲ့မဲ့ပြောမိတော့. . .

''ဒါကတော့ ရှမ်းကြိုက်ရင် နွားချောတယ်ဆိုတဲ့စကားရှိ တယ်လေ။ ပြီးတော့ ကိုယ်ထင် ကုတင်ရွှေနန်းဆိုတဲ့စကား''

''တော်ပါတော့ မမရာ၊ အဲဒီမှာ မမသဘောကျသာ လုပ် ပေတော့''

''ဘာလဲ၊ နင်က ခေါင်းရှောင်ချင်တဲ့သဘောလား မောင် မျိုး''

''ခေါင်းလည်းမရှောင်ဘူး၊ သွေးလည်းမကြောင်ဘူး။ ကျွန် တော့်သဘောကျ ပြောခွင့်မရှိတာ ပုစွန်ကြီးလို့ နှစ်ခါလျှောက်ချင် တဲ့မမပဲပြောတော့''

ပြောတော့ဆိုတော့ ဘာမှဆက်မပြောတော့ပေ။ မာဃ အရေးက အသူရာနဲ့သိကြားမင်း စစ်ခင်းတာကို ဝင်ပြီး ဖြန်ဖြေပေး ရတာထက်တောင် ရင်မောစရာကောင်းနေပါသေးလား။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

စင်တာထဲမှာ ဟိုကြည့်ဒီကြည့်နှင့် ကြည့်နေကြသော်လည်း တစ်ခုမှမဝယ်ဖြစ်ကြသေးပေ။ မာဃတစ်ယောက် ညချမ်းနှင့်လိုက်ဖက်မည့်အင်္ကျီတွေ စကတ်တွေ ဖိနပ်ကအစ ဘာပဲပြပြ ညချမ်းက ခေါင်းခါနေသဖြင့် ကြာတော့ စိတ်မရှည်တော့ပေ။ လိုအပ်လို့ ဝယ်ပေးချင်တာကို ခေါင်းချည်းပဲခါနေတော့ ငေါ့ပြီး ကြွပ်ကြွပ်အိတ်သာဝယ်ပြီး ဖင်ဖြတ်ကာ စွပ်ချပေးလိုက်ချင်တော့၏။

"ဒီမှာ"

ညချမ်းက မကြားချင်ယောင်ဆောင်ပြီး ရှေ့ဆက်လျှောက်သွားလေတော့. . .

"ဆောင်းညချမ်း"

"အမေ့!" သ





လက်မောင်းကိုဆောင့်ဆွဲလိုက်တာကြောင့် ညချမ်း ယိုင်ခနဲဖြစ်သွားပြီး သူ့ရင်ခွင်ထဲ ရောက်လုမတတ်ဖြစ်သွားသည်။

"ရှင်ဘယ်လိုဖြစ်နေတာလဲ"

"ဒီမှာ ဆောင်းညချမ်း၊ မင်းကိုငါခေါ်လာတာ လိုအပ်တာတွေ ဝယ်ဖို့နော်။ အခု မင်းကခေါင်းချည်းပဲ ခါနေတော့ ငါဘာလုပ်ရမှာလဲ။ ခြေညောင်းခံလျှောက်ပြီး ပြန်သွားရမှာလား. . . ပြော"

"ပြန်ချင်ပြန်ပေါ့၊ ရှင်ဝယ်ပေးတာဆို ကျွန်မ ဘာမှမလိုချင်ဘူး"

"ဆောင်းညချမ်း"

မာဃအကြည့်က စူးရဲနေသည်။ ဝယ်ပေးသင့်တယ်ထင်လို့ ဝယ်ပေးမှာကို မလိုချင်ဘူးတဲ့။ ဒီလောက်တောင်မလိုအပ်ဘဲ မာနတွေကြီးနေတာ တွေ့ဦးမယ်။ ကိုယ်ကရော မာနမရှိတဲ့ကောင်လား။ မာနဆိုတာ ထားသင့်တဲ့နေရာမှာ ပုဆိန်နဲ့ထုတောင် ရွေ့မပေးဖို့ သူများထက် နှစ်ဆကို ကြိုက်သလောက်ပိုချင်တဲ့ကောင်။ သူမနဲ့ကျမှ ကိုယ့်မာနအရည်ကျိုခံရမလိုဖြစ်တာလောက် ဒေါသဖြစ်စရာကောင်းတာ ဘာရှိသေးလဲ။

"မင်းက နွားလို ထမ်းပိုး ကပ်ချိုးချင်တာလား"

"ဘာရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"သူများအမြင်မှာ မင်းက ငါ့မိန်းမနော်၊ ငါနဲ့ ရှေ့သွား နောက်လိုက်ညီအောင်တော့ ဝတ်တတ်စားတတ်ရမှာ မင်းတာဝန် မဟုတ်ဘူးလား"

"ဒီမှာ ကိုမာယ"

နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး ကြည့်နေပုံက တကယ့်လင် မယားအစစ်သာဆို ချက်ချင်းနားရင်းအုပ်မလားပါပဲ။

"ရှင်ရှေ့ကထွက်သွားတိုင်း ကျွန်မက နောက်ကလိုက်နေ မှာမဟုတ်ဘူး။ အတူတူသွားလာတယ်ဆိုတာ ဒီတစ်ခါပဲ၊ နောက် တစ်ခါမှမရှိနိုင်တာ။ ကျွန်မအတွက် ငွေပိုအကုန်ခံစရာမလိုဘူး"

"ဘာလို့ နောက်တစ်ခါမရှိရမှာလဲ၊ ရှိကိုရှိဦးမှာ။ ငါ့မိန်းမ ဆိုပြီး ဘယ်ပျူမြို့ဟောင်းထဲက ဆွဲထုတ်လာသလဲဆိုတဲ့အကြည့် မျိုးနဲ့ ကြည့်မှာကို ငါမခံနိုင်ဘူး"

"မခံနိုင်ရင် မခေါ်နဲ့ပေါ့"

"မခေါ်လို့မရဘူးလေ၊ မင်း လူမှုရေးနားမလည်ဘူးလား"

"ရှင့်လူမှုရေးကိစ္စ ရှင်ပဲသွားလေ"

"ဟိုက မင်းကိုပါ အပါခေါ်ခဲ့ပါဆိုလို့လေ၊ မင်းကို နေရင်း ထိုင်ရင်း သဒ္ဓါတွေတိုးနေတယ်ထင်လို့လား"

"ဘယ်တော့မှမထင်ဘူး"





"တောက်! "

"အမယ်"

ညချမ်း ရန်တွေ့ဖို့ ဆတ်ခနဲမော့ကြည့်ပြီးမှ စင်တာထဲမှာ ပါလားလို့ သတိရပြီး ဒေါသကိုတံတွေးနှင့် မျှောချကာ မျက်နှာလွှဲ လိုက်၏။ အစကတည်းက သူနဲ့လိုက်ဖက်တာကို ရွေးပါတော့လား။ ဘာမဟုတ်တာကို ပုံကြီးချဲ့ ခုတုံးလုပ်ပြီး၊ အဲ. . . ပြောသာပြောရ မှား၊ သူက မိုးတိမ်ဘဝကို ပြုပြင်ပြောင်းလဲပေးလိုက်တဲ့သူ။ စိတ် လျှော့ ညချမ်းရေ. . . စိတ်လျှော့။ သူ့ဆန်စား ရဲရတော့မှာပေါ့။

"ရော့! မင်းကြိုက်တာဝယ်၊ ငါ့ကို တစ်ပြားမှပြန်မပေးနဲ့။ စင်တာထဲကထွက်တာနဲ့ မင်းလက်ထဲမှာ ပိုက်ဆံတစ်ကျပ်မှ ကျန် နေတာ မမြင်ချင်ဘူး"

ညချမ်းလက်ထဲကို ပိုက်ဆံတွေ အထပ်လိုက်ထည့်ပေး ပြီး ထွက်သွားသောမာယကျောပြင်ကိုကြည့်၍ ညချမ်း စိတ်ရှုပ်သွား သည်။ ညချမ်းနဲ့ပတ်သက်ပြီး သူ့ပိုက်ဆံတွေကုန်လွန်းလို့ ငြင်းတာ ကို နားမလည်ဘူးလား။ ခပ်ချဉ်ချဉ်နဲ့ သူ့မှာပါသမျှမလောက်တဲ့ အပြင် ကားတစ်စီးလုံး ထိုးအပ်ပေးခဲ့ရသည်အထိ ဝယ်ပစ်လိုက်ရ မကောင်းရှိရော့မယ်။

သူဘယ်လောက်ဝေဘင်ချမ်းသာနေလို့ သြ[illegible]ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်မသိပါဘူး။ သူ တစ်နေရာရာကို သွားတော့မယ်ဆိုတာနှင့် အသင့်ရောက်လာတဲ့ကားက Taxi မဟုတ်။ ပြောင်လက်နေတဲ့ကား အကောင်းစားကြီးဖြစ်ပြီး သူကားပေါ်တက်တာနှင့် မောင်းလာတဲ့ သူက ဆင်းကျန်ခဲ့ရတာဖြစ်သည်။ သူများမောင်းတာတောင် ဘဝင် မကျလို့ ကိုယ်တိုင်မောင်းရမှတဲ့။ သူပြန်လာတော့လည်း ပြန်ရောက် ပြီလို့ ဖုန်းဆက်လိုက်တာနှင့် မကြာခင် ကားကိုပြန်လာယူသွားတာ သူများကားငှားစီးတာတော့ မဖြစ်နိုင်။ ကားကို သူဘယ်မှာ အခ ပျောက်ထားတာလဲ။

"ဒီအင်္ကျီလေး ယူနဲ့ဆို အရမ်းလိုက်မှာပဲ"

"တန်ဖိုးကြီးတာတွေ ကျွန်တော့်ကိုဝယ်မပေးပါနဲ့ ခက် ရယ်။ တော်ရုံတန်ရုံလေးဆို ရပါတယ်"

"အို. . . ယူက တော်ရုံတန်ရုံနဲ့ မရတော့ဘူးလေ။ ကိုယ့် ပိုက်ဆံကုန်တာမဟုတ်ဘဲနဲ့ ဘာလို့နှမြောနေတာလဲ"

"ကိုယ့်ပိုက်ဆံမကုန်လို့ အားနာနေတာပေါ့ ခက်ရဲ့"

"လျှာမရှည်နဲ့ မိုးတိမ်၊ တို့ကပေးရင် ယူမှကြိုက်တာ။ သိလား"

"ဟင်"

ယောက်ျားသံကို ကြားဖူးသလိုရှိလို့ ရှေ့ဆက်မတိုးဖြစ်ဘဲ





ရပ်နားထောင်နေခဲ့တာ။ မိုးတိမ်ဆိုတဲ့နာမည်ကြောင့် သေချာပါတယ် ဆိုပြီး ကမန်းကတန်းလှည့်ကြည့်လိုက်တော့ မိုးတိမ်မှ မိုးတိမ်အစစ် ပါပဲ။ ညချမ်းမျက်နှာလေး ဝင်းပသွားကာ. . .

"မိုးတိမ်"

ညချမ်း၊ မိုးတိမ်တို့ရှိရာသို့ ခပ်သွက်သွက်သွားလိုက်ပြီး

"မိုးတိမ်"

"ဟင်"

မိုးတိမ်လှည့်ကြည့်ပြီး ညချမ်းကိုမြင်တော့ အံ့သြမိသလို ပါးစပ်က ပွင့်ဟသွားသည်။ တောင်းမှာအကွပ်၊ လူမှာအဝတ်တဲ့။ အရင်မိုးတိမ်မဟုတ်တော့ဘဲ သူ့ပုံစံက ရှင်းသန့်နေသည်။

"နင်. . . နင် ဈေးလာဝယ်တာလား မိုးတိမ်"

ခက်က ညချမ်းကို မျက်မှောင်ကြုတ်ကြည့်ပြီးမှ မိုးတိမ် မျက်နှာကိုပြန်ကြည့်ကာ မေးဆတ်၍. . .

"သူကဘယ်သူလဲ မိုးတိမ်"

မိုးတိမ် လေးတွဲ့စွာ ခေါင်းခါ၍. . .

"ကျွန်တော် မသိဘူး"

"ဟင်"

ညချမ်းအံ့သြစွာ နောက်သို့ဆုတ်မိ၏။ ကျွန်တော်မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ပြောင်ငြင်းလိုက်ဘာ ဘာသဘောလဲ။ ရွှေနန်းရှင်အပါး ခစားခွင့်ရလို့ ဆီးပင်အောက်က ဆီးသီးကို ဘာဥလဲလို့ မေးချင်တာမျိုးလား။ ဒါမှမဟုတ် အသိဉာဏ်တွေ ချို့ယွင်းသွားတာလား။ ကိုယ့်နားကိုယ် မယုံကြည်နိုင်လောက်အောင် လေစိမ်းတိုက်ပုံက အကိုင်းချိုးရုံမကလို့ အမြစ်ပါပေါ်ပြီး လဲကျလုမတတ် နာကျင်ရပါလား မိုးတိမ်။ ငယ်ငယ်ကတည်းက အရိပ်တစ်ခုကို အတူခိုလာတဲ့ ငယ်ပေါင်းကြီးဖော်ကို မသိဘူးတဲ့။

"လာပါ ခက်ရယ်၊ ဟိုဘက်မှာပဲ သွားကြည့်ကြရအောင်နော်"

"အင်း"

မိုးတိမ်က ခက်လက်ကိုဆွဲခေါ်သွားလေတော့. . .

"မိုးတိမ်"

". . ."

"မိုးတိမ်"

". . ."

"မိုးတိမ်. . . နင်ခဏနေဦး"

ညချမ်းပြေးလိုက်သေးသျှင် နောက်ကတစ်ဦးတစ်ယောက်ဆွဲထားတာ ခံလိုက်ရပြီး. . .





"အင်!"

ညချမ်း မော့ကြည့်လိုက်တော့ မာယာ။

"မိုးတိမ်ဆိုတာ ရွှေလျားခြင်းရဲ့သတ္တိနဲ့ ပျောက်လွယ်ပျက်လွယ် အုံ့မှိုင်းလွယ်တယ် ဆောင်းညချမ်း"

ညချမ်းမျက်ဝန်းမှ မျက်ရည်များ ပြိုက်ခနဲကျလာသည်။ အဆင်မသင့်ရင် ဘဝပျက်သွားနိုင်လောက်အောင် သူ့အတွက် ကိုယ်က ပေးဆပ်ခဲ့တဲ့သူ။ သူအမြင့်ကိုရောက်ဖို့အတွက် လှေကားထောင်ပေးသူကို တံတွေးနဲ့ပြန်ထွေးချတာ ခံလိုက်ရခြင်းပါပဲ။

"ဘာလို့ ငိုနေတာလဲ"

"ဟင့်အင်း"

ညချမ်း မျက်ရည်ကို လက်ခုံနှင့်ပွတ်တိုက်ပစ်လိုက်၏။ နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီးမှ. . .

"ကျွန်မ မငိုပါဘူး"

"တန်မှမတန်တာ၊ မေ့ထားလိုက်"

"ကျွန်မ ဗိုက်ဆာတယ်"

"မင်းအတွက် လိုအပ်တာတွေဝယ်ပြီးရင် တစ်ခုခုစားကြတာပေါ့"

"အင်း. . . ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မာဃ၊ ညချမ်းလက်ကိုဆွဲခေါ်လာခဲ့ပြီး သူကိုယ်တိုင်ပဲ ညချမ်းနှင့်လိုက်ဖက်မည့်အဝတ်တွေ ဝယ်ပေးသည်။ သူရွေးပေးသမျှ ဆိုးသည်ကောင်းသည်မပြောဘဲ စိတ်တွေပျံ့လွင့်နေသည့်ညချမ်း။ ရင်ထဲမှာ ပူလောင်ခြင်းထက် နာကျင်ခြင်းတွေက အတိတ်ဆိုတာကို ပုံဖော်မိလေလေ နောင်တရလေလေပါပဲ။

"ဆောင်းညချမ်း"

"အင်. . . ဟင်"

"ဒီဖိနပ်တော်လား။ စီးကြည့်ပါဦး"

"ဪ. . . အင်း"

ဖိနပ်ငုံ့စီးလိုက်တဲ့ဆောင်းညချမ်းမျက်နှာလေးကို လိုက်ငုံ့ကြည့်ပြီး မာဃ စိတ်မကောင်းပေ။ အားလုံးကို သူမြင်ခဲ့ကြားခဲ့ရသည်မဟုတ်လား။ နှင်းဆီခက်ကိုမြင်လို့ နှုတ်ဆက်မယ်လုပ်ပြီးမှ မိုးတိမ်လို့ခေါ်သံကြားလို့ ညချမ်းနဲ့သူ့အစ်ကိုကြားမှာ သူတို့ကိုဖွဲ့ဖုံးဖိထားတာ တစ်စွန်းတစ်စပေါ်သွားရင်ဆိုပြီး ရပ်ကြည့်နေခဲ့တာ။

ခေါ်ပုံက မိုးတိမ်တဲ့။

ကျွန်တော်မသိဘူးဆိုတဲ့စကားနဲ့ ဆက်စပ်ကြည့်တော့ ဆောင်းညချမ်းနဲ့ မိုးတိမ် မောင်နှမအရင်းမဟုတ်နိုင်တာ အထင်အရှားပါပဲ။ အစ်ကိုလုပ်သူက ကိုယ့်ညီမကို ဒီလိုပစ်ပစ်ခါခါ





ဆက်ဆံမတဲ့လား။ ငါနားလည်လိုက်ပြီ ဆောင်းညချမ်း။ မင်း သူ့အတွက် ပေးဆပ်လိုက်ရတာတွေ မတန်ပါလားကွာ။ ငါသာ ယုတ်မာတတ်တဲ့ယောက်ျားတစ်ယောက်ဆိုရင် မင်းဘဝ နွံနစ်ပြီပေါ့။

"ကိုမာဃ"

"ဟင်"

"ဖိနပ်ယူမှာလား"

"အင်း. . . မင်းနဲ့တော်ရဲ့လား"

"တော်တယ်လေ မောင်လေးရဲ့၊ ညီမလေးခြေထောက်ကလေးနဲ့ အရမ်းလိုက်တာပဲ"

"ဘယ်လောက်လဲမသိဘူး"

"ခုနစ်သောင်းပါ"

"ဟင်! ခုနစ်. . ."

မာဃ သူ့လက်နှင့် ညချမ်းပါးစပ်ကို လှမ်းပိတ်လိုက်၏။ များလှချည်လားလို့ ထွက်လာမှာစိုးလို့ ပိုက်ဆံကို ကမန်းကတန်းရှေပေးခဲ့ပြီး ဆွဲခေါ်လာခဲ့သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

ညချမ်း. . .

မာဃအခန်းထဲကို ဝင်ရှင်းပေးရင်း အိပ်ရာခေါင်းရင်းမှာ ထောင်ထားတဲ့ဂစ်တာကိုမြင်လိုက်ရသဖြင့် လှမ်းယူလိုက်သည်။ မိုးတိမ်နဲ့အတူတူ ကြီးပြင်းလာခဲ့တဲ့ညချမ်း၊ မိုးတိမ်သင်ပေးထားလို့ ဂစ်တာတီးတတ်တာ သီချင်းဆိုတတ်တာ မဆန်းပေ။ ရင်ထဲမှာ မွန်းကျပ်နေသလိုရှိတာကြောင့် ဂစ်တာတီးပြီး သီချင်းဆိုလိုက်ရရင် ပေါ့သွားမလားလို့တွေးကာ အပြင်သို့ထွက်လာခဲ့၏။

ဆိုဖာပေါ်မှာထိုင်ချပြီး ဂစ်တာကိုပိုက်လိုက်သည်။ သွယ်လျတဲ့လက်ချောင်းကလေးတွေ ဂစ်တာကြိုးတွေပေါ်မှာ ထိခတ်ဆော့ကစားပြီးနောက်. . .





*'မင်းနဲ့ပတ်သက်ရင် နှလုံးသားက စေလိုရာစေပါကွယ် ခွဲလမ်းမိတာ ငါ့အမှားများလားx x x အရာရာကို ခေါင်းညိတ်မိပြီ x x x အရှုံးနဲ့ထားခဲ့တာတောင် မင်းဘက်က ငါမြင်နေတာ အမှန်ပါကွယ်x x x အဲဒီလောက်ချစ်တဲ့နှလုံးသားက ငိုနေသံကို မင်းကြားသင့်တယ်x x x*

*စေလိုရာစေပါကွယ်x x x ငါ့နှလုံးသားလေး မင်းယူဦးမလားx x x စေလိုရာစေပါကွယ်x x x ငါဟာ ပေးဆပ်မယ့်သူx x x*

မာဃ ရေချိုးခန်းမှထွက်လာစဥ် သီချင်းသံသဲ့သဲ့ကြားလိုက်ရသဖြင့် ကိုယ့်အခန်းထဲ ကမန်းကတန်းဝင်ပြီး အဝတ်လဲကာ ထွက်လာခဲ့တော့၏။

"ဟင်! "

ဂစ်တာပိုက်ပြီး သီချင်းဆိုနေတာ ဆောင်းညချမ်းကို။ ဂစ်တာသမားနဲ့ပေါင်းမိတော့ ဒီလိုဖြစ်တော့မှာပေါ့။ သူများကိုတော့ အဆိုတော်ဖြစ်စေချင်ပြီး သူက ဘာလို့မဖြစ်ချင်ရတာလဲ၊ မျက်လုံးမှိတ်ပြီး မှဒ်အပြည့်နဲ့ဆိုနေတာ မာဃဝင်လာတာကိုလည်းမမြင်။

*'မင်းရဲ့ရှေ့မျောက်မှာ ဒူးထောက်လို့ ငိုနေတာကို မြင်မြင်တာလားx x x အသည်းလေးကွဲသွားပါစေ မင်းစိတ်က လိုနေ*



www.burmeseclassic.com

www.burmeseclassic.com



တာကို ပေးအပ်ခဲ့သူ× × ×

ငါ့ရဲ့နှလုံးသားကို လမ်းခင်းလို့ အပြင်လူရင်မှာ ပျော်နေပါ× × × ဖြည့်ဆည်းခွင့်ရခဲ့ရင်× × × ငါ့ဘက်က အရာရာပေးအပ်မယ့်သူ× × ×

စေလိုရာစေပါကွယ်× × × ငါ့နှလုံးသားလေး မင်းယူဦးမလား× × × စေလိုရာစေပါကွယ်× × × ငါဟာ ပေးဆပ်မယ့်သူ× × ×

(သိပ်ချစ်ခဲ့တာတောင် ငါ့အတွက် မင်းလေး စိတ်ပျော်ဖို့အတွက် အရှုံးပေးလို့နေပါတယ်× × × ရှုံးနိမ့်ခြင်းကို ငါကခွင့်လွှတ်နားလည်ရင်း အကြင်နာတွေ ပြန်မရခဲ့လည်း)၂ ငါပေးဆပ်မယ်× × ×

စေလိုရာစေပါကွယ်× × × ငါ့နှလုံးသားလေး မင်းယူဦးမလား× × × စေလိုရာစေပါကွယ်× × × ငါဟာ ပေးဆပ်မယ့်သူ× × ×

(သိပ်ချစ်ခဲ့တာတောင် ငါ့အတွက် မင်းလေး စိတ်ပျော်ဖို့အတွက် အရှုံးပေးလို့နေပါတယ်× × × ရှုံးနိမ့်ခြင်းကို ငါကခွင့်လွှတ်နားလည်ရင်း အကြင်နာတွေ ပြန်မရခဲ့လည်း)၂ ငါပေးဆပ်မယ်× × ×





သီချင်းလေးဆုံးသွားသည့်တိုင် ညချမ်းမျက်လုံးတွေကပွင့်မလာသေးပေ။ သက်ပြင်းရှိုက်ခြင်းနှင့်အတူ မျက်ရည်တွေ လိမ့်ဆင်းလာတာကိုလည်း မာယာမြင်၏။ မြင်ဆို ညချမ်းမျက်နှာကို သူစိုက်ကြည့်နေတာကိုး။ အတန်ကြာတော့ ညချမ်းမျက်လုံးလေးတွေ ဖွင့်ကြည့်လာစဉ်. . .

"ဟင်"

"အင်"

ညချမ်း သူ့မျက်နှာကို နီးနီးကပ်ကပ်မြင်လိုက်ရတော့ မျက်ရည်ကို ကပျာကသီသုတ်ပြီး. . .

"ဘာလဲ. . . ရှင်က သူများမျက်ရည်ကျတာကိုကြည့်ပြီး ပျော်ချင်လို့လား"

"ကျိုင်ပဲ"

"မကျိုင်နဲ့လေ၊ ရောက်လာတာ ဘာလို့အသံမပေးရတာလဲ"

"မင်းသီချင်းဆိုနေတာ အရသာပျက်မှာစိုးလို့လေ"

"အဲဒါ သူနိုးပဲ"

"ဘာ"

"အမြင်အာရုံရော အကြားအာရုံရောနိုးတာ ရှင်က သူနိုး



www.burmeseclassic.com

www.burmeseclassic.com



ပဲပေါ့"

"မင်း ငါ့ကိုမစော်ကားနဲ့နော်"

"မဟုတ်လို့လား"

"ဟုတ်တယ်ဆိုလည်း မင်းလက်ဆုပ်လက်ကိုင်ဖမ်းပြီး ငါ့ကိုနိုးမှုပုဒ်မတပ်ပြီး ထောင်ချလို့မရပါဘူး။ မင်းကမှ လက်ဆုပ်လက်ကိုင်ပြလို့ရတဲ့ သူခိုးမ"

"ဘာရှင့်"

"မင်း ငါ့ခွင့်ပြုချက်မရဘဲ ငါ့ဂစ်တာကိုခိုးတာလေ"

ညချမ်း ဂစ်တာကိုငုံ့ကြည့်ပြီး ဘာမှပြန်မပြောနိုင်။ မာဃက ပခုံးတွန့်ကာ ပြုံးလိုက်ပြီး. . .

"အဟွန်း. . . ပြောတော့ မောင်နှမ မောင်နှမနဲ့ ဘဂ်လား မောင်နှမမှန်း ခုမှသိရတယ်"

"ရှင် မစော်ကားနဲ့နော်"

ညချမ်း ဒေါသထွက်ကာ ထရပ်လိုက်တော့ ခေါင်းပိုငုံ့လိုက်တဲ့သူ့မျက်နှာနှင့် ပါးချင်းပွတ်သွားသည်။ ညချမ်း သူမပါးပြင်လေးကိုပွတ်လိုက်တော့ မာဃ မချိုမချဉ်ပြုံးကာ ခါးမတ်လိုက်၏။

"မျက်ရည်တွေ နှမြောစရာကောင်းလိုက်တာ"

"အဲဒါ ရှင်နဲ့ဘာဆိုင်လဲ"





"ဆိုင်တယ်လေ"

ညချမ်းမျက်မှောင်ကြုတ်ကြည့်တော့ မာဃ သူ့ကိုယ်သူ လက်မကော့ထောင်ပြီး ရင်ဘတ်ကိုပြန်ထောက်ကာ. . .

"ငါက မင်းယောကျ်ား"

"အစစ်မဟုတ်ပါဘူး"

"စစ်တာတုတာ ငါ့အပေါ်မှာ မူတည်တယ်"

"ဟင်! "

မာဃက သူမပခုံးနှစ်ဖက်ကိုဆုပ်ကိုင်လိုက်သဖြင့် ညချမ်းမျက်လုံးပြူးရပြီ။ ဒီလူ တစ်ဖွတ်ထိုးသမား။ ကိုယ်က သူ့လက်ခုပ်ထဲကရေဆိုပေမယ့် ယုံကြည်မှုကိုအလွဲသုံးစားလုပ်ရင်တော့ အရှက်ကို အသက်နဲ့လဲဖို့ဝန်မလေးခြင်းက မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာအတွက်။ အချစ်ကိုနမ်းလို့ ပန်းဆိပ်သင့်တာမျိုးအဖြစ်မခံနိုင်။ မိုးတိမ်ကိုချစ်မိလို့ ပေးဆပ်ရတဲ့အထဲမှာ၊ ဘဝတော့ အဆုံးမခံနိုင်တာ မိန်းမတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့မာန။

မာဃရဲ့ခေါင်းက ငုံ့ကျလာပြီး ညချမ်းမျက်နှာနှင့်နီးလာတော့ ညချမ်း အသက်ကိုအောင့်ထားမိကာ. . .

"လူယုတ်မာ"

ညချမ်း သူ့ကိုယ်ကြီးကိုတွန်းထုတ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ."

"ဟာ"

"ဖြန်း! "

မာဃပါးတစ်ဖက် မီးပွင့်သွား၏။ ထင်မှတ်မထားသောကြောင့် ရှောင်တိမ်းချိန်မရလိုက်ပေ။ အံ့သြခြင်းကနေ ဒေါသအဖြစ်ရပ်တည်မှုနှင့် ရင်ထဲမှာ ဖောင်းကြွကုန်တာ ဘာတွေမှန်းမသိ။ ဒီလိုမျိုး သူ့ရာဇဝင်မှာရှိခဲ့ဖူးလို့လား။ သူများပါးရိုက်တာခံရလို့ ပါးပွတ်ကျန်ခဲ့ရတာ လူပျော့လူညံ့။ လူလူချင်းအတူတူ သူတစ်ချက် ကိုယ်တစ်ချက်ပေါ့လို့ ပြောခဲ့တဲ့မာဃ။

ရည်းစားတွေများခဲ့ဖူးတာ မှန်သည်။ ဘယ်မိန်းကလေးပါးပြင်ကိုမှ သူမနမ်းခဲ့ဖူးသလို သူ့ပါးကိုနမ်းဖို့တောင်းဆိုလာရင်လည်း ခွင့်မပြုခဲ့သူ။

အခု ဦးဦးဖျားဖျား လက်ဝါးတစ်ချက်ကို သေရာအထိ မှတ်ယူသွားဖို့နဲ့ သူ့ရဲ့တုန့်ပြန်လိုမှုက. . .

"မင်း"

"အဲဒါမှတ်ထား၊ အစွယ်ထွက်တိုင်း ကျားမဟုတ်သလို ရေငုပ်တိုင်းလည်း ဖားမဟုတ်ဘူး မာဃ။ ကျွန်မအရှက်နဲ့ ဂုဏ်သိက္ခာအတွက် ရှင့်ရဲ့ငွေကြေးပမာဏတွေကို တစ်သက်လုံး ကျွန်မ





ပြီး ဆပ်သွားမယ်။ ဒါမျိုးတော့မရဘူး"

"ဆောင်းညချမ်း"

မာဃ အံကြိတ်တာကိုမြင်ပြီး ဂရုမစိုက်သလို မျက်နှာလွှဲလိုက်သည်။

"မင်း ငါ့သိက္ခာကိုစော်ကားတဲ့မိန်းမ"

"တန်ရာကိုပြန်ပေးတော့ မလိုချင်ဘူးလား"

"ငါ့ရဲ့တုန့်ပြန်မှုက ဘယ်လိုလဲဆိုတာ မင်းခံစားကြည့်လိုက်ဦး"

"ရှင်. . ."

ညချမ်းနောက်ဆုတ်လိုက်ပေမယ့် ခြေထောက်က နောက်မရောက်ဘဲ တစ်ကိုယ်လုံး သူ့လက်ထဲမှာ အရုပ်ကလေးတစ်ရုပ်လိုပါသွားပြီး ထွေးခနဲရောက်သွားတာက သူ့ရင်ခွင်။ ဘယ်လိုမှ ရုန်းလို့မရအောင် ဖိချုပ်ထားပြီး သူ့ဒေါသရဲ့ပေါက်ကွဲမှုက အနမ်းတွေ။ ဒေါသအလျောက် ခြေခေါက်သွားတဲ့ ညချမ်းရဲ့အပြုအမူအတွက် နောင်တရခြင်းက နောင်မှာတပြီး ငိုကြွေးဖို့ဖြစ်နေပြီလား။

ညချမ်း ခွန်အားရှိသလောက် ရုန်းနေပေမယ့် အချည်းနှီးသာ။ အကြင်နာမပါတဲ့အနမ်းကြမ်းတွေက မျက်နှာတစ်ပြင်လုံး ပျံ့နှံ့နေအောင် နေရာစိတ်စိတ်နှင့် ထင်တိုင်းကြဲနေတာ ရ[illegible]ပြည့်။



www.burmeseclassic.com

www.burmeseclassic.com



ညချမ်း သူ့ရင်ဘတ်ကို လက်သည်းနှင့်ကုတ်မိကုတ်ရာ ဖိကုတ်လိုက်တော့ မျက်နှာချင်းကွာဟသွားသည့် တဒင်္ဂလေးကို အသုံးချပြီး မထူးစိတ်ပိုက်၍သာ. . .

"အား. . ."

လက်မောင်းကိုငုံ့ကိုက်လိုက်တော့ ညည်းသံထွက်လာပြီး လျှင်. . .

"ငါ့ကိုစိတ်ရိုင်းဝင်အောင် လုပ်နေတာ. . . မင်း"

"ရှင်လွှတ်နော်"

"စိတ်ချ! လွှတ်မှာ၊ မင်း ငါ့မိန်းမတကယ်ဖြစ်ပြီးမှ"

"ရှင် မယူတ်မာနဲ့နော်. . . လွှတ်"

"ငါ့ကိုနာကျင်အောင်လုပ်တာ မင်း၊ တစ်သက်လုံး မင်းပြန်ပြီးနာကျင်စေရမယ်"

"ဟင့်အင်း"

မာဃ သူမကိုယ်လေးကို ဇွေ့ခနဲပွေ့ချီကာ သူ့အခန်းထဲသို့ခေါ်လာခဲ့၏။ ယေဘုယျအားဖြင့် မာဃဆိုတာ မိုက်ရိုင်းသည် ရှိသော်လည်း လူယုတ်မာမဟုတ်ပေ။ ဒါကို သူ့သိက္ခာအစော်ကားခံလိုက်ရခြင်းအတွက် စိရင်ဆုံးဖြတ်မှုက. . .

"ကိုမာဃ. . . ကျွန်မတောင်းပန်ပါတယ်ရှင်"





"ခုမှမတောင်းပန်နဲ့၊ လေကုန်တယ်"

"ချပေးပါ၊ ကျွန်မကို ခုအောက်ချပေး"

"ကဲ. . ."

"အမယ်လေး!"

ညချမ်းကိုပစ်ချလိုက်တာ မွေ့ရာပေါ်ကို။ ညချမ်းလူးလဲထပေမယ့် သူက ပခုံးနှစ်ဖက်ကို လျှင်မြန်စွာဖိချုပ်ထားလျက်. . .

"မင်းဘာတတ်နိုင်သေးလဲ"

"ရှင်. . . လူယုတ်မာ"

"မင်းကြောင့် ယုတ်မာဖို့ဖြစ်လာတာ"

ညချမ်း ကိုက်ဆွဲလိုက်တဲ့ဒဏ်ရာက ထွက်လာသောသွေးတို့သည် သူ့လက်မောင်းမှတစ်ဆင့် ညချမ်းရင်ဘတ်သို့ ကျလာ၏။ ဒါကို နှစ်ယောက်စလုံး သတိမထားမိကြပေ။ ညချမ်း ဟီးခနဲငိုလေတော့. . .

"မင်းသိထားဖို့က မာဃ ကမ်းကုန်အောင် မိုက်ချင်မိုက်မယ်၊ ဘယ်တော့မှ မယုတ်မာဘူး. . . သိလား"

"ဟင်!"

"ဒီတစ်ခါ ရှိပစေ၊ နောက်တစ်ခါ ငါ့အသားကို နာကျင်အောင်လုပ်ရင် မယုတ်မာချင်လည်း မျက်စိမှိတ်ပြီး ယုတ်မာပြမယ်။



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား''

မာဃလွှတ်ပေးတာနှင့် ညချမ်း အတင်းကျုံးထလိုက်၏။ တော်ပါသေးရဲ့လို့ ရင်ဘတ်ဖိပြီး သူ့အခန်းထဲက ပြေးထွက်ခဲ့တော့သည်။

''တောက်! ''

◻◻◻



## အခန်း ( ၂၀ )

''ဟား. . . ဟား. . . ဟား''

သူငယ်ချင်းတွေ ရယ်တော့၊ မာဃ မျက်ထောင့်နီကြီးနှင့် ကြည့်လေသည်။ မင်းလက်ဘာဖြစ်တာလဲလို့ စမေးတုန်းက 'ခွေး ကိုက်တာ' လို့ဖြေတာကိုလည်း၊ စိုးရိမ်ရကောင်းမှန်းမသိဘဲ ရယ်ကြ တာ၊ နာနေတဲ့လူကိုမှ အားမနာ။ အကျိုးအကြောင်းပြောပြတော့ ပိုဆိုးတာပေါ့။

''ဒီမှာနာရတဲ့အထဲ မင်းတို့က ဘာရယ်တာလဲ''

''ရယ်ဖို့ကောင်းလို့ ရယ်တာလေကွာ''

''မင်းက ဟိုသီချင်းလိုဖြစ်နေတာ မာဃရ''

''ဘယ်သီချင်းလဲ၊ နည်းနည်းလောက် ဟဲလိုကြည့်မိမ်းပါ ပေဒါရာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာလေ၊ မင်းပေးတဲ့အချစ်ဒဏ်ရာ ကိုယ့်ရင်မှာ ခိုင်မြဲနေတာ၊ ကုသစရာဆေးလည်းမရှိတော့ပါ ဆိုတာလေ"

"အေး. . . ဟုတ်တယ်. . . ဟုတ်တယ်"

"ဘာဟုတ်တာလဲ၊ ဒါအချစ်ဒဏ်ရာမဟုတ်ဘူးကွ။ သူက မပေါ်သလေို အမာရွတ်စမ်းပြီး သတိရခံချင်လို့လုပ်တာ"

မာဃက နာကျင်တဲ့ဝေဒနာကို ခံစားနေရသူဆိုတော့ မကျေညက်နိုင်ဘဲ ပြောနေတာကိုပဲ တောင်ရှည်မပြီး ဟာသလုပ်နေတဲ့လူရွှင်တော်မှတ်နေကြသလား မပြောတတ်။ ဆေးခန်းသွားပြတော့လည်း သူ့မှာ ဆရာဝန်မေးပြီးရယ်တာကို ခံရတဲ့အဖြစ်။ 'ဘာဖြစ်တာလဲ' မေးတော့ ခွေးကိုက်တာလို့ပဲဖြေခဲ့တာလေ။ ခွေးက လက်မောင်းကိုကိုက်တာလားလို့မေးပြီး ရယ်တော့တာပါပဲ။ ပြီးမှ. . .

'ခွေးသွားရာနဲ့ လူသွားရာတော့ ငါခွဲခြားတတ်ပါတယ်ကွာ။ မညာနဲ့. . . အမှန်အတိုင်းပြောပါ' ဆိုတော့ 'ကျွန်တော့်မိန်းမကိုက်ခဲ့တာပါ' လို့ဖြေရပြန်ရော။ အဲဒီတော့မှ ပိုရယ်တာလေ။ ပြောသေးတယ်၊ 'မင်းမိန်းမ အချစ်စမ်းတာ ကြမ်းလှချည်လား၊ သည်းခံလိုက်ပါကွာ၊ ရန်ဖြစ်ပြီးပြန်ချစ်ရင် မူလထက်ပိုတယ်' တဲ့။

"မာဃ"

"ဘာလဲ"





"လက်သည်းနဲ့ကုတ်တဲ့ဒဏ်ရာက ဘယ်မှာ"

"ဘယ်ဘက်ရင်အုံမှာပါဆို"

"အဲဒါ မင်းကိုတံဆိပ်ရိုက်ပေးတာကွ"

"ဘာ"

"အချစ်တံဆိပ်ရိုက်ပေးတာကွ၊ အချစ်တံဆိပ်. . . ဟားဟား. . . ဟား"

"တော်ကြစမ်းပါကွာ"

တဝါးဝါးတဟားဟားရယ်သံတွေကြောင့် ညချမ်း ကိုယ့်ဘာသာပဲ အပြင်ထွက်နေတာကောင်းတယ်ဟုတွေးကာ ထွက်လာခဲ့တော့ သူ့ကိုမြင်တော့ အသံတွေတိတ်ကျသွားသည်။ ပြုံးစိစိမျက်နှာတွေကို မျက်စောင်းထိုးပြီး ကျောခိုင်းလိုက်တာနှင့်. . .

"ငါမြင်ယောင်ပါသေးတယ်"

"ဘာကိုလဲ မင်းဦး"

"ဒီကောင်မာဃ သွားလေသူကြီးလက်သံနဲ့တူလိုက်တာဆိုတာမျိုးဖြစ်မှာကိုလေ"

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ဒီလိုကွ"

ကျော်ထွန်းက နားမလည်သလိုမေးလေသဖြင့် မင်းဦးက



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်ကို သူ့ယောက်ျားက အရမ်းနှိပ်စက်တာတဲ့ကွ။ နေ့ တဘုန်းဘုန်း. . . ညတအုန်းအုန်းပေါ့ကွာ"

"နေ့နဲ့ည နှိပ်စက်သံချင်း မတူဘူးနော်"

"ဟော့ကောင်"

"လက်ဝါးနဲ့ရိုက်သံနဲ့ တုတ်နဲ့ရိုက်သံ၊ နပန်းလုံးတဲ့အသံ ကွာတာကိုပြောတာပါ"

ကျော်ထွန်းက ဗေဒါကိုလက်သီးဆုပ်ပြသည်။ သူများပြောတာကို ဖျက်လိုဖျက်ဆီးလုပ်ရမလားလို့ မင်းဦးကလည်း မျက်စောင်းထိုး၏။ မာဃကတော့ လက်မောင်းကဒဏ်ရာကို ပတ်တီးဖြည့်ပြီးလို့ ပြန်စည်းနေကာ၊ ပြောချင်ရာပြောကြလို့ ဂရုမစိုက်တာမျိုး။

"အဲဒီတော့ ဘာဖြစ်လဲ၊ ဆက်ပြော. . . မင်းဦး"

ကျော်ထွန်းမေးတော့မှ မင်းဦးက ဆက်ပြောသည်။

"ဘာဖြစ်ရမှာလဲ၊ အဲဒီလောက်နှိပ်စက်တဲ့ယောက်ျားက နောက်တော့ သေရော"

"ဟာ. . . နှိပ်စက်ခံရတဲ့သူက မသေဘဲ နှိပ်စက်တဲ့သူက သေရောလားကွ"

"သေချင်တဲ့သူ သေတာကွာ၊ မင်းတို့ဖြတ်ပြောနေတာနဲ့ လိုရင်းကိုမရောက်နိုင်ဘူး"





"ဆက်ပြော. . . ဆက်ပြော"

"သူ့လင်သေပြီးတော့ မိန်းမက သူ့လင်ကိုလွမ်းရင်းဆွေးရင်းနဲ့ အုန်းပင်အောက်မှာ ထင်းပိုင်းနေသတဲ့။ အဲဒီအချိန်မှာ အုန်းသီးက သူ့ကျောကုန်းပေါ်ကိုလည်း ပြုတ်ကျရော"

"လဲကျသွားရောလား"

"ဒီလောက်အမြင့်ကြီးက ပြုတ်ကျတာ သတိလစ်တာတွေဘာတွေ ဖြစ်မှာပေါ့"

"ဘယ်ကလာ. . . လဲလည်းမကျဘူး၊ သတိလည်းမလစ်ဘူးမောင်။ ဘာပြောကောင်းမလဲ၊ သွားလေသူကြီးလက်သံနဲ့ တူလိုက်တာဆိုပြီး ငိုချင်းရှည်ချတော့တာပဲတဲ့ကွာ"

"ဟား. . . ဟား. . . ဟား"

ကျန်တဲ့လူတွေ မျက်စိပေါက်မပွင့်အောင် ရယ်နေကြပေမယ့် မာဃက ပြုံးရုံသာ။ မင်းဦးပြောသလို သူကဖြစ်စရာလား။ နှိုင်းနှိုင်းပြတာကိုသဘောကျပေမယ့် ဆောင်းညချမ်းက တကယ်ကိုယ့်မိန်းမမှမဟုတ်တာ။ ဒဏ်ရာကြည့်ပြီး လွမ်းနေရအောင်လည်း အလုပ်သဘောကလွှဲလျှင် သူနဲ့ကိုယ် ငြိလောက်အောင်မှ ရင်းရင်းနှီးနှီးမနေခဲ့တာ။

"မင်းပြောတာ ဖြစ်နိုင်တယ် မင်းဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မာယကိုမြင်ယောင်ပါသေးတယ် ဆိုတာလေ"

"အေး. . . အပေါ့"

"ဘာမှမမြင်ယောင်နဲ့. . . မင်းတို့ပြောသလို ဖြစ်လာစရာအကြောင်းကိုမရှိတာ"

"အာမခံမရဲနဲ့နော် မာယ၊ ကိုယ့်ဒူးတောင် အခန့်မသင့်ရင် ကျိုးကျတယ်ကွ"

"ရဲတယ်ကွာ၊ ပုံစံကိုကြည့်ဦး။ တစ်နေကုန်ထိုင်ကြည့်၊ ငွေမ်းလောက်စရာ တစ်စက်မှမရှိတာ"

ဒါက သူ့အမြင်ကိုးလို့ပြောချင်သည်။ မိန်းကလေးတွေရဲ့အလှကို အရုပ်မျက်နှာနဲ့ ပန်းမျက်နှာလို့ ခွဲခြားထားကြတာ မာယ မသိဘူးတဲ့လား။ မာယကြိုက်ဖူးတဲ့ရည်းစားတွေက အရုပ်မျက်နှာတွေလေ။ ဆောင်းညချမ်းက ပန်းမျက်နှာ။ ဘာအကူအကယ်မှမယူဘဲ သဘာဝအလှတရားကို ရှင်မတောင်သနပ်ခါးလေးနှင့်ပဲ ဖွံ့ဖွံ့ဖိဖိရှိနေတာ သူ့မျက်လုံးက မမြင်တတ်ဘူးတဲ့လား။

"တစ်နေကုန်မပြောနဲ့၊ မင်းတစ်နာရီပြည့်အောင်တောင် တစိမ့်စိမ့်ထိုင်ကြည့်ဖူးလို့လား မာယ"

"ကြည့်စရာအကြောင်းမှမရှိတာ"





ဗေဒါက မာယပေါင်ကို ဖျတ်ခနဲပုတ်ပြီးပြောလေသည်။ ကိုယ့်သူငယ်ချင်းတွေအားလုံး ဆောင်းညချမ်းကိုချီးမွမ်းသလို ပြောနေကြတာ ဘယ်လိုပါဝါအားကောင်းတဲ့မျက်လုံးတွေနဲ့ ကြည့်ပြီးတော့လဲ။

"ဆောင်းညချမ်းက တစိမ့်စိမ့်ကြည့်မှ ငြိမ့်ငြိမ့်ကလေးအသည်းထဲထိ စီးဝင်သွားအောင် ချစ်ဖို့ကောင်းတဲ့အကြည့်ခံအလှကွ"

"ကျော်ထွန်းပြောတာ မှန်တယ်မာယ၊ အချို့ ဖျတ်ခနဲကြည့်လိုက်တာနဲ့ လှပ်ခနဲရင်ထဲမှာဖြစ်သွားအောင် လှတယ်။ သေသေချာချာစိုက်ကြည့်တော့ ဘာတွေအပြစ်ပေါ်လာမှန်းကို မသိတော့တာ"

"မင်းတို့ ဒီနေ့ ဆောင်းညချမ်းတရားပဲ ဟောနေကြတော့မှာလား"

"ဟောဦးမှာ၊ မင်း အချစ်သောတာပန်မဖြစ်သရွေ့"

"အဲဒါဆို မင်းတို့ပြန်တော့"

"ဟေ! "

"ဒဏ်ရာနာတာထက် နားငြီးတာ ပိုဆိုးတယ်။ ပြန်ကြ မာယအတင်းနှင်ထုတ်ပြီး ပန်းအိုးကိုကောက်ကိုင်တော့၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထပြေးကြလေသည်။ တံခါးဝရောက်မှ ဗေဒါက ပြန်လှည့်ကြည့်၍. . .

"မင်းပေးတဲ့အချစ်ဒဏ်ရာ ကိုယ့်ရင်မှာ နိုင်မြဲနေတာ၊ ကုသရန်ဆေးလည်း မရှိတော့ပါ"

"ဟာကွာ. . . ဒီကောင်"

မာဃ ပန်းအိုးကိုမြှောက်လိုက်တာနှင့် ဗေဒါ လျှာထုတ်ပြခဲ့ပြီး ပြေးထွက်သွားလေသည်။ တကယ်မလုပ်မှန်းတော့ သိသားပဲ။

□□□



## အခန်း ( ၂၁ )

ဦးမျိုးထက်နှင့် ဒေါ်မိုးမိုးထက်တို့မောင်နှမနှစ်ယောက်စလုံး မျက်နှာတွေ တည်တင်းနေကြ၏။ တင်းဆို ဒီနေ့ အိမ်ကိုရောက်လာကြတာ လူစုံတက်စုံ။ စိုးရာဇာအောင်တို့သားအမိနဲ့ ဒေါ်သရဖီမြတ်ဘုန်းတို့သားအမိတွေ။ ဟိုတုန်းကမတည့်ကြဘဲ ခုမှစည်းလုံးနေကြတယ်ပေါ့။

"ဂျူးမာ ပြောတဲ့ကိစ္စကို မမနဲ့ကိုကြီး တစ်ခုခုတော့ အဖြေပေးသင့်တယ်ထင်လို့ ဂျူးမာ လာခဲ့တာ"

ဒေါ်ဂျူးဂျူးမာ စကားစလိုက်တော့ မောင်နှမတွေအကြည့်ချင်းဆုံသွားကြသည်။ ဦးမျိုးထက်က သူပြောမယ်ဆိုတဲ့သဘောနှင့် ဆိုဖာကိုမှီထိုင်နေရာမှ ခါးကိုမတ်လိုက်၏။

"နင် ဘယ်ကိစ္စကိုပြောတာလဲ ဂျူးမာ"



www.burmeseclassic.com

www.burmeseclassic.com



"သားအတွက် အမွေကိစ္စလေ"

"အဲဒါ တို့အပြတ်ပြောခဲ့ပြီးပြီ၊ လက်မခံဘူးလို့"

"အမှန်တရားကို ကိုကြီးတို့လက်မခံလို့ မရဘူးလေ။ ကိုဖြိုးကိုယ်တိုင်က လက်ခံထားခဲ့ပြီး သူပိုင်ဆိုင်သမျှ မာဃနဲ့သားကို အညီအမျှခွဲပေးမယ်ဆိုပြီး သေခါနီးမှ ဖွင့်ဖောက်သွားတယ်မသိတာ"

"သူပြောသွားရင် သူ့နောက်ကိုလိုက်တောင်းပေါ့။ တို့ကတော့ မာဃတစ်ယောက်တည်းကိုပဲ တို့သွေးသားလို့သတ်မှတ်ထားတယ်။ ပြီးတော့ ဖြိုးကိုယ်တိုင် တို့ကိုမှာထားတာ၊ သူပိုင်ဆိုင်သမျှ မာဃအိမ်ထောင်ကျရင် လွှဲပေးဖို့ပဲ။ ကျန်တဲ့သူတွေက သူ့အကန့်နဲ့သူ အခြေစိုက်ပေးပြီးသားတဲ့"

"မမ အဲဒီလိုလက်လွှတ်စပယ်မပြောနဲ့လေ"

ဒေါ်ဂျူးဂျူးမာ၏မျက်နှာမှာ သွေးတစ်စက်မှမရှိတော့သလို ဖြစ်နေသည်။ ကိုဖြိုးက ဘာရွှေ့နေရွှေ့ရပ်တွေနဲ့မှ လွှဲထားပြောင်းထားတာတွေ မရခဲ့တော့၊ သူတို့ရှုပ်ပိုင်ခွင့်ရှိလို့ ရှုပ်တာ။ သူတို့ကျတော့ တိုက်နဲ့ကားနဲ့ လူတန်းစေ့နေနိုင်ရုံပဲဖြစ်ပြီး ရှိသမျှ သူ့သားကိုပဲ ပုံပေးသွားတဲ့လိပ်ကြီး။ ဒါကိုပဲ မကျေနပ်လို့ ဒီလိုလုပ်နေတာကို။

ကျန်တဲ့လူတွေကလည်း အားနာပါးနာ နားအေးပြီးရော





ပုံစံမျိုးနဲ့ မုန့်ဖိုးဆိုတာတောင် မပေးဘဲ တင်းနေကြတော့ ကိုယ်ကလည်း မုန့်ဖိုးလာတောင်းတာမဟုတ်သူပီပီ. . .

"ဂျူးမာတို့ကို သူအခြေစိုက်ပေးခဲ့တာ မာဃပိုင်ဆိုင်မှုရဲ့ အစွန်အဖျားလေးပဲရှိတယ်။ ညီအစ်ကိုချင်း မာဃတစ်ဝက်တော့"

"တော်တော့ ဂျူးမာ၊ ဖားတုပြီး ခရုခုန်ရင် အိုင်ပွက်ရုံပဲရှိမှာပေါ့။ မတူတာကို လိုက်မတုနဲ့။ အရှင်းဆုံးပြောရရင် ကောင်းကင်စံအိမ်က ချွေးမအဖြစ်သတ်မှတ်ခဲ့တာ သပြေညိုတစ်ယောက်တည်းပဲ"

"ဂျူးမာပြောနေတာက ကောင်းကင်စံအိမ်နဲ့ မပတ်သက်ဘူးလေ။ ကိုဖြိုးရဲ့ပိုင်ဆိုင်မှု"

"စိုးရာဇာကို သူ့သားပါဆိုပြီး ခွဲပေးရလောက်အောင် နင့်ဘက်က ခိုင်လုံတဲ့သက်သေ ဘာရှိသလဲပြော။ တို့ဘက်က အချိန်ကာလတစ်ခုအတွင်းမှာ တို့သွေးသားမဟုတ်ကြောင်း ခိုင်လုံတဲ့သက်သေတွေပြဖို့ရှိတယ်။ နင်တို့သားအမိ အရှက်ကွဲမှာစိုးလို့ ထိန်းထားပေးတာကို ထပ်စော်ကားရင် တို့အဆိုးမဆိုနဲ့တော့"

"ဘာ"

အမှန်တရားဆိုတဲ့နိုင်ကွက်ကို နင်းလိုက်တော့၊ ဒေါ်ဂျူးဂျူးမာ ခဏတော့ တိတ်ဆိတ်သွား၏။ ဦးနှောက်ကိုလည်ပတ်ပြီးတိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး စကားလုံးတွေစီနေတာ ရင်ထဲမှာ။ ဒေါ်သရဖီမြတ်ဘုန်းတို့က လောလောဆယ်အဖို့မှာ ပွဲကြည့်ပရိသတ်ပေါ့။ သူမတို့အလှည့် ရောက်ရင်ရော ဘယ်လိုချေပလုံးတွေနှင့် ရင်ဆိုင်ကန်ထုတ်ခံရဦးမှာလဲ။

"ဒီမှာ ဂျူးမာ"

ဦးမျိုးထက်အသံက တော်တော်ပဲမာနေပြီ။ ဒေါ်ဂျူးမာ ရှုးခနဲကြည့်တော့ ဦးမျိုးထက်မပြောခင် ဒေါ်မိုးမိုးထက်က ဖြတ်ပြောၵါ။

"ကိုယ့်အမေ လိပ်ပေးတဲ့ဆေးလိပ်ကို ရည်းစားလိပ်ပေးတာပါလို့ညာတာ ခံရလောက်အောင် တို့မည့်သေးဘူး ဂျူးမာ"

"မမစကားက ဂျူးမာသိက္ခာကို စော်ကားလွန်းသွားပြီ"

ဦးမျိုးထက်က မဲ့ပြုံးဖြင့်. . .

"သိက္ခာရှိတဲ့မိန်းမဆိုရင် နင် ဖြိုးထက်ရဲ့တတိယဇနီးဆိုတာဖြစ်မလာဘူး"

"တကယ်ဆို ပထမ. . ."

"တရားမဝင်ဘဲ တိတ်တိတ်ပုန်းဆိုတာကို ထည့်မပြောနဲ့။ ပထမနေရာရနေလျက်နဲ့ တတိယနေရာပြန်ယူတာ နင်မိုက်တာပေါ့။ အဲဒီပထမဆိုတဲ့ကိစ္စမရှိခဲ့တာလည်း သက်သေရှိတယ်လို့ ပြောပြီးပြီ။





သေတဲ့လူ ပြန်ထဖြေရှင်းလို့မရတာကို နင်ဘယ်လိုပဲခုတုံးလုပ်လုပ်၊ သူနဲ့ပတ်သက်ဖူးတဲ့ ရှင်တဲ့လူတွေကျန်သေးတယ်ဆိုတာ နင်က မေ့ထားတာကိုး"

"အဲဒါဆို အဲဒီရှင်တဲ့သက်သေတွေ ဘယ်မှာလဲ လေးလေး"

စိုးရာဇာအောင် ထမေးလိုက်သဖြင့် ဦးမျိုးထက် ဆတ်ခနဲ လှမ်းကြည့်တာ အစိမ်းသက်သက်မျက်ဝန်းတို့ဖြင့်။ မာဃကိုတွေ့ခဲ့တယ်ဆိုပြီး ဘယ်မှာနေလဲမေးတော့ ချက်ချင်းမဖြေဘဲ ဟိုဝေ့ဒီဝေ့နဲ့။ ကူညီသလိုလိုနဲ့ အနှောက်အယှက်ပေးဖို့ကြိုးစားတာသိသိကြီးနဲ့ ကိုယ်ပဲ ခယပြီး ဆယ်သိန်းမုန့်ဖိုးပေးမယ်ဆိုတော့ ဟိုကထပ်ရှောင်ထွက်သွားပြန်ရော။ အကောင်းမကျန်သလိုနဲ့ အကုန်မကောင်းတဲ့ဟာတွေ။ နင်ဘာကောင်လဲ ငါဘာကောင်လဲ လုပ်ပြမှထင်ပါရဲ့။

"ဘယ်လိုလဲ လေးလေး၊ မဖြေနိုင်တော့ဘူးမဟုတ်လား"

"သား"

"ဘယ်ဖြေနိုင်မလဲ၊ မရှိဘူးမဟုတ်လား"

"ရှိတယ်"

"ဟင်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ဖြေတဲ့လူကို လှည့်ကြည့်လိုက်ကြတော့ အုန်းခွံရောင်ဘောင်းဘီနှင့် ရှပ်အင်္ကျီလက်ရှည်အဖြူရောင်ကိုဝတ်ထားသူက တစ်လှမ်းချင်းလျှောက်ဝင်လာသည်။ လက်ထဲမှာလည်း အတက်ချိုကျေ့စ်ကို ဆွဲထားသည်။

"ရှင်. . . ကိုမြသာ"

ဒေါ်ဂျူးမာ ထရပ်လိုက်တော့ လိုက်ထရပ်သူတွေလည်းရပ်၊ ထိုင်နေဆဲသူတွေလည်း ထိုင်နေပေါ့။

"သူက ဘယ်သူလဲ မာမီ"

"မင်းရဲ့အဖေအရင်းခေါက်ခေါက်"

ဦးမျိုးထက် နိုင်ကွက်ကို ခြေလှမ်းကျဲစရာမလိုဘဲ နင်းမိပြီမို့ တစ်လုံးချင်းဝင်ဖြေလိုက်သည်။

"ရှင်. . . ရှင် ဒီကိုဘာလာလုပ်တာလဲ ကိုမြသာ"

"ဟိုတုန်းကလို ငါ့ကို ခွေးမောင်းနည်းမောင်းမထုတ်နဲ့ ဂျူးမာ။ ငါက အရင်ကမွဲ မြသာမဟုတ်ဘူး။ ဖြိုးထက်လောက်တော့ ငါလည်းချမ်းသာနေတဲ့မြသာပါ။ ကိုယ့်မယား ကိုယ့်သားနဲ့ အတူနေနိုင်ဖို့ ရေခြားမြေခြားမှာနေပြီး ကြိုးစားခဲ့ရတာ အနှစ်နှစ်ဆယ်နီးပါးပဲ"

"ရှင်ဘာတွေလာပြောနေတာလဲ"





"ငါ့ကိုယ်စား ငါ့မယားနဲ့ငါ့သားကို စောင့်ရှောက်ပါလို့ ဖြိုးထက်ကို ငါအကူအညီတောင်းခဲ့တာက စမှားတာ။ ဖြိုးထက်က ငါ့ကိုခင်တဲ့စိတ်နဲ့ မင်းတို့သားအမိကိုကူညီပံ့ပိုးခဲ့တယ်။ ဒါကို မင်းက အပိုင်ဖမ်းလိုက်တော့ ဖြိုးထက်က လူရှုပ် မယားများတယ်ပဲဖြစ်သွားတာပေါ့။ သရဖီမြတ်ဘုန်းကိုလက်ထပ်ခဲ့တာက တစ်ပင်လဲလို့ တစ်ပင်ထူတာ။ မင်းနဲ့က"

"ရှင်. . . ရှင်ထွက်သွားစမ်း"

ဒေါ်ဂျူးမာ အရူးတစ်ယောက်လို အော်ဟစ်လေတော့၏။ ဖြိုးထက်၊ အောင်သူရ၊ ခေတ်လူနဲ့ မြသာဆိုတာ အချစ်ဆုံးသူငယ်ချင်းတွေ။ ဖြိုးထက်နဲ့အောင်သူရက သူဌေးသားတွေဖြစ်ပြီး ခေတ်လူက ချမ်းလည်းမချမ်းသာ၊ ဆင်းရဲမွဲတေနေတဲ့စာရင်းလည်းမဝင်ဘဲ နေနိုင်စားနိုင်ပေါ့။ အဆင်းရဲဆုံးက မြသာ။ အရာရာမျက်နှာငယ်ရတဲ့မြသာကို သူငယ်ချင်းတွေက သနားချစ်ချစ်ပြီး အလိုလိုက်ကြသည်။

အားမငယ်အောင်ဆိုပြီး သူတို့အတွက် ဝတ်စုံနှစ်စုံဝယ်ရင် မြသာအတွက် တစ်စုံအပိုဝယ်ပေးတတ်ကြတဲ့သူငယ်ချင်းတွေ။ မြသာကလည်း အခွင့်အရေးကိုရသလောက် ယူတာမဟုတ်ပေမယ့် ဖြိုးထက်ကားကို ယူမောင်းလိုက်၊ အောင်သူရကားကို ယူမောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့်ဆိုတော့ ကာ းထည်လဲစီးသလိုဖြစ်ပြီး အများအထင်ကြီးစရာဖြစ်ခဲ့သည်။ ဂျူးဂျူးမာနှင့်တွေ့ပြီး ချစ်သူတွေဖြစ်ကြတော့ ချစ်တဲ့စိတ်နှင့် ချစ်သူကိုမစွန့်လွှတ်နိုင်ခြင်းတွေ ကြီးစိုးပြီး ဖွင့်မပြောဖြစ်ပေ။ ခိုးပြေးကြပြီးမှ မြသာ ဆင်းရဲမှန်းသိတဲ့ဂျူးဂျူးမာတစ်ယောက်ပြင်လို့မရတဲ့အမှားအတွက် အံကြိတ်ပြီး လူလိမ်အဖြစ် တုံ့ပြန်ခဲ့တာအမှန်းတွေ။

ကလေးတစ်ယောက်ရပြီးချိန်မှာတော့ သူငယ်ချင်းအဖြစ်ကို မကြည့်နိုင်တဲ့အောင်သူရက မြသာကို သူနှင့်အတူ နိုင်ငံခြားကိုခေါ်သွားသည်၊ ဖြိုးထက်လည်း အိမ်ထောင်ကျပြီး သားတစ်ယောက်ရမှ မယားကသေတော့ စိတ်ညစ်ညစ်နှင့် လျှောက်ပွေရင်းလေရင်း သရဖီမြတ်ဘုန်းနှင့်ငြိစွန်းပြီး လက်ထပ်ခဲ့ရသည်။ ငွေရေးကြေးရေး သာကူညီပြီး လူချင်းမတွေ့ဖြစ်ကြတဲ့ဖြိုးထက်နဲ့ ဂျူးဂျူးမာ၊ တွေ့ဖြစ်ကြတဲ့နောက်မှာ ဖြိုးထက်ချမ်းသာတာကိုမက်မောပြီး ဘယ်လိုကောက်ကျစ်စဉ်းလဲပြီး ရယူခဲ့တယ်ဆိုတာ. . .

ဖြိုးထက်ဆီ စဆက်သွယ်လိုက်တာနှင့် ငါ့ကိုမင်းကြိုက်သလိုသာ စီရင်ပါတော့လို့ပြောပြီး ဝန်ခံသမျှ ကိုယ့်မိန်းမအကြောင်းကိုသိတဲ့မြသာ သူငယ်ချင်းကိုအပြစ်မတင်ဘဲ ဆင်းရဲခဲ့တဲ့သူ့ကိုယ်သူ ဒဏ်ခတ်လိုက်တာ မြန်မာပြည်ကို ခုမှပြန်လာသည့်အဖြစ်ပါပဲ။





"ဒီမှာဖြစ်နေတဲ့ပြဿနာတွေကို ငါအားလုံးသိတယ်"

"ရှင်က ဘာကိုသိတာလဲ"

"ငါ ခေတ်လူနဲ့အဆက်အသွယ်မပြတ်ခဲ့ဘူး၊ ဖြိုးထက်ရဲ့သား မာဃက သူ့ဆီကိုဆက်သွယ်တယ်တဲ့။ ဒီကအရှုပ်အရှင်းကိစ္စတွေအတွက်ပေါ့။ မင်းတို့က မာဃကိုလျှော့တွက်တာကိုး"

"ဟင်! "

မာဃဆိုတဲ့ကောင် ထက်မြက်တာကိုသိပြီး ဒီလောက်ခြေလှမ်းကျဲပြီး လက်တံရှည်မယ်လို့ မထင်ခဲ့တာ။

"မင်း လောဘတွေကြီးနေရင်လည်း သူများပိုင်ပစ္စည်းကိုတော့ မတရားသဖြင့် မလိုချင်ပါနဲ့ ဂျူးမာ။ တရားသဖြင့် ရှာထားတဲ့ငါ့စည်းစိမ်တွေကိုပဲ လိုက်ပြီး အမှန်းသုံး အကြိုက်ထိုင်စားပါ"

ဒေါ်ဂျူးဂျူးမာ ကိုယ်မဟုတ်တာလုပ်တာ ဘူးပေါ်သလိုပေါ်သွားတော့ ရှက်မျက်နှာနှင့် ချာခနဲလှည့်ထွက်သွားလေလျှင်

"မာဃီ"

စိုးရာဇာအောင်ပါ ပြေးလိုက်သွားလေ၏။

"ကျေးဇူးတင်ပါတယ် မြသာ"

"အမှန်တရားဆိုတာ လိမ်ညာမှုတိုင်းကို တိုက်ဖျက်နိုင်တဲ့စစ်သားကောင်းတစ်ယောက်လိုပါ ကိုမျိုး။ ကျွန်တော့်ကိုသွားခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုပါဦး''

''ကောင်း၊ ပါပြီ''

ဦးမြသာပါ ပြန်လှည့်ထွက်သွားတော့ ကျန်ခဲ့တာ ဦးမျိုးထက်တို့မောင်နှမနှင့် ဒေါ်သရဖီမြတ်ဘုန်းတို့သားအမိသုံးယောက်။ ဒေါ်မိုးမိုးထက်က 'ကဲ. . . နင်တို့ဘာပြောကြဦးမလဲ' ဆိုတဲ့အကြည့်ကို ပို့လိုက်တော့ ဒေါ်သရဖီမြတ်ဘုန်း မျက်လွှာချသွားသည်။

ဂျူးဂျူးမာဆိုတာ ကိုယ့်ထက်စွာ၊ ကိုယ့်ထက် ထက်တဲ့ မိန်းမ။ ဒါတောင် မာဃကိုလိုက်မမီလို့ တိုက်ပွဲကျသွားပြီ။ ကိုယ့်ဉာဏ်လေး လက်တစ်ဆစ်လောက်နဲ့ မာဃကိုနိုင်ကွက်နင်းဖို့ဆိုတာ။

''ကဲ. . . သရဖီ''

''သရဖီတို့ကို ပြန်ခွင့်ပြုပါဦး''

''မာမီ''

ဒေါ်သရဖီ ထရပ်လိုက်တာကိုပဲ အသံပေး တားဆီးလိုက်တဲ့မှုလက်ကို ဖိဆုပ်ပြီး ခေါ်သွားလေတော့၏။ ကိုယ့်အင်ပါယာက မာဃလောက်မှ back ground မကောင်းတာ။ လူသားငယ်တာ ဦးနှောက်က အကြီးကြီး။ သေသူစကားမတော်နဲ့ ဖြေရှင်းလို့မရဘူး ထင်တဲ့ကိစ္စက အခု မာဃဖြေရှင်းလိုက်တာ သူကိုယ်တိုင်မပါ။





နိုင်ငံခြားကလူ ပြန်လာပြီးဖြေရှင်းရတဲ့အထိ သူလက်ဝါးစောင်းထက်ကြောင်း ခွဲပြသွားတာ ဂျူးဂျူးမာရဲ့အရှက်။

''မာမီ. . . မာမီပြောတော့''

''တိတ်စမ်း မှု''

မှုကိုလှည့်မဲပြီး အကြည့်က စံဆီမှာ. . .

''သမီးကြီး''

''ရှင်''

''မာမီတို့ဗျူဟာ ပြောင်းရမယ်''

''ဘာကိုလဲ မာမီ''

''စိုးရာဇာအောင် သမီးကြီးကိုကြိုက်နေတာ မာမီသိတယ်''

''ဟုတ်တယ်. . . ဟုတ်တယ်၊ ကိုရာဇာက မမကိုကြိုက်နေတာ။ အခု ကိုရာဇာကလည်း သူဌေးသားဖြစ်သွားပြီဆိုတော့''

''နင့်ပါးစပ်ကိုပိတ်ထားစမ်း မှု''

စိုးရာဇာအောင်ကလည်း မာဃလောက်မဟုတ်ပေမယ့် သူမတို့ထက် အများကြီးသာသွားပြီဆိုတော့ ဗျူဟာက စိုးရာဇာအောင်ဘက်သို့ ဦးလှည့်သွားသည်။ မနက်ဖြန်ဆိုတာရှိနေသရွေ့ ဘာမဆိုဖြစ်ခွင့်ရှိနေသေးတာပဲ။ ငါးမရလို့ ရေချိုးပြန်တယ်ပဲပြောပြော၊ လောဘဆိုတာ လူတို့ရဲ့သခင်။



www.burmeseclassic.com

www.burmeseclassic.com



"မာဃကိုဘေးမဲ့ပေးလိုက်ပြီလား မာမီ"

"မိန်းမရနေပြီဆိုတော့ ဘာလုပ်လို့ရတော့မှာလဲ။ မာမို့သမီးတွေကို အငယ်အနှောင်းအဖြစ်မခံနိုင်ပါဘူး"

လာခဲ့တုန်းက ဒီလေသံမဟုတ်ပါဘူး။ ဆင်ဖမ်းမယ် ကျားဖမ်းမယ်လုပ်ပြီး ခုတော့ ခွေးကိုလွှတ်ပြီး ကြွက်ဖမ်းခြင်းသို့ပဲ ရောက်တော့၏။

"ဘယ်လိုလဲ မောင်မျိုး"

"ဘာကိုလဲ မမရဲ့"

"ဆရာထက် တပည့်လက်စောင်းထက်သွားတာလေ"

"ကံကောင်းလို့ အချိတ်အဆက်မိသွားတာပါ မမရာ"

"အမယ်! သားက မင်းထက်တော်တာကို ဝန်မခံချင်ဘူးလား"

"ကဲ! အဲဒါကိုထား၊ အခု သားကိုရှာဖို့ ကျွန်တော်ပဲ တာဝန်ယူရဦးမှာလား"

"အေး. . . သတင်းစာထဲလည်း ပြန်လာဖို့ ခုနစ်ရက်ဆက်တိုက်ထည့်။ လူကိုယ်တိုင်လည်း လိုက်ရှာ"

"တစ်ပတ်ဆိုပြီးတဲ့ကိစ္စကို နည်းနည်းတော့ ကွန့်လိုက်ရမှ"





"ဘာ. . . မောင်မျိုး"

"ဘာမှမဟုတ်ပါဘူး၊ တွေ့အောင်ရှာပေးမယ်လို့ပြောတာ"

ဒေါ်မိုးမိုးထက် ပြုံးလိုက်မိ၏။ ဝမ်းနဲ့မလွယ် သားမမယ်ပေမယ့် သူတို့မှာ ချစ်စရာဆိုလို့ ဒီကလေးပဲရှိတာလေ။ ကောင်းကင်စံအိမ်ရဲ့မျိုးဆက်က မာဃတစ်ယောက်တည်းသာ။

သားကို မြန်မြန်ရှာတွေ့ပါစေ. . .

သားရဲ့ဇနီးကလည်း သမီးပဲမို့ ချမ်းမြေ့သာယာတဲ့ သီရိဂေဟာလေး တည်ဆောက်ပေးရမှာက သူမတို့တာဝန်။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

"ကျွန်မ မလိုက်ချင်ဘူး"

"မလိုက်လို့ မရဘူးလေ"

"ရှင်တစ်ယောက်တည်းသွားလည်း ရတယ်မဟုတ်ဘူးလား။ ကျွန်မက ရှင်နဲ့ရွေ့သွားနောက်လိုက်မညီဘူးလို့ ရှင်ပဲပြောထားတာလေ"

"အခုညီအောင် မင်းကို ငါလိုအပ်သမျှ ဝယ်ပေးထားပြီးသား။ မင်းဆက်ငြင်းနေရင် ငါကိုယ်တိုင် အဝတ်လဲပေးပြီး ချုပ်ခေါ်သွားမှာ။ မယုံမရှိနဲ့"

ပေစောင်းစောင်းအကြည့်နှင့် သူ့အခန်းထဲဝင်သွားလေတော့၊ ညချမ်းလည်း ကိုယ့်အခန်းထဲဝင်လာခဲ့ရသည်။ သူက တစ်ဖွတ်ထိုးသမားလေ။ ပြောသလိုလုပ်ရင် ဒုက္ခ။ ငြင်းလို့ရမှာမဟုတ်





သဖြင့် အလှပြင်ပြီး အဝတ်လဲလိုက်၏။ ဆံပင်ရှည်တွေကိုဖြန့်ချပြီး ကျောက်ပွင့်ကလစ်ကလေးနှင့် နားနောက်မှာ သိမ်းပြီးညှပ်လိုက်တော့ မျက်နှာလေးက ရှင်းသွားတာပေါ့။

သူဝယ်ပေးတဲ့အထဲမှာ စကတ်တွေပါပေမယ့် ညချမ်းလုံးဝမဝတ်ချင်ပေ။ ထဘီကို ချိတ်နှင့်ချုပ်ထားသော နို့နှစ်ရောင်ပိုးဝမ်းဆက်ကလေးကိုပဲဝတ်ကာ ညချမ်းပုံစံက မှန်ထဲမှာ မယဉ်မရိုင်းလေးရှိနေသည်။ နှုတ်ခမ်းနီကို လိမ္မော်ရောင်ဖျော့ဖျော့လေးဆိုးလိုက်တော့ ဖူးစင်နေတဲ့မျက်နှာလေးက တစိမ့်စိမ့်ကြည့်နေချင်စရာကောင်းသွား၏။

"ဆောင်းညချမ်း"

"လာပြီ"

ညချမ်း လက်ကိုင်အိတ်ကိုယူပြီး ထွက်လာခဲ့ကာ. . .

"သွားမယ်"

မာဃမှာ မျက်တောင်ခတ်ဖို့ မေ့သွားလောက်အောင်ပင်ဆောင်းညချမ်းကို ငေးကြည့်မိသွား၏။ ဒီလိုတော့လည်း အလှသားလို့ တွေးနေချိန်မှာ. . .

"သွားမယ်လေ"

"ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမေးတာလဲ"

"ပုံတုံးကြီးဖြစ်နေလို့မေးတာ"

"တုံးတယ်ထင်ရင် မခေါ်နဲ့လေ၊ ရှင်ထားခဲ့လို့ ဂမ်းနည်းပက်လက်ဖြစ်စရာမှမရှိတာ"

"ငါဝယ်ပေးတဲ့အထဲမှာ စကတ်တွေပါတယ်လေ"

"အဲဒါတွေ ကျွန်မ မဝတ်တတ်ဘူး"

"ဟ! အဲဒါဝယ်တုန်းက ပြောပါလား၊ အခုဝယ်ပြီးမှ မဝတ်တတ်ဘူးဆိုတော့ အဲဒါတွေ ဘာလုပ်ပစ်ရမှာလဲ"

မကျေနပ်လို့မဟုတ်ဘဲ ကြည့်ကောင်းနေတာကို တမင်ရန်ထောင်ပြီးပြောနေတာ၊ ကိုယ့်ကိုယ်ကိုယ်ပင် အမောင် တောင်မှန်းမြောက်မှန်းမသိ။

"မကျေနပ်ရင် ရှင် ဘေထုပ်ပုံထဲ သွားထည့်ပြီး အော်ရောင်းလိုက်လေ"

"ဘာ"

"ကျွန်မ လိုက်ခဲ့ရမှာလား၊ နေခဲ့ရမှာလား၊ အဲဒါပဲပြော"

"လိုက်ခဲ့"

သူရှေ့ကထွက်သွားတော့ ညချမ်း မဲ့ခနဲဖြစ်သွားသည်။ သူများကို ပုံတုံးတဲ့။ သူ့ကျတော့ လက်ပတ်ကအစ တစ်ကိုယ်လုံး





အနက်ရောင်။ ဒီလောက်အနက်ရောင်ကြိုက်တဲ့သူ သူ့စိတ်ရော ဖြူပါ့မလား။ သူ့ကိုယ်သူ ဂျက်စတီဘီဘားများ မှတ်နေသလား မသိဘူး။ လန်းရုံမကလို့ လန့်ထွက်နေတာပဲ။ ယောကျ်ားမို့လို့ပေပဲ၊ မိန်းမသာဆို မှန်ရှေ့က ခွာမှာမဟုတ်ဘူး။

လှပါတယ်ဆိုမှ ရေမချိုးရသေးဘူးဆိုတာမျိုး။ ချောပါတယ်ဆိုပြီး ဝတ်လိုက်သမျှ ရုပ်ရှက်ခတ်နေတာပဲ။ သူနဲ့ ရှေ့သွားနောက်လိုက်ညီအောင် သူဝတ်သလို လိုက်မဝတ်နိုင်ပါဘူး။ တစ်နေ့ မဆိုင်ကြမယ့်သူတွေ၊ လိုက်ဖက်စရာလိုလို့လား။

ပါတီပွဲကိုရောက်တော့. . .

"မာဃတို့ လာပြီ"

"ဟယ်! သူက ဘယ်သူလဲ မာဃ၊ လှလိုက်တာ"

"ငါ့မိန်းမ"

"ချစ်စရာလေးနော်၊ နာမည်ဘယ်လိုခေါ်လဲ"

"ဆောင်းညချမ်းပါ"

တစ်ဖက်က မိန်းကလေးနှစ်ယောက်၏အကြည့်တွေက ညချမ်းဆီကမခွာ။

"လူနဲ့နာမည် လိုက်ဖက်ပါတယ်၊ တို့အားလုံးကြားမှာ မင်းက အဆင်ဆန်းလေးဖြစ်နေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . တို့ထိုင်ရမှာလား"

"ဩော်. . . ထိုင်ရမှာပေါ့။ လာ. . . လာ"

ဆူးသစ္စာတို့ညီအစ်မက သူတို့ကိုနေရာချပေးသည်။ မာဃ လက်နှက်ဖက်စလုံးကို စားပွဲပေါ်သို့တင်လိုက်တော့ လက်မှာရှိတဲ့ မပျောက်သေးတဲ့ဒဏ်ရာကို ဆူးသစ္စာမြင်သွားပြီး. . .

"မာဃ"

"ဟင်"

"လက်မှာဒဏ်ရာကြီးနဲ့ ဘာဖြစ်တာလဲ"

ညချမ်း ဖျတ်ခနဲကြည့်တော့ သူကြည့်တာနှင့်ဆုံသည်။ မာဃ မဲ့ခနဲဖြစ်သွား၏။ မေးသူရှိတော့ ဖြေရမှာပေါ့။

"ခွေးကိုက်တာ"

"ဟင်"

ညချမ်းနှုတ်ခမ်းကို မသိမသာဖိကိုက်လိုက်၏။ ဘယ်သူပဲ မေးမေး ခွေးကိုက်တာလို့ဖြေနေသမျှ နေသာခံခက်။ သူ့အပြစ်ကို ဖုံးဖိပြီးဖြေတိုင်း ဒေါသထွက်ရပေမယ့် အမှန်ကိုပြောလို့လည်း မသင့်တော်စရာ။

"ကြဲကြဲဖန်ဖန် မာဃရယ်၊ ခွေးက ခြေထောက်ကိုကိုက်တာမဟုတ်ဘဲ ဘယ်လိုဖြစ်ပြီး လက်မောင်းကိုကိုက်ရတာလဲ"





"ငါက ဖက်နမ်းမိလို့ဟေ့"

"ဟယ်"

ဆူးသစ္စာတို့ညီအစ်မ ခွီးခနဲရယ်ကြလေ၏။

"နင်က ခွေးကိုဖက်နမ်းတယ်ဟုတ်လား။ မယုံနိုင်စရာပဲ။ ဒါနဲ့ ခွေးက နင့်ခွေးမဟုတ်ဘူးလား"

"ဟုတ်တယ်. . . ရိုင်းနေလို့၊ ကိုက်ရုံတင်မကဘူး။ ရင်ဘတ်ကိုပါ လက်သည်းနဲ့ကုတ်သေးတာ"

ရယ်သံတွေကြားရလေ၊ ညချမ်းဒေါသဖြစ်လေပါပဲ။ ဒီအကြောင်းပြောတိုင်း သူဒီလိုပဲ နှိပ်ကွပ်နေတာ။ အဲဒီဒဏ်ရာမြန်မြန်ပျောက်အောင် ဘယ်လိုလုပ်ပေးရပါ့မလဲ။ ဒဏ်ရာမပျောက်ခင်လူပျောက်အောင် လုပ်ရ၊ မကောင်းရှိရော့မယ်။

"ဆူးရေ"

"ဟင်"

နောက်ခေါ်သံကြောင့် ဆူးသစ္စာတို့ညီအစ်မ လှည့်ကြည့်လိုက်တော့ နှင်းဆီခက်။ နှင်းဆီခက်က မာဃကိုမြင်သွားပြီး. . .

"ဟယ်! မာဃပါလား"

"ခက်လည်း အဖော်နဲ့ကို။ ခက် ဒီဝိုင်းမှာပဲ ထိုင်လိုက်ကြလေ။ ဖြစ်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် ဆူးရဲ့"

"ဒါဆို ဆူးတို့ ဟိုဘက်ကညှေ့သည်တွေဆီ သွားလိုက်ဦးမယ်နော်"

မာယာ၊ နှင်းဆီခက်နှင့်မိုးတိမ်ကို တစ်လှည့်စီ မမှိတ်မသုန်ကြည့်နေမိ၏။ ညချမ်းအံ့သြဟန်နှင့် ပါးစပ်ကလေး ပွင့်ဟသွားတာကိုလည်းမြင်သည်။ ဒီပွဲမှာ လေးကျွန်းသားစုံပြီဆိုတော့ ဘာတွေ – ဖြစ်ကြဦးမှာလဲ။ မိုးတိမ်ကလည်း ညချမ်းကိုကြည့်လိုက် မာယာကိုကြည့်လိုက်။ တစ်ယောက်နဲ့တစ်ယောက် ကြည့်ကြတာတွေ့ထဲမှာ အဓိပ္ပာယ်ချင်းတွေက မတူ။

"မိုးတိမ်"

"အင်. . . ဗျာ"

"မာယာကိုနှုတ်ဆက်လိုက်လေ၊ မသိတဲ့လူတွေကျနေတာပဲ၊ ဆက်ဆံရေးကျဲလိုက်တာ။ ကိုယ့်ကျေးဖူးရှင်ကို ကျေးဖူးတင်စကားလည်းမပြောဘူး"

"ဗျာ"

"ဟင်"

မိုးတိမ်နားမလည်ကြည့်နှင့် မာယာကိုကြည့်တော့ မာယာက ခပ်တည်တည်။ ဒီကောင်သိအောင်တော့ ပြောမှ။ ညချမ်း





သူ့ကိုကြည့်တဲ့မျက်ဝန်းအဓိပ္ပာယ်ကိုသိ၏။ မဖုံးကွယ်သင့်တဲ့အချိန်ကိုရောက်နေပြီမို့ မဖုံးကွယ်ချင်နဲ့တော့ ဆောင်းညချမ်း။ ကျေးဖူးတရားဆိုတာကို မသိလို့ထား၊ တစ်မိုးအောက်မှာ အတူနေခဲ့တဲ့ သံယောဇဉ်၊ ပြီးတော့ စေတနာ။ ဒါတွေကို ဥပေက္ခာပြုပြီး. . .

"ကျွန်တော် မသိဘူး"

လို့ပြောင်ငြင်းခဲ့တာ။ ညချမ်းမပြောနဲ့ ကိုယ်တောင် ကုတ်ဖွဲ့ပြီး လက်သီးနှင့်ထိုးချင်စိတ်ကို မနည်းမျိုသိပ်လိုက်ရတာ။ အဲဒီအတွက် ဒီကောင် တစ်သက်လုံးနောင်တရစေရမယ်လေ။

"ခက်. . . ခက် ဘာကိုပြောတာလဲဟင်၊ ကျွန်တော် နားမလည်ဘူး"

"ခက်ပြောတာကို သူနားလည်မှာမဟုတ်ဘူး ခက်။ ဘာဖြစ်လို့လဲဆိုတော့ သူ ကိုယ့်ကိုမသိသလို ကိုယ်လည်း သူ့ကိုမမြင်ဖူးခဲ့ဘူး"

"ဒါဆို"

"ကိုယ် သူ့ကိုကူညီခဲ့တာ ဆောင်းညချမ်းမျက်နှာကြောင့်"

"ကိုမာယာ"

"မင်းပါးစပ်ကိုပိတ်ထား"

ညချမ်းမျက်ရည်ဝေ့နေတာကို လူမမြင်အောင် မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



လေး ပုတ်ခတ်ထိန်းနေရ၏။ ပြီးခဲ့တာတွေကို မေ့ထားဖို့ကြိုးစားနေပေမယ့်. . .

"မိုးတိမ် စီးရီးထုတ်ဖို့အတွက် အစစအရာရာပြည့်စုံအောင်ကူညီခဲ့တာ မာဃပဲ မိုးတိမ်"

"ခက်. . . ခက်တို့ကူညီတာ မဟုတ်ဘူးလား"

ခက်က ခေါင်းခါလေသည်။

"ဒါဆို ညချမ်း. . . နင်"

"ဆောင်းညချမ်းက မင်းဖြစ်ချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့အတွက် ဘာတွေစွန့်လွှတ်လိုက်ရလဲ။ မင်းသိလား"

"ဘယ်လို"

"ဘဝတစ်ခု"

"ဟင်! "

ညချမ်းထံမှ အင့်ခနဲရှိုက်သံထွက်လာပြီး ထသွားလေတော့သည်။

"ညချမ်း"

မိုးတိမ် ထလိုက်သွားမယ်လုပ်တော့ မာဃက မိုးတိမ်ရှေ့မှာ ကာရပ်ပြီးသားဖြစ်သွားပြီ။ ညချမ်းကိုယ်စား မကျေနပ်ခြင်းတွေက မျက်ဝန်းမှာ စူးရဲတောက်လောင်လျက်။ ကိုယ်နဲ့အနေသာကြီး





လို့ပြောလို့ရပေမယ့် မနေနိုင်ခြင်းတွေက ဘယ်အရာကိုဦးတည်ရမလဲမသိပေ။

"မင်းလိုက်သွားဖို့ မလိုဘူး"

"ကျွန်. . . ကျွန်တော် ညချမ်းကိုရှင်းပြစရာရှိလို့ပါဗျာ"

"စင်တာထဲမှာ သူ့ကိုမသိဘူးလို့ မင်းငြင်းခဲ့တယ်မဟုတ်လား။ မသိလက်စနဲ့ မသိဘူးလို့ပဲမှတ်လိုက်တော့"

"မဟုတ်ဘူး"

'တော်တော့"

"ခင်ဗျား"

"ညချမ်းက ငါ့မိန်းမဖြစ်နေပြီ"

"ဗျာ"

"မင်းအဆိုတော်ဖြစ်ဖို့အတွက် ငွေကြေးတတ်နိုင်တဲ့ငါ့ကို လက်ထပ်ခဲ့ရတာလေ။ အဲဒီလောက်ဆို သဘောပေါက်"

အရှိုက်ကိုဆောင့်ကန်ခြင်းခံလိုက်ရသလိုပါပဲ။ မိုးတိမ်ရင်ထဲမှာ အောင့်သက်နာကျင်သွားသည်။ နှာခေါင်းထဲမှာ မွှန်စပ်စပ်လိုဖြစ်ပြီး မျက်ရည်တွေ ဝေ့တက်လာ၏။ ညချမ်းက သူအဆိုတော်ဖြစ်ဖို့အတွက် အနစ်နာခံလိုက်တာတဲ့လား။ ငယ်ငယ်ကတည်းက သူ့အပေါ်အနစ်နာခံ၍ အရာရာဦးစားပေးခဲ့ပါသော ညချမ်း။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ မိန်းမသားလောက်တောင် သတ္တိမရှိခဲ့သူ။ ငယ်ငယ်ကတည်းက ချစ်ခဲ့ပါလျက် မိုးတိမ် ဖွင့်မပြောရက်ခဲ့ပေ။ ဘဝအတွက် ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကိုဦးစားပေးပြီး အချစ်ကိုဥပေက္ခာပြုထားခဲ့တာ။ အခုအောင်မြင်မှုလမ်းစကို အချစ်နဲ့လဲလှယ်ပြီး လျှောက်ရတော့မှာလား ညချမ်းရယ်။ ငါက လူညံ့တစ်ယောက်ပါ။

"ညချမ်း"

"ဟော့ကောင်"

မိုးတိမ်၊ မာယာရင်ဘတ်ကိုတွန်းပြီး ညချမ်းနောက်သို့ပြေးလိုက်သွားလေသည်။ သူထင်ခဲ့တာက သူ့ဘဝကိုပြုစုပျိုးထောင်ပေးမယ့်သူဟာ နှင်းဆီခက်လို့ထင်ပြီး စင်တာထဲမှာတွေ့တုန်းက မသိဘူးလို့ငြင်းခဲ့တာသည် ညချမ်းနဲ့ပတ်သက်မှုကိုသိပြီး နှင်းဆီခက်ငြိုငြင်မှာကိုကြောက်လို့ပါ။ လမ်းတစ်ဝက်ကိုရောက်မှ ဖြုတ်ချခံရမှာကိုကြောက်တာ သူ့အပြစ်ဖြစ်သွားခဲ့သည်ပေါ့။

ညချမ်းရယ်. . . နင့်ကို ငါသိပ်ချစ်ခဲ့တာပါ။ ငါ့ဘဝမှာ မရှိမဖြစ် အလိုအပ်ဆုံးအရာက နင်ပါ။

"ညချမ်း"

". . ."

"ညချမ်း"





ကားထဲဝင်ထိုင်တော့မည့်ညချမ်းလက်ကလေးကို မိုးတိမ် ဆွဲထားလိုက်သည်။

"ဖယ်နော်. . . နင်. . . လွှတ်"

"ငါ. . . ငါရှင်းပြပါရစေ ညချမ်းရယ်"

"မလိုဘူး. . . ဖယ်"

"ညချမ်း"

"ကဲ!"

"ဖြန်း. . ."

ညချမ်းရင်ထဲက နာကျင်မှုတွေက လက်မှာအင်အားစုပြီး မိုးတိမ်ပါးကိုရိုက်ချပစ်လိုက်သည်။ အခြားမိန်းမတစ်ယောက်ရှေ့မှာ ကိုယ့်ကိုမသိပါဘူးလို့အငြင်းခံရတာလောက် ရှက်စရာကောင်းတာ ဘာရှိလဲ။ သူငယ်ချင်းလို့တောင်ပြောဖော်မရဘဲ ကျောခိုင်းထွက်ခွာသွားရက်တဲ့သူ့အတွက် ညချမ်း ပေးဆပ်ခဲ့ရတာ မတန်။

သူများအနိုင်ကျင့်သမျှ စော်ကားခံရဖို့အထိ ဖြစ်လာခဲ့တာရဲ့ အရင်းဇာစ်မြစ်က သူပဲပေါ့။ သူ့အတွက် မလုပ်သင့်ဆုံးအလုပ်၊ မိန်းမတစ်ယောက်ရဲ့ဘဝမှာ အရေးအကြီးဆုံးအရာကိုမှ ညချမ်းကိုယ့်တာသာ နင်းခြေစုတ်ဖြစ်ဖို့အထိ မိုက်မိုက်မဲမဲဆုံးဖြတ်ခဲ့တာ သူ့ကြောင့်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့ရဲ့ချစ်ခြင်းမေတ္တာနဲ့ လုံးဝမတန်တဲ့လူ။ ဒီနေ့က စပြီး နင်နဲ့ငါ ပတ်သက်စရာအကြောင်းမရှိဘူး"

"ညချမ်း"

"မိုးတိမ်"

ညချမ်းလက်ကိုဖမ်းဆွဲထားလိုက်တဲ့ မိုးတိမ်လက်ကို ထပ်၍ ဖိဆုပ်လိုက်သူက မာဃ။

"ဆောင်းညချမ်းက ငါ့မိန်းမလို့ပြောထားပြီးသားနော်။ တခြားယောကျ်ားတစ်ယောက်က လက်ဆွဲတာကို ရပ်ကြည့်နေရလောက်အောင် ငါသဘောမကောင်းနိုင်ဘူး"

ပြောပြီး၊ မာဃ မိုးတိမ်လက်ကိုဖြုတ်ချပစ်လိုက်၏။ သူ့ရင်ထဲမှာလည်း ဟန်ဆောင်လက်ထပ်ခြင်းဆိုတာကို မေ့ကုန်သည်။ တကယ်သဝန်တိုလို့ တကယ်ပြောနေတာဖြစ်ပြီး ပြိုင်ဘက်ပေါ်လာမှ ကိုယ့်ရင်ဘတ်ကို ကိုယ်နားလည်လိုက်တာ ညချမ်းကိုအဆုံးရှုံးမခံနိုင်ဘူးဆိုတာပါပဲ။ ဟန်ဆောင်ခြင်းတွေပျောက်ပြီး တကယ် ကိုယ့်ဇနီးလိုခံစားလိုက်မိတာ ဘယ်အချိန်ကတည်းကမှန်းမသိ။

ကိုယ့်ကိုဒဏ်ရာတွေပေးခဲ့တုန်းက ဆောင်ညချမ်းမဟုတ်ဘဲ အခြားမိန်းမတစ်ယောက်ဆိုလျှင် အဲဒီနေရာမှာတင် ဘာပဲဖြစ်ဖြစ်၊ ထောင်ပဲကျကျ သေဒဏ်ပဲပေးပေး။ သူတစ်ချက်ဆိုလျှင် ကိုယ်





နှစ်ချက်ပြန်ရိုက်ပြီး တုံ့ပြန်မှာပေမယ့်၊ ဆောင်းညချမ်းကိုတော့ သူ မရိုက်ရက်ခဲ့ပေ။

"အဲဒီလိုမှန်းသိရင် ငါအဆိုတော်ဖြစ်ဖို့ မကြိုးစားခဲ့ပါဘူး ညချမ်းရယ်။ ငါလေ"

"တော်စမ်းပါ၊ ငါးလွှန်မှ ကွန်မစွန့်နဲ့၊ နင်နဲ့ငါ ဘာမှပတ်သက်စရာအကြောင်းမရှိတော့ဘူးလို့ ငါပြောပြီးပြီ"

ပြောပြီးတာနှင့် ညချမ်း ချာခနဲလှည့်ထွက်သွားတာ ကားပေါ်ကိုတက်တာလည်းမဟုတ်။

"ဆောင်း"

"ညချမ်း"

"ဆောင်း ဘယ်ကိုလဲ၊ နေဦးလေ"

"ညချမ်း"

အကာလညအခါဆိုတဲ့အချိန်မှာ ညချမ်းပြေးထွက်သွားတာက ဦးတည်ရာမဲ့။ ကိုယ်ရင်ဆိုင်နေရတာက ကိုယ်ချစ်ခဲ့မိတဲ့ယောကျ်ားနဲ့ ကိုယ့်ကို ကာလတစ်ခုတာအထိ ပိုင်ဆိုင်ခွင့်ရနေတဲ့ယောကျ်ား။ ဒီနှစ်ယောက်ကြားမှာ ညချမ်း ဆက်ရပ်နေဖို့ အင်အားမရှိတော့ပေ။

"ဆောင်း. . . ဆောင်းမပြေးနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ညချမ်း"

ညချမ်းပြေးတဲ့နောက်သို့ ပြေးလိုက်လာတာ မာဃနဲ့မိုးတိမ်နှစ်ယောက်စလုံးပါပဲ။ ညချမ်း အားသွန်ခွန်စိုက်ပြေးနေရင်းမှ နောက်သို့ပြန်လှည့်ကြည့်လိုက်သေးသည်။ ညချမ်း သူ့ကိုမီတော့မှာမို့ ဆက်ပြေးဖို့ ရှေ့ကိုခြေလှမ်းလိုက်စဉ် ကားမီးရောင်ကြောင့် မျက်လုံးတွေမှိတ်ပစ်လိုက်မိပြီး. . .

"ဆောင်း"

"အမေ့! "

"ဒုန်း! . . ."

"ဟာ"

ညချမ်း ဘာတွေဘယ်လိုဖြစ်ကုန်မှန်းပင် မသိတော့ပေ။ မျက်လုံးကိုသာ မှိတ်ထားဆဲရှိပြီး ရင်တွေတုန်ကာ ထူပူနေမိသည်။ ယောကျ်ားမိန်းမ ထိုထိုသောအော်သံဟစ်သံတွေကိုကြားမှ သတိရမိတော့ သူမက ရင်ခွင်တစ်ခုထဲမှာ။

"အို. . ."

ညချမ်း. . . ညချမ်းအသက်ကို ဘယ်သူကယ်လိုက်တာလဲ။ ဘာဖြစ်သွားလဲဆိုတဲ့စိုးရိမ်စိတ်နှင့် ကျုံးထလိုက်တော့. . .

"မာဃ. . . ကိုမာဃ"





"ရပ်ကြည့်မနေကြနဲ့လေ၊ သွေးတွေအများကြီးထွက်နေတာ၊ သေသလားရှင်သလား။ ဆေးရုံပို့သင့်ပို့ကြမှပေါ့"

လူတစ်ယောက်၏ဆော်သြမှုကြောင့် ဝိုင်းကြည့်နေကြသူတွေ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး မာဃကိုပွေ့ခေါ်ကြ၏။

"မသေသေးဘူး"

"မာဃ. . . ကိုမာဃ"

ညချမ်း သူ့နာမည်ကိုသာ တဖွဖွခေါ်ပြီး ဘာမှလည်းမလုပ်နိုင်။ ဒါ ညချမ်းကြောင့်ဖြစ်ရတာ။

◻◻◻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

"သား"

"အမယ်လေး. . . ဖြစ်ရလေ သားရယ်"

ညချမ်း ပိုက်တွေတိုးလို့တန်းလန်းနှင့် အခုထိ သတိမရ သေးသောမာယာကိုကြည့်ရင်း တရှုံ့ရှုံ့ငိုနေချိန်တွင်၊ သုတ်သီးသုတ်ပျာနှင့်ဝင်လာကြတာ လေးငါးယောက်။ မျက်နှာတွေကိုလိုက်ကြည့်မိတော့ မာယာ့သူငယ်ချင်းသုံးယောက်နှင့် ညချမ်းမသိသော အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသားကြီးတစ်ဦး။ ညချမ်း အလိုက်သိစွာ နောက်ဆုတ်ပေးလိုက်တော့. . .

"သား"

"ဖြစ်မှဖြစ်ရလေ သားရယ်"

အမျိုးသမီးကြီးက ချုံးပွဲချငိုသလို အမျိုးသားကြီးမျက်နှာ





ကလည်း ပြုံတော့မည့်မိုးသို့နှယ်။

"မောင်ကျော်ထွန်း"

"ဗျာ. . . လေးလေး"

"သားအခြေအနေဘယ်လိုလဲ၊ ဆရာဝန်ကြီးက ဘာပြောသေးလဲ"

"အသက်အန္တရာယ်တော့ မရှိတော့ဘူးလို့ပြောပါတယ် လေးလေး။ ကားက အချိန်မီဘရိတ်အုပ်နိုင်လို့ အရှိန်က သိပ်မပြင်းလို့ တော်သေးတယ်။ ခေါင်းကဒဏ်ရာက သူလဲကျသွားလို့ ကတ္တရာလမ်းပေါ်မှာဆိုတော့ ဆောင့်မိသွားတာပါ"

"တော်သေးတာပေါ့"

ဦးမျိုးထက် ခုမှပဲ သက်ပြင်းချနိုင်တော့၏။

"သားသာတစ်ခုခုဖြစ်ရင် ငါလည်းသေမှာ။ ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ကလေး"

"မမကလည်း မငိုနဲ့လေဗျာ၊ နိမိတ်မရှိ။ ကလေးဘာမှမဖြစ်နိုင်ဘူးလို့ပြောနေတာကို"

"မသေနိုင်ပေမယ့် ဆေးရုံတော့ တက်နေရပြီမဟုတ်လား။ အခုထိတောင် သတိမရသေးဘူး။ ငါမကြည့်ရက်လို့ပါဟယ်"

ညချမ်း နောက်မှာပဲ ခပ်ကုပ်ကုပ်ကလေး ရပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ညွန့်အောက်မှာ ရမ်းခါနေတဲ့ဆွဲကြိုးကြီးနဲ့ စိန်နားကပ်ကြီးက လည်း တဖျတ်ဖျတ်တောက်လို့။ လက်ကောက်တွေ ထပ်ညပ်နေအောင် ဝတ်ထားတဲ့အမျိုးသမီးကြီးကိုကြည့်ခြင်းအားဖြင့် မာဃနဲ့ ပတ်သက်သူတွေဖြစ်ပြီး မာဃ ဘယ်လိုအဆင့်အတန်းမျိုးကလဲဆိုတာ ခန့်မှန်းလို့ရသည်။

ကိုယ့်ကိုကယ်ရင်း ဒီလိုဖြစ်သွားရတာဆိုတော့ သူတို့ပြောသမျှ သူတို့ပြုသမျှခံဖို့ ညချမ်း အားမွေးထားလိုက်သည်။ အမျိုးသမီးကြီးမျက်နှာမှာ ညချမ်းဘက်သို့လှည့်လာပြီး ညချမ်းတစ်ကိုယ်လုံးကို ပိုက်စိတ်တိုက်ပြီး စုန်ချည်ဆန်ချည်ကြည့်နေတော့ အသက်ပင် ရဲရဲမရှူရဲ။

"ဒီမိန်းကလေးက"

"မာဃရဲ့"

ဖေဒါဘယ်လိုဆက်ဖြေရမှန်းမသိတာနှင့် မင်းဦးကိုလှည့်ကြည့်လေတော့၊ ဒေါ်မိုးမိုးထက်က သဘောပေါက်စွာ. . .

"သားရဲ့ဇနီးဆိုတာထင်တယ်"

"ဟုတ်. . . ဟုတ်ပါတယ် ကြီးမေ"

မာဃသူငယ်ချင်းတွေအားလုံးက ဒေါ်မိုးမိုးထက်တို့ကို မာဃခေါ်သလိုပဲ လိုက်ခေါ်ကြလေသည်မို့ ပြိုင်တူဖြေလိုက်ခြင်းရဲ့





အနောက်မှာ. . .

"ဪ"

ဘာမှမပြောဘဲ မာဃဘက်သို့ပြန်လှည့်သွားတော့မှ အားလုံးသက်ပြင်းချမိကြသည်။ ရှေ့ဆက်ဘာတွေဖြစ်ကြဦးမလဲ။

"မမ"

"ဟင်"

"သားအတွက် ဘာတွေလိုအပ်သလဲမေးရအောင် ကျွန်တော် ဆရာဝန်ကြီးနဲ့သွားတွေ့လိုက်ဦးမယ်"

"အေးအေး. . ."

ဦးမျိုးထက်ထွက်သွားတော့ ကျော်ထွန်းနဲ့မင်းဦးပါ လိုက်သွားသည်။ ဖေဒါနှင့်ညချမ်းကတော့ ကျောက်ရုပ်တွေလို ရပ်နေကြဆဲ။ ပင်လယ်ရဲ့မာယာလို မှန်တိုင်းထန်ဖို့ ရေပြင်ဟာ ငြိမ်သက်နေသလား။ အဆင့်အတန်းချင်းမတူတဲ့အပြင် ညချမ်းကြောင့် မာဃ အသက်ပေးရမလိုဖြစ်တဲ့အတွက် သူတို့ကျေနပ်နိုင်ပါ့မလား။

ဒီအချိန်မှာ ဆေးရုံမှာမို့ ဘာမှမပြောသေးပေမယ့် ပြောလာမယ့်အချိန်တွေမှာ ညချမ်းခံနိုင်ရည်ရှိရမှာလေ။ သူ့ဘာကြောင့် သူ့အသက်နဲ့လဲပြီး ညချမ်းကိုကာကွယ်ခဲ့တာလဲ စဉ်းစားလို့မရပေ။ လူတိုင်း ကိုယ့်အသက်ကိုပဲ ကိုယ်ချစ်ကြတာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ် . . .

အရာရာမှာ ညချမ်းကပဲ အလျှော့ပေး အနစ်နာခံခဲ့ရတာလေ။ သူ့အတွက် အချစ်ဟာ အောင်မြင်မှုလောက် အရေးမကြီးဆိုတော့ ညချမ်း ဘာကိုမျှော်လင့်နေရဦးမှာလဲ။ ဟိုတုန်းကချစ်ခဲ့သမျှ အခု နာကြည်းမှုတွေက ရင်ထဲမှာ စုဖွဲ့လို့နေပြီ။ သူ့ကြောင့်ဆိုတဲ့ အတွေးနောက်မှာ မာဃဘေးကနေ ထွက်ခွာခွင့်ဆိုတဲ့နေ့ကို ပုံဖော်ကြည့်လိုက်တော့ သူမ အဓိပ္ပာယ်သတ်မှတ်ခဲ့တဲ့ အချစ်ဆိုတာထက် နှလုံးသားကို ဆူးနစ်နာကျင်စေသည်။ ဒါဆိုရင် အချစ်စစ်က ဘယ်အရာလဲ။ ရွှေလိုမှတ်ကျောက်တင်ကြည့်လို့ရရင် အကောင်းသားပဲနော်။

"သမီး"

အတွေးနယ်လွန်ချိန်မှာ လက်ကိုထွေးဆုပ်ခြင်းခံလိုက်ရတော့၊ ညချမ်း အလန့်တကြားနှင့် ဖျတ်ခနဲမော့ကြည့်လိုက်သည်။ အပြုံးမျက်နှာကိုမြင်လိုက်ရတော့ ဟုတ်ပါ့မလားလို့ ကိုယ့်မျက်နှာကို ပွတ်သပ်ကြည့်ချင်လိုက်တာ။

"သားကိုဂရုစိုက်ပေးပါကွယ်"

"ရှင်!"

"သားရဲ့ဇနီးက ကြီးမေတို့ရဲ့သမီးပဲပေါ့၊ သားက ကြီးမေ





တို့ ကောင်းကင်စံအိမ်ရဲ့တစ်ဦးတည်းသောမျိုးဆက်ပါ။ သမီးကိုမြင်လိုက်ရကတည်းက သား လူရွေးမမှားဘူးဆိုတာ ကြီးမေယုံကြည်တယ်"

ညချမ်း ဘာမှပြန်မပြောနိုင်ခင် ဖေဒါက . . .

"မာဃက ညချမ်းကိုအရမ်းချစ်တာ ကြီးမေရဲ့"

"သားချစ်တဲ့မိန်းကလေးဆိုရင် ဘယ်လိုအဆင့်အတန်းမျိုးပဲဖြစ်ဖြစ် ကြီးမေတို့ချစ်နိုင်ပါတယ်"

ဖေဒါအခွင့်အရေးရတာနှင့် အချိန်နှင့်မလိုက်၏။ တကယ်မဟုတ်တဲ့သူတို့နှစ်ယောက်ပြသနာကို နောင်ခါလာနောင်ခါချေးနဲ့ပဲ ဖြေရှင်းကြပေါ့။ ဖေဒါတို့ကတော့ မာဃနဲ့ညချမ်းကို တကယ်ဖြစ်စေချင်သည်။ မာဃနှလုံးသားကိုလည်း နားလည်နေသလိုပါပဲ။

"ဆောင်း . . . ဆောင်း"

"ဟင်"

"ဆောင်း"

"သူ့သတိရလာပြီထင်တယ်"

"သား"

"မာဃ"

အားလုံး မာဃအနားသို့ ရောက်သွားကြသည်။ ပထမ



www.burmeseclassic.com

www.burmeseclassic.com



တော့ ညည်းညူနေရင်း မျက်လုံးမဖွင့်နိုင်သေးချေ။

"သား"

"မမ"

"မောင်မျိုး. . . သားသတိရလာပြီထင်တယ်"

"ဆရာဝန်ကြီးက ဘာမှမစိုးရိမ်ရဘူးတဲ့မမ"

စကားသံတွေတိတ်သွားပြီး အားလုံးငြိမ်သက်သွားကြစဉ် မာယမျက်လုံးတွေ ဖွင့်လာ၏။

"သား"

"လေး. . . လေးလေး. . . ကြီးမေ"

"သားသတိရလာပြီနော်"

မာယမျက်လုံးတွေက တစ်ဦးတစ်ယောက်ကိုရှာဖွေနေပြီး

"ဆောင်း. . . ဆောင်းညချမ်းရော၊ သူဘာဖြစ်သွားသေးလဲဟင်"

"ဘာမှမဖြစ်ဘူး သား၊ သားစိတ်အေးအေးထားနော်"

"ကိုမာယ. . . ညချမ်း ဘာမှမဖြစ်ပါဘူး"

မနည်းတိုးထွက်လာရတဲ့ ညချမ်းမျက်နှာလေးကိုမြင်လိုက်ရမှ မာယ နှုတ်ခမ်းလေးတွေပြုံးယောင်သမ်းလျက် စိတ်အေးသွားသလို မျက်လုံးလေးပြန်မှိတ်သွားသည်။





"သူ့ အေးအေးဆေးဆေးအနားယူပါစေ"

"သမီး"

"ရှင်"

"ကြီးမေလာပြီး စောင့်အိပ်ပေးရမလား"

"ရပါတယ် ကြီးမေ၊ သမီးပဲ စောင့်အိပ်လိုက်ပါ့မယ်"

ဒေါ်မိုးမိုးထက် ခေါင်းညိတ်ပြီး ထရပ်လိုက်သည်။ ကလေးမလေးပုံစံက အလိမ္မာအိမ်ပါမလေးမို့ ခုမှပဲစိတ်အေးရတော့၏။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

*"မင်းပေးတဲ့အချစ်ဒဏ်ရာ ကိုယ့်ရင်မှာ နိုင်မြဲနေတာ × × × ကုသစရာဆေးလည်းမရှိတော့ပါ'*

"ဟော့ကောင်"

စဝင်လာကတည်းက အသံမြကြီးနှင့်အော်ဆိုလာတဲ့ဗေဒါ ပါးစပ်ကို ကျော်ထွန်းက လိုက်ပိတ်သည်။

"အဲဒီနေရာကနေ တိုးမတက်ဘူး"

"တိုးမတက်ဆို အဲဒီနေရာပဲ ရတာကိုး"

သူငယ်ချင်းတွေရောက်လာသဖြင့် မာဃ ထထိုင်ပြီး ကျော နောက်မှာ ခေါင်းအုံးတွေ ဆင့်၍မှီလိုက်သည်။ ဗေဒါဆိုလိုက်တဲ့ သီချင်းတစ်ပိုင်းတစ်စကြောင့် ပြုံးတော့ပြုံးမိတာပဲ။ သဘောကျပြုံး လား၊ ရှက်ပြုံးလားတော့ မသိပေ။





"ဒဏ်ရာတွေက နေရာစုံသွားပြီနော် မာဃ၊ နှလုံးသား နဲ့အသည်းက အကောင်းပကတ်လို့တော့ မပြောနဲ့။ ချေးစားပြော တောင် ကြိုက်လို့စားတာပဲ"

မင်းဦးက ဝင်ထိုင်ရင်းပြောသည်။ မာဃမှာ ငြင်းဆန်နိုင် ရည်မရှိတော့ပါဘူး။

"အလကားမိန်းမလို့တော့ မပြောနဲ့နော်၊ အလကားမဟုတ် ဘူး။ မင်းရင်းခဲ့ရတာတွေ တို့အသိဆုံးပဲ"

"တစ်သက်စာမမေ့နိုင်အောင် ရိုက်လိုက်တဲ့တံဆိပ်တွေ ဘယ်ဘက်ရင်အုံနဲ့ ညာဘက်လက်။ အခု ခေါင်းမှာ။ နေရာမထပ် ဘူးနော်"

"အဲဒါက ဒီလိုရှိတယ်လေ"

"ဘယ်လိုလဲပြောပါဦး စိန်ဗေဒါရယ်၊ မင်းကတော့ ဝါး လက်ခုပ်တီးတဲ့စိန်ဗေဒါပေါ့"

တစ်ယောက်တစ်ပေါက်ပြောနေကြတာကိုပဲ မာဃ ငြိမ် သက်၍ နားထောင်နေသည်။ သူ့ဒေါသ သူ့မာန်မာနတွေ ကျွံး ကုန်ပြီလေ။ ဝန်မခံခဲ့ပေမယ့် အစကတည်းက သူ့ပြဿနာတွေ[illegible] မဖြစ်မနေမိန်းမယူမှ ဖြေရှင်းလို့ရမှာမှမဟုတ်တဲ့၊ တစ်ကိုယ်ရေတစ် ကာယနဲ့ ဖြေရှင်းလို့ရသည်။ တကယ်မလိုအပ်ဘဲ မ[illegible]တာဆ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်ခံပြီး မယားငှားတယ်ဆိုကတည်းက သူ့စိတ်ဟာ ဘာလဲဆိုတာ ယောက်ျားချင်းသိနေကြမှာပါ။

ရင်ခုန်သံတွေနဲ့အရင်းနှီးဆုံး လူတစ်ယောက်ဟာ ထူးထူးခြားခြားပဲ။ ရင်ခုန်သံတွေတိတ်ဆိတ်ငြိမ်သက်ရင်း ဘယ်ကြိုးက ငြိတွယ်သွားမှန်းမသိ။ နောက်တစ်ခါတွေ့ချင်သည့်စိတ်ကနေ သူ့ကို ကိုယ့်အနားမှာ ရှိစေခြင်းသို့ရောက်ပြီး ကလိကမာတွေသုံးကာ တုပ်ပြီးချည်ပြီး ရစ်ပတ်ထားမိသည်အထိ ဘာမှန်းမသိသေး။ မရေရာတာတွေ သေချာလာတဲ့နေ့က အချစ်အတွက်ပေးဆပ်လိုသည့် သူမနှလုံးသားလေး ကွဲအက်သွားသည့်နေ့။ မသိဘူးလို့အငြင်းခံလိုက်ရလို့ ရှက်ဒေါသမျက်နှာလေးနှင့် ဝေ့တက်လာသည့်မျက်ရည်တွေကို မြင်လိုက်ရတော့ ရင်ထဲမှာ စူးစူးနစ်နစ်ခံစားလိုက်ရတာ ပထမဆုံးအကြိမ်ပါပဲ။

အချစ်ဆိုတာ သိလာတော့. . .

ကိုယ့်ကိုထားခဲ့မှာ၊ သူများနောက် အပါမခံနိုင်တာ. . .

အဆုံးရှုံးခံရမှာ၊ စွန့်လွှတ်ရမှာတွေတွေးပြီး သူရင်ပူတတ်ခဲ့တာ ဘယ်သူသိသလဲ။

"ဆက်ပြောလေကွာ"

"ပြောမယ်. . . ပြောမယ်၊ ဟိုကွာ. . . ဒဏ်ရာတွေ နေရာ





မထပ်စေတာက ညအိပ်ရာဝင်. . . ရင်အုံကဒဏ်ရာလေးကိုမြင်ပြီး သနားမယ်"

"အင်း"

"ဘယ်ဘက်လက်မောင်းက ခေါင်းအုံးအိပ်မှာဆိုတော့ မမြင်ရဘူးလေ။ အဲဒီတော့ ညာဘက်လက်မောင်းကို နေရာရွှေ့ကိုက်တယ်"

"ဒါဆိုမြင်ရမယ်ပေါ့"

"ပါးလေးမွှတ်၊ ဆံပင်လေးသပ်တင်ပေးမှာက ညာဘက်လက်လေ။ အဲဒီအချိန်မှာ မြင်ရမှာ"

"အင်း. . . ဆက်ပါဦး"

"သူက မာယခေါင်းလေးကိုပြန်ပွတ်ပေးတော့ အမာရွတ်ကိုစမ်းမိမယ်။ အဲဒါတွေနဲ့သတိပေးပြီး ဒီကောင့်အချစ်ကို အပိုင်ချုပ်မှာကွ"

"ဩော်. . . ဟုတ်တယ်. . . ဟုတ်တယ်"

"အဲဒီလိုဖြစ်လာရင်တော့ ကောင်းတာပေါ့ကွာ"

လေသံအေးနဲ့ပြောလိုက်တဲ့မာယဆီသို့ အာရုံတွေရောက်လာကြသည်။ အမြဲတမ်း ကျွက်ကျွက်ဆူ ပူပူပွက်နေတဲ့ကောင်က ဒီတစ်ခါတော့ ဖော့ဖယောင်းလို ပျော့ပျောင်းလို့နေပါရော့လား။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဝန်ခံတာလား မာယ"

"ငါငြင်းခဲ့ဖူးလို့လား"

"မင်းပဲစိတ်မဝင်စားဘူးဆို"

"မချစ်ဘူးလို့မှ မပြောခဲ့တာ"

"ဩော်. . . ဟုတ်တယ်. . . ဟုတ်တယ်"

တဟုတ်ဟုတ်ဖြစ်နေတဲ့ပေဒါကို မင်းဦးက မျက်နှာတည်နှင့်လှည့်ကြည့်တော့ ဖက်ပုသွားသည်။

"ငါတစ်ခုစဉ်းစားမိတယ်"

"ဘာလဲ မာယ"

"ငါစိတ်ထင်ရာ စွတ်လုပ်ခဲ့တာတွေက ဆောင်းကိုချစ်ရာမရောက်ဘဲ နှစ်ရာရောက်သွားတာကွ"

"ဘာဖြစ်လို့"

"သူ့ရင်ထဲမှာရှိတာက တခြားတစ်ယောက်လေ"

"တခြားတစ်ယောက်မဟုတ်ဘူး။ ဆယ်ယောက်ပဲဖြစ်ဖြစ်လက်ရှိမှာ သူက မင်းမိန်းမလေ"

"အဲဒါ တကယ်မှမဟုတ်ဘဲ"

"တကယ်မဟုတ်ဘူးဆိုတာက စိတ်နဲ့ဆုံးဖြတ်တာလေကွာ။ တကယ်ဖြစ်ဖို့သက်သေက လက်ထပ်စာချုပ်ပဲ"





ကျော်ထွန်းစကားက မှန်တော့မှန်ပါတယ်။ ဒါပေမဲ့. . .

"မင်း သူ့ကိုကွာရှင်းမပေးရင် သူတရားဝင်လက်ခံရတော့မှာ"

မင်းဦးက ထပ်'မ'ပေး၏။

"ငါ သူ့ကိုအဲဒီလိုမျိုး မချုပ်ကိုင်ချင်ဘူးကွာ၊ အဲဒီလိုလုပ်မှ ပိုမှန်းသွားမှာကို ငါစိုးရိမ်တယ်"

"အမုန်းမှာ ဖြေဆေးရှိတယ်လေကွာ"

အချစ်ကိုရော ဘယ်လိုဖြေဆေးပေးပြီး ဖြတ်တောက်နိုင်ရမလဲလို့ မေးချင်သည်။ မိုးတိမ်နဲ့ဆောင်းတို့ကြားမှာက ငယ်သံယောဇဉ်ကြိုးနဲ့။ အဲဒီကြိုးကို ဘယ်လိုဓားမိုးရွှာပြီး ဖြတ်ကြမလဲ။

"အဟမ်း"

"ဟင်"

ချောင်းသံပေးသဖြင့် လှည့်ကြည့်လိုက်ကြတော့ ဆောင်းညချမ်း။

"ဆောင်းညချမ်း. . . လာလေ"

ကျော်ထွန်းက ခေါ်လိုက်တော့မှ ညချမ်း ဝင်လာသည်။ မင်းဦးက မျက်စပစ်ကာ လက်ကုတ်ကာနှင့် ရှောင်ပေးဖို့ မျက်ရိပ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မာယ တို့သွားဦးမယ်ကွာ၊ အလုပ်လုပ်ဖို့ လွှပ်ရှားတော့မယ်ဆိုတော့ ကြိုတင်ပြီးစိစဉ်စရာရှိတာတွေ စိစဉ်နေရတာ အချိန်က သိပ်မရဘူးကွ"

အကြောင်းပြချက်ကောင်းကောင်းနှင့် ထွက်သွားကြတဲ့ သူငယ်ချင်းတွေကို မာယနားလည်ပါသည်။ သူတို့က မာယနဲ့ညချမ်းကို တကယ်အတည်လက်ထပ်ခြင်းသို့ ရောက်စေချင်ကြတာပါ။

"ထိုင်လေ"

ညချမ်းက ခေါင်းညိတ်ပြီး သူ့ကုတင်ဘေးမှာ ထိုင်လိုက်ရင်း. . .

"ရှင်နေသာရဲ့လား"

"ပျောက်သလောက်ရှိနေပြီပဲလေ၊ စိတ်မပူပါနဲ့"

"ရှင်ဘာစားချင်လဲ၊ ညချမ်းဘာလုပ်ပေးရမလဲ။ လိုအပ်တာရှိရင်ပြောနော်။ ညချမ်းကြောင့် ရှင်ခုလိုဖြစ်ရတာဆိုတော့ အစစအရာရာ ညချမ်းမှာ တာဝန်ရှိပါတယ်"

"တာဝန်အရဆိုရင် ကိုယ့်ကိုဘာမှလုပ်မပေးပါနဲ့"

"စေတနာကိုအရင်းခံတာလည်း ပါပါတယ်"

အကြည့်ချင်းဆုံပြီးမှ မာယ မျက်နှာလွှဲလိုက်သည်။ ဘယ်မျက်ဝန်းစူးစူးကိုမှ မကြောက်ခဲ့တဲ့ကောင်က ညချမ်းရဲ့မျက်ဝန်းတွေ





ကိုတော့ ရင်မဆိုင်ရဲပေ။ အကြည့်တစ်ချက်မှာ ငြိတွယ်တာတွေဖြတ်မရလျှင် မဆုပ်လည်းစူး၊ မစားလည်း မူးကျန်ခဲ့မှာက ကိုယ်။

မင်းနဲ့ငါ. . .

ရှင်နဲ့ကျွန်မ. . .

ပြောနေကြရာကနေ ညချမ်းနှင့်ကိုယ်ဆိုတာတွေ ပြုပြင်သုံးစွဲလာကြတော့ ဆက်ဆံရေးက ရင်းနှီးသလိုတော့ရှိသား။ အတုဆိုတာတွေ အရေခွံခွာချတဲ့နေ့ရောက်ရင်တော့. . .

"ရှင်အပြင်ဘက်ထွက်ပြီး လမ်းလျှောက်ကြည့်ပါလားဟင်။ ဆေးရုံကဆင်းလာပြီးကတည်းက ဘယ်မှမထွက်ဘဲခွေနေတာ ဘာဖြစ်လို့လဲ၊ မသက်သာဘူးဆိုရင် ဆရာဝန်နဲ့ပြန်ပြသင့်ပြရမယ်လေ"

"ကိုယ်နေကောင်းနေပါပြီ"

စိတ်မကောင်းဖြစ်နေတာပါလို့ ဘယ်လိုပြောရမလဲ။

"ဒါဆို အပြင်မှာ လမ်းလျှောက်ရအောင်လေ"

"ကောင်းသားပဲ"

"ကျွန်မ တွဲပေးမယ်"

"နေပါ"

မာယ တားပေမယ့် ညချမ်းက သူ့ကို လက်မောင်းကနေ ဆုပ်ကိုင်ပြီး တွဲပေး၏။ မင်း ဒီလိုအချိန်ဘယ်လောက်ကြာအောင်



www.burmeseclassic.com

ပြုစုပေးနိုင်မှာလဲ ဆောင်းရယ်။ ဖြစ်နိုင်ရင် ကိုယ်တစ်သက်လုံး အိပ်ရာထဲ လဲနေလိုက်ချင်ပါရဲ့။

"ဆောင်း"

"ဟင်"

"ကိုယ်တို့လက်ထပ်ထားတာ ဘယ်လောက်ကြာပြီလဲ"

"ငါးလနဲ့ဆယ့်ရှစ်ရက်ရှိပြီလေ"

ဩော်. . . ဒီဟန်ဆောင်ဘဝထဲက ရုန်းထွက်ချင်သူက တော့ ရက်တွေ လက်ရေချိုးပြီး တွက်နေမှာပေါ့။

"အချိန်တွေက ကုန်လွယ်လိုက်တာကွာ"

"ခြောက်လနဲ့ဆယ့်နှစ်ရက်တောင် ကျန်ပါသေးတယ် ကို မာဃရဲ့"

ကိုယ်ဘာပြောသည်ဆိုတာ ဆောင်းက တပ်အပ်သိနေ သည့်အလား ပြန်ဖြေလိုက်တာ ဒက်ခနဲပါပဲ။ အေးလေ. . . သူက ရုန်းထွက်ခွင့်လိုချင်နေတဲ့သူဆိုတော့ ကျန်တဲ့ကာလတွေကို ကြာ ရှည်လှချည်ရဲ့လို့ ထင်နေမှာပါ။

"ကိုယ် အဲဒီကိစ္စကို ဖြေရှင်းလိုက်တော့မယ်"

"ရှင်"

"ခြောက်လပြည့်တာနဲ့ မင်းကို ကိုယ်ကွာရှင်းပေးပါ့မယ်"





"ဘယ်လို"

"ကျန်တဲ့ခြောက်လထပ်ပြီး မင်းကို ကိုယ်မနှိပ်စက်ချင် တော့ဘူး။ ဆယ့်နှစ်ရက်ကတော့ မင်း ကိုယ့်အနားမှာရှိနေပေးပါ"

ညချမ်း သူ့ကိုတွေတွေလေး ကြည့်နေပြီးမှ ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ပြီး. . .

"ညချမ်း အကောင်းဆုံးဖြစ်အောင် နေပေးပါ့မယ်"

"အဲဒီအတွက် ကျေးဇူးတင်ပါတယ်"

"ညချမ်းကမှ ရှင့်ကိုကျေးဇူးတင်ရမှာပါ"

"ဘာဖြစ်လို့"

"ညချမ်းဖြစ်စေချင်သလို မိုးတိမ်ဖြစ်တော့မှာ ရှင့်ကျေးဇူး ကြောင့်ပါ"

မာဃရင်ထဲမှာ စူးခနဲကျင်ခနဲဖြစ်သွား၏။ ဘုရားလောင်းဖို့ ရေငင်၊ ငင်တဲ့ရေကို ပခုံးနဲ့ထမ်း။ ဘုရားက စင်မြင့်အပင်တင့်တော့ ရေငင်တဲ့လက်ရော ထမ်းခဲ့တဲ့ပခုံးရော နာကျင်ကျန်ရစ်ခဲ့ရတာပါပဲ လေ။

□□□

www.burmeseclassic.com

## အခန်း ( ၂၅ )

ကောင်းကင်စံအိမ်ကိုရောက်လာပြီးကတည်းက လူကြီးတွေ မျက်နှာသာပေးပါလားလို့ ညချမ်းက အငြိမ်မနေ။ သူတော်တော့ ကိုယ်ကောင်းမှုဖြစ်မည်ဆိုပြီး ချက်ရေးပြုတ်ရေး၊ လျှော်ရေးဖွပ်ရေး အစစအရာရာအားလုံး သူ့လက်သူ့ခြေချည်းပဲ လုပ်ကိုင်ပေးသွားတာ စက်ရုပ်ကို ခလုတ်နှိပ်ခိုင်းနေသလိုပါပဲ။

အစက သဘောမတူချင်ပါဘူးဆိုတဲ့ ဦးမျိုးထက်ကအစ ခုတော့ သမီးဆိုတာ ပါးစပ်ဖျားက မချဖြစ်နေသည်။ အခုလည်း မာဃက ဗိုက်ဆာတယ်လို့ပြောလိုက်တာနှင့် နေ့လယ်စာစားဖို့ ရှုးခပ်ပြင်ဆင်ပေးတာ မြန်မှမြန် သွက်မှသွက်။

"သမီး"

"ရှင်. . . ကြီးမေ"





"သမီးပါ တစ်ခါတည်းဝင်စားလေ"

"ဟို. . . ညချမ်း"

"ဆင်ခြေမပေးနဲ့၊ စားဆိုရင် ဝင်စားလိုက်"

မာဃပြောလိုက်တာနှင့် ဒေါ်မိုးမိုးထက်ကလည်း လက်ဆွဲထိုင်ခိုင်းနေသဖြင့် ညချမ်း ဝင်ထိုင်လိုက်ရသည်။

"ဟင်းတွေကစုံနေတာပဲ၊ စားကောင်းဦးတော့မှာပဲ"

"ဆီချက်နံ့မွှေးနေတာက ဘယ်ဟင်းကလဲမသိဘူး"

"ငှက်ပျောဖူးပေါင်းကပါ ကြီးမေ"

"ငှက်ပျောဖူးပေါင်း. . . ဟုတ်လား"

"ဟုတ်ကဲ့လေးလေး။ ဒီမှာလေ"

ညချမ်း ငှက်ပျောဖူးပေါင်းကို ဦးမျိုးထက်ပန်းကန်ထဲသို့ ခပ်ထည့်ပေးလိုက်၏။ ဦးမျိုးထက်က စားကြည့်ပြီး. . .

"ကောင်းလိုက်တာ၊ သမီးကတော့ ကြံကြံဖန်ဖန် ရှာကြံချက်တော့တာပဲဟော့"

"ဟိုတက်ခြံက ငှက်ပျောပင်တွေခုတ်ပစ်နေတာ အဖူးတွေနှမြောလို့ ညချမ်းသွားတောင်းလာတာ လေးလေးရဲ့။ မြစ်ကြီးနားက အဒေါ်ဝမ်းကွဲတစ်ယောက် ညချမ်းတို့ဆီ အလည်လာရင်း ငှက်ပျောဖူးပေါင်းနည်းကို သင်ပေးသွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"နောက်နေ့ကျ တစ်မျိုးလုပ်ကျွေးစရာကျန်သေးတယ်"

ဒေါ်မိုးမိုးထက်က အားတက်သရောမျက်နှာနှင့်. . .

"ဘာလဲဟင် သမီး"

"ဘူးသီးသုတ်ကျွေးမှာလေ၊ ညချမ်းတို့နယ်မှာဆို နေ့လယ်ဘက် လူငယ်တွေစုပြီး သခော်သီးတို့ ဘူးသီးတို့ သုတ်စားကြတာ။ ဘူးသီးသုတ်က ဝမ်းအေးတယ်လေ"

"သမီးရောက်လာမှပဲ လေးလေးတို့ တစ်နေ့တစ်မျိုး မရိုးရအောင် စားနေရတာပဲ။ မင်းလူရွေးတော်တယ် သား"

မာဃဘက်လှည့်ပြောတော့ မာဃက ဘာမှမတုံ့ပြန်ပေ။ ပြန်ခါနီးမှာ သူ့သံယောဇဉ်တွေ ထားရစ်ခဲ့ချင်လို့ မမေ့နိုင်အောင် လက်စွမ်းပြနေတာလားမသိ။ နောင်ဆိုတဲ့အချိန်မှာ သူနဲ့ကိုယ်ဟာ သူစိမ်းတွေဖြစ်ကြမှာပါ။ အမြဲတမ်းအနိုင်ယူချင်တဲ့ကောင်က အရှုံးကိုရင်ဆိုင်ရတော့မယ်ဆိုတော့ ရင်ထဲမှာမခံချိမခံသာနဲ့ ဘာလုပ်ရမှန်းလည်းမသိ။

"သား"

"ဗျာ"

"ထည့်စားလေ"





"ဟုတ်"

လူကြီးတွေကတော့ အချိုးပြောင်းနေတဲ့မာဃကိုကြည့်ပြီး ကျေနပ်နေကြသည်။ အရင်ကဆို မောင်မောင်ဆိုလေ ထီးရိုးရှည်လေးလေ။

"လေးလေးတို့က မိဘတို့ဝတ္တရားရှိတဲ့အတိုင်း သားတို့ မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားလုပ်ပေးချင်တယ်။ အဲဒါ ဘယ် Hotel မှာ Booking လုပ်ပေးရမလဲ။ သားပြောဦးလေ"

မာဃကိုယ်ကြီး တောင့်ခနဲဖြစ်ပြီး ညချမ်းကိုလှမ်းကြည့်လိုက်တော့ ဘာမှမဖြစ်သလို ထမင်းကိုပဲငုံ့စားနေသည်။ ကိုယ်စတဲ့ပြဿနာကို ကိုယ်ရှင်း၊ အချိန်တန်ရင် သူမကတော့ ပျံသန်းထွက်ခွာခွင့်ရမှာပဲလို့ စိတ်ကိုဒုံးဒုံးချနေပုံရသည်။

"ဘယ်လိုဖြစ်နေတာလဲ သားရဲ့၊ တစ်ခုခုတော့ ပြန်ပြောဦးလေ"

မာဃ သက်ပြင်းချလိုက်ပြီး. . .

"သားကို အချိန်နည်းနည်းတော့ပေးပါ ကြီးမေ"

မာဃ ထရပ်လိုက်တော့. . .

"ဟင်! တော်ပြီလား သား၊ ဘာမှလည်းမစားဘူး။ စား



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့လား''

''ကောင်းပါတယ်၊ သားဗိုက်ပြည့်နေလို့ပါ''

သူထွက်သွားပြီးနောက် ညချမ်းလည်း ထမင်းစားခြင်းကို လက်စသတ်၍ ကိုယ်စားတဲ့ပန်းကန်ရော သူစားတဲ့ပန်းကန်ရော ဘေစင်သို့သယ်သွားလိုက်သည်။ ပန်းကန်တွေကို ဆပ်ပြာနှင့်တိုက်၍ ဆေးကြောနေချိန်မှာ. . .

''တီးတောင်! တီးတောင်! ''

လူခေါ်ဘဲလ်နှိပ်သံကြောင့် ညချမ်း တံခါးသွားဖွင့်ပေးဖို့ ခြေလှမ်းပြင်လေလျှင်. . .

''သားရှိတယ်လေ သမီးရဲ့''

''ဩော်. . . ဟုတ်''

ညချမ်း ဆေးပြီးသားပန်းကန်တွေကို ရေစစ်ထားလိုက်ပြီး လူကြီးတွေ အချိုတည်းဖို့ လိမ္မော်သီးခွာပြီးသားနှင့် ပန်းသီးကိုစိတ်ပြီး ပန်းကန်းပြားလေးထဲသို့ ထည့်လိုက်သည်။ ပြီးတာနှင့် လူကြီးတွေရှေ့မှာ သွားချပေးပြီး စားပြီးသားပန်းကန်တွေကို ဘေစင်ဆီသို့ သယ်၊ အလုပ်ရှုပ်နေစဉ်. . .

''ဆောင်းညချမ်း''

''ဟင်''





''မင်းညွှန့်သည်''

''ဘယ်သူ''

''မိုးတိမ်''

''ဟင်''

မာယာပြန်ထွက်သွားတော့ ညချမ်း ဘာကိုစိုးရိမ်သွားမှန်း မသိပေ။ မိုးတိမ် ဘာလာလုပ်တာပါလိမ့်။ ဆက်ရန်မရှိတဲ့ကြိုးကို အဖုထုံးဖို့လာတာဆိုလျှင်တော့ ညချမ်းဆုံးဖြတ်ပြီးသားပါ။ တကယ် နားလည်လိုက်တဲ့ချစ်ခြင်းတရားကို ဘာနဲ့လဲပြီး ဘယ်လိုအငြင်းပွား နေရဦးမှာလဲ။ ချစ်ခြင်း၏သင်္ကေတ၊ အချစ်၏သီအိုရီတွေကို ဘယ် နေရာ ဘယ်အချက်ဆိုပြီး ထောက်မပြနိုင်ပေမယ့် သူသာလျှင် ညချမ်းအတွက် ကျယ်ပြန့်သောကောင်းကင်တစ်ခုပါ။ ညအခါမှာ လသာတာကို တိမ်ဖုံးပေမယ့်. . .

လင်းလင်းမှောင်မှောင် လမသာလည်း ညအခါကို ကြယ် ရောင်နဲ့ ခင်းကျင်းလမ်းပြပေးတာ ကောင်းကင်ကြီးပါ။

''မိုးတိမ်''

''ညချမ်း''

သူ့ကိုမြင်တော့ မိုးတိမ်က ထရပ်သည်။

''နင် ဒီကိုဘာလာလုပ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို အရေးကြီးတဲ့ကိစ္စပြောစရာရှိလို့ လာခဲ့တာ။ နင် ငါနဲ့အပြင်ကို ခဏလောက် လိုက်ခဲ့ပါလား"

ညချမ်း တွေခနဲဖြစ်သွား၏။ ပြဿနာတစ်ခုကို မဖြေရှင်းဘဲ ခေါင်းရှောင်နေလိုက်ရင်၊ ကြာလေပိုရှုပ်လေ ဖြစ်မှာပေါ့။ ညချမ်း အရှုပ်တွေနဲ့ရှင်းတဲ့ဘဝလေးမှာပဲ အေးချမ်းစွာ အခြေချချင်ပါပြီ။

"ကိုမာယ"

"ကိုယ့်ဆီမှာ ခွင့်မတောင်းပါနဲ့၊ မင်းကိုယ်ကို မင်းပဲပိုင်ပါတယ်"

"ညချမ်းလေ"

"ပြန်မလာတော့ဘူးဆိုရင်လည်း ရတယ်၊ အစကတည်းက ကိုယ်က စည်းဝိုင်းအပြင်ဘက်ကလူ"

"ငါလည်း အရေးကြီးတဲ့အချိန်ရောက်နေလို့ လာခဲ့ရတာ ညချမ်း။ တို့ တစ်ခုခုကို ပြတ်ပြတ်သားသားဆုံးဖြတ်မှဖြစ်မယ်"

"ကောင်းပြီလေ၊ ငါလိုက်ခဲ့ပါ့မယ်"

မာယ လုံးဝလှည့်မကြည့်တော့ဘဲ အပေါ်ထပ်သို့တက်ခဲ့၏။ ကောင်းကင်စံအိမ်သို့ရောက်လာပြီးကတည်းက တစ်အိပ်ရာတည်းမဟုတ်ပေမယ့် တစ်ခန်းတည်းအိပ်ပြရတဲ့အဖြစ်မှာ သူအိပ်ပျော်နေတဲ့မျက်နှာလေးကို တစိမ့်စိမ့်ထိုင်ကြည့်ရတဲ့အဖြစ်ဟာ ဘာ





နဲ့တူမှန်းကိုမသိတော့ပေ။ စဉ်းစားလေ ပိုရှုပ်ထွေးလေက ဦးနှောက်။ နှလုံးသားမှာက ဘယ်လိုပဲဖြစ်ဖြစ် မစွန့်လွှတ်နိုင်ခြင်းတွေသာ အဖြေထွက်လာပြီး မခံစားနိုင်သည့်စိတ်နောက်သို့ ခြေထောက်က ပါသည်။

ကားသော့ကို ကမန်းကတန်းယူဖြစ်ပြီး အောက်ထပ်သို့ ပြန်ဆင်းပြေးလာခဲ့စဉ်. . .

"သား"

ခေါ်သံကြောင့် ခြေလှမ်းတွေ တန့်သွား၏။

"ဘယ်သွားမလို့လဲ"

"အပြင်ခဏသွားမလို့ပါ"

"သမီးနောက်ကို လိုက်သွားမှာမဟုတ်လား"

ချက်ဆို နားခွက်က မီးတောက်နေတဲ့လေးလေး ဘာတွေ ဘယ်အထိ သိလို့ပါလိမ့်။

"မင်းဦးပြောပြလို့ လေးလေး အားလုံးသိတယ် သား"

"ဗျာ"

"မင်းတို့အနေခက်မှာစိုးလို့ လေးလေး မသိဟန်ဆောင်နေခဲ့တာ။ ဆောင်းညချမ်းက သားအတွက် တကယ်လိုအပ်နေတဲ့ မိန်းကောင်းပဲ သား။ အတူနေခဲ့ဖူးတဲ့ကာလက သံယောဇဉ်နဲ့ မင်းချည်နိုင်အောင် ကြိုးစားပါ။ မင်းကွာရှင်းမပေးရသေးတာမို့ မိုးတိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ကောင် ဘာမှလုပ်လို့မရဘူး။ လေးလေးပြောတာ သဘော ပေါက်ရဲ့လား''

''ဟုတ်ကဲ့ လေးလေး''

လေးလေးစကားက တွန်းအားပေးသလိုမို့ မာဃ သွက် လက်သောခြေလှမ်းတို့နှင့် ထွက်ခွာလာခဲ့စဉ်. . .

ရင်ခုန်သံတွေနှင့် မစိမ်းသက်ခဲ့သည့်မာဃ၊ ဒီတစ်ခါတော့ ရှုးရှုးမူးမူးပါပဲလား။

''မာဃ''

မာဃ ကားပေါ်ကဆင်းလိုက်သည်နှင့် ရှေ့မှကာဆီးလိုက် သူဟာ ဘယ်သူလဲကြည့်လိုက်တော့. . .

''နှင်းဆီခက်''

''ဆောင်းညချမ်းနောက်ကို လိုက်လာတာလား''

''မင်းက ဘယ်လိုထင်လို့လဲ''

''ယူနဲ့တို့က တူတာတွေများနေလို့ပါ''

''ဘယ်လို''

နှင်းဆီခက်က မချိုပြုံးပြုံးရင်း. . .

''တို့လည်း မိုးတိမ်နဲ့တွေ့မှ ရာဇဝင်ကိုဖျက်ရတာတွေ များ ပြီ''





မာဃ နှင်းဆီခက်ကို ခပ်တွေတွေစိုက်ကြည့်လိုက်မိသည်။ အသွင်တူလျက် အိမ်သူမဖြစ်ကြတဲ့ မာဃနဲ့နှင်းဆီခက်တို့ဟာ ဆန့် ကျင်ဘက်လားရာကိုမှ နှလုံးသားတွေ အမြစ်ကုပ် တွယ်ငင်ခဲ့မိကြ သည်ကို။ အချစ်မန္တတ်လောက် အချစ်လာနဲ့ အချစ်ကိုရဖို့ ဟိုခြစ် ဒီချေးလုပ်ပြီး အဖြေထုတ်လို့ရလျှင် အကောင်းသား။

''ယူတို့လိုယောကျ်ားလေးတွေက လိုချင်ရင် ရအောင်ယူ ခွင့်ရှိတယ်။ တို့မိန်းကလေးတွေကတော့ မျှော်လင့်ရုံအပြင် ဘာမှ မတတ်နိုင်လို့ မိန်းမသားဘဝကို စိတ်နာနာနဲ့ ထိုင်ကျိန်လို့မရ၊ ဆဲ လို့မရနဲ့''

မာဃရင်ထဲမှာ ပူလောင်နေသည့်ကြားမှ လွန့်ခနဲပြုံးလိုက် မိသည်။ ကိုယ်ကမှ ဖွတ်လို့ထင်တယ်၊ ငါ့ထက်ကြီးတဲ့ဖွတ်က ငါ့ အရင်ရောက်နေတာကိုး ဆိုသလိုမျိုး။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၆ )

ဟိုတုန်းက. . .

အင်းလျားကန်ပေါင်ပေါ်မှာ ငါလျှောက်ဖူးကြည့်ချင်တယ်၊ ငါ့ကို တစ်ခါလောက် လိုက်ပို့ပါလား မိုးတိမ်လို့ ညချမ်း ပြောခဲ့ဖူး သည်။ အဲဒီတုန်းက မိုးတိမ်ပြောခဲ့ဖူးသည်လေ။

"အင်းလျားကန်ပေါင်ပေါ်မှာ အတွဲတွေမှ လမ်းလျှောက် ကြတာဟ။ နင်နဲ့ငါတွဲသွားလို့ ဘယ်လိုလုပ်ပြီး သင့်တော်မှာလဲ" တဲ့။

"အတွဲမဟုတ်ရင် မသွားရဘူးလား"

"မသွားရဘူး"

"အဲဒါဆို ငါအတွဲရှာဦးမယ်"

"အမယ်! အင်းလျားကန်သွားချင်တာနဲ့ အတွဲရှာမယ်





ဟုတ်လား။ ငါ နားရင်းထအုပ်လိုက်ရ။ ခုနစ်ရက် ခုနစ်လီ ကြက် တွန်သံမကြားဖြစ်တော့မှာပဲ"

"ကြက်တွန်သံကြားတာ တောမှာလေ၊ အခု မြို့မှာ ဘယ် ကြက်က တွန်မှာလဲ"

လို့ ညချမ်း စပ်ဖြဲဖြဲပြောခဲ့တုန်းက. . .

"ဟုတ်သားပဲ"

ဆိုပြီးရယ်ခဲ့တဲ့ မိုးတိမ်။ အခု ညချမ်းကိုခေါ်လာတာ အင်းလျားကန် ပေါင်ပေါ်ကို။ ခုံတန်းလေးမှာထိုင်နေကြသည့်တိုင် ဘယ်သူမှ စကား မပြောဖြစ်ကြသေးပေ။ ညချမ်းကပဲ စပြီး. . .

"မိုးတိမ်"

"ဟင်"

"ပြောစရာရှိလို့ဆိုပြီး ဘာလို့ ခုထိဘာမှမပြောသေးတာ လဲ"

မိုးတိမ် ညချမ်းမျက်နှာလေးကို တွေတွေငေးငေးလေး ငုံ့ကြည့်ပြီးမှ. . .

"ငါမပြောလည်း နင်သိနေမှာပါ"

"ဘာကိုလဲ မိုးတိမ်"

"စင်တာမှာတုန်းက ငါငြင်းခဲ့တဲ့ကိစ္စက ငါ့ဘဝကိုမြေ



www.burmeseclassic.com

www.burmeseclassic.com



တောင်မြှောက်ပေးတာ နှင်းဆီခက်လို့ထင်ပြီး သူငြိုငြင်ရင် ငါခြေချော်ကျသွားမှာစိုးလို့ပါ ညချမ်းရယ်"

"အဲဒါတွေပြီးသွားပြီပဲ မိုးတိမ်"

"မပြီးတာတွေ ကျန်နေသေးတယ် ညချမ်း။ နှင်နဲ့မာဃ ဘယ်လိုနားလည်မှုယူထားတယ်ဆိုတာ ငါသိတယ်"

"အဲဒီတော့"

"နှင့်ကိုငါပြန်လိုချင်တယ်၊ ဘယ်အရာနဲ့မှ မလဲနိုင်အောင် နှင့်ကိုငါချစ်တာ။ တို့ဟိုအိမ်ကလေးမှာပဲ အတူတူပြန်နေကြရအောင် နော် ညချမ်း"

ညချမ်း မဲ့ခနဲဖြစ်သွားသည်။ ကိုယ်ရင်နာနေတဲ့အချိန်မှာ သူက ဘေးထွက်ဘောဖြစ်နေခဲ့တာလေ။ သံယောဇဉ်ကို အချစ်လို့ ထင်ခဲ့တဲ့ညချမ်း၊ အချစ်ဆိုတဲ့စာမျက်နှာကို တကယ်ရှာတွေ့ချိန်ကျမှ သူက အမှန်နဲ့အမှားကို ဝေဖန်ပိုင်းခြားနိုင်ပြီတဲ့လား။ အချစ်ချင်း တူရင်တောင် စစ်ခင်းယူဖို့ သတ္တိမရှိတဲ့ယောကျ်ားကို ညချမ်း ဘယ်လိုယုံကြည်စွာနဲ့ ဘဝကိုပုံအပ်ရမလဲ။

"နှင် စီးရီးထုတ်ဖို့ကိစ္စက နောက်ဆုတ်လို့မှ မရတော့ဘဲ မိုးတိမ်"

"ခက်က မာဃငွေအားလုံးကို ပြန်ပေးမယ်တဲ့"





"သူ့ကိုရော နှင်ထည့်မတွက်တော့ဘူးလား"

"ဘာတွက်စရာလိုမလဲ၊ ဆန်ပေးလို့ဆီရတာလေ။ ငါအောင်မြင်မယ်ဆိုတာကို သူတို့ယုံကြည်ပြီးသားပါ"

"နှင်မငှဲ့ပေမယ့် ငါကတော့ ငှဲ့ရမယ် မိုးတိမ်"

"ဘာ!"

ညချမ်း သက်ပြင်းလေး ချလိုက်မိသည်။ မာဃရဲ့အကြင်နာမေတ္တာတွေဆိုတာကို ခဏဘေးချိတ်ထား၊ တကယ်ထင်ပြီး ဝမ်းသာပီတိဖြစ်နေကြတဲ့လူကြီးတွေရဲ့ပီတိကို ညချမ်း ရိုက်မချိုးရက်ပေ။ မိဘမေတ္တာငတ်နေတဲ့ညချမ်းကို လိုအပ်တဲ့ကွက်လပ်ဖြည့်ပြီး နွေးထွေးပျူငှာခဲ့တဲ့ ကောင်းကင်စံအိမ်။ ဘယ်လိုအရှိန်အဝါကိုမှ မက်မောလို့မဟုတ်ဘဲ နှလုံးသားဏ်အလိုဆန္ဒကိုက ငြိတွယ်နေခဲ့တာ မာဃဆိုတဲ့လူ။

ကိုယ့်ကို တစ်ချက်ပြန်ငဲ့ကြည့်ဖော်မရခဲ့တဲ့လူနဲ့ယှဉ်ပြီး အသက်ချင်းလဲကာ သူမအပေါ်ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်ပေးသူဘက်ကို သနားခြင်းနှင့်စိတ်ယိုင်သွားခဲ့တာ သူမ မှားသလား။ အချစ်ဆိုတာ ကာလရှည်ကြာခြင်း၊ အချိန်တိုတောင်းခြင်းတို့နဲ့လည်းမဆိုင်။ အချစ်စစ်ကိုတွေ့မှ သံယောဇဉ်နှင့်အချစ်ကို ခွဲခြားတတ်ချိန်မှာ မိုးတိမ်က ညချမ်းကိုချစ်သည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပါးလေးကိုနမ်းပါလို့ စောင်းငဲ့ပေးချိန်မှာ သူက ပါးရိုက် ထွက်သွားပြီး၊ သူများကြင်နာယုယစွာ ပွတ်သပ်ပေးချိန်ကျမှ ထာဝရနမ်းရှိုက်ခွင့်ပေးပါဆိုတော့ လက်ထပ်ခြင်းကိုတန်ဖိုးထားသူပီပီ ပွတ်ပေးတဲ့လက်ကို မြဲမြဲဆုပ်ကိုင်ဖြစ်တယ်ဆိုရင် အပြစ်မတင်ပါနဲ့ မိုးတိမ်။

"ညချမ်း"

"ဟင်"

"ငါနဲ့ပြန်လိုက်ခဲ့ပါနော်"

"မဖြစ်နိုင်တော့ဘူး မိုးတိမ်"

"ဘာလို့မဖြစ်ရမှာလဲ၊ တကယ်တမ်းကျတော့ ငါ နင့်ကို အဆုံးရှုံးမခံနိုင်ဘူး ညချမ်း"

"နင်သိပ်နောက်ကျသွားပြီ"

"ဘာ"

မိုးတိမ် ဆတ်ခနဲထရပ်လိုက်၏။ မယုံနိုင်ခြင်းတွေကို ယုံကြည်ပေးဖို့တိုက်တွန်းလိုက်တာက သေသေချာချာကြားလိုက်ရတဲ့ နားပါ။ ကိုယ် သူ့ကိုချစ်ခဲ့တာသည် ခုမြင်ခုကြိုက် ခုလိုက်ခုကြွဲ အချစ်မျိုးမဟုတ်။ ငယ်ငယ်ကတည်းက ချစ်ခဲ့ပေမယ့် လက်ဝါးချင်း ပွတ်ရင် ကြက်ချေးစော်နံမှာစိုးလို့ စောင့်စည်းခြင်းတွေနဲ့ မျိုသိပ်ခဲ့





ရတာ။ ဘယ်လောက်ခံရခက်တဲ့ဝေဒနာက ဆိုးလိုက်ပါသလဲ။ အမြဲတမ်း တပူးတွဲတွဲသာရှိနေလျှင် စည်းတွေဘောင်တွေ ချိုးမိကျော်မိမှာစိုးလို့ အိမ်မကပ်ဘဲ အစိမ်းရောင်ခြယ်ဆက်ဆံရေးနဲ့ တုံ့ပြန်ခဲ့တာ မုန်းလို့မဟုတ်၊ ချစ်လို့ပါ။

တူနှစ်ကိုယ် တဲအိုပျက်မှာ ထမင်းရည်တစ်ဖွန်းမျှသောက်ဖို့ ဆုံးဖြတ်လိုက်ရင် ချစ်ရာမရောက်ဘဲ ညချမ်းကိုနှစ်ရာရောက်မှာ စိုးလို့၊ ကိုယ်ဝါသနာပါတဲ့ဂီတကိုဖက်ပြီး အောင်မြင်မှုရအောင် ကြိုးစားမည်။ အောင်မြင်လာတဲ့နေ့မှာ သူရယ်ကိုယ်ရယ် တစ်သက်မခွဲ လက်တွဲကြမည်ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ အားမာန်တင်းပြီး ထားရစ်ခဲ့ရတာ ဒီနေ့ ဒီလိုတွေဖြစ်လာဖို့လား။

အမှန်တရားတွေ သိလိုက်ရချိန်မှာ ကိုယ်က ခြေတစ်လှမ်း နောက်ကျသလိုဖြစ်ပြီး ရင်ထုပြီးပဲ ငိုရမလိုလို၊ လူမိုက်ဆိုပြီး ကိုယ့်ခေါင်းပဲ ကိုယ်ရိုက်ခွဲရမလိုလို၊ သေချာတာတစ်ခုကတော့ တကယ်မဟုတ်တဲ့လက်ထပ်ခြင်းကို ဖျက်သိမ်းနိုင်းပြီး ကိုယ့်ရင်ခွင်တံခါးကို အဆင်သင့်ဖွင့်ထားခြင်းပါပဲ။

"နင် ငါ့ကိုတကယ်ရက်စက်နိုင်လို့လား ညချမ်း၊ နင့်ကို သူများရင်ခွင်ထဲ ငါထည့်မပေးနိုင်ဘူးနော်"

"မနေ့တနေ့ကအထိတော့ ငါ့စိတ်ဟာ နင့်ဘဝကို ဦး



www.burmeseclassic.com

www.burmeseclassic.com



တည့်နေပါသေးတယ်''

''ဒါဆို. . . နု''

ညချမ်းပါ ထရပ်လိုက်တော့ ရေပြင်ကို ဘေးတိုက်ထား ပြီး ပျက်နှာချင်းဆိုင်အနေအထားသို့ ရောက်သွား၏။

''ညချမ်း''

မိုးတိမ် ညချမ်းပခုံးလေးကို ဆုပ်ကိုင်လိုက်သည်။ လက် ကိုပုတ်ထုတ်ခါချလောက်တဲ့အထိတော့ ညချမ်းမရက်စက်နိုင်သေး ပါဘူး။ ငယ်သံယောဇဉ်ဆိုတာက ရှိနေသေးသည်လေ။

''နင် ခုတစ်ခါတည်း ငါနဲ့ပြန်လိုက်ခဲ့ပါနော်''

''မဖြစ်ဘူး မိုးတိမ်''

''လာပြန်ပြီ ဒီမဖြစ်စကား''

''ငါ သူ့အပေါ် မရက်စက်နိုင်ဘူး''

''ငါ့အပေါ်မှာတော့ ရက်စက်နိုင်တယ်ပေါ့၊ ဟုတ်လား ညချမ်း''

''နင့်အပေါ်ကိုလည်း ငါမရက်စက်နိုင်ပါဘူး။ ဒါပေမဲ့ လက် ထပ်စာချုပ်ပေါ်ကလက်မှတ်က ငါဟာ သူ့ဇနီးပါလို့ သက်သေပြ နေတာလေ''

''ငါ မာယကိုတောင်းပန်မယ်၊ ခြေသလုံးဖက်ပြီး တောင်း





ပန်မယ်ဟာ''

''တောင်းပန်တယ်ဆိုတာ အမှားလုပ်ထားသူတွေရဲ့အလုပ် ပါ။ နင့်ဘက်ကကြည့်ရင် နင်လည်းမမှားဘူး။ နင်က ဘာကိုတောင်း ပန်မှာလဲ''

''မာယ နင့်ကိုကွာရှင်းပေးဖို့ပေါ့''

''နင်. . . အား''

''ဟင်!''

ရုတ်တရက် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသဖြင့် ညချမ်း ကိုယ်လေး ရှေ့သို့မိုက်ခနဲဖြစ်သွားသည်။ မိုးတိမ်က ဖေးမပေးလိုက် ပြီးလျှင်. . .

''ညချမ်း ဘာဖြစ်လို့လဲ''

''ခေါင်းထဲမူးလိုက်တာ''

''ဟုတ်လား၊ ဒါဆို ငါ့ကိုမှီထားလေ''

မိုးတိမ် ညချမ်းကိုယ်လေးကိုပွေ့ရင်း ထိုင်ခုံပေါ်မှာ ပြန် ထိုင်ချလိုက်၏။ ညချမ်းက သူ့ပခုံးကိုမှီထားလိုက်တော့ ပခုံးဖက် ပြီး စိုးရိမ်စွာငုံ့ကြည့်နေတဲ့မိုးတိမ်မျက်နှာနှင့် ညချမ်းမျက်နှာ နီးသွားပြီး၊ အဝေးကလူအမြင်မှာ အလွမ်းသယ်ကာ အနမ်းနယ်ကျွံ နေကြသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"တောက်! "

မာယ၊ မဆိုင်တဲ့ ကန်ပေါင်ပေါ်က ကျောက်ခဲကိုပဲ ခြေထောက်နှင့် လွှဲကန်လိုက်သည်။ ကျောက်ခဲသေးသေးလေးခမျာ ဘယ်ဆီကိုလွင့်သွားမှန်းပင်မသိ။ နှလုံးသားတွေ စူးနစ်နာကျင်လျက်။ အချစ်အတွက် မျက်ရည်ကျတဲ့ယောက်ျားဖြစ်တော့မလားပါပဲ။ အနားမှာ နှင်းဆီခက်ရှိနေလို့ ထိန်းထားမိတဲ့မျက်ရည်က အိမ်ရောက်လျှင် ဆက်တားဆီးလို့ရပါ့မလားမသိ။

ငယ်ငယ်တုန်းက မာယကို သူများနဲ့ရန်ဖြစ်ရမလားဆိုပြီး လေးလေး ကြိမ်လုံးနဲ့ရိုက်တာ ဒဏ်ရာချင်းထပ်နေတာကိုတောင် မာယအံကြိတ်ပြီး ခံခဲ့တာ တစ်စက်မှမျက်ရည်မကျပေ။ ပထမဦးဆုံးရန်ဖြစ်ခြင်းမှာ ကိုယ်က တစ်ဖက်လူကို အုတ်ခဲနှင့်ခေါင်းပစ်ခဲ့တာမို့ အစရှိနောက်နောင် ရန်ဖြစ်ပေါင်းတွေများပြီး လူမိုက်ဖြစ်မှာစိုးလို့ဆိုပြီးဆုံးမခဲ့တာ။ ဘယ်လောက်ပဲရိုက်ရိုက် ကိုယ့်ကိုစရင် ပြန်ချတာ မာယရဲ့ဉာဉ်တစ်ခုဖြစ်ခဲ့ပြီး၊ သူများငိုရင်တောင် ဟားတိုက်ရယ်မောခဲ့တဲ့မာယ။

အခု. . . အချစ်နဲ့ပတ်သက်ပြီး ကြေကွဲလှလှမျက်ရည်ကို အံကြိတ်ကာ ထိန်းထားရင်း ကျောခိုင်းလိုက်စဉ်. . .

"မာယ"





မာယခြေလှမ်းတွေ တုံ့သွားတော့. . .

"ယူနဲ့တို့ မတူတာတစ်ခုတော့ ရှိသွားပြီနော်"

"ဘာလဲ"

"ဒီနေရာမှာ မိန်းကလေးဖြစ်တဲ့တို့က အရှုံးနဲ့ရင်ဆိုင်ရလို့ ကျတဲ့မျက်ရည်ကို ယူ့လိုမထိန်းနိုင်ခဲ့ဘူးလေ"

နှင်းဆီခက်အသံက ရှိုက်သံစွက်နေသည်။

"နောက်ထပ်မတူတာရှိသေးတယ် နှင်းဆီခက်"

"ဘာလဲဟင် မာယ"

"စောင့်ကြည့်ရင် သိရမှာပေါ့"

မာယပြောပြီးတာနှင့် ခြေလှမ်းကျဲများနှင့် ထွက်လာခဲ့၏။ ကားတံခါးကိုပိတ်လိုက်တာပင် ညင်ညင်သာသာမရှိ။ ရင်ထဲမှာတော့ တဆစ်ဆစ်နာကျင်ခြင်းတွေက အသက်ရှုမဝချင်သလိုပင် ဖြစ်လာလို့ ပါးစပ်ကိုဟပြီး ရှူလိုက်ရသည်အထိ။

"လမ်းခွဲကြရအောင်"

လို့ပြောလာကြတိုင်း. . .

"ကောင်းသားပဲ"

လို့ဖြေခဲ့တဲ့ပါးစပ်က၊ ခုကျမှ သစ္စာကြီးစွာ မထွက်ခဲ့တဲ့ စကားလုံးတွေကို ဖိကုပ်ပြီး ဆွဲထုတ်ရမလား။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၇ )

"မင်း သူ့ကို တကယ်ပဲကွာရှင်းပေးတော့မှာလား မာယ"

"တို့က အတည်ပဲဖြစ်သွားစေချင်တာကွ"

"မင်းဟာက ဟုတ်တော့မလိုလိုနဲ့ ချီလာပြီး အနားရောက်မှ လွှတ်ချတာမျိုး"

ဘယ်သူတွေဘာပဲပြောပြော မာယငြိမ်သက်နေမိသည်။ သူ့မှာ ပြန်ဖြေစရာစကားလုံးတွေ ပျောက်ဆုံးနေပြီလေ။ ကိုယ့်ရုပ်ရည်ကိုယ့်အဆင့်အတန်းဆိုပြီး ဘဝင်လေဟပ်ကာ တွဲလိုက်ကွဲလိုက်တွေကိုပဲ ပျော်သလိုလိုနှင့် အချစ်ကိုအလေးမထားဘဲ ကလေးကစားစရာလို သဘောထားခဲ့တဲ့မာယ။ ကျရှုံးချင်လာတော့ သွေးတစက်စက်ထွက်နေတဲ့ သူမဒူးခေါင်းကဒဏ်ရာလေးကိုကြည့်ပြီး သူမရှေ့မှာ ဒူးထောက်ခဲ့ရသည်။





ဘယ်ပြည်သူဝင်စားလို့ ညို့ငင်အားတွေ ကောင်းခဲ့သလဲ မသိပါဘူး။ နောက်တစ်ခါတွေ့ချင်လာပြီး ကလိကမာတွေနှင့် စရင်းနောက်ရင်း အတည်ပဲ ဟန်ဆောင်လက်ထပ်မိကြသည်အထိ ကိုယ့်ရင်ဘတ် ဘာဖြစ်မှန်းမသိသေး။ မိန်းမတစ်ယောက်ကို ဟန်ဆောင်လက်ထပ်မှ သူ့ပြဿနာတွေ ဖြေရှင်းလို့ရမှာမဟုတ်ဘဲ၊ ဒါကိုပဲ အကြောင်းပြချုပ်ကိုင်ထားခဲ့တာ အချစ်တဲ့။ အချစ်က တကယ်အံ့ဩဖို့ကောင်းပါတယ်။

ရက်ရက်စက်စက်၊ ထိလိုက်ရင် ပဲ့သွားမလို လှတာမျိုးမဟုတ်ဘဲ ချစ်စရာကောင်းရုံလောက်နှင့် ကိုယ့်ရင်ဘတ်ကို ထိုးခွဲပြီး နှလုံးသားကိုဆုပ်နယ်သွားပုံက အံ့မခန်းပါပဲ။ မချစ်ဖူးလို့မဟုတ်ဘဲ အချစ်ရှုံးဖြစ်နေရတာ သူနဲ့ကျမှ။

"မာယ"

". . ."

"ဟော့ကောင် မာယ"

"ဘာလဲကွ"

"မင်း တို့ပြောတာတွေကို ကြားရဲ့လား"

"ကြားတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားရင် တစ်ခုခုပြန်ပြောဦးလေကွာ"

"ဘာပြောရမှာလဲ"

"အဆိုးအကောင်း အကျိုးအကြောင်းပေါ့"

မာဃဆံပင်တွေကြားသို့ လက်ချောင်းတွေထိုးသွင်းပြီး မှိုင်လိုက်သည်။ ကိုယ့်ဝမ်းနာ ကိုယ်ပဲသိဆိုသလို၊ ရင်ဘတ်ကြီးခွဲပြီး ငါ့နှလုံးသားကဒဏ်ရာတွေ ကြည့်ကြစမ်းလို့ ချပြလို့လည်းမရ။

"ငါညစ်နေတာပဲ သိတယ်ကွာ"

"အေး. . . ညစ်နေတဲ့စိတ်ကို သိရှောင်ထားရင် ပုပ်သိုးသွားရုံပဲရှိမယ်။ တို့ကိုပြောပြမှ ဘယ်ပင်လယ်ရေနဲ့ဆေးကြော သန့်စင်ရမလဲ အကြံပေးလို့ရမှာပေါ့"

မင်းဦးစကားက အားရှိစရာပေမယ့် မာဃစိတ်တွေ မလန်းနိုင်။

"ဆောင်းညချမ်းက မင်းလက်ခုပ်ထဲကရေနော် မာဃ"

"ကိုယ့်လက်ခုပ်ထဲကရေဆိုပြီး ဆားသွားခပ်ရင် သူကလည်း ပြန်ငန်မှာပေါ့ ဗေဒါရ"

ကျော်ထွန်းက ဗေဒါ့စကားကို ကန့်ကွက်၏။

"ရှုပ်ပါတယ်ကွာ၊ လောလောဆယ် ညစ်နေတာတွေ ဒါနဲ့မျှောချလိုက်"





မင်းဦးက ရေခဲထည့်ပြီးသား အရက်ဖန်ခွက်ကို မာဃရှေ့သို့တွန်းပို့ပေးသည်။ မာဃက လက်ကာပြပြီး. . .

"ငါသောက်လို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူနဲ့ငါ အိပ်ရာမတူပေမယ့် အခန်းက အတူတူကွ"

"ရှော့ခ်ရှိတယ်. . . ရှော့ခ်ရှိတယ်"

ဗေဒါက အသံသေးအသံကြောင်ပုံစံလုပ်၍ စပ်ဖြဲဖြဲမျက်နှာနှင့် အော်လေသည်။ မာဃအချစ်ကို ယုတ်မာတဲ့နည်းနှင့် မယူချင်ပေ။ တစ်ဖက်မှာက အဆုံးရှုံးမခံနိုင်ခြင်းတွေနှင့်။

"ရှော့ခ်ရှိရအောင် ဟိုက ကျိန်းသေပေါက် ပြန်လာမယ်ပြောထားလား"

"အေးလေ၊ ဟိုက ခုလောက်ဆို ဟိုကောင်နဲ့လိုက်သွားပြီလားမသိဘူး"

"မင်းတို့ကလည်း ညစ်နေတာကို ဖြေပေးမယ်မရှိဘူး၊ ပိုညစ်အောင် လုပ်နေပြန်ပြီ"

ဗေဒါက ဆရာကြီးလေသံနှင့်ပြောတော့ ကျော်ထွန်းနှင့် မင်းဦးက သက်ပြင်းချသည်။ ပြီးမှ ကျော်ထွန်းက. . .

"ငါပဲ အေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း၈.၊ ဘာအေးတာလဲ"

"အဲဒီလိုခံစားရမှာတွေကြောက်ပြီး ဘာအချစ်မှမရှာခဲ့တာ၊ အခုမရှာလည်း အချိန်တန်တော့ ရှေ့လပဲ မင်္ဂလာဆောင် မိန်းမ ရတော့မယ်"

"အဲဒီတော့ မင်း အချစ်ရဲ့အရသာကို ဘာခံစားရလဲပြော"

ဗေဒါက လူပျော့ အသုံးမကျတာလို့ မပြောရုံတမယ်၊ ကျော်ထွန်းကို အထင်သေးမျက်လုံးနှင့်ကြည့်၏။

"အချိန်တန် သူ့အလိုလို လွမ်းလာလိမ့်မယ်"

မင်းဦးကပါ မဲ့ခနဲလုပ်ပြီး. . .

"မလွမ်းဘဲနဲ့ ကျွမ်းနေဦးမယ်"

"ကျွမ်းတော့လည်း လွှင့်ပစ်လိုက်ရုံပေါ့ကွာ"

"ပြောတော့ လွယ်လိုက်တာ"

"အေးလေ. . . အသည်းမရှိတဲ့အတိုင်း"

ကျော်ထွန်းကို ဝိုင်းမဲ့ကုန်ကြပြန်၏။ မာဃကတော့ မိုးတိမ်နဲ့ညချမ်းတို့ နှစ်ကိုယ်တူ ချစ်ရည်လူးနေကြတဲ့ပုံရိပ်တွေကိုသာ အထပ်ထပ်မြင်ယောင်ပြီး ခေါင်းခါလိုက် သက်ပြင်းချလိုက်။

"တောက်! "

"ဟာ! "





မာဃ အရက်ဖန်ခွက်ကိုယူ၍ မော့ချလေတော့သည်။ ဘာဖြစ်ဖြစ် မူးပြီးမေ့သွားရင် ပြီးရောပါပဲ။ ကိုယ်က ချစ်သူရှိပြီးသား မိန်းမကိုမှ သွားချစ်မိတာကိုး။

"မာဃ"

"ဘာလဲ"

"ပြောတော့ သောက်လို့မဖြစ်ဘူးဆို"

"ခုသောက်တယ်ကွာ. . . ဘာဖြစ်လဲ"

"မင်းမူးနေမယ်နော်"

"မူးချင်လို့သောက်တာ မူးမှာပေါ့"

ပြောရင်း မာဃ နောက်ထပ်ထည့်၍သောက်လေလျှင်

"ဟော့ကောင်. . . ရေခဲ"

"မလိုဘူး"

"ဘယ်လိုမှာလဲ. . . စနစ်ပြောင်းသွားတော့ ရေခဲလည်း ပျောက်သွားပြီလေ"

"မူလတန်းဖတ်စာအုပ်ထဲမှာလား"

"အေး"

မရယ်ချင်ဘဲ ရယ်နေကြတော့ ရယ်သံတွေက ခြောက်ကပ်ကပ်။ သူတို့သူငယ်ချင်း ခံစားနေရတာကို မကြည့်ရက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလုပ်မပေးနိုင်လို့ ကြည့်နေရတာပဲလေ။ ကားဘင်ပြေးဖို့ တိုက်တွန်းရအောင်ကလည်း လက်ထပ်ပြီးသားမိန်းမကို ကားတင်ပြေးရတယ်လို့ သို့လောသို့လောတွေနဲ့ နာမည်ကြီးဦးမည်။

သူငယ်ချင်းကိုချစ်တဲ့စိတ်နဲ့ အတွဲဆန်ဆန်တွေးကြည့်ရလျှင် မတောင်းကောင်းတဲ့ဆုကို တောင်းရမလိုပါပဲ။ ဗီဒီယိုတွေ ဝတ္ထုတွေထဲကလို မိုးတိမ်ဆိုတဲ့ကောင်က ကားအက်ဆီးဒင့်ဖြစ်ပြီး သေရင်သေ၊ ဒါမှမဟုတ် စုန်းတိုက်နတ်တိုက်နဲ့ မြွေကိုက်သေရင်လည်း သေပေါ့။ ဒါမှမဟုတ်သေးရင်လည်း ရုတ်တရက် ဘာကင်ဆာ ညာကင်ဆာတွေဖြစ်ပြီး သေပါစေလို့ပဲ ဆုတောင်းပေးရမလို လို့။ မိုးတိမ်သေမှ မာဃနဲ့ ဆောင်းညချမ်း ပေါင်းကြလေသတည်း ဖြစ်မှာလေ။

"မင်းအဖြစ်ကလည်း မနှစ်ကနဲ့မတူပါလား မာဃရာ"

"ပြောတတ်လိုက်တာ စိန်ပေဒါရယ်၊ ဒီနှစ်မှဖြစ်တာ ဒီနှစ်နဲ့ပဲ တူမှာပေါ့"

"မင်းဝင်မရှုပ်စမ်းပါနဲ့ မင်းဦးရာ၊ ငါက မာဃခံစားနေရတာကို မကြည့်ရက်လို့ ပြောတာကွ"

"တို့ကရော ကြည့်ရက်လို့လား"

"တောက်! "





"အဲ. . ."

မာဃထံမှ တက်ခေါက်သံ ထွက်လာပြန်၏။

"အဲဒီအချစ်ဆိုတာကြီး ငါ့ရင်ဘတ်ထဲကို ဘယ်ကနေ ဘယ်လိုရောက်လာတယ်မသိပါဘူးကွာ။ တော်တော်အခံရခက်တာပဲ"

"မင်းပဲ ဗီဇာနဲ့ခေါ်သွင်းလာတာလေ"

"ငါ သူ့ကိုတကယ်ချစ်တာကွ"

"တို့ကလည်း အလကားလို့မပြောပါဘူး၊ သူနဲ့ပတ်သက်ပြီး မင်း ငွေတွေသောက်သောက်လဲ အကုန်ခံလိုက်ရတာ တို့အသိပဲဟာ"

"သူ့အစ်ကိုဆိုလို့ ငါက ရက်ရောခဲ့တာလေကွာ"

"အေး. . . အခု မဟုတ်လည်းမဟုတ်ဘူး။ မင်းပဲ ကြွဲကျန်ခဲ့တာမဟုတ်လား"

သူငယ်ချင်းတွေမှာလည်း မာဃကိုကြည့်ပြီး မခံမရပ်နိုင်ဖြစ်ကာ ဥပဒေသာမရှိလျှင် မိုးတိမ်ကိုသတ်ပေးချင်သည့်ပုံမျိုးပါပဲ။ တကယ်တမ်း မိုးတိမ်ဘက်က တွေးကြည့်လျှင်လည်း သူ့အပြုံး၊ သူ့ဆုံးဖြတ်ချက်၊ သူ့အယူအဆအားလုံးက သူ့ရင်ခုန်သံနှင့်သူ့ 'ချစ်တာချင်း အတူတူ. . .



www.burmeseclassic.com

www.burmeseclassic.com



မာယကတော့. . . ပုလင်းထောင် ဖန်ခွက်ကိုင်ပြီး တစ်မှုးပိုသာနေပြီလေ။ တော်ကြာဆို သူသာတဲ့တစ်မှုးက မှောက်တော့မည်။

"မာယ"

မာယ နောက်ထပ်ဖန်ခွက်ကိုင်ပြီး သောက်မယ်လုပ်တော့ မင်းဦးက ပြန်လုယူလေလျှင်. . .

"ဘာလဲကွ"

"တော်လောက်ပြီ"

"ငါမမူးသေးပါဘူး"

"တို့ပြန်ကြရအောင်ကွာနော်"

"ကျွတ်! "

မာယခေါင်းခါလိုက်ပြီး ကျော်ထွန်းရှေ့က ဖန်ခွက်ကိုလှမ်းယူပြီး ထပ်ထည့်သောက်၏။ ကျော်ထွန်းက သက်ပြင်းချပြီး. . .

"မင်းဦး"

"ဟေ"

"အဲဒါ မင်းဖော်တဲ့ဆေးလေ"

"အေး. . . ငါမသောက်နိုင်တော့ဘူး"

မာယကိုပြောမရတော့ ကိုယ်ဖော်တဲ့ဆေး ကိုယ်မသောက်





နိုင်ဖြစ်ရတဲ့မင်းဦးခမျာ မျက်နှာငယ်ရပြီပေါ့။ ကိုယ့်အပြစ်နဲ့ကိုယ်ပဲမို့. . .

"ထိုင်ကြည့်နေရုံပဲ ရှိတော့တာပေါ့"

"ထိုင်ကြည့်နေလို့ဖြစ်မလား၊ ဆွဲခေါ်ရမှာပဲ"

"မင်းပြောတာမှန်တယ် ဗေဒါ၊ လာ. . . ဆွဲထူကွာ၊ ပြန်ကြမယ်"

ကျော်ထွန်းနှင့်ဗေဒါက မာယကိုယ်ကြီးကိုဆွဲထူကြလေလျှင်. . .

"ဘာလဲ. . . ဘာလုပ်ကြတာလဲ"

"ပြန်မယ် မာယ"

"မပြန်ဘူး"

"မပြန်လို့မရဘူး၊ ဆိုင်ပိတ်တော့မယ်ကွ"

"ဟုတ်လား"

"အေး. . . ဟုတ်တယ်"

"ဒါဆို Let's go! "

လက်ပြပြီး Let's go! လို့ ပြောဖော်ရလို့ တော်သေး၏။ အရက်နာကျလျှင်တော့ အချစ်နာနဲ့ပေါင်းပြီး ဘာတွေဖြစ်ဦးမလဲ။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈ )

ဒေါ်မိုးမိုးထက်. . .

ညည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း သက်ပြင်းချရတာ ဘယ်နှကြိမ်မှန်းပင် မသိတော့ပေ။ မာဃဖုန်းနံပါတ်ကိုခေါ်တော့လည်း စက်ပိတ်ထား၍ လူကြီးမင်းနှင့်ပဲတိုးနေသည်။

ဦးမျိုးထက်လည်း သွားရလာရနှင့်ပင်ပန်းလို့ အိပ်ချင်နေပြီဖြစ်သော်လည်း မအိပ်နိုင်သေးပေ။

"ကြီးမေ"

"ဟင်"

အပေါ်ထပ်ကနေ ညချမ်း ဆင်းလာတာမြင်တော့ ပြုံးဖြစ်အောင်တော့ ပြုံးပြလိုက်သေးသည်။

"သမီး"





"ကြီးမေ မအိပ်သေးဘူးလား"

"သားပြန်မလာသေးတော့ မအိပ်နိုင်သေးပါဘူးသမီးရယ်"

"ကြီးမေ သွားအိပ်လေ၊ သူ့ကို သမီးပဲစောင့်လိုက်ပါ့မယ်"

"သမီးကောင်းကောင်းနေမကောင်းဘူးဆို၊ ကြီးမေပဲစောင့်လိုက်ပါ့မယ်ကွယ်"

"အားနည်းလို့ ခေါင်းမူးရုံလောက်ပါ ကြီးမေရဲ့၊ သမီးဘာမှမဖြစ်ပါဘူး။ သမီးပဲစောင့်လိုက်ပါ့မယ်နော်"

"ဘာပဲဖြစ်ဖြစ် ရောဂါတစ်ခုဖြစ်လာရင် မပေါ့နဲ့သမီးရဲ့"

"ဟုတ်ကဲ့. . . သမီးဆေးခန်းဝင်ပြလာပါတယ် ကြီးမေ။ ဘာမှစိတ်မပူနဲ့၊ ကြီးမေအိပ်လိုက်တော့နော်"

ညချမ်းက ကြီးမေလက်မောင်းကိုဆုပ်ကိုင်ပြီး ဆွဲခေါ်လာသည်။ အိပ်ခန်းထဲကိုရောက်တော့ သူမကိုယ်တိုင် ကြီးမေကိုစောင်ခြုံကာ ခြေဖျားလေးတွေကို ထွေးပေးသည်။ ပြီးတော့ ရောက်လာကတည်းက အိပ်ရာဝင်ခါနီးတိုင်း လူကြီးတွေကိုရှိခိုးကန်တော့ပြီးမှ အိပ်တတ်တဲ့အကျင့်လေးအတိုင်း ကြီးမေကိုရှိခိုးသည်။

ဒေါ်မိုးမိုးထက်. . . ညချမ်းကို ဆုတွေပေးရင်း ပီတိဖြစ်ရသည်။ နေရာတကာမှာ ဟော့ဟော့ရမ်းရမ်းနေတတ်တဲ့မာဃ [illegible]ရွေးတဲ့နေရာမှာတော့ မယားတောသူဆိုတဲ့အတိုင်း ဆင်[illegible]ပေမယ့်



www.burmeseclassic.com

ဗိုင်းကောင်းကျောက်ဖိလေးကိုရွေးလာတော့ သူမတို့ တစ်ခုတော့ စိတ်အေးသွားရပြီ။

"ကြီးမေ"

"ပြောလေ သမီး"

"ကြီးမေ အိပ်ပျော်အောင်အိပ်နော်၊ သူ့အတွက်ဘာမှ စိတ်မပူပါနဲ့။ သမီးစောင့်လိုက်ပါ့မယ်"

"အေး. . . အေးပါကွယ်"

ညချမ်း ကြီးမေအခန်းထဲမှထွက်လာပြီး အောက်ထပ်သို့ ပြန်ဆင်းခဲ့ရပြန်သည်။ အိမ်ကကြီးကြီးကျယ်ကျယ်ကြီးဆိုတော့ အိပ်ခန်းတွေက အားလုံးအပေါ်ထပ်မှာ။ အောက်ထပ်မှာက ထမင်းချက် ဒေါ်ရှမ်းမတို့လင်မယားပဲ အိပ်ကြသည်။ အလုပ်သမားဆိုပေမယ့် တန်းလျားမှာမထားဘဲ အိမ်ပေါ်မှာပဲထားတော့ မိသားစုတွေလိုရင်းနှီးနွေးထွေးမှုရှိတာပေါ့။

"လေးလေး"

"ဩော်. . . သမီး"

"လေးလေးလည်းအိပ်တော့လေ၊ တစ်နေကုန် ပင်ပန်းလာတာ အိပ်ချင်ရောပေါ့"

"ရပါတယ် သမီးရယ်. . . လေးလေး ဟိုကောင့်ကို စောင့်





ဦးမယ်"

"သမီးရှိနေတာပဲ လေးလေးရဲ့၊ လေးလေးအိပ်တော့နော်"

သူဆက်ပြီးခေါင်းမာနေရင် ကလေးမလေး စိတ်မကောင်းဖြစ်မှာစိုးတာနှင့်ပဲ ဦးမျိုးထက် ခေါင်းညိတ်ပြီး ထရပ်လိုက်သည်။

"ဩော်. . . လေးလေး"

"ပြောလေ သမီး"

"ဟိုလေ၊ လေးလေးအလုပ်ထဲမှာ သမီးကိုခေါ်နိုင်းလို့ရတာရှိရင် သမီးကိုနိုင်းပါနော်။ သမီး အဝေးသင်နဲ့ဘွဲ့တစ်ခုတော့ ရထားပါတယ်။ လေးလေးကိုကြည့်ရတာ ပင်ပန်းလွန်းတော့ သမီး ကူညီနိုင်သလောက် ကူညီချင်လို့ပါ"

"အင်း. . . သမီးအသိတစ်ဝက်လောက် ဟိုကောင်များ သိတတ်ရင် အကောင်းသား"

"သူ့ကိုလည်း အလုပ်တစ်ခုလုပ်ဖို့ သမီးတိုက်တွန်းကြည့်ပါ့မယ် လေးလေး"

"အေးအေး"

ကိုယ်ကပဲ သူများကို ဩဇာအာဏာတွေပေးခဲ့တဲ့ ဦးမျိုးထက်။ သိတတ်လိမ္မာလွန်းတဲ့ ဒီကလေးနဲ့ကျမှ ကိုယ်ပါ ပုတ်သင်ညိုဖြစ်နေရတဲ့အဖြစ်။ အစက သူများသွေးထိုးလို့ သဘောမကျဘူး



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ပေမယ့် အခုတော့ တကယ်မဟုတ်တာသိပါလျက်နဲ့ သားနဲ့ တကယ်ဖြစ်စေချင်တဲ့ဆန္ဒက ပြင်းပြနေသည်။

ညချမ်း. . . လေးလေးထွက်သွားပြီးတဲ့နောက်မှာ ဆိုဖာပေါ်ကိုင်ရင်း မာဃကိုစောင့်နေလိုက်သည်။ သူဘယ်ကိုသွားပြီး ဘာတွေလုပ်နေသလဲ။

"ကိုယ့်ဆီမှာ ခွင့်မတောင်းပါနဲ့၊ မင်းကိုယ်ကို မင်းပဲပိုင်ပါတယ်"တဲ့။ ပြီးတော့. . .

"ပြန်မလာတော့ဘူးဆိုရင်လည်းရတယ်။ အစကတည်းက ကိုယ်က စည်းဝိုင်းအပြင်ဘက်ကလူ"

လို့ သူပြောလွှတ်လိုက်ပေမယ့် ညချမ်းရောက်အောင် ပြန်လာခဲ့ပါတယ် မာဃ။

ဆုံးဖြတ်ရခက်တဲ့အချစ်နှစ်ခုကြားမှာ ဘယ်သူ့ဘက်က အလေးသာသလဲ ချိန်ကြည့်လို့မရပေမယ့် ညချမ်းသိနေတာက သူ့ရင်ခွင်ကိုလည်း စွန့်ကန်မပစ်ရက်ခဲ့ခြင်းပါပဲ။

ဒါကြောင့်. . .

ညချမ်းဆုံးဖြတ်ခဲ့တာ ဘယ်သူ့ကိုမှ မရက်စက်ချင်သလို ဘယ်သူ့ကိုမှမရွေးဖို့။ သူ့ကိုတွေ့အောင်စောင့်ပြီး ညချမ်း နှုတ်ဆက်ခဲ့ချင်လို့ပါ။

ရွှေပဒေသာစာပေ



"ရတယ်. . . ရတယ်"

"တကယ်ရလို့လား"

"တို့ အိမ်ထဲရောက်အောင် လိုက်ပို့မယ်လေကွာ"

"မပို့နဲ့၊ ငါမမူးဘူး"

"မမူးတဲ့လူက ခြေလှမ်းမမှန်တာတော့ သေချာနေတယ်နော် ဟောကောင်။ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဆိုကွာ"

"ဟင်"

ကြားလိုက်ရတဲ့အသံတွေကြောင့် ညချမ်း ထရပ်ပြီးသားဖြစ်သွားသည်။ သူ. . . သူ မူးလာတယ်ထင်ပါရဲ့။ သင့်တော်တာတွေ မသင့်တော်တာတွေ စဉ်းစားမနေနိုင်တော့ဘဲ ညချမ်း ပြေးသွားလိုက်သည်။

"မာဃ"

"ဪ. . . ဆောင်းညချမ်း"

"သူ မူးနေတာမဟုတ်လား"

"အဟဲ. . . နည်းနည်းပါးပါးပါ"

ဗေဒါ စကားဖန်လိုက်ပေမယ့် ငနဲကတော့ သိုင်းကွက်နင်းရှိနေသည်။ ညချမ်း သူ့ကိုဝင်တွဲလိုက်တော့. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တို့ပြန်လိုက်ဦးမှာနော် ဆောင်းညချမ်း"

"ဟုတ်ကဲ့"

သူ့သူငယ်ချင်းတွေ ပြန်သွားကြတော့ ညချမ်း သူ့ကိုတွဲခေါ်လာခဲ့သည်။ သူက အာလေးလျှာလေးအသံကြီးနှင့်. . .

"မင်း. . . မင်း. . . ဆောင်းလား"

"ဟုတ်တယ်၊ ကျွန်မ ဆောင်းညချမ်းအစစ်ပဲ"

"မင်းပြန်လာသေးတယ်နော် ဆောင်း"

ညချမ်း ခေါင်းညိတ်ပြလိုက်တော့. . .

"ဆောင်း. . . ဆောင်းကိုချစ်တယ်၊ မိုးကိုမုန်းတယ်။ မိုးတိမ်ဆိုတဲ့ကောင်ကို ကိုယ်မုန်းတယ်။ သူက ကိုယ့်အချစ်ကိုလုယူတဲ့ကောင်"

"အို. . . မာယ"

ညချမ်း သူ့ပါးစပ်ကိုအတင်းလိုက်ပိတ်လေတော့ သူက ညချမ်းလက်ကိုဖယ်ချကာ. . .

"ကိုယ် ဆောင်းကိုအရမ်းချစ်တယ်၊ ကိုယ်ရူးတော့မယ် ဆောင်းရဲ့"

"ပြီးမှပြောပါ၊ လာ. . . အခန်းထဲအရင်သွားရအောင်"

"အင်း. . . ကောင်းတယ်"





ညချမ်း တွေခနဲဖြစ်သွားပြီးမှ သူ့ကိုဆက်တွဲခေါ်လာခဲ့သည်။ လှေကားကိုတက်တော့ မနည်းတက်ရ၏။ သူ့ကိုယ်ကြီးမတော်လို့ ပြုတ်ကျသွားရင် ဒုက္ခဆိုတဲ့အတွေးနှင့် သေချာအောင်ခါးကိုဖက်၍လည်း ထိန်းရသေး၏။ သူမတတ်နိုင်သလောက်တော့ တာဝန်ကျေခဲ့ချင်သည်လေ။ တစ်ယောက်ကိုရွေးချယ်လိုက်ရင် တစ်ယောက်က နာကျင်ခံစားကျန်ခဲ့ရမှာမို့ ညချမ်း နှစ်ယောက်စလုံးကို စွန့်လွှတ်ထားရစ်ခဲ့ရတော့မည်။

မိုးတိမ်ကိုလည်း အပြတ်ပြောခဲ့ပြီးသား။

နင့်ကို ငါ့ဘဝရဲ့လက်တွဲဖော်အဖြစ် မရွေးချယ်နိုင်ဘူးလို့လေ။ မာယကိုလည်း ထားရစ်ခဲ့မှာပါ။ ခွင့်လွှတ်ပါ မာယ။ သူသာသာမန်အဆင့်အတန်းထဲကလူဆိုလျှင် နှလုံးသားကိုအလိုလိုက်ပြီးမိုက်မိုက်မဲမဲ ဘဝလက်တွဲဖော်အဖြစ် ရွေးမိမှာဖြစ်ပေမယ့် အခုမနည်းမနောတဲ့သူ့ရဲ့အဆောင်အယောင်စည်းစိမ်တွေကြောင့်လို့ မိုးတိမ် အထင်လွဲမှာစိုးလို့။

"ဆောင်း"

"ဟင်"

"ကိုယ့်အခန်းထဲကိုရောက်ပြီလား"

"ရောက်ပြီ. . . ရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း"

"ကုတင်နားရောက်ပြီ၊ ထိုင်လိုက်တော့နော်"

ချစ်သူ၏စကားကိုနာခံ၍ မာဃထိုင်ချလိုက်သည်၊ မူးတော့ မူးတယ် မမူးဘူးဆိုတာမျိုးပေါ့။ သူ့ကိုစိတ်ပူကြလို့ ဝိုင်းတွဲတာကို လက်ခံလိုက်ရပေမယ့် ခေါင်းတော့ ထူနိုင်ပါသေးတယ်။ ယောက်ျား လေးမို့ မကောင်းတဲ့အရက်ရှိန်က သူနဲ့ လုံးဝစိမ်းသက်နေတာမျိုးမှ မဟုတ်ဘဲ။

"ဖိနပ်မချွတ်ရသေးဘူး၊ ကျွန်မ ချွတ်ပေးမယ်"

"နေ. . . နေ. . . ရတယ်"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ဘာသာ ချွတ်ပါ့မယ်"

"မဟုတ်တာ"

"နေပါဆို"

မာဃ ညချမ်းလက်ချောင်းကိုဖယ်ချပြီး ကိုယ့်ဘာသာပဲ ဖိနပ် ကိုငုံ့ချွတ်ပြီး အခန်းထောင့်ကိုလွှင့်ပစ်လိုက်သည်။ ညချမ်းက သူ့ကို ပဲ စိတ်မချသလို သူ့ရှေ့မှာရပ်နေမိဆဲ။

"ဆောင်း"

"ရှင်"





"ကိုယ်ပြောပါရစေ"

"ပြောလေ"

"ကိုယ် မင်းကိုအရမ်းချစ်တယ်"

သိနေသလိုရှိလာပေမယ့် တကယ်တမ်းပြောတော့၊ အခြေ အနေနှင့်အချိန်အခါကို မယုံရဲစွာ လှည့်ထွက်လိုက်စဉ်. . .

"ဆောင်း"

"အို! "

မာဃက လက်ကိုလှမ်းဆွဲလိုက်သဖြင့် ညချမ်းကိုယ်လေး အားလျှော့ကာ သူ့ရင်ခွင်ထဲသို့ ကျသွားလေသည်။

"ကိုယ့်ကိုမထားခဲ့ပါနဲ့ ဆောင်းရယ်"

"လွှတ်. . . လွှတ်ပါ"

"ကိုယ့်အချစ်ကိုယုံပါ၊ ကိုယ် မင်းနဲ့မခွဲနိုင်ဘူးကွာ။ ကိုယ် တို့ရဲ့လက်ထပ်ခြင်းကို အတည်ပြုပေးပါကွာနော်"

"ဟင့်အင်း. . . လွှတ်"

"မလွှတ်ပါရစေနဲ့ ဆောင်းရယ်"

"မာဃ. . . ရှင်"

"ကိုယ် မင်းကိုချစ်တာ မိုးတိမ်ထက် ပိုရင်ခုန်ပုံမယ်၊ တစ်စက်ကလေးမှ မလျော့ဘူးဆိုတာယုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"သိပ်ချစ်တာပဲ ဆောင်းရယ်"

"အို. . . မာယ"

ညချမ်း ရှန်းနေရင်းပဲ မာယမျက်နှာက ညချမ်းမျက်နှာနှင့် နီးကပ်လာပြီး ဆောင်နိုင်ခြင်းတွေ ရှောင်နိုင်ခြင်းတွေ ကင်းလွတ်ကုန်၏။ ပါးပြင်လေး လည်တိုင်လေး မျက်ခွံလေးတွေပေါ်မှာ နွေးခနဲ နွေးခနဲဖြစ်တည်နေတဲ့ အနမ်းဆက်ဆက်ကို ကျေနပ်စွာပဲ လက်ခံလိုက်မိတော့ပြီဆိုလျှင်. . .

ချစ်တတ်သူတိုင်း စာနာ နားလည်ပေးနိုင်ကြမှာပါ။ အချစ်ကပေးတဲ့လက်ဆောင်ကို အချစ်က လက်ခံခေါင်းညိတ်လိုက်မိတာ အပြစ်မရှိဘူးထင်ပါရဲ့။ အပြစ်ရှိလို့ အပြစ်ပေးမည်ဆိုလျှင်လည်း ရင်စည်းခံဖို့သတ္တိရှိသွားတာ အချစ်ရဲ့တန်ခိုးစွမ်းအားတွေကို ဘယ်လိုမှ တားဆီးငြင်းနိုင်စွမ်း မရှိလို့ပါ။

"ကိုယ် မင်းကိုသိမ်းပိုက်ပါရစေတော့"

"ဟင်! "

တိုးညက်ညက်စကားသံအဆုံးမှာ သူမနှုတ်ခမ်းလေးပေါ်သို့ ထိတွေ့လာသည့်တစ်စုံတစ်ရာသည် သော့တစ်ချောင်းဆိုလျှင် ရင်ခုန်သံတွေကို တစ်နေရာစီမှာ လွတ်လပ်စွာ စီးမျောခွင့်ပေးဖို့





ထိန်းချုပ်မှုတံခါးကို ဖွင့်ထုတ်ပေးလိုက်ခြင်းပါပဲ။

ဖျတ်ခနဲပိတ်သွားတဲ့ မီးရောင်. . .

နှုတ်ဆိတ်နေတဲ့ည. . .

သစ္စာကြီးတဲ့ သဘာဝ. . .

ပြီးတော့. . .

မာယရယ်. . . ဆောင်းညချမ်းရယ်. . .

▢▢▢



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၉ )

မာယ. . .

အိပ်ရာကနေ ဖျတ်ခနဲနိုးလာတော့ ချက်ချင်းမထဖြစ်သေးပေ။ လက်က ဖနီးဆိုတဲ့အသိနဲ့ စမ်းကြည့်လိုက်တော့ ဆောင်းက မရှိတော့ချေ။ သူ့ကိုရှက်လို့ စောစောထသွားတာပဲဆိုပြီး ညက အဖြစ်အပျက်တွေကို စားမြုံ့ပြန်၍ရင်ခုန်ကာ မှိန်းနေလိုက်သေး၏။

လေးလေးကို မင်္ဂလာဆောင်ပေးဖို့ အမြန်ဆုံးစီစဉ်နိုင်းရမည်။ ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးနေခိုက်. . .

"ဒေါက်! ဒေါက်! "

"လူလေး"

"ဒေါက်! ဒေါက်! "

"လူလေး. . . မာယ"





"လာပြီ ဒေါ်ရှမ်း"

"ထတော့လေ၊ Breakfast စားဖို့ အဆင်သင့်ဖြစ်နေပြီ"

"ကျွန်တော် ရေချိုးဦးမယ်"

"အေးအေး"

ဒေါ်ရှမ်းမအသံတိတ်သွားတော့ မာယ အိပ်ရာမှ ထလာခဲ့တော့သည်။ ရေချိုးခန်းထဲဝင်ပြီး ရေချိုးနေချိန်မှာတောင် ဆောင်းမျက်နှာလေးကိုသာ မြင်ယောင်နေမိ၏။ မြင်ချင်လှပြီဖြစ်တဲ့မျက်နှာလေးကို အမြန်မြင်ရဖို့အတွက် Breakfast ပြင်ထားသည့်နေရာသို့ စိတ်လောစွာ ရောက်လာမိသည်တွင်. . .

"လာ. . . သား။ ထိုင်"

မာယ မထိုင်ဖြစ်သေးဘဲ ဆောင်းကိုမမြင်ရသေးသဖြင့် မျက်လုံးက ရှာနေမိကာ. . .

"ဆောင်းရော"

"ဟင်! သား နိုးမလာခဲ့ဘူးလား"

"ဗျာ"

"ကြီးမေတို့နိုးလာကတည်းက ကလေးကိုအရိပ်အယောင်တောင် မတွေ့ရဘူးသားရဲ့။ မနေ့က နေမကောင်းလို့ ဆေးခန်းဝင်ပြရသေးတယ်တဲ့။ အဲဒါကြောင့် သားသိလို့ မနိုးဘဲနေတာ ထင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြီးမေဘာမှမပြောတာ''

ဒေါ်မိုးမိုးထက် ရှင်းပြနေတုန်းမှာပဲ မာယ လှစ်ခနဲပြေး ထွက်ခဲ့သည်။ တစ်ခန်းဝင်တစ်ခန်းထွက် ရှာသော်လည်း ဆောင်း ညချမ်းကိုမတွေ့။ သောကမီးတွေ တောက်လောင်စပြုကာ လှုက ပျာယာခတ်နေ၏။ ချွေးများပျံလာသည်အထိ ပြေးလွှားရှာနေတာ မတွေ့တော့ ဟန်ဖုန်းနှင့်ကားသော့ကိုသာယူ၍ အပြင်ထွက်လာစဉ်

''သား''

''ဗျာ''

''တွေ့လား''

''မတွေ့ဘူး ကြီးမေ''

''အခု သားက ဘယ်ကိုလဲ''

''သူ့ကိုလိုက်ရှာရမယ် ကြီးမေ''

မာယ ကားပေါ်သို့ ကမန်းကတန်းတက်လိုက်ချိန်မှာ ဖုန်း သံက မြည်လာလေသဖြင့်. . .

''တောက်! အရေးထဲ''

မာယ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ တစ်ဖက်ကဆက် တာ သူတစ်ခါမှမသိဖူးတဲ့ဖုန်းနံပါတ်ပါ။ ပိတ်ပစ်မလို့လုပ်ပြီးကာမှ ဆောင်းနဲ့များပတ်သက်နေမလားဟု နားထောင်လိုက်စဉ်. . .





''မာယလား''

''ဟုတ်တယ်၊ အခုဆက်နေတာ ဘယ်သူလဲ''

''ငါ မိုးတိမ်ပါ''

''မင်း. . .''

မာယဒေါသထွက်သွားပြီး နှုတ်ခမ်းကိုဖိကိုက်ပစ်လိုက်၏။

''ဟေ့ကောင်! မင်း ဘာအနှောက်အယှက်ပေးဦးမလို့လဲ။ ဒီမှာ ဆောင်းပျောက်လို့ တင်းနေတာနော်''

''ငါလည်း ညချမ်းအကြောင်းပြောမလို့ မင်းဘာသာ တို့ပြုတ်ပြုတ်. . . ငါစိတ်မဝင်စားဘူး''

''ဘာလဲပြော. . . မြန်မြန်''

''မင်းနားမထောင်ချင်ရင် ဖုန်းပိတ်ပစ်လိုက်လို့ရတယ်နော်''

''ဟေ့ကောင်! သိပ်ရစ်မနေနဲ့. . . မြန်မြန်ပြော။ ဆောင်း မင်းဆီမှာလား''

''ခုပဲ သီလရှင်ကျောင်းထဲကို ဝင်သွားတာမြင်လို့ မင်းကို ငါလှမ်းခေါ်တာ''

''ဘာ! ''

''မင်းမြန်မြန်လာခဲ့''

''ဘယ်ကိုလာရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်က လာရမည့်နေရာကိုပြောလေသည်။ ဒါပဲဆိုတဲ့ အသံရဲ့နောက်မှာ မာဃ ချက်ချင်း ဖုန်းကို နားကမခွာဖြစ်သေးတော့. . .

"တောက်! တော်တော်စေတနာကို ဇော်ကားတဲ့ကောင်"

ဆိုတဲ့အသံသဲ့သဲ့ကိုကြားလိုက်ရသေးသည်။ အူနုကျွဲခတ်ခံရတာချင်းအတူတူ ကိုယ်က တရားဝင်ခံပြင်းခွင့်ရှိပြီး မိုးတိမ်ကပေး ကိုယ့်ကိုပင် စာနာတတ်ပေးသည်တဲ့လား။

မာဃ. . . ဖုန်းကိုပိတ်လိုက်တာနှင့် ကားကဆောင့်ထွက်ပြေးသွားတာ ဝေ့ခနဲဝိုက်ခနဲပါပဲ။ ဒေါ်မိုးမိုးထက်မှာ ရင်ဘတ်ဖိရင်းဘုရားတ၍သာ ကျန်ခဲ့တော့၏။ တစ်ဖွတ်ထိုးသမားကို တားလို့ရမှာမဟုတ်တော့၊ ကံသာအမိ ကံသာအဖရယ်လို့ ကံလက်ထဲကိုဝကွက် အပ်လိုက်ရသလိုပါပဲ။

မာဃက ကားမောင်းကြမ်းသည်။ အဲ! ကြမ်းသည်ထက်ကျွမ်းသည်လို့ပြောရမှာပေါ့။ သူမောင်းတဲ့ကားပေါ်မှာ စိတ်ချလက်ချခေါင်းမြီးခြုံပြီး အိပ်လိုက်လို့ရတယ်၊ ဘာမှမဖြစ်စေရဘူးလို့ပြောခဲ့တဲ့မာဃ။ ပညာရှိ သတိမမူဆိုတဲ့အတိုင်း ရှေ့ကားကိုကျော်တက်လိုက်စဉ်. . .

"ဂျိုး. . ."





"ဟာ!"

"ကျွတ်!"

ကားနှစ်စီးစလုံး ရပ်သွားပြီး တစ်ဖက်ကားပေါ်မှလူကအတင်းဆင်းလာကာ. . .

"ဟေ့ကောင်! ကားကိုဘယ်လိုမောင်းလာတာလဲကွ"

"ဒီမှာအရေးကြီးလာလို့"

"ငါ့ကားဘာဖြစ်သွားပြီမသိဘူး. . . တောက်"

"အပိုတွေမပြောနဲ့ ဒီကတ်ကိုယူထားလိုက်။ ခင်ဗျားကားကို သေသေချာချာစစ်ဆေးပြီးရင် အဲဒီအထဲက လိပ်စာအတိုင်းလာခဲ့။ ကျသလောက်လျော်မယ်"

စကားဆုံးတာနှင့် ကားကပြေးထွက်သည်။ အရေးထဲမှာ အရာပေါ်ရတယ်လို့။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၀ )

ဒေါ်ခေမာဝတီ. . .

ဆိုတဲ့ဆရာလေးရှေ့မှာ ညချမ်း ကျုံ့ကျုံ့လေးထိုင်လို့နေသည်။ ဆရာလေးဒေါ်ခေမာဝတီရဲ့နောက်မှာ ဆရာလေးသုံးပါးကလည်း ရပ်နေသည်။ တစ်ပါးက သင်္ကန်းကိုကိုင်ထားပြီး တစ်ပါးက ဆံပင်ဖြတ်ဖို့ ကတ်ကြေးနှင့် ဆံချဖို့ ဘရိတ်ဓားရယ်၊ ချူပ်အိမ်လေးရယ်ကို ကိုင်ထား၏။ တစ်ပါးက ဆံချလျှင်ကိုင်ထားဖို့ ပိတ်ဖြူစလေးကို ကိုင်လျက်ပါ။ ဒေါ်ခေမာဝတီက ညချမ်းကိုစူးစူးစိုက်စိုက်ကြည့်နေသဖြင့် ညချမ်းအနေခက်စွာ ခေါင်းငုံ့ချလိုက်၏။

ညချမ်း ဆုံးဖြတ်ပြီးပါပြီ။

အချစ်ဆိုတဲ့ပူလောင်ခြင်းတွင်းနက်ထဲကနေ ခုန်တက်ဖို့ ငယ်ငယ်ကတည်းက ဘယ်အရာမှ ကံမကောင်းခဲ့တဲ့ညချမ်း။ အေး





ချမ်းတဲ့သာသနာ့အရိပ်မှာပဲ ခိုလှုံ၍ ရင်ထဲကမီးတွေကို ငြိမ်းသတ်ပါတော့မည်။

"ဒကာမလေး"

"ဘုရား"

"ဒကာမလေး သေသေချာချာဆုံးဖြတ်ပြီးပြီလား"

"ဆုံးဖြတ်ပြီးပါပြီဘုရား"

"သာသနာ့မြေကို ကိုယ့်အိမ်ခြံဝန်းလိုသဘောထားပြီး ဝင်လိုက်ထွက်လိုက်မဖြစ်မိစေရအောင် ဆရာလေးကမေးတာပါ ဒကာမလေး"

တင်ပါ့ဘုရား၊ တပည့်တော်မ ဒီလူ့ဝတ်ကြောင်ကိုစွန့်ပြီး သာသနာ့ရိပ်မှာ ထာဝရခိုလှုံဖို့ ဆုံးဖြတ်ပြီးပါပြီဘုရား"

"ဒါဆို တားဆီးကန့်ကွက်မယ့်သူ မရှိဘူးပေါ့"

ညချမ်း ခေါင်းလေးကို ဖြည်းညင်းစွာမော့လိုက်ပြီး. . .

"မရှိပါဘူးဘုရား"

"ရှိပါတယ်. . . ရှိပါတယ်ဘုရား"

"ဟင်! "

အသံနှင့်ထပ်တူ သုတ်သီးသုတ်ပျာ မောကြီးပန်းကြီးနှင့်ရောက်လာသူက မာဃပါ။ ညချမ်းဘေးမှာဝင်အထိုင်သုတ်တောင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်လှမတတ်ပါပဲ။

"မာဃ. . . ရှင်"

မာဃက ညချမ်းကိုဂရုမစိုက်နိုင်သေးဘဲ. . .

"သူ သီလရှင်ဝတ်ဖို့ကိစ္စကို တပည့်တော် သဘောမတူဘူးဘုရား။ တပည့်တော် ကန့်ကွက်ပါတယ်ဘုရား"

ဆရာလေးက တည်ငြိမ်စွာ ကြည့်နေရင်းမှ. . .

"ဒကာလေးက ဒကာမလေးနဲ့ ဘယ်လိုတော်သလဲကွယ့်"

"လင်မ. . . အဲ. . . ဇနီးမောင်နှံပါဘုရား၊ တပည့်တော်က သူ့ခင်ပွန်းပါ"

"ဩော်. . . ဩော်"

ဆရာလေးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ညချမ်းကို ဆုံးမသြဝါဒတွေခြွေကာ ဖြည်းညင်းသောခြေလှမ်းတို့နှင့် ထွက်ခွာသွားလေတော့၏။ ညချမ်းခေါင်းလေးငုံ့ကာ တိတ်ဆိတ်ငြိမ်သက်နေမိသည်။ သံယောဇဉ်တွေဖြတ်ပြီး မီးတွေကိုငြိမ်းတော့မည်ဆိုတာတောင် ငြိမ်းခွင့်မရပါလား။ သေသေချာချာကွေးကြည့်တော့လည်း ညချမ်းမှားတာပါ။ သာသနာ့အရိပ်မှာ ပျော်မွေ့တော့မည်ဆိုလျှင် ကိုယ်က အဖြူစင်ဆုံး အသန့်ရှင်းဆုံးဖြစ်နေမှမဟုတ်လား။

သူမ သွေးပူသွေးလောနှင့် ဆုံးဖြတ်ခဲ့တာ။ ဘဝတစ်ခု





လုံးကို ပုံအပ်ပေးခဲ့သည့်အဖြစ်က တစ်နေ့နေ့မှာ သာသနာကိုညစ်နွမ်းသွားစေမည့်အဖြစ်မျိုး မကြုံဘူးလို့ပြောလို့ရမလား။

ညချမ်း. . . တိတ်ဆိတ်စွာနှင့်ပဲ သူ့ဘေးနားကနေ ထလာခဲ့သည်။ မာဃက နောက်မှလိုက်လာပြီး. . .

"ဆောင်း"

ညချမ်းက လှည့်မကြည့်တော့ပေ။

"ဆောင်း"

မာဃက ညချမ်းလက်ကိုဖမ်းဆုပ်လိုက်မှ ညချမ်းခြေလှမ်းတွေ ရပ်တန့်သွားပြီး တည်ငြိမ်သောလေသံနှင့်. . .

"ရှင် ဘာလို့လိုက်လာတာလဲ"

"ပြောရက်တယ်၊ မင်း. . ."

"ရှင် ကျွန်မကိုလွတ်လပ်ခွင့်ပေးပါတော့"

"ဘာ! "

မာဃ ညချမ်းကို ကားအနားထိဆွဲခေါ်လာပြီး ကားကိုကျောကပ်ပေးလိုက်ကာ၊ သူက ညချမ်းပခုံးကိုဆုပ်ကိုင်ပြီး ခပ်စူးစူးကြည့်သည်။ အဖြစ်က ဒီလောက်တောင်ပဲ လွယ်သလား။ အခုတစ်ခုလုံးကိုသိမ်းပိုက်ပြီးမှ ကိုယ်က လွတ်လပ်ခွင့်ပေးလိုက်ရမှာတဲ့လား။ ဆုံးရှုံးတာတွေ နစ်နာတာတွေပါ ဘော[illegible]နိုင်လောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် သူက ကိုယ့်ကိုမုန်းတယ်ဆိုလျှင်တောင်. . .

အမုန်းကွန်ခြာထဲမှာပဲ ကိုယ့်ဘဝကိုအဆုံးသတ်မယ်။ သူ့ကိုတော့ လွတ်လပ်ခွင့်မပေးနိုင်ပေ။

"မင်းပြောသလိုခွင့်ပြုလိုက်ရင် မင်းဘဝလည်း နစ်မွန်းမယ်၊ ငါကရော အကောင်းပကတိအတိုင်း ကျန်ခဲ့မှာတဲ့လား"

"ကွာရှင်းလိုက်ကြတယ်ဆိုရင် တစ်ခုလပ်တော့ဖြစ်မှာပါ၊ ဒါပေမဲ့ တစ်လင်ကွာဆိုတဲ့တံတိုင်းတစ်ခုကတော့ ကျွန်မအရှက်ကို ကာကွယ်နိုင်ပါသေးတယ်"

"ဆောင်း"

"ကျွန်မကို ကွာရှင်းပေးပါ"

"ကွာမပေးနိုင်ဘူး"

မာဃ အကြည့်ချင်းဆုံအောင် ကြိုးစားပေမယ့် ညချမ်းက သူ့ကိုလုံးဝမကြည့်ပေ။ ညကအဖြစ်အပျက်တွေကို သူမက တကယ်ပဲ မေ့ထားနိုင်သလား။

"မိန်းမတစ်ယောက်ရဲ့အသွေးအသားကိုယူပြီး တာဝန်မဲ့ ကွာရှင်းပေးလိုက်ရင် ငါ ဘာကောင်ဖြစ်သွားပြီလဲ"

"ကျွန်မကြည်ဖြူစွာပေးခဲ့တာ ရှင့်မှာအပြစ်မရှိပါဘူး"

"ဘာလဲ၊ မင်းက မိုးတိမ်ကိုမျှော်လင့်နေသေးတာလား"





ညချမ်း ခေါင်းခါလိုက်သည်။ မျှော်လင့်ခြင်းကင်းမဲ့စွာနဲ့ အားလုံးကိုကျောခိုင်းခဲ့ချင်တာပါ။

"ကျွန်မ ဘယ်သူ့ကိုမှ မရွေးချယ်တာပါ"

"မရဘူး၊ မင်း ကိုယ့်ကိုရွေးချယ်ရမယ်။ မင်းက ထာဝရကိုယ့်မိန်းမပဲ"

"မာဃပြောတာမှန်တယ် ညချမ်း"

"ဟင်! "

အသံလာရာဆီသို့ မာဃပခုံးကိုကျော်၍ ညချမ်းကြည့်လိုက်တော့. . .

"မိုးတိမ်"

"ဟုတ်တယ်၊ မာဃကို ဒီနေရာရောက်အောင် ငါကိုယ်တိုင်ခေါ်လိုက်တာပဲ ညချမ်း"

မိုးတိမ်မျက်နှာက ပြုံးနေသည်။ ညချမ်း အံ့ဩမှင်သက်သွားရ၏။ ဟုတ်မှဟုတ်ပါ့မလားလို့တွေးပြီး ဟုတ်တာကလည်း သေချာနေသည်။ မာဃနဲ့ညချမ်းကို သူတကယ်ခွင့်လွှတ်နိုင်တဲ့အပြုံးမျိုးနဲ့ပြောလိုက်တာ တကယ်လား။ ဟန်ဆောင်ခြင်းတွေလား။

"မာဃ နင့်အပေါ်မှာချစ်တဲ့အချစ်တွေကို ငါဘယ်သူ့ကိုမှ လိုက်မမီတော့ဘူး ညချမ်း။ မာဃက နင်နဲ့အထိုက်တန်ဆုံးသော



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကောင်းတစ်ယောက်ပါဟာ''

''နှင်. . . နှင် တကယ်ပြောတာလား မိုးတိမ်''

''နှင့်ရင်ထဲက စစ်မှန်တဲ့အချစ်တွေကိုလည်း ငါမြင်ပါတယ်၊ နှင်က သံယောဇဉ်ကို အချစ်လို့ထင်ယောင်မှားပြီး ပေးဆပ်လာခဲ့သမျှ၊ အချစ်စစ်နဲ့တွေ့တော့ ပေးစရာလည်းမရှိ ပြန်တောင်းလို့ကလည်းမရနဲ့ ငါ့ကိုကျ အားနာပြီး တစ်ဖက်မှာ မာဃကိုမခွဲရက်နိုင်တာတွေ ရှိနေခဲ့တယ်မဟုတ်လား''

''ပြောလိုက်လေ ပွင့်ပွင့်လင်းလင်း''

မာဃ ခပ်တိုးတိုးကပ်ပြောတော့ ညချမ်း မိုးတိမ်မျက်နှာကို မလုံမလဲခိုးကြည့်လိုက်မိသည်။ ပြီးမှ. . .

''ငါ့ကိုနားလည်ပေးပါ မိုးတိမ်ရယ်''

မိုးတိမ်က ခေါင်းညိတ်လိုက်ပြီး. . .

''ငါလည်း ခက်နဲ့လက်ထပ်တော့မှာ''

''ဟင်''

''ဘာလဲ. . . ၂... ဝင်မလို့လား''

''မာဃနော်''

ဒီတစ်ခါမျက်စောင်းထိုးတာ ချစ်မျက်စောင်းလေးမို့ မာဃ နှုတ်ခမ်းပေါ်မှာ ချိုအီသောအပြုံးတို့နှင့်. . .





''ငါနဲ့နှင်က ထာဝရမောင်နှမတွေပေါ့ဟာ၊ ကဲ! ယောက်ဖငါသွားတော့မယ်ကွာ''

မိုးတိမ် အပြုံးတို့နှင့်လက်ပြနှုတ်ဆက်ပြီး ထွက်လာခဲ့တော့သည်။

ရင်ထဲမှာ နွေ. . .

အပြုံးက လမင်း. . .

လက်ပြနှုတ်ဆက်ခြင်းမှာ အလွမ်းမိုးစက်တွေ ဈေးလို့ လေသာပြတင်းဝကနေ စောင့်ကြိုမျှော်လင့်ခွင့်တွေ အပြီးတိုင် အဆုံးသတ်သွားပါပြီ။

ရင်ခွင်သစ်မှာ ပျော်ရစ်ခဲ့ပါတော့ ညချမ်းရယ်။ ငါ့ရဲ့စောင့်ထိန်းမှုတွေက ကိုယ့်နှလုံးသားကို ကိုယ်ပြန်သတ်တဲ့လက်နက်တွေဖြစ်ခဲ့တာပါ။ ငါ့ရဲ့အောင်မြင်မှုအတွက် နှင်အနစ်နာခံခဲ့သလို၊ နှင့်ရဲ့ပျော်ရွှင်မှုအတွက် ငါ့နှလုံးသားကိုစတေးပြီး ပေးဆပ်ခဲ့ပါတယ်။ သေချာတာတစ်ခုကတော့ ငါ့ရင်ထဲမှာ အချစ်မရှိတော့ဘူး။ ငါ့နှလုံးသားတွေ သေဆုံးသွားခဲ့ပြီ ညချမ်း။

ပူနွေးစွာစီးကျလာသောမျက်ရည်တွေကို မိုးတိမ် မသုတ်ဖယ်မိပေ။ ညချမ်းအတွက်နဲ့ မကျဖူးတဲ့မျက်ရည်တွေ ဒီတစ်ခါတော့ အခွင့်သာတုန်း ကျချင်သလောက် ကျပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း"

"ဟင်"

"ကားပေါ်တက်လေ"

"မတက်ပါဘူး"

"ဘာဖြစ်လို့"

"ဘယ်သူက ပြန်လိုက်မယ်ပြောလို့လဲ"

"မကျစ်နဲ့နော်၊ လူမြင်မကောင်းမဖြစ်စေချင်ရင် အေးအေးဆေးဆေးတက်"

ပါးစပ်ကလည်းပြော၊ လက်ကလည်းဆွဲခေါ် တွန်းတင်လျက်၊ တံခါးကိုလော့ခ်ချပစ်လိုက်သည်။ ပြီးတော့ သူပါ ကားပေါ်ကိုရောက်တာနှင့် မုန်တွေကိုတင်ပစ်လိုက်၏။ သူ့ကားက မော်ဒယ်အမြင့်စားကြီးမို့ ဘယ်သူက ဘာမြင်ဦးမှာလဲ။ မာဃက ညချမ်းပန်းလေးကိုဖက်ပြီး ရင်ခွင်ထဲဆွဲသွင်းလေလျှင်. . .

"ဘာလုပ်တာလဲ"

"ဖက်တာလေ"

"ဘာလို့ဖက်တာလဲ"

"ချစ်လို့"

"မာရဖွဲ့သီချင်းလား"





"မင်းကိုချစ်တာ"

ညချမ်း မျက်စောင်းထိုးမယ်ကြံရုံရှိသေး၊ သူက ဖျတ်ခနဲငုံ့နမ်းလေသည်။

"လူလည်ကြီး"

"မလည်ရင် အပယ်ခံဖြစ်သွားမှာပေါ့၊ လိုချင်တာကိုရအောင်ယူတတ်တာ ကိုယ့်သတ္တိလေ။ မင်း'အ'လို့ ခံလိုက်ရတာဝန်ခံစမ်းပါ"

ဒါ ကားကိစ္စနဲ့ပတ်သက်ရာကနေ ဖြစ်လာကဲ့ဖူးစာမို့ ကားဖက်တဲ့စုံတွဲ။ ကားရေးတဲ့ဖူးစာပေါ့။

"အဲဒီကားကြီးရောဟင်"

"ကားရော မင်းရဲ့စက်ဘီးလေးရော အမှတ်တရအဖြစ်ဂိုဒေါင်ထဲမှာ သော့ခတ်သိမ်းထားတယ်"

"နမြောစရာကြီး"

"ကိုယ့်ကိုချစ်လား"

သူမေးမှ ညချမ်းမျက်နှာလေးလွှဲသွားလေလျှင်၊ မာဃက မချင့်မရဲနှင့် မေးစေ့ကကိုင်ပြီး သူ့ဘက်ကိုပြန်ဆွဲလှည့်လိုက်တော့

"ဖြေလေ"

"ဘဝတစ်ခုလုံး ပုံအပ်ပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘဝကဘဝ၊ အချစ်ကအချစ်လေး မဆိုင်ဘူးမိန်းမရဲ့"

"ဟင်းနော်. . . ဘာမိန်းမလဲ"

"မဟုတ်လို့လား။ မင်းနဲ့ကိုယ် ညကပဲ"

"တော်. . . မပြောနဲ့"

"ကိုယ်မူးလာတာကို မင်းတွဲခေါ်ဖော်ရတယ်လို့ပြောတာပါ"

ညချမ်း ရှက်နေတဲ့မျက်နှာလေးနှင့် သူ့ရင်ဘတ်ကိုစိုက်ကြည့်မိသွားလေလျှင် ကိုယ်ပေးခဲ့တဲ့ဒဏ်ရာတွေကို အမှတ်ရသွားမိ၏။ အဲဒီတုန်းက သူ့ခမျာ နာရှာမှာပေါ့။ လက်မောင်းက ဒဏ်ရာကိုကြည့်ရင် သူသိမှာစိုးတာနှင့် ရင်ဘတ်ကဒဏ်ရာကိုကြည့်ဖို့ သူ့အင်္ကျီစလေးကို မသိမသာလှစ်ဟဖို့ ကြိုးစားပေမယ့်၊ မာဃက အကင်းပါးစွာ ညချမ်းလက်ကလေးကိုဆုပ်ကိုင်၍ ရယ်လေသည်။

"ဒဏ်ရာတွေကိုကြည့်ချင်လို့လား"

"အင်း"

ညချမ်း ဝန်ခံလိုက်တော့. . .

"ညကျမှ ကြည့်လေ"

"ကိုကိုနော်"

"ဟင်! ဘယ်လို"





"မသိဘူး"

"မရဘူးကွာ. . . ပြန်ခေါ်ပြ၊ ချစ်တယ်လို့လည်း မပြောရသေးဘူး။ တစ်ခါတည်းနဲ့ နှစ်ဦးစလုံးအဆင်ပြေအောင်ပြော၊ မပြောရင်. . ."

ညချမ်း သူ့မျက်နှာကို အလန့်တကြားလေး မော့ကြည့်လိုက်သည်။ မလိုရင်အပြစ် လိုရင်အချစ်တဲ့။ ခုတော့ ရယ်နေတဲ့ သူ့မျက်နှာလေးက အရမ်းချစ်ဖို့ကောင်းတဲ့မင်းသားလေးပါပဲလား။ Romantic ဆန်တဲ့အချစ်ကမ္ဘာလေးကို တည်ဆောက်ပေးခဲ့တဲ့ သူ့ကို ညချမ်း ကျေးဇူးတင်ပါသည်။ ပြီးတော့. . .

"ကိုကို့ကို အရမ်းချစ်တယ်"

မာဃရင်ထဲမှာ လှိုက်ခနဲ ပူနွေးကြည်နူးသွားသည်။

"တော်သေးတာပေါ့။ ဇာတ်သိမ်းခန်းလေး ပေါင်းခွင့်ရလို့"

"မရရင်ရော"

"ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်မလို့ ဆုံးဖြတ်ထားတာ"

"ကိုကိုရယ်"

ညချမ်း ကိုကို့လည်ပင်းကို ပြန်ဖက်လိုက်ပြီး ဘယ်နေရာကို နမ်းရမလဲစဉ်းစားနေစဉ် သူကပဲ ဦးစွာ ညချမ်းနဖူးလေးကို နမ်းလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပြောခဲ့ဖူးသလိုပါပဲ. . . မိုးတိမ်ဆိုတာ ရွေးလျားခြင်း ဂုဏ်သတ္တိနဲ့ ပျောက်လွယ်၊ ပျက်လွယ်၊ အံ့မှိုင်းလွယ်တယ်တဲ့။ ဖြူချင်ဖြူ၊ မည်းချင်မည်း၊ မှိုင်းချင်လည်းမှိုင်း၊ ရွာချင်လည်း ရွာတတ်သလို၊

ကိုကိုကတော့. . .

လကိုလည်း ချစ်. . .

ကြယ်ကိုလည်း ခင်. . .

နေမင်းကိုလည်း မေတ္တာမပျက်. . .

ဒါတွေအားလုံးသာ ငုပ်ချည်ပေါ်ချည်ရှိပေမယ့် ကောင်းကင်ပြာကြီးကတော့ မားမားမတ်မတ်ရပ်တည်နေဆဲပါ။

ဒါကြောင့်. . .

ကိုကို့ရင်ခွင်က ညချမ်းအတွက် **'ကျယ်ပြန့်သောကောင်းကင်ပြာကြီး'**ပါ ကိုကို။ ။

ပရိသတ်များကို ထာဝရလေးစားချစ်ခင်လျက်

**မိုးစက်ပွင့်**

BURMESE CLASSIC .com

ဈေးကွက်တွင် ဝယ်နိုင်ပါပြီ

**မမသန္တာမောင်**
အသက်လို
**ကြယ်စင်မှူးဝေ**
ကမ္ဘာဦးကျမ်းစာထဲက သစ်ပင်လေး
**မယ်နိုင်**
ဝက်ပါ
**မိုးစက်ပွင့်**
ကျယ်ပြန့်သော ကောင်းကင်
**အလင်းသစ်**
ကြံ့ကြံ့ဖန်ဖန် ရွှေပူးစာ
**ခေတ်ပျိုဖြူ**
မျက်ရည်များဖြင့် သီကုံးသောအတ္တုပ္ပတ္တိ
**လှိုင်းကြာဖြူ**
ချစ်ချင်းပြိုင် ဘယ်သူနိုင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

ကျယ်ပြန့်သောကောင်းကင်

(အချစ်လုံးချင်းဝတ္ထုသစ်)

graphic design by. YuWa

www.burmeseclassic.com